www.burmeseclassic.com



BURMESE CLASSIC

# ဦးခင်ညွန့်

သို့မဟုတ်

## ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သူ

သန်းဝင်းလှိုင်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
ဖြန့်ချိရေး – လွင်ဦးစာပေ (လှည်းတန်း)
ပထမအကြိမ်၊ ၂၀၁၄၊ နိုဝင်ဘာလ

အုပ်ရေ – ၅၀၀

မျက်နှာဖုံးဒီဇိုင်း
မျိုးမြင့်

ထုတ်ဝေသူ
ဦးလွင်ဦး (မြ–၀၄၉၅၈)
အမှတ် ၁၃၅၊ ရဲဘော်သုံးလမ်း၊ ဖော့ကန်ရပ်ကွက်၊
အင်းစိန်မြို့နယ် ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊ (မြ–၀၇၉၅၈)
အမှတ် (၁၄၀)၊ ၄၅ လမ်း၊ ရန်ကုန်မြို့။

တန်ဖိုး – ၂၅၀၀ ကျပ်

စာအုပ်ကတ်တလောက်အညွှန်း၊ (CIP)

၉၂၃.၂
သန်းဝင်းလှိုင်
ဦးခင်ညွန့် (သို့မဟုတ်) ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သူ/
သန်းဝင်းလှိုင်။ – ရန်ကုန်
လွင်ဦးစာပေ (လှည်းတန်း)၊ ပထမအကြိမ်၊ ၂၀၁၄။
၂၅၀–စာ၊ ၁၃.၃ X ၂၀.၉ စင်တီ။
(၁) ဦးခင်ညွန့် (သို့မဟုတ်) ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သူ

# မာတိကာ

အခန်း (၁)
အရေးယူခံလိုက်ရခြင်း ၁
အခန်း (၂)
ဘဝဇာတ်ကြောင်း ၂၃
အခန်း (၃)
စိုင်ကော်၍ ချူပေါ်ရောက်ခဲ့ရ ၃၅
အခန်း (၄)
ထီးတော်မိုး ဖိနပ်တော်တိုက်
ကိုယ်ရံတော် တပ်မှူးကလေးဘဝ ၄၅
အခန်း(၅)
ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ ကာလ၌
အဖျက်အမှောင့် လုပ်ခဲ့ပုံ ၅၅
အခန်း (၆)
ဒီမိုကရေစီ အရေးတော်ပုံကြီးအား
သေးသိမ်အောင် လိမ်ညာဝါဒဖြန့်ခဲ့ခြင်း ၁၀၅
အခန်း (၇)
လူထုခေါင်းဆောင်းဆောင်
ဒေါ်အောင်ဆန်းစုကြည်အပေါ် သဘောထား ၁၅၅
အခန်း (၈)
၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်ခဲ့ခြင်း ၁၆၃

www.burmeseclassic.com

www.burmeseclassic.com

**အခန်း (၉)**
မဂ္ဂဇင်း အယ်ဒီတာနှင့် တွေ့ဆုံမေးမြန်းခန်း ၁၈၇
**အခန်း (၁၀)**
မိသားစုဝင်များ ၁၉၃
**အခန်း (၁၁)**
ဓာတ်တူသား စားခဲ့ခြင်း ၁၉၉
**အခန်း (၁၂)**
ရက်စက်မှုအပေါင်း သရုပ်ဆောင်ခဲ့သူ ၂၀၉
ကိုးကားသော စာနယ်ဇင်းများ ၂၃၃

## စာရေးသူ၏အမှာ

ယခုအခါ 'ထောက်လှမ်းရေး' နှင့် 'ထောက်လှမ်းရေးသမား' ဟူသော ဝေါဟာရသည် မြန်မာလူထုကြား၌ စက်ဆုပ်ရွံရှာစရာ သို့မဟုတ် အော့နှလုံးနာစရာဖြစ်နေပေသည်။ သို့သော် ကမ္ဘာ့သမိုင်းကို လေ့လာ ဖတ်ရှုပါက ကမ္ဘာပေါ်တွင် အင်အားကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ထောက်လှမ်းရေးအဖွဲ့အစည်း၊ ထောက်လှမ်းရေးစွမ်းရည်ကောင်းမွန်သော နိုင်ငံတို့သည် ကမ္ဘာ့ထိပ်တန်းနိုင်ငံများအဖြစ် ရပ်တည်နေကြောင်း တွေ့ရသည်။ ယင်းနိုင်ငံများရှိ ထောက်လှမ်းရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံကဲ့သို့ မဟုတ်ဘဲ၊ မိမိနိုင်ငံနှင့် မိမိပြည်သူလူထု၏ လုံခြုံရေးနှင့် အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနေသောကြောင့် လူထုက ကန့်လန့်ကာ နောက်ကွယ်မှ အစိုးရ(Invisible Government) ဟူ၍ပင် တင်စားကာ ယုံကြည်ကိုးစားနေကြသည်။

မည်သည့်ခေတ်၊ မည်သည့်ကာလမဆို ထောက်လှမ်းရေးသည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်သောအဖွဲ့အစည်း၊ မလုပ်မဖြစ်သောလုပ်ငန်းတာဝန် ဖြစ်ပေသည်။ နှစ်ပေါင်းထောင်ချီ၍ သမိုင်းစဉ်ရှည်လျားခဲ့သော မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ထောက်လှမ်းရေးအဖွဲ့များ ရှိခဲ့ကြသည်။ အထောက်တော်၊ သူလျှို၊ စနည်းနာ၊ ဒလန်၊ မြင်းထောက်၊ လှေထောက်၊ ကင်းထောက်၊ တမန်များဖြင့် ဖြစ်စေထောက်လှမ်းမှုများ ပြုလုပ်ခဲ့ပုံကို ရာဇဝင်မှတ်တမ်း၊ သမိုင်းကျမ်းအစောင်စောင်၌ တွေ့ရှိရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာမင်းလက်ထက်တော်အခါက ဘုရင်ကိုယ်တိုင်ဖြစ်စေ၊ သူ၏အထောက်တော်၊ တမန် (သံတမန်)ကိုဖြစ်စေ စုံစမ်းထောက်လှမ်းမှုကို ပြုခဲ့ကြသည်။

ပုဂံခေတ်တွင် ထောက်လှမ်းရေးဟူသော စကားရပ်၊ အထောက်တော်နှင့် သူလျှိုဟူသော အသုံးအနှုန်းများ မတွေ့ရသော်လည်း နန်းတွင်းအရှုပ်တော်ပုံများ၊ နိုင်ထက်စီးနင်းလုပ်မှုများ၊ တိုင်းတစ်ပါးသားတို့၏ ခြေရှုပ်မှုများကို စုံစမ်းစစ်ဆေးရသူတို့ကို 'ပင်ဗုက်သည်'ဟု သုံးနှုန်းထားသည့် ဝေါဟာရများ ကျောက်စာများ၌ တွေ့ရှိရပေသည်။

ပထမအဝ (အင်းဝ)ခေတ်မှစပြီး စနည်းနာသည်၊ ထောက်လှမ်းသည်၊ သူလျှို၊ အထောက်တော်၊ သံ၊ တမန်၊ မြင်းထောက်၊ လှေထောက်၊ နားခံ၊ ကင်းစမ်းထိုး၊ ကင်းထောက်၊ ကင်းတို၊ ကင်းရှည်၊ စစ်လျှင် စသည့် ထောက်လှမ်းရေးဆိုင်ရာ ဝေါဟာရများ သုံးနှုန်းလာကြောင်း တွေ့ရှိရသည်။

'စနည်းနာသည်'ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်၌ လူအများအပြောသံဆိုသံကို ထောက်လှမ်းသည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။ သူလျှိုဟူသော ဝေါဟာရကိုလည်း 'သတင်းကို လျှို့ဝှက်ထောက်လှမ်းသူ'ဟူ၍ပင် အနက်ဖွင့်ထားသည်။ ထို့အတူ 'ဒလန်'ဟူသော အသုံးအနှုန်းသည် ဟိန္ဒီစကား 'ဒလာလ်'မှ ဆင်းသက်လာ၍ တစ်စုံတစ်ယောက်အကျိုးအတွက် အခြားသူကို လှည့်ဖြား၍ဆောင်ရွက်ပေးရသူပင် ဖြစ်သည်။ မြင်းထောက်၊ လှေထောက်ဆိုသည်မှာလည်း စုံစမ်းထောက်လှမ်း၍ ရရှိသော သတင်းကို သက်ဆိုင်ရာသို့ မြင်းစီး၍လည်းကောင်း၊ လှေဖြင့်လည်းကောင်း သတင်းပေးပို့ရသူကိုပင် ခေါ်ဝေါ်ခြင်းဖြစ်သည်။ နားခံဆိုသည်မှာ ထောက်လှမ်းရေးလုပ်ရသူများပင် ဖြစ်သည်။ ပထမအင်းဝခေတ်မှစ၍ မြို့ပြအုပ်ချုပ်ရေးဘက်နားခံ၊ စစ်ဘက်နားခံဟူ၍ နှစ်မျိုးခွဲခြားထားသည်။ နှစ်မျိုးစလုံးမှာ ထောက်လှမ်းရေးတာဝန်ထမ်းရွက်ရသူများပင် ဖြစ်သည်။

ပုဂံဝန်ထောက်မင်း ဦးတင် (၁၈၆၁–၁၉၃၃)၏ **'မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း'** စတုတ္ထတွဲ၌ မြို့ပြအုပ်ချုပ်ရေးနှင့် ပတ်သက်၍ ခန့်ထားသော နားခံမှာ မြို့ဝန်နှင့် စစ်ကဲတို့ကို ကူညီဖို့ ဝန်နှင့် မြို့ဝန်၊ ရေဝန်၊ အခွန်ဝန်၊ စစ်ကဲတို့၏ အမှုအကျင့်ကို ထောက်လှမ်းပြီး နေပြည်တော်သို့ သတင်းပို့ရသည်ဟုဆိုသည်။ စစ်ကဲနှင့် နားခံတို့က တရားရာဇဝတ်မှုများ



ကိုလည်း ရုံးတက်ပြီး စီရင်ဆုံးဖြတ်ခွင့်ရှိသည်ဟု သိရ၏။ စစ်ကဲက ရာဇဝတ်ဝန်နှင့် တူ၍ နားခံက စုံထောက်အရာရှိနှင့် တူကြောင်း၊ မြို့ငယ်လျှင် နားခံတစ်ဦး၊ မြို့ကြီးလျှင် နားခံ (၂) ဦးခန့်ထားလေ့ရှိသည်ဟု ဖော်ပြထားသည်။

'စစ်လျှင်'ကို မြန်မာအဘိဓာန်ကျမ်း၌ ရှေ့ဆုံးက ကင်းထောက်ချီတက်ရသော စစ်တပ်ဟု ယေဘုယျ ဖွင့်ဆိုထားသော်လည်း အမှန်စင်စစ် စစ်ပွဲဖြစ်ပွားနေချိန်၊ စစ်ချီနေသော အချိန်၊ စစ်စခန်းချနေသောအချိန်၊ ရေတပ်များ လှည့်လည်သွားလာနေသောအချိန် သို့မဟုတ် ကျောက်ချနေသော အချိန်အတွင်း၌ ရန်သူ့သတင်းကို စုံစမ်းထောက်လှမ်း၍ သက်ဆိုင်ရာသို့ သတင်းပို့ရသူများပင် ဖြစ်သည်။

ပုဂံခေတ် မတိုင်မီ ခရစ်နှစ် အစောပိုင်းကပင် မြန်မာနိုင်ငံ၌ ပျူ၊ မွန်၊ ရခိုင်တို့သည် ကုန်သည်ခရီးသွားများမှတစ်ဆင့် အိန္ဒိယယဉ်ကျေးမှုများနှင့် စတင်ထိတွေ့ခဲ့ကြသည်။ ထေရဝါဒ၊ မဟာယာန၊ ဟိန္ဒူ ဗြဟ္မဏဘာသာ ယုံကြည်သက်ဝင်မှုများ ရောက်ရှိ လွှမ်းမိုးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် မြန်မာတို့သည် ပထမဦးဆုံးထောက်လှမ်းရေးအသိပညာများကို ဗုဒ္ဓပိဋကတ်စာပေများ၊ သက္ကတစာပေကျမ်းဂန်တို့ ရရှိခဲ့သည်ဟု ဆိုရပေမည်။

ပုဂံ၌ အနော်ရထာမင်းမတိုင်မီ ကတည်းကပင် ဗုဒ္ဓသာသနာရောက်ခဲ့ပြီးဖြစ်သည်။ ဗုဒ္ဓသာသနိက စေတီပုထိုးများ ရှိခဲ့ပြီးဖြစ်သည်။ ကျွဲနားဗျောင်း၊ ဖူးဘုရား စသော ထူပါစေတီများသည် အနော်ရထာမင်း မတိုင်မီ တည်ခဲ့သော ဘုရားများဖြစ်သည်ဟု သမိုင်းပညာရှင်များက ဆိုကြသည်။ ပုဂံသီရိပစ္စယာအရပ်ရှိ ဖက်လိပ်ဘုရား၊ အနော်ရထာမင်း ကောင်းမှုတော် အာနန္ဒာဂူဘုရား၊ လောကထိပ်ပန်ဘုရား၌တို့၌ ငါးရာ့ငါးဆယ် နိပါတ်တော် ဇာတ်ကွက်သရုပ်ဖော် စဉ့်ကွက်ပုံများ၊ နံရံဆေးရေး ပန်းချီတို့ကို တွေ့ရှိရပေသည်။ သို့ကလို ပုဂံခေတ်၌ ငါးရာ့ငါးဆယ် နိပါတ်များနှင့် အကျွမ်းတဝင်ရှိနေပြီဖြစ်၍ ထိုဇာတ်တော်များမှလည်း ထောက်လှမ်းရေးနှင့် သက်ဆိုင်သော အသိပညာများ ရရှိနေပြီဖြစ်သည်။

ဗုဒ္ဓစာပေကျမ်းဂန်များမှလည်း ထောက်လှမ်းရေးအသိပညာ ဗဟုသုတများ ရရှိခဲ့ကြသည်။ သာဓကအားဖြင့် လျှို့ဝှက်အပ်သည်များကို

www.burmeseclassic.com



မတိုင်ပင်သင့်သည့်အရပ် (၈)ပါး (၁။ မညီညွတ်သောအရပ်၊ ၂။ ဘေးရန်ရှိသောအရပ်၊ ၃။ အလွန်လေထန်သောအရပ်၊ ၄။ နံ့ရုံစသည်ဖုံးကွယ်ရာအရပ်၊ ၅။ နတ်စင်နတ်ကွန်းရပ်။ ၆။ ခရီးလမ်းမ၊ ၇။ စစ်မြေပြင်အရပ်၊ ၈။ ရေဆိပ်တို့ဖြစ်သည်) လျှို့ဝှက်တိုင်ပင်မှုကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ် (၈)ဦး (၁။ ရာဂစရိုက်ရှိသူ၊ ၂။ ဒေါသစရိုက်ရှိသူ၊ ၃။ မောဟစရိုက်ရှိသူ၊ ၄။ မာနစရိုက်ရှိသူ၊ ၅။ လာဘ်၌ လိုချင်တပ်မက်သူ၊ ၆။ ပျင်းရိသူ ၇။ အကြံတစ်ခုတည်းကိုသာ စူးစိုက်ကြံစည်တတ်သူ၊ ၈။ ငယ်ရွယ်မိုက်မဲသူ၊) တမန်အင်္ဂါ (၈)ပါး (၁။ နားလည်းထောင်တတ်ရမည်၊ ၂။ ပြန်လည်းပြောတတ်ရမည်။ ၃။ သင်ယူလည်း သင်ယူတတ်ရမည်။ ၄။ ဆောင်လည်းဆောင်တတ်ရမည်။ ၅။ သိလည်း သိတတ်ရမည်။ ၆။ သိစေလည်း သိစေတတ်ရမည်။ ၇။ အကျိုးစီးပွားရှိ–မရှိ၌လည်း လိမ္မာရမည်။ ၈။ ငြင်းခုံခြင်းလည်း မပြုတတ်) စသည်တို့ဖြစ်သည်။

အေဒီ ၁၂၇၉ ပုဂံနိုင်ငံတော်ကြီး ပျက်ပြီးနောက် ၁၈ နှစ်အကြာတွင် ပင်းယနှင့် စစ်ကိုင်းတို့ခေတ်ပြိုင် ပဒေသရာဇ် နိုင်ငံငယ်များအဖြစ် ပေါ်ထွန်းလာခဲ့သည်။ ပင်းယခေတ်တွင် သက္ကတဘာသာမှ 'ဟိတောပဒေသ'ကျမ်းကို မြန်မာဘာသာပြန်ဆိုပြီးဖြစ်၍ ထိုကျမ်းမှ စစ်ရေး၊ အုပ်ချုပ်ရေး နီတိများ ရရှိပြီး၊ ထောက်လှမ်းရေးနှင့် ပတ်သက်၍ လေ့လာသိရှိခဲ့ကြသည်။

'မြန်မာမင်းများ အရေးတော်ပုံ'ကျမ်း၌ လက်ဝဲနော်ရထာ (၁၇၂၃–၁၇၉၉) ရေးသားသည့် ဟံသာဝတီ ဆင်ဖြူများရှင် အရေးတော်ပုံ၌ ဟံသာဝတီဆင်ဖြူများရှင်က ယိုးဒယားကို တိုက်စဉ်က သူလျှိုထားရှိ သတင်းရယူပုံကို ဖော်ပြထားသည်။

ဒုတိယအင်းဝခေတ် သို့မဟုတ် ညောင်ရမ်းခေတ် အေဒီ ၁၆၃၈ ခုနှစ်၌ သာလွန်မင်းတရား (၁၆၂၉–၁၆၄၈) ထုတ်ပြန်ခဲ့သည့် အမိန့်တော်ပြန်တမ်း၌ စစ်ချီတော်အမိန့်တော်ထဲတွင် ထောက်လှမ်းရေးနှင့် ပတ်သက်၍ မည်သို့ ဆောင်ရွက်ရမည်ကို ဖော်ပြထားသည်။

"တပ်မှူးစစ်ကဲတို့က ခန့်ထားသည့်အတိုင်း စောင့်နေသည်။ မနေသည်ကို တပ်ပါစာရေးကြီးတို့က မြင်းသည်တော်တို့ကို ကြည့်ရှုစေ၊ ခန့်ထားသည့်အတိုင်းတည်၍ မစောင့်မနေသူ တို့ကို ဗိုလ်ပါစစ်ကဲတို့က



အပ်၍ ရာဇဝတ်တော်ကို နောင်မဝံ့အောင် သူရဲသူခက်တို့ကို ကြည့်ရှုစေ၍ အဆုံးအရှုံးစီရင်ကွပ်ညှပ်ရမည်"

ဟူ၍ စစ်ဘက်ထောက်လှမ်းရေး ထားရှိဆောင်ရွက်ခဲ့ပုံကို တွေ့ရသည်။

ကုန်းဘောင်ခေတ်ဦးပိုင်း အလောင်းမင်းတရား၊ ဆင်ဖြူရှင်မင်း၊ ဗဒုံမင်း၊ စစ်ကိုင်းမင်း နှင့် ကုန်းဘောင်ခေတ်နှောင်းပိုင်း ရတနာပုံ မန္တလေးခေတ် မင်းတုန်းမင်း၊ သီပေါမင်းလက်ထက်တို့တွင်လည်း ထောက်လှမ်းရေးနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များကို တွေ့ရှိရသည်။

ဤသို့ ရှေးမြန်မာမင်းတို့သည် ထောက်လှမ်းရေးနှင့်ပတ်သက်၍ သံတမန်၊ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ပြီး ပြောင်ထောက်လှမ်းသောနည်း၊ သူလျှို၊ အထောက်တော်၊ ဒလန်များဖြင့် လျှို့ဝှက်ထောက်လှမ်းသောနည်းများဖြင့် ပြည်တွင်းပြည်ပထောက်လှမ်းမှုများကို စနစ်တကျ လုပ်ခဲ့ကြသည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် စစ်တပ်အင်အားဖြင့် ပါလီမန်ဒီမိုကရေစီအစိုးရကို ဖြုတ်ချ၍ အာဏာသိမ်းပိုက်ပြီးနောက် တပ်မတော်ကို တစ်လက်ကိုင်တပ်ဖွဲ့၍၊ ထောက်လှမ်းရေးဌာနကိုလည်း စစ်အာဏာရှင်စနစ် တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူလူထုအားနှိပ်ကွပ်ရေး ယန္တရားသဖွယ် ကျင်သုံးလာခဲ့သည်။ အထူးသဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးကောင်စီအစိုးရကို ဆန့်ကျင်ခဲ့ကြသော နိုင်ငံရေးသမားများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ၊ ရဟန်း၊ ရှင်၊ လူ ကျောင်းသားများကို အဓိက ပစ်မှတ်ထား၍ အမျိုးမျိုး ဖမ်းဆီး၍ ဖိနှိပ်ညှဉ်းပန်းကာ သတ်ဖြတ်လာတော့သည်။ ထို့နောက် ၁၉၈၃ တွင် ပြည်သူ့လွှတ်တော်မှတစ်ဆင့် အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေ (ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၀)ကို ပြဋ္ဌာန်း၍ အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းကာ မဆလတစ်ပါတီ အာဏာရှင်စနစ်ကို ဆန့်ကျင်သူ မှန်သမျှကို ဖိနှိပ်တော့သည်။ ဗိုလ်နေဝင်း၏ တော်လှန်ရေးကောင်စီ အာဏာရှင်ခေတ်မှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အုပ်စိုးသော နဝတ၊ နအဖ စစ်အာဏာရှင်အမှောင်ခေတ်တွင် လူထုအား

www.burmeseclassic.com

www.burmeseclassic.com



နည်းမျိုးစုံဖြင့် လက်သံပြောင်စွာ နှိပ်ကွပ်ရာ၌ နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သူနှစ်ဦးမှာ ထောက်လှမ်းရေးမှူး ဗိုလ်မှူးချုပ်တင်ဦး (မျက်မှန်ကြီး)နှင့် ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့ပင် ဖြစ်ကြသည်။

ထို့ကြောင့် စစ်အာဏာရှင်ခေတ် အဆက်ဆက်တွင် လူထုအား ညှဉ်းပန်းနှိပ်စက်ခဲ့သော စစ်ထောက်လှမ်းရေးနှင့် အမျိုးသားထောက်လှမ်းရေးဌာနမှ တာဝန်ပေးထားသူများကို လူထုက အော့နှလုံးနာကာ ဒေါသခံပြင်းခဲ့သည်။ ထောက်လှမ်းရေးခေတ် ကောင်းစဉ်က အကျဉ်းထောင်များနှင့် စစ်ကြောရေးစခန်း၌ အမျိုးမျိုးညှဉ်းပန်းနှိပ်စက်ခံခဲ့ရကာ သေဆုံးခဲ့ရသူပေါင်းများမှာ မနည်းလှပေ။

ထို့နောက် ၂၀၀၄ အောက်တိုဘာလ (၁၈)ရက်နေ့တွင် ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး ခင်ညွန့်ကို ဖမ်းဆီးထိန်းသိမ်းပြီးနောက် ၂၀၀၄ အောက်တိုဘာ ၂၂ ရက်နေ့တွင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ အများပြည်သူတို့၏အကျိုးငှာလည်းကောင်း၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ရှေးရှု၍လည်းကောင်း၊ အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကို ဆက်လက်ကျင့်သုံးရန် မသင့်တော်ကြောင်း တွေ့ရှိရသည်ဆိုကာ နအဖ စစ်အစိုးရသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့လည်းဖျက်သိမ်းသည့် ဥပဒေအမှတ် ၇/ ၂၀၀၄ ကို ပြဋ္ဌာန်း၍ အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းခဲ့သည်။ ထောက်လှမ်းရေးထိပ်တန်း အကြီးအကဲပေါင်း ၃၀၀ ကျော်ကိုလည်း ဖမ်းဆီးထောင်ချလိုက်သည်။

ယခုအခါ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်း ဦးခင်ညွန့်နှင့် အပေါင်းအပါအချို့ ပြန်လည်လွတ်မြောက်လာပြီးနောက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ဦးခင်ညွန့်က သူ့တပည့်အပေါင်းအပါ (၂၁) ဦး ပြန်လွှတ်ပေးရန်နှင့် လုံခြုံရေးအခြေအနေအရ ထောက်လှမ်းရေးပြန်လည်ဖွဲ့သင့်သည်ဟု သတင်းမီဒီယာများမှတစ်ဆင့်ပြောဆိုခဲ့သည်။ ထို့အပြင် မြတ်ခိုင်၏ 'ဦးခင်ညွန့်နှင့် အင်တာဗျူး' စာအုပ် မိတ်ဆက်ပွဲအခမ်းအနား၌ ပြည်သူလူထုအားနည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့မှုများကို တောင်းပန်ရန် အစီအစဉ်ရှိမရှိ သတင်းထောက်တစ်



ဦး၏ အမေးကို ဦးခင်ညွန့်က "ကျုပ်က ဘယ်သူ့ကို တောင်းပန်ရမှာလဲဗျ" ဟူ၍ တင်းတင်းမာမာ ပြောဆိုခဲ့သည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် ထောက်လှမ်းရေးအကြီးအကဲများ ဖြစ်ကြသော ဗိုလ်မှူးချုပ်ဟောင်း သိန်းဆွေ (လေ)၊ ဗိုလ်မှူးကြီးအောင်ဇော်၊ ဗိုလ်မှူးကြီးတင်လှ၊ ဗိုလ်မှူးကြီး မောင်မောင်သန်း၊ ဗိုလ်မှူးကြီးမြင့်ဦး၊ ဗိုလ်မှူးကြီးမင်းသူ၊ ဗိုလ်မှူးဝင်းနိုင်၊ ဗိုလ်မှူးစန်းအောင်နှင့် ဦးခင်ညွန့်၏ ကိုယ်ရေးအရာရှိ ဗိုလ်မှူးနိုင်ဌေးတို့ကို ပြန်လည်လွှတ်ပေးခဲ့သည်။ ထောက်လှမ်းရေးအကြီးအကဲ(၁၆)ဦးကိုမူ ပြန်မလွှတ်သေးပေ။

ဦးခင်ညွန့်၏ ဘဝတစ်သက်တာ ဖြတ်သန်းမှုကို လေ့လာကြည့်ပါက ဖွတ်လျှာသဏ္ဌာန်နှစ်ခွဉာဏ်ဖြင့် ကလိန်စေ့ငြမ်းစင် အလိမ်အကောက် အညစ်အပတ် မုသားမာယာ၌ တေဒင်ဘွဲ့ရသည့်အလား ထူးချွန်ပြောင်မြောက်ခဲ့သူဖြစ်ရာ၊ တစ်ချိန်က သူ ထောက်လှမ်းရေးအကြီးအကဲဖြစ်ခဲ့သည်ကို မအံ့သြလှပေ။ သို့သော် မိမိလုပ်ခဲ့သမျှ အမိုက်ဇာတ်ကို မရှက်တတ်၊ မကြောက်တတ်၊ နောင်တတရားများ ယနေ့တိုင် မရသည်ကိုသာ ကြားသိရသည့်အတွက်ကြောင့် ပို၍အံ့သြနေမိပါသည်။ သူသည် ငါမဟုတ်သည့် ငါရုပ်ဖြင့် ငါလုပ်ချင်ကာ၊ ငါမမှန်သည့် ငါမာန်များ ဖုံးပိတ်မှောင်နေသောကြောင့် ငါနှင့် ငါ့သာ နှိုင်းရာတုကင်း၍ ကြင်နာခြင်း၊ စာနာခြင်း၊ ညှာတာခြင်း ကင်းဝေးကာ လူ့နှလုံးသားနှင့် ကင်းဝေးနေသည့်အတွက် အတ္တအကျဉ်းသားအဖြစ် ဘဝနွံနစ်ခဲ့ရလေသည်။ သူသည် ငါမဟုတ်သည့် ငါရုပ်နှင့် ငါလုပ်ချင်၍ ငါမမှန်သည့် ငါမာန်များ ဖုံးပိတ်မှောင်ကာ ငါနှင့် ငါသာ နှိုင်းရာတုကင်း ထင်မြင်ယူဆကာ ကြင်နာမှု၊ စာနာမှု၊ ညှာတာမှုများ ကင်းဝေးနေသောကြောင့် လူ့နှလုံးသားမှ ရှိပါလေစဟု မှတ်ယူရပါသည်။ သို့သော် လူနှင့် ပတ်ဝန်းကျင်သည် အသွင်အကြောင်းရပ် ပေါင်းစပ်မှီခိုနေသောကြောင့် အများတကာ၏ အကျိုးကို မသယ်ပိုးခဲ့သူသည် ဘဝဇာတ်သိမ်း မလှကြပေ။ အမျိုးတကာ၏ အကျိုးကို အစတစ်ရာ သယ်ပိုးသူဖြစ်မှ ဘဝဇာတ်သိမ်းလှပနိုင်ပေမည်။ ထိုသို့မဟုတ်ဘဲ ဘဝတဏှာလွန်ကဲကာ ငါနှင့် ငါ့ဆွေ ငါ့မျိုးကောင်းစားရေးအတွက် ဘယ်သူသေသေ

www.burmeseclassic.com

www.burmeseclassic.com



ငတေမာပြီးတော လုပ်ကိုင်ပါက တစ်ဘဝစံ အတ္တအကျဉ်းသားအဖြစ် ဘဝနွံထဲနစ်မည်ကို နှလုံးသွင်းသင့်ပေသည်။

ဘဝဟူသည်မှာ မွေးဖွားခြင်းနှင့် စတင်၍ သေဆုံးခြင်းဖြင့် အဆုံးသတ်သည် မရှိချေ။ မည်သည့်ဝေနေယျသတ္တဝါမဆို ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ တစ်စုံတစ်ခုသော အပြုအမူ၊ အကျင့်အကြံကို ပြုမူကျင့်ကြံတတ်သည်။ ယင်းပြုမူကျင့်ကြံချက်သည် မကောင်းလျှင်၊ အပြစ်မကင်းလျှင်၊ အကုသိုလ်မျိုးစေ့ (အကုသိုလ်ကံ) တည်၍ကောင်းလျှင်၊ အပြစ်ကင်းလျှင်၊ ကုသိုလ်မျိုးစေ့ (ကုသိုလ်ကံ) တည်လိမ့်မည်ဖြစ်သည်။ သတ္တဝါဟူသရွေ့သည် ကုသိုလ်ကံ၊ အကုသိုလ်ကံ ရှိကြသည့်အလျောက် ထိုကံမျိုးစေ့ရှိနေသမျှ ကာလပတ်လုံး ထိုမျိုးစေ့၏ အစွမ်းတန်ခိုးဖြင့် ရုပ်နာမ်တည်းဟူသော ခန္ဓာပင်ကြီးသည် အဆက်မပြတ်ဘဲတစ်ခဏပြီး တစ်ခဏ၊ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ ဖြစ်ပွား၍ သံသရာလည်နေမည်ဖြစ်သည်။ ထိုသံသရာဟူသော ရုပ်နာမ်တရားတို့ဆက်ကာဆက်ကာဖြစ်ခြင်းဖြင့် ဘုံသုံးပါး၌ ပြေးလွှား ကျင်လည်နေကြရသည်။ ထို့ကြောင့် လောက၌ မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ မှားယွင်းမှုအဝိဇ္ဇာနှင့် တပ်မက်မှုတဏှာမပါအောင် ဆောင်ရွက်နိုင်မှသာ ဘဝ၏အဓိပ္ပာယ်သည် ပြည့်စုံမည်ဖြစ်သည်။


ဓမ္မပဒ၌လည်း–

တစ်စုံတစ်ယောက်သောသူသည် ပြစ်မှားလိုသော (မကောင်းသော) စိတ်ဖြင့် ပြောအံ့၊ ပြုအံ့၊ ကြံစည်အံ့။ ထိုသို့ပြစ်မှားလိုသောစိတ်ဖြင့် ပြောဆို၊ ပြုမူ၊ ကြံစည်မှုတို့ကြောင့် ထိုသူ၏နောက်သို့ လှည်းဘီးသည် ဝန်ကိုဆောင်သော နွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့ ဆင်းရဲခြင်းသည် သံသရာတစ်လျှောက် လိုက်တတ်သည်ကို သူမသိလေရော့သလား၊ သူ့အစားကြားထဲက ဝင်သနားနေမိပါသည်။

မည်သို့ဆိုစေ စစ်အာဏာရှင်ခေတ်က တစ်ချိန်က ဘုန်းမီးနေလပမာတောက်ပ၍ အာဏာကိုယစ်မူးကာ ထင်တိုင်းကြဲခဲ့သော်လည်း ယခုအခါခရုဆံကျွတ်၊ အူနုကျွဲခတ်၊ ရွှေဥကြမ်းညှပ်ပမာ ဖြစ်ခဲ့ရပြီး၊ အာဏာလက်



လွှတ်အမြင့်မှ ပြုတ်ကျသွားခဲ့ရသော်လည်း ယနေ့တိုင် နောင်တတရားမရရှာသေး သည့် လက်မရွံ့ထောက်လှမ်းရေးမှူးဟောင်း ဦးခင်ညွန့်၏ဘဝတစေ့တစောင်းနှင့် သူ့လုပ်ရပ်များကို လူငယ်များ သင်ခန်းစာရယူနိုင်ရန်ရည်သန် ၍ ရေးသားတင်ပြလိုက်ရပါသည်။ ဤစာအုပ်၌ ရေးသားတင်ပြထားသမျှသည် ပုဂ္ဂိုလ်ရေးဆန်နေမည်ဖြစ်သော်လည်း ပုဂ္ဂိုလ်ရေးနှင့် နိုင်ငံအရေးယှဉ်လာပါက နိုင်ငံအရေးကိုသာ ဦးစားပေးရမည်ဟူသောထုံးကို နှလုံးမူကာအရှိကို အရှိအတိုင်း ပွင့်ပွင့်လင်းလင်း ရိုးသားစွာ တင်ပြလိုက်ရပါသည်။



သန်းဝင်းလှိုင်
၂၀၁၄၊ အောက်တိုဘာလ (၉)ရက်
ကြာသပတေးနေ့။

www.burmeseclassic.com

## အရေးယူခံလိုက်ရခြင်း

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဩဇာအရှိန်အဝါ ကြီးထွားလာမှုကြောင့် အစိုးရိမ်လွန်ကာ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်နေ့တွင် ဖမ်းဆီးလိုက်ပြီးနောက် မရှေးမနှောင်းမှာပင် ဗိုလ်ချုပ်ခင်ညွန့်၏တပည့် စစ်ထောက်လှမ်းရေးအကြီးအကဲများကို ဖမ်းဆီးထိန်းသိမ်းလိုက်လေသည်။

ထိုနောက် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ ရက်စွဲတပ်ထားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၇/၂၀၀၄)ဖြင့် အမျိုးသားထောက်လှမ်းရေးအဖွဲ့ဥပဒေ (၁၉၈၃ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၀)ကို ရုပ်သိမ်းလိုက်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(နအဖ) ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေလက်မှတ်ဖြင့် ထုတ်ပြန်ကြေညာခဲ့လေသည်။

ဖျက်သိမ်းခဲ့ရသည့် အကြောင်းကိုလည်း အစိုးရထုတ် သတင်းစာများနှင့် ရုပ်မြင်သံကြားတို့၌ ယခုအခါ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိရာ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ အများပြည်သူတို့၏ အကျိုးငှာလည်းကောင်း၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ရှေ့ရှု၍ လည်းကောင်း၊ အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကို ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



ကျင့်သုံးရန်မသင့်တော်တော့ကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း၍ အမျိုးသား ထောက်လှမ်းရေးအဖွဲ့ (N.I.B) ကိုလည်း ဖျက်သိမ်းလိုက်ကြောင်း ထုတ်ပြန်ကြေညာဖော်ပြခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဖြုတ်ချလိုက်သည့်အကြောင်းကို အစိုးရထုတ် သတင်းမီဒီယာများ၌ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ၎င်း၏ ကျန်းမာရေးအခြေအနေအရ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှစပြီး တာဝန်မှ အနားယူခွင့်ပေးလိုက်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည် ဟူ၍ ဖော်ပြထားရာ အဆိုပါသတင်းကို ကြားသိသူတိုင်း မှင်တက်အံ့သြ ထိတ်လန့်တုန်လှုပ်သွားခဲ့ရလေသည်။

ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် န၀တ လက်ထက်မှစပြီး အတွင်းရေးမှူး (၁) တာဝန်၊ နအဖအစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်တာဝန်အပြင် အမျိုးသားထောက်လှမ်းရေးအဖွဲ့အကြီးအကဲအဖြစ် န၀တ၊ နအဖစစ်အစိုးရ လုပ်ငန်းတာဝန်များကို သူ့ခြေ၊ သူ့လက် လုပ်ကိုင်နေသူ ဖြစ်ပြီး ၎င်း၏ထောက်လှမ်းရေးတပ်ဖွဲ့တစ်ဖွဲ့လုံး ဖယ်ရှားခံရသည့်အကြောင်းကို မြန်မာပြည်တစ်ဝန်းတွင် လူထုကြား၌ အောက်တိုဘာလ ၁၆ ရက် နံနက်ပိုင်းမှစပြီး တောမီးပမာ ပျံ့နှံ့သွားခဲ့လေသည်။

စစ်အစိုးရအတွင်း အာဏာလုပွဲဖြစ်ခဲ့ခြင်းလား။ ဗိုလ်ချုပ်ခင်ညွန့် ဖယ်ရှားခံရသည့်အတွက် သူစခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး ရှေ့ဆက်မည်ကဲ့သို့ လုပ်ကြမည်လဲဆိုသည့် စိုးရိမ်မှုများ ဖြစ်ပွားခဲ့ရသည်။

နိုင်ငံရေးအကဲခတ် လေ့လာသူများကလည်း ဗိုလ်ချုပ်ကြီးခင်ညွန့်သည် "Don't shine over your master" "ဆရာထက်တပည့်က တစ်မူးပိုမရှုနဲ့"ဆိုသည့် ပါဝါ (အာဏာ)ဥပဒေကို လိုက်နာမှုမရှိဘဲ နံပါတ်(၁) နှင့် နံပါတ် (၂)တို့ကို ကျော်လွန်လုပ်ခဲ့သောကြောင့် အာဏာမှ ဖယ်ရှားခံရသည်ဟု ဆိုကြသည်။





ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်

အချို့က စက်မှု (၁) ဝန်ကြီးဦးအောင်သောင်း (ယခု ကြံ့ဖွံ့ပါတီဗဟို အတိုင်ပင်ခံ)က ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဗိုလ်ခင်ညွန့်သည်

www.burmeseclassic.com

www.burmeseclassic.com



အာဏာရယူဖို့ ကြိုးစားနေကြောင်းနှင့် စစ်အာဏာရှင် ဗိုလ်ချုပ်ကြီး နေဝင်း၏ မြေးများကိစ္စ၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပေါ် သဘောထားပျော့ပျောင်းသည့် ကိစ္စများအား သွေးထိုးပြောဆိုကာ နောက်ကျောကို ဓားနှင့်ထိုးသလို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ရာထူးမှ ဖယ်ရှားခံရသည်ဟုလည်း ဆိုကြသည်။

ဤသို့ သို့လော သို့လော သံသယများ ပျံ့နှံ့နေစဉ်အတွင်း ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၊ ကုန်းမြင့်သာယာရှိ ဇေယျာသီရိ ဗိမာန်၌ နအဖအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း (ယခု ပြည်ထောင်စုလွှတ်တော် နာယကနှင့် ကြံ့ဖွံ့ပါတီ ဥက္ကဋ္ဌ) က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့လေသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့က တာဝန်မှ အနားယူခွင့်ပေးလိုက်သည်ကို အားလုံးသိပြီးဖြစ်ကြောင်း၊ ဝန်ကြီးချုပ်ဟောင်း၏ ဂုဏ်သိက္ခာ၊ မိသားစု၏ဂုဏ်သိက္ခာကို ထောက်ထား ငဲ့ညှာသောအားဖြင့် ကျန်းမာရေးအခြေအနေအရဟု ဖော်ပြထားသော်လည်း အခြားအကြောင်းများလည်းရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်အား တာဝန်မှအနားပေးပြီး နောက်ပိုင်းတွင် ပြည်သူများအပိုင်းမှာရော နိုင်ငံတကာမှာပါ ပထမအချက်အနေဖြင့် မိမိတို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်နေသော အမျိုးသားညီလာခံ အပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇) ရပ်ကို ဆက်လက် အကောင်အထည်ဖော်မည့် အခြေအနေ၊ ဒုတိယအချက်အနေဖြင့် ဥပဒေဘောင်အတွင်း ရောက်ရှိပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအပေါ် သဘောထားအခြေအနေ၊ တတိယအချက်အနေဖြင့် နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒ ပြောင်းလဲမှုရှိ၊ မရှိ အခြေအနေတို့ကို စိတ်ပါဝင်စားစွာ သို့လော သို့လော မေးမြန်းတွေးတော ပြောဆိုမှုများ ရှိနေသည်ကို တွေ့ရကြောင်း။

ဥပဒေဘောင်အတွင်း ရောက်ရှိနေကြသော အဖွဲ့များသည် နိုင်ငံတော် အစိုးရနှင့် တရားဝင် လက်မှတ်ရေးထိုးထားသူများ မဟုတ်ဘဲ





ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း

ဝန်ကြီးချုပ်ဟောင်းခင်ညွန့်နှင့် ဆက်သွယ်၊ ဆက်ဆံမှုများ၊ ရင်းနှီးမှုများလည်း ရှိသည့်အတွက်ကြောင့် ၎င်းအဖွဲ့များနှင့် ပတ်သက်၍ မည်ကဲ့သို့ သဘောထားရှိမည်ကို သိလိုသော ဆန္ဒလည်း ရှိကြကြောင်း၊ ယင်းအချက်များနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကြီးအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု အတိအလင်း ပြောကြားလိုကြောင်း။

ဥပဒေဘောင်အတွင်း ရောက်ရှိပြီး၊ နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍လည်း ယခင်ကပင် ကျင့်သုံးလိုက်နာဆောင်ရွက်လာခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသော နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒများနှင့်အညီ တစ်စုံတစ်ရာ အပြောင်းအလဲမရှိ၊ ဆက်လက်လက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း။

တတိယအချက်ဖြစ်သည့် မြန်မာနိုင်ငံ၏နိုင်ငံခြားရေး မူဝါဒကိုလည်း အပြောင်းအလဲမရှိ၊ ဆက်လက်ကျင့်သုံးပြီး နိုင်ငံတကာဆက်ဆံရေး နယ်ပယ်၌လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ ယခင်အစဉ်အလာများနှင့်အညီ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွား မည်ဖြစ်ကြောင်း။

မိမိတို့ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဆောင်ရွက်ရာတွင် တပ်မတော်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာ သုံးရပ်ကို ခွဲကိုင်ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ၊ အစိုးရအဖွဲ့နှင့်တကွ၊ အစိုးရအဖွဲ့နှင့် ဗဟိုအာဏာပိုင်အဖွဲ့များကိုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း။

အစိုးရအဖွဲ့ဝင် ဝန်ကြီးများအပါအဝင် ဝန်ကြီးချုပ်တို့သည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ မဟုတ်ကြကြောင်း၊

တစ်နည်းပြောရလျှင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် မှန်ကန်ညီညွတ်စွာ နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်ထမ်းဆောင်နိုင်မည်ဟု ယူဆသော ပုဂ္ဂိုလ်များကို စိစစ်ရွေးချယ်ပြီး၊ နိုင်ငံတော်၏တာဝန်အသီးသီးကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခန့်အပ်တာဝန်ပေးထားသည့် Selected Member များဖြစ်ကြောင်း။





ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း

ထို့ကြောင့် နိုင်ငံတော်ကပေးအပ်ထားသော တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော်၏မူဝါဒများ၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့် ဆန့်ကျင်သွေဖည်မည်ဆိုလျှင် ပြည်သူအများ၏အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်စွမ်း မရှိတော့လျှင် ထိုပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ခြင်းမှ ရုပ်သိမ်းရမည်သာ ဖြစ်ကြောင်း၊ ကုန်းတွင်းထွက်ပေါက်ဖြစ်သည့် မူဆယ်ဒေသ၌ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ စည်းကမ်းဥပဒေလိုက်နာခြင်း မရှိဘဲ ကျပ်သန်းထောင်ချီ၍ လာဘ်ပေးလာဘ်ယူပြုလုပ်ပြီး နိုင်ငံတော်၏အကျိုးစီးပွား၊ ကုန်သွယ်သူများ၏အကျိုးကို များစွာ ထိခိုက်နစ်နာအောင် ဆောင်ရွက်ခဲ့သော တာဝန်ရှိ ဝန်ထမ်းများကို မိမိတို့ ဖော်ထုတ်အရေးယူ ဆောင်ရွက်ခဲ့ရကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော အမျိုးသားရေး မူဝါဒများကို ထိခိုက်နစ်နာစေမည့် အခြေအနေအချိန်အခါ တိုင်းတွင် နိုင်ငံတော်၏ မျက်နှာသာကြည့်ပြီး လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့သည်သာဖြစ်ကြောင်း။

ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်အနေဖြင့် ယခုပြောခဲ့သည့် အချက်များနှင့် ငြိစွန်းပတ်သက်နေသည်ဟု ပြောရမှာဖြစ်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



၎င်းအနေနှင့် နံပါတ်(၁) အမိန့်နာခံမှုမရှိကြောင်း။ မိမိတို့တပ်မတော်သားများတွင် အမိန့်နာခံမှုမှာ အရေးကြီးပါကြောင်း၊ အထက်မှပေးသည့် အမိန့်ကို နာခံပြီး တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နံပါတ် (၂) အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများနှင့် ပတ်သက်ဆက်စပ် တာဝန်ရှိနေကြောင်း၊ ဥပဒေနှင့်မညီသည့် အချို့ကိစ္စများလုပ်ဆောင်ခဲ့ကြောင်း၊ လာဘ်ယူမှုများမှာ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်၏ မိသားစုနှင့် ဆက်သွယ်ဆက်စပ်တာတွေ့ရှိရကြောင်း။

ယခုလိုဖြစ်ရသည့် အခြေအနေကို အတိုချုပ်ရှင်းလင်းပြောကြားမှာဖြစ်ကြောင်း။ ၁၂-၉-၂၀၀၄ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးခင်ညွန့် စင်ကာပူနိုင်ငံသို့ ကျန်းမာရေးအတွက် ဆေးကုသရန် သွားရောက်ခဲ့ကြောင်း၊ ချစ်ကြည်ရေးခရီး ခေါင်းစဉ်တပ်ခဲ့ပါကြောင်း၊ ထိုကာလနှင့် တိုက်ဆိုင်စွာ မူဆယ် ၁၀၅ မိုင်၊ နမ့်ဖက်ကာ ဒေသတွင် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ကြောင်း၊ တာဝန်သိ လုပ်သားပြည်သူတစ်ဦး၏ နိုင်ငံတော်ဝန်ကြီးချုပ်ထံ လိပ်မူ တိုင်ကြားသတင်းပို့မှုကို အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးက မိတ္တူစာအဖြစ် လက်ခံရရှိခဲ့ကြောင်း၊ တိုင်းမှူးက တိုင်ကြားမှုအချက်အလက်များအပေါ်မှန်ကန်ရှိမရှိ စုံစမ်းစစ်ဆေးရန် ခုံအဖွဲ့ဖွဲ့၍ ဆောင်ရွက်ခဲ့ရာ၊ ပြစ်မှုကျူးလွန်ကြောင်း၊ စုံစမ်းတွေ့ရှိမှုများအရ အမှုမှာ ကျယ်ပြန့်သည့်အတွက် တိုင်းအဆင့်ဖြင့် ကိုင်တွယ်ဖြေရှင်း၍ မရနိုင်သဖြင့် အဆင့်မြင့်အဖွဲ့ စေလွှတ်ပေးမှသာ သင့်လျော်မည်ဖြစ်၍ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ဆေးရေးအရာရှိချုပ်ခေါင်းဆောင်သောအဖွဲ့ကို စေလွှတ်ပေးလိုက်ကြောင်း၊ သို့ရာတွင် အမှု၏အခြေအနေမှာ အဆိုပါအဖွဲ့ဖြင့် ဆောင်ရွက်ရန်လည်း လုံလောက်မှုမရှိပြန်သဖြင့် နိုင်ငံတော် စာရင်းစစ်ချုပ်ရုံး ပါဝင်မှသာ ပြည့်စုံမည်ဖြစ်၍ စာရင်းစစ်ချုပ်နှင့် အဖွဲ့ကို ထပ်မံ စေလွှတ်လိုက်ရကြောင်း၊ အမှုအခြေအနေ တဖြည်းဖြည်းပေါ်ပေါက်ချက်များမှာ မည်သို့မျှ မမျှော်မှန်းခဲ့သော အတိုင်းအတာအထိဖြစ်လာကြောင်း၊ လွန်စွာကြီးမားသော၊ ကြောက်မက်ဖွယ်ကောင်းသော လာဘ်ပေးလာဘ်ယူမှုဖြစ်ပါကြောင်း၊ ထို့အပြင် အများပြည်သူနှင့် ကုန်သည်များအပေါ် အနိုင်





ဝဲမှယာ ဦးသိန်းစိန်၊ ဗိုလ်ချုပ်မှူးကြီး ဦးသန်းရွှေ၊ ဗိုလ်ချုပ်ကြီးမောင်အေး

အထက်ပြုကျင့်မှု၊ ဥပဒေနှင့် မညီညွတ်သော ဆောင်ရွက်မှုများဖြစ်ကြောင်း၊ တချို့အမှုမှာ လူကိုရင်းနှီးပေးရသည့် အမှုများရှိကြောင်း၊ တစ်ဖန်တစ်ဖက်မှ ထောက်လှမ်းရေးတပ်နှင့် တစ်ဖက်မှ နယ်စပ်ဒေသ လူဝင်မှု စစ်ဆေးရေးကွပ်ကဲမှုတပ်၊ ၎င်းတပ်ဖွဲ့အချင်းချင်း သင့်မြတ်မှု မရှိသည်ကို တွေ့ရကြောင်း၊ ထိုသို့သင့်မြတ်မှု မရှိသည့်အတွက် ယခုလို တိုင်ကြားသည်ဟု သုံးသပ်ဖော်ထုတ်ရပါကြောင်း။

ထို့အပြင် အခြားအဖြစ်အပျက်များလည်း များစွာရှိကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအရ နောက်ဆုံးတွင် ဥပဒေနှင့်အညီ တပ်စည်းကမ်း နယ်ဘက် စည်းကမ်းများအရ အရေးယူရန် ပြင်ဆင်ထားပါကြောင်း။

ထောက်လှမ်းရေးတပ်ဖွဲ့နှင့်ပတ်သက်၍ အနည်းငယ် ထပ်မံရှင်းပြလိုပါကြောင်း၊ ကကလှမ်းသည်အခြားညွှန်ကြားရေးမှူးရုံးများ၊ ဦးစီးရုံးများနည်းတူ ကကကြည်း၏ကွပ်ကဲမှုအောက်တွင်ရှိကြောင်း၊ ကကလှမ်းအောက်တွင် ထောက်လှမ်းရေးတပ်များနှင့် လူဝင်မှုစစ်ဆေးရေးအဖွဲ့ရှိပြီး

www.burmeseclassic.com

www.burmeseclassic.com



မှုဆယ်၊ မြဝတီ၊ မောင်းတောနှင့် တာချီလိတ်တို့တွင်ရှိသည့်အဖွဲ့မျိုးတို့ဖြစ်ကြောင်း၊ ၎င်းတို့အချင်းချင်း မသင့်မမြတ်ဖြစ်သည့်အပြင် ပြည်သူများ၊ ဝန်ထမ်းများအပေါ်တွင်လည်း မောက်မောက်မာမာ ဆက်ဆံမှုများရှိခဲ့ရာမှ နောက်ဆုံး ယခုကဲ့သို့ ဖြစ်လာသည်ဟု မိမိတို့သုံးသပ်ပါကြောင်း၊ ထိုတိုင်ကြားစာမှာ ထူးခြားသည်က ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုလိပ်မူတာဖြစ်ကြောင်း၊ မိတ္တူဖော်ပြမှုတွင် လူကြီးများနှင့် မိမိအပါအဝင် သက်ဆိုင်ရာစစ်ဆေးရေးအထူးအဖွဲ့မှူးများပါ ပါကြောင်း၊ သို့ရာတွင် ၎င်းစာမှာ ယခုအထိ မိမိတို့ထံ မရောက်ပါကြောင်း၊ ဘာကြောင့်မရောက်သည်ကိုမသိရှိကြောင်း၊ ရမခတိုင်းမှူးထံသို့မှ နီးသည့်အတွက်ရောက်သွားခြင်းဖြစ်နိုင်ကြောင်း။

ဖြစ်စဉ်ကို ဆက်လက်ပြောရပါကစစ်ဆေးရေးအဖွဲ့များက စစ်ဆေးသည့်အခါ ဌာန (၄) ခုနှင့် ဖွဲ့စည်းထားသည့် နစရ (နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုတပ်ရင်း)၊ ကကလှမ်း၊ လဝက၊ ပြည်ထဲရေးနှင့် ဘဏ္ဍာအခွန်က ဝန်ထမ်းများ ပါဝင်ဖွဲ့စည်းထားသည့်အတွက်ကြောင့် တရားစီရင်သည့်အခါ တပေါင်းတည်းတပြေးညီ စီရင်နိုင်ရန်အတွက် တပ်ပိုင်းတွင် တပ်က အားလုံးထုတ်ပစ်လိုက်ပြီး နယ်ဘက်ဌာနက ဝန်ထမ်းများကိုလည်း ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်လိုက်ကြောင်း၊ ထို့နောက် တစ်ပြေးညီ စစ်ဆေးကြောင်း၊ စစ်ဆေးတွေ့ရှိချက်များကို တရားသူကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက စွဲချက်တင်ပို့ခဲ့ရာ တရားရုံးက သက်သေခံပစ္စည်းတင်သွင်းရာတွင် အနည်းဆုံးဈေးနှုန်းဖြင့် တန်ဖိုးသင့်တွက်ချက်မှုအရ ငွေကျပ်သိန်းပေါင်း နှစ်သောင်းငါးထောင်ခန့် နှင့် တန်ဖိုးမဖြတ်ရသေးသော ပစ္စည်းများကို အနည်းဆုံးဈေးဖြင့် တန်ဖိုးသင့်တွက်ချက်ရာ ကျပ်သိန်းပေါင်း ငါးထောင်ခန့် တန်ဖိုးဖြစ်၍ စုစုပေါင်း ကျပ်သိန်း သုံးသောင်းဟု တင်ပြထားကြောင်း သိရှိရပါကြောင်း။ ကျောက်စိမ်း ၄၂ တန်နှင့် ပုလဲအလုံးပေါင်း ၁၃၀၀၀၏ တန်ဖိုးမပါသေးကြောင်း။ ထို့ကြောင့် ပါဝင်ပတ်သက်သည့် တပ်ဌာန (၃)ခုမှ ဝန်ထမ်း ၁၈၆ ယောက်သည် တရားဥပဒေအရ ပြစ်ဒဏ်များ ခံယူသွားပြီဖြစ်ကြောင်း။



ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စင်ကာပူနိုင်ငံမှ ပြန်ရောက်သည့်အခါ ၎င်း၏ထောက်လှမ်းရေးတပ်ဖွဲ့များမှ သတင်းပို့ချက်အရ ဖြစ်စဉ်ကို သိရှိရသည့်အခါ စိတ်မကောင်းဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်းများဖြစ်သည်ဟု မိမိတို့ သိရကြောင်း၊ မိမိတို့တပ်မတော်သားများတွင် တပ်၏စည်းမျဉ်းစည်းကမ်းဥပဒေများကို လိုက်နာရသလို၊ နယ်ဘက်စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကိုလည်း လိုက်နာကြရကြောင်း၊ ဥပဒေကျူးလွန်ပြီဆိုပါက ဥပဒေအရ မည်သည့်တပ်မတော်သားကိုမဆို အပြစ်ပေးရမည်ဖြစ်ကြောင်း။

တပ်မတော်၏အစိတ်အပိုင်းအားလုံးသည် တပ်မတော်၏စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကြရမည်သာဖြစ်ကြောင်း၊ မည်သူမျှ ဥပဒေ၏အထက်တွင် ကင်းလွတ်စွာ မရှိကြောင်း၊ ပြည်သူများအပေါ် မောက်မာစွာ ဆက်ဆံခြင်း၊ အနိုင်အထက် ပြုခြင်းများအပါအဝင် ဥပဒေနှင့် မညီညွတ်သော၊ ဥပဒေကို ဆန့်ကျင်ချိုးဖောက်သော ဖြစ်စဉ်ဖြစ်ရပ်များ ပေါ်ပေါက်သည့်အခါတိုင်း မိမိတို့ တိကျ ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သည်သာဖြစ်ကြောင်း။

မည်သူမျှ ဥပဒေ၏အထက်တွင် မရှိ။ လူပုဂ္ဂိုလ်တိုင်း ဥပဒေအရာတွင် တစ်ပြေးညီသာဖြစ်သည်ဟူသော သဘောထားနှင့်အညီ အရေးယူဆောင်ရွက်ရသည်မှာ မိမိတို့ တပ်မတော်က အစဉ်တစိုက်လက်ခံကျင့်သုံးနေသော မူဝါဒပင်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူစဉ်ကာလအတွင်း ဥပဒေပြုမှုကိစ္စများတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပြီး အကြံဉာဏ်များ ရယူ၍၊ မျှတသောတရားဥပဒေဖြစ်ရန် ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် ယခုဖြစ်စဉ်တွင် ဥပဒေအရ အရေးယူရမည့်ကိစ္စဖြစ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း။

ယခုဖြစ်စဉ်ကြောင့် မိမိတို့ စိတ်မကောင်းဖြစ်ရကြောင်း၊ ဗိုလ်ချုပ်ကြီး ခင်ညွန့်အနေနှင့် ၎င်း၏တပည့်သားမြေးအပေါ် ညှာတာထောက်ထားမှုလွဲမှန်ကဲပြီး ဒေါသဖြစ်ခဲ့ရာမှ ယခုကိစ္စ အစပျိုးလာသည်ဖြစ်သည်ဟု သုံးသပ်ရပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဒုတိယဉက္ကဋ္ဌနှင့် ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့သည် ကပ္ပတိန်(ဗိုလ်ကြီး)၊ မေဂျာ (ဗိုလ်မှူး)အဆင့်လောက်မှစပြီး အတူ တာဝန်ထမ်းဆောင်လာသည်မှာ ယနေ့ထိပင်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ၎င်းအနေနှင့် ထောက်လှမ်းရေး၊ နစရ စသည့် ၎င်း၏အရာရှိရဲဘော်များ ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ၊ မှန်ကန်မှု ရှိ/ မရှိ၊ နိုင်ငံတော်နှင့် တပည့်သားမြေးတို့တွင် မည်သည့်ဘက်က ရပ်တည်ရမည် စသည်တို့ကိုသုံးသပ်ရမှာဖြစ်ကြောင်း၊ ယခုတွင်မှု ထိုသို့မရပ်တည်နိုင်ဘဲ ဒေါသများ ဆင့်ကဲဆင့်ကဲဖြစ်လာခဲ့ကြောင်း၊ ထိုသို့ သုံးသပ်၍ နိုင်ငံတော်နှင့် ဥပဒေဘက်က ရပ်တည်နိုင်မှု မရှိခြင်းမှာ ထိုလာဘ်ပေးလာဘ်ယူကိစ္စများတွင် ပတ်သက်နေခြင်းကြောင့် ဖြစ်သည်ဟု ယူဆနိုင်ကြောင်း။

၃၀-၉-၂၀၀၄ ရက်နေ့တွင် ၅ ပတ်တစ်ကြိမ်ပြုလုပ်သည့် အစိုးရအဖွဲ့ စုံညီအစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် တက်ရောက်ပြီး လမ်းညွှန်ဩဝါဒပေးပြီး ဆုံးဖြတ်ပေးတာရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲက ဝန်ထမ်းအားလုံးကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ဝန်ထမ်းထောက်ပံ့ငွေ ၅၀၀၀ိ/-လစဉ်ချီးမြှင့်ပေးပြီးဖြစ်၍ ဝန်ကြီးဌာနများ အနေနှင့် ဝန်ထမ်းသက်သာချောင်ချိရေးကို အကြောင်းပြုပြီး စီးပွားရေးလုပ်ဆောင်မှုများ မပြုလုပ်ရန် ထပ်မံသတိပေး ညွှန်ကြားခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင်ပင် တပ်ပိုင်းဆိုင်ရာကိုလည်း သီးခြားညွှန်ကြားခဲ့ကြောင်း၊ မိမိတို့တပ်ပိုင်းကိုလည်း စိုက်ပျိုးရေးဝင်ငွေ၊ မွေးမြူရေးဝင်ငွေနှင့် သတ်မှတ်ထားသည့်တပ်ရင်း ရန်ပုံငွေနှင့် ပတ်သက်သည့် ဝင်ငွေမှလွဲ၍ ကျန်စီးပွားရေးလုပ်ငန်းများအားလုံး ၃၁-၃-၂၀၀၄ ရက်နေ့မှစ၍ ရပ်စဲပြီးဖြစ်ရမည်။ အချို့လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများသို့ လုပ်ငန်းများ လွှဲပြောင်းပေးရမည်။ လွှဲပြောင်းမရသည့် လုပ်ငန်းများရှိပါက ဖျက်သိမ်းရမည်ဟု ညွှန်ကြားခဲ့ပြီး ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ပြီးပါက တိုင်းမှူး၊ တပ်မမှူး၊ ညွှန်ကြားရေးမှူးများ၊ အရာရှိချုပ်များကိုယ်တိုင် ဆောင်ရွက်ပြီးဖြစ်ကြောင်း လက်မှတ်ရေးထိုး တင်ပြကြရန်နှင့် စစ်ဆေးမှုများ ပြုလုပ်မှာဖြစ်ကြောင်း ညွှန်ကြားခဲ့ပြီးဖြစ်ကြောင်း။ ဒါ့ကြောင့် ယင်းညွှန်ကြားချက်များကို တိတိကျကျလိုက်နာကြရန် အစိုးရအဖွဲ့စုံညီ အစည်းအဝေး၌ နိုင်ငံတော်အကြီးအကဲက ထပ်မံသတိပေးညွှန်ကြားခဲ့ကြောင်း။

ယင်းညွှန်ကြားချက်နှင့်အညီ ၁-၁၀-၂၀၀၄ ရက် နေ့တွင်





ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီးခင်ညွန့်

ကကြည်းက ညွှန်ကြားစာတစ်စောင် ထုတ်ပြန်၍ ဌာနဆိုင်ရာ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ချက်များ ၁၄-၁၀-၂၀၀၄ ရက်နေ့အရောက် ပြန်လည်စိစစ်တင်ပြရန် ညွှန်ကြားခဲ့ကြောင်း။ ယင်း ၁-၁၀-၂၀၀၄ ရက်နေ့တွင်ပင် ဒုတိယစာတစ်စောင် ထုတ်ပြန်ပြီး ကြီးကြပ်ကွပ်ကဲမှုအားနည်းခြင်း၊ စည်းကမ်းနှင့် စနစ်တကျရှိမှု အားနည်းခြင်းတို့ကြောင့် မဖြစ်သင့် မဖြစ်ထိုက်သည်များ မဖြစ်ပေါ်စေရေးအတွက် စည်းကမ်းနှင့် စနစ်တကျရှိစေရေး အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲဆောင်ရွက်ကြရန် ညွှန်ကြားခဲ့ကြောင်း၊ ယင်းညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးခင်ညွန့်အနေဖြင့် များစွာ စိတ်ထိခိုက် ခံစားရသည်ဟု သိရကြောင်း။

ထိုသို့ သိရသည့်အတွက် နိုင်ငံတော်အကြီးအကဲက ဗိုလ်ချုပ်ကြီးခင်ညွန့်အား ၄-၁၀-၂၀၀၄ တွင် ခေါ်ယူတွေ့ဆုံပြီး နိုင်ငံတော်အကြီးအကဲအနေဖြင့် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုတာဝန်များ ပေးရန် မည်မျှအထိ

www.burmeseclassic.com

www.burmeseclassic.com



ပြုစုပျိုးထောင်ခဲ့ရသည်ကိုလည်းကောင်း၊ ထောက်လှမ်းရေးမှူးချုပ်ရုံးတွင် မည်သို့မျှ ခန့်အပ်၍ မရနိုင်သည့် ဗိုလ်ချုပ်ကြီးရာထူးအဆင့်ပေးရန်၊ ဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိအဆင့်အထိ တိုးမြှင့်ခန့်ထားပေးသည်ကိုလည်းကောင်း၊ လုပ်ပိုင်ခွင့်အာဏာများ မည်မျှအထိ တိုးပေးသည်ကိုလည်းကောင်း၊ ဖြည်းဖြည်းနှင့် အေးအေးဆေးဆေး နားဝင်အောင် ပြောကြားခဲ့ကြောင်း၊ ၎င်းနောက် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဝန်ကြီးချုပ်ရာထူးနှင့် တပ်မတော်ထောက်လှမ်းရေးမှူးချုပ် တာဝန်နှစ်ခုစလုံးကို တစ်ယောက်တည်းယူထားခြင်းအားဖြင့် နောင်တွင် မကောင်းနိုင်ကြောင်း၊ သို့ပါ၍ ထောက်လှမ်းရေးမှူးချုပ် အသစ်ခန့်ပြီး အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းမည်။ ထို့နောက် နစက၊ နစရများ ကွပ်ကဲမှုများကို ပြောင်းပေးမည်ဟု အချက် (၃)ချက် ပြောလိုက်ကြောင်း။

နိုင်ငံတော်အကြီးအကဲက ထောက်လှမ်းရေးမှူးချုပ် အသစ်ခန့်ထားခြင်းဖြင့် ဗိုလ်ချုပ်ကြီးခင်ညွန့်အနေနှင့်လည်း ဝန်ကြီးချုပ်ရာထူးတွင် စိတ်လက်ပေါ့ပါးစွာ တာဝန်ကို ပိုမိုထိရောက်အောင် ထမ်းဆောင်သွားနိုင်မှာဖြစ်သည်ဟု အဖွဲ့နှင့်တိုင်ပင်ကာ စဉ်းစားသုံးသပ်ဆောင်ရွက်ထားခဲ့ကြောင်း၊ သို့ရာတွင် ၁၄-၁၀-၂၀၀၄ ရက်နေ့ နံနက်ပိုင်း၌ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထောက်လှမ်းရေးဌာနချုပ်ရှိ ဌာနကြီးမှူးများဖြစ်သည့် ဗိုလ်မှူးချုပ်များနှင့် ဗိုလ်မှူးကြီးတစ်ဦးတို့ကို ခေါ်၍ အစည်းအဝေးပြုလုပ် ပြီး ညွှန်ကြားချက်ပေးသည်ဟု သိရှိရကြောင်း၊ အစည်းအဝေးတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်က "မင်းတို့အချင်းချင်း မညီညွတ်၍ ယခုလိုဖြစ်ရတာ"ဟု ပြောကြောင်း၊ ၎င်းစကားသည် ၁၀၅ မိုင် နမ့်ဖက်ကာကိစ္စနှင့် ပတ်သက်၍ ဖြစ်မည်ဟု မိမိတို့ခန့်မှန်းရကြောင်း၊ ထို့နောက် တိုင်းမှူး၊ တပ်မမှူးများ၏နောက်ကြောင်းများ လိုက်ရန်၊ ၎င်းတို့နှင့် ပတ်သက်သည့်သတင်းများ စုံစမ်းပြီး သတင်းတည်ဆောက်ထားရန်၊ ပြီးစီးပါက ဆက်စပ်သည့် ကိစ္စများကို အစိုးရအဖွဲ့ (Cabinet)အစည်းအဝေးတွင် ပြောမည်ဟု ပြောကြောင်း၊ ထိုသို့ ဖြစ်လာမှုများသည် နောက်ဆုံး၌ တပ်မတော်ပြိုကွဲမှု အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့်အပြင် နိုင်ငံတော်အတွက်ပါ လွန်စွာ အန္တရာယ်ကြီးသည့် အခြေအနေသို့ ဦးတည်လျက်ရှိနေသဖြင့် ၁၉-၁၀-၂၀၀၄ ရက်နေ့၌ နိုင်



ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တာဝန်မှ အနားပေးလိုက်ခြင်းဖြစ်ကြောင်း၊

ယနေ့ရှင်းလင်းပွဲကို တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များမှာ အမြင်ကျယ်သော၊ အတွေ့အကြုံရင့်ကျက်သော ပြည်တွင်းပြည်ပ အသိ အမြင်၊ အတွေ့အကြုံရှိသော ဓနအင်အားရှိသော ပုဂ္ဂိုလ်များဖြစ်သည့်အတွက် နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို အမှန်အတိုင်း ရှင်းလင်းသိမြင်ခြင်းအားဖြင့် နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားနှင့် ပုဂ္ဂလိက အကျိုးစီးပွားတို့ကို ယှဉ်တွဲဖြစ်ထွန်း စေရအောင် မှန်ကန်မျှတစွာ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်မည်ဆိုသည့် သဘောထား ခံယူချက်ဖြင့် ယခုကဲ့သို့ ရှင်းလင်းပြောကြားရခြင်း ဖြစ်ကြောင်း။

ထိုသို့ ရှင်းပြရခြင်းအပေါ် မိမိတို့အနေဖြင့် ဝမ်းမြောက်ဝမ်းသာမရှိသည့်အပြင် မလုပ်မဖြစ် လုပ်ရသည့်သဘောအနေအထား ဖြစ်ပါကြောင်း၊ ကိုယ့်ကြမ္မာကိုယ်ငင်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အလွန်အန္တရာယ်ကြီးသည့်ကိစ္စ ဖြစ်ပါကြောင်း၊ မည်မျှအတိုင်းအတာ အထိ အန္တရာယ်ကြီးသည်ကို ပြောပြရန်အချိန်ကျရောက်ပါက၊ ပြောသင့်ပါက မိမိထပ်မံ၍ ပြောပြမည်ဖြစ်ကြောင်း။

မိမိတို့ ထုတ်ပြန်ထားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြေညာချက်အမှတ် (၂/၂၀၀၄) ဗိုလ်ချုပ်ကြီးခင်ညွန့်အား တာဝန်မှရပ်စဲခြင်း(၃/၂၀၀၄)၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်း၊ (၄/၂၀၀၄) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကို အတွင်းရေးမှူး (၁) ခန့်အပ်ခြင်း၊ အမိန့်များ ထုတ်ပြန်ခဲ့ရာ အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ကို သင့်မြတ်သည့်သူကို ရွေးချယ်တာဝန်ပေးထားခြင်းဖြစ်ကြောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ပေးခဲ့ကြောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ ဗျူဟာမှူး၊ တပ်မမှူး၊ တိုင်းမှူး

www.burmeseclassic.com

www.burmeseclassic.com



အဆင့်ဆင့်ဖြင့် တပ်ပိုင်းဆိုင်ရာအတွေ့အကြုံများ၊ တိုင်းမှူး တာဝန်ဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး အပါအဝင် အတွေ့အကြုံပေါင်းများစွာကို ဖြတ်သန်းခဲ့သူဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တက်ရောက်သည့်အခါတွင်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) အတွေ့အကြုံများရှိသည်ဖြစ်၍ ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းကို အသင့်တော်ဆုံးဟု ဆုံးဖြတ်ပြီး ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ရန် တာဝန်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ တပ်သဘာဝအရ အမြဲတမ်း (Training) ပေးထားသည့်အတွက် မည်သူမရှိသည့် အတွက် အလုပ်မဖြစ်ဆိုသည့်ကိစ္စမျိုး၊ လုပ်ငန်းများ ပျက်သွားမည်ဆို သည့်ကိစ္စမျိုး မိမိတို့တပ်တွင် မရှိကြောင်း၊ ဆင့်ကဲဆင့်ကဲ တာဝန်ယူသည့် နေရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ကို ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ပေး ခန့်အပ်သည်နှင့်အညီ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအနေဖြင့်လည်း နိုင်ငံတော်အကျိုးနှင့် ပြည်သူများအကျိုးကို နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များနှင့် အညီ ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပါသည်။

ဤသို့ဖြင့် နဝတ၊ နအဖခေတ်တစ်လျှောက်တွင် တန်ခိုးထွားခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စစ်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရာထူးမှ ဖယ်ရှားခြင်းခံရကာ နှစ်ရှည်ထောင်ဒဏ် ချမှတ်အပြစ်ပေးခံခဲ့ရသည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ လူ့ဘဝ၏ဖြစ်စဉ်များသည် မျဉ်းဖြောင့်ကဲ့သို့သွားသည်မဟုတ်၊ စက်ဝန်းကဲ့သို့ သွားလေသည်။ ယင်းကြောင့် အမြင့်ဆုံးသို့ ရောက်နေသူသည် တစ်နေ့တွင် အောက်ဆုံးသို့ ပြန်ရောက်နိုင်ပေသည်။

အာဏာနှင့် လောကစည်းစိမ် ဟူသမျှကို ထာဝရ တည်မြဲလိမ့်မည်ဟု မှတ်ထင်ထားသော ဗိုလ်ခင်ညွန့်အဖို့ ယခုကဲ့သို့ အရေးယူအပြစ်ပေးခံရသောအခါ ဒေါသခံပြင်းဖြစ်နေမည်မှာ အမှန်ပင်ဖြစ်သည်။ စင်စစ် အာဏာနှင့် လောကစည်းစိမ်ဟူသမျှသည် ကြွေးယူ၍ရထားသောဥစ္စာများ





သာ ဖြစ်၏။ ဥစ္စာ၊ အာဏာ၊ စည်းစိမ်များလေလေ ကြွေးပတ်လည်ဝိုင်းလေလေဖြစ်၏။ ယင်းကြွေးများကို ဝိပါကကြွေး၊ ကမ္မကြွေး၊ ကိလေသာကြွေးဟူ၍ ဓမ္မပဒ၌ ဆိုထားသည်။ သူသည် စစ်ထောက်လှမ်းရေးမှူးရာထူးရသည့်အချိန်မှစ၍ ပြည်သူလူထုအား နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းခဲ့ရာ၊ မိမိပြုထားမိသော အကုသိုလ်ကံကပင် မိမိဘဝကို ပျက်စီးအောင်ပြုခဲ့သည် မဟုတ်ပါလော။ သို့သော် ဗိုလ်ချုပ်ခင်ညွန့်သည် မိမိမိုက်ပြစ်ကို မမြင်ခဲ့ပေ။ နောင်တလည်းရမည့်ပုံ မပေါ်ချေ။ ထို့ကြောင့် ဓမ္မပဒ၌ အကြင်လူမိုက်ကား မိမိ၏အမှားကို မြင်သော်လည်း အမှားမှန်းမသိ အမှန်ဟူ၍ ပင်သိ၏။ ထိုလူမိုက်ကို ထိုသို့သိခြင်းကြောင့်ပင် လူမိုက်စစ်စစ်၍ ဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးခံရ အဖြစ်အပျက်ကို သူ့အင်တာဗျူးစာအုပ်၌–

"...ပထမတော့ ကျွန်တော် မန္တလေးကို သွားမလို့၊ ရာသီဥတုက မကောင်းတဲ့အခါကျတော့ တောင်ငူကိုသွားပါတဲ့။ တောင်ငူမှာ မြန်မာ့လေကြောင်းက ဆင်းပေးမယ်တဲ့၊ ရဟတ်ယာဉ်နဲ့ တောင်ငူသွားတယ်၊ တောင်ငူမှာ မြန်မာ့လေကြောင်းက လေယာဉ်ပျံပေါ်တက်ပြီးလိုက်ခဲ့တယ်။ ကျွန်တော့်စိတ်ထဲတော့ ကျွန်တော် သံသယမရှိဘူး။ ကျွန်တော်လုံးဝသံသယကို မရှိဘူး။ လေဆိပ်ရောက်တဲ့အခါကျတော့လည် ကျွန်တော်က ပုံမှန်ပေါ့ဗျာ၊ အဲဒီတုန်းက ကိုခင်အောင်ကြီးက လာကြိုတယ်လေ။ သိပ်များများစားစားတော့ မဟုတ်ဘူးဗျ။ သံသယလည်း မဖြစ်ဘူးဗျ။ ကျွန်တော့်ရုံးခန်းရောက်တယ်၊ ကျွန်တော့်ရုံးခန်းဝင်ပြီးတော့ တင်ပြမယ့်ဟာတွေ အစီအစဉ်လုပ်တယ်။ အခု ခရီးစဉ်မှာ လုပ်ခဲ့တာတွေပေါ့၊ ဒါတွေကို တင်ပြမယ်ဆိုပြီးတော့ ပုံတွေပါ အစပေါ့ ဒါတွေနဲ့ အကုန်ပြင်ဆင်တယ်။ အဲဒီလိုပြင်ဆင်နေတုန်းမှာပဲ ဗိုလ်ချုပ်ကြီးမောင်အေးကနေ ဗိုလ်ချုပ်ခင်ညွန့်တဲ့ ကျွန်တော့်အခန်း လာပါဦးဆိုတာနဲ့ ဪ... ကျွန်တော်ကတော့ သူတို့သိချင်တာတွေ မေးမယ်လို့များပေါ့၊ ကျွန်တော်လာမယ်ဆိုပြီးတော့ ကျွန်တော်တင်ပြဖို့ ဟာတွေပါ ယူသွားတယ်။ သူ့အခန်းရောက်တော့ အဲဒီမှာ ထူးဆန်းနေတယ်။ ကိုရွှေမန်းရယ်၊ ကိုသိန်းစိန်ရယ်၊ ဗိုလ်ချုပ်ကြီးမောင်အေးရယ် နောက်ပြီးတော့ ကိုစိုးဝင်းရယ် သူတို့တတွေ ရောက်နေတယ်။ ရောက်ရောက်ချင်း သိပ်တောင်မကြာလိုက်ဘူး၊ ဗိုလ်ချုပ်ခင်ညွန့်... ခင်ဗျား အိမ်ပြန်ပါတော့တဲ့၊ ကျွန်တော်တို့ ခင်ဗျားနဲ့ပတ်သက်ပြီးတော့ မေးမြန်းတာတွေ လုပ်နေပါတယ်။ အိမ်ပြန်ပါ၊ ဘယ်မှလည်း မသွားပါနဲ့တဲ့။ တော်တော်ထူးဆန်းသွားတယ်၊ ဘယ်လိုလဲပေါ့၊ ဪ... ငါ့အရေးယူမယ် ထင် တယ်ဆိုပြီး စိတ်ထဲကပေါ့။ ကျွန်တော့်သားကိုလည်း ခေါ်ထားတယ်တဲ့။ ကျွန်တော့်သားက တပ်ရင်းမှူး၊ ခင်ဗျားသားလည်း ကျွန်တော်တို့ ခေါ်ထား ပါတယ်တဲ့၊ အဲဒါနဲ့ ကျွန်တော်... အေးပေါ့ဗျာလို့၊ ဝမ်းသာပါတယ်လို့၊ အဲဒီလိုပဲ ကျွန်တော်ပြုံးပြုံးလေးနဲ့ ဝမ်းသာပါတယ်ဗျာလို့၊ အင်မတန်မှ ဝမ်းသာပါတယ်ဗျာလို့၊ ကျွန်တော်တော့ ကျွန်တော့်အခန်း ခဏဝင်မယ်လို့၊ ငါးမိနစ်လောက် ဝင်ပါတဲ့။ ကျွန်တော့်အိတ်တွေဘာတွေပေါ့ဗျာ။



အကုန်သိမ်းကျုံးထည့်ပြီးတော့ပေါ့၊ စခန်းမှူးက ကျွန်တော်နဲ့ကပ်ပြီး ပါလာတယ်လေ။ စခန်းမှူးက ဗိုလ်မှူးချုပ်ပေါ့။ ကျွန်တော့်ဘေး ကပ်ပါလာတယ်။ ငါ့ပစ္စည်းတွေ ငါသိမ်းမယ်လို့။ တခြားဘာမှ မယူပါဘူး၊ စားပွဲပေါ်မှာ ကျွန်တော်သုံးစွဲနေတာလေးတွေပဲကောက်ထည့်ပြီး ကျွန်တော့်အိမ်ကို ပြန်လာခဲ့တာ။ စခန်းမှူးကလည် ကျွန်တော့်ဘေးကပ်ထိုင်လိုက်လာတာ။ အဲဒီအချိန်မှာ တရားခံ ဖြစ်သွားတာပေါ့ဗျာ။

အဲဒီမှာ စပြီးတော့ ကျွန်တော့်ဆီကလူတွေလည်း ရုပ်လိုက်ပြီလေ။ ကျွန်တော့်လုံခြုံရေးက အဲဒီမှာ တပ်စိတ်တစ်စိတ် ရှိတာကိုး၊ ကျွန်တော့်ထောက်လှမ်းရေးကလေ။ သူတို့ကိုလည်း ရုပ်လိုက်တယ်။ ရုပ်လိုက်ပြီးတော့ တပ်ထဲကိုထည့်လိုက်တယ်။ ကျွန်တော့်ကို ခေါ်တဲ့နေ့မှာပဲ ကျွန်တော့်လူတွေ မရှိတော့ဘူး။

ကျွန်တော့်ကို ဘာမှ မစစ်ဘူး၊ ဘာတစ်ခွန်းမှလည်း မမေးဘူး၊ ကျွန်တော့်ကိုထားတာပဲ။ နောက်တပည့်တွေဘက်ကို မေးတာပေါ့ဗျာ။ အင်းစိန်မှာ တရားရုံးဖွင့်တဲ့အခါကျတော့မှ ကျွန်တော့်ကိုခေါ်တယ်။ ဘယ်လောက်အကြာမှာလဲဆိုတော့ တစ်နှစ်နီးပါးရှိပြီပေါ့။ တစ်နှစ်လောက်ကြာတယ်။ တပည့်တွေကို မေးမြန်းစစ်ကြောနေတာပေါ့။ တစ်နှစ်လောက်က တပ်ကပဲ ကျွန်တော့်ကို လုံခြုံရေးရုံထားတာ။ ရဲမရောက်သေးဘူး။ နောက် အင်းစိန်က ပြန်လာတဲ့အခါ တပ်မရှိတော့ဘူး။ ရဲချတယ်။ တပ်နဲ့တုန်းက ကျွန်တော်နဲ့ ဆက်ဆံဖို့အတွက် တပ်ကြပ်ကြီးဗျ၊ အရာရှိတောင် မထားဘူး၊ ပြောစရာရှိရင် တပ်ကြပ်ကြီးကို ခေါ်ပြောရတယ်။

စားရေးသောက်ရေးကတော့ ကိုယ့်ဘာသာ ကိုယ်ချက်ရ၊ စားရတာပေါ့။ ဈေးသွားတော့၊ သူတို့ဝယ်ပေးတယ်။ သူတို့ကို ပိုက်ဆံပေးလိုက်ရတယ်။ သူတို့က ရဲဘော်တစ်ယောက်ကို လွှတ်ပေးတယ်။ မှာချင်တာလေး စာရွက်ကလေးနဲ့ မှာလိုက်ရတာပေါ့၊ ဘာဝယ်ပေးပါ၊ ဘယ်လောက်ပါ ဆိုပြီး ပိုက်ဆံပေးလိုက်။ အဲဒါပဲ။ သူက ဝယ်လာတာပေါ့ဗျာ။ ဝယ်လာတာလည်းကောင်းတာလည်းပါ မကောင်းတာလည်းပါပေါ့ဗျာ။ ဒါ ထုံးအတိုင်းပေါ့ဗျာ။ အဲဒါက တစ်နှစ်လောက်။

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်တင်ဆွေနှင့်ဇနီး



ကိုရွှေမန်း ရှင်းတာက ဖြစ်စမှာရှင်းတာ။ ကျွန်တော်ဘယ်လောက်တောင်ဆိုးတယ်ဆိုတာတွေပေါ့ဗျာ။ ကျွန်တော့်ထောက်လှမ်းရေးတာဝန်ကို လွှဲယူတာက ရန်ကုန်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ (ယခု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်)ပေါ့။ သူက တိုင်းမှူး as well as ထောက်လှမ်းရေးညွှန်ကြားရေးမှူးဆိုပြီး တာဝန်ပေးတယ်။ ကျွန်တော် နှမြောတာက ကျွန်တော့်ရုံးခန်းထဲမှာ ကျွန်တော် Own Library ရှိတယ်ဗျ။ အဲဒီမှာ ကျွန်တော့်ကို by name နဲ့ နိုင်ငံခြားက ပို့ထားတဲ့ စာအုပ်တွေ အများကြီးပဲ၊ ကျွန်တော့်အခန်းမှာပဲ၊ အဲဒီစာအုပ်တွေ ရာချီပြီးရှိတယ်။ နောက်ပြီးတော့ ယခင် မျက်မှန်ကြီး (ဗိုလ်မှူးချုပ်တင်ဦး)လက်ထက်တုန်းက ရထားတဲ့ သူ့စာအုပ်တွေကလည်း ရှိတယ်။ ကျွန်တော်အကုန်သိမ်းထားတယ်။ သူ့စာအုပ်ကော ကျွန်တော့်စာအုပ်တွေကော အဲဒါတွေက ကျွန်တော် သိပ်နှမြောတယ်။ ဘာမှ ကျွန်တော် ပြန်မရဘူး။ ကျွန်တော့်အခန်းထဲကဆိုရင် ဘာမှ ကျွန်တော် ပြန်မရဘူး။ ကျွန်တော့်အဝတ်အစားတွေပဲ လာပြန်ပို့ပေးတယ်။ ဒိုင်ယာရီတွေ ဘာတွေကအစ အကုန်လုံးပဲ။ ဒိုင်ယာရီက အလုပ်သဘောရေးတာပါပဲ။ Personal ဘာမှ မရှိဘူး။ personal ရေးတဲ့ အလေ့အကျင့်လည်း မရှိဘူး။ လုပ်ငန်းသဘောပဲ။ အဲဒါတွေ အကုန်ထားခဲ့ရတယ်။ ကျွန်တော်စာရေးဖို့တောင် Raw (ကုန်ကြမ်း)က ဘာမှ မရှိတော့ဘူး။

ကျွန်တော့်ကို အင်းစိန်ခေါ်တဲ့ အချိန်က အိမ်မှာတင် ကျွန်တော်မေးလိုက်တယ်။ ကျွန်တော့်ဇနီးကိုပါ အရေးယူမှာလားပေါ့။ မဟုတ်ပါဘူးတဲ့။ အရေးမယူပါဘူးတဲ့။ မင်းအဝတ်အစားတွေထည့်ကွာလို့။ ကျွန်တော်ကတော့ အစောကြီးကတည်းက အဝတ်အစားတွေ ထည့်ထားပြီးသား။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ကို တစ်ချိန်ချိန်တော့ ခေါ်တော့မှာပဲလို့ ကျွန်တော် တွက်ထားပြီးသား။ ကျွန်တော်က အဝတ်အစားတွေ အကုန်ထည့်ထားပြီးပြီ။ ဆေးဝါးတွေ အကုန်ထည့်ထားပြီးပြီ။ ဖတ်မယ့်စာအုပ်တွေ အကုန်ထည့်ထားတယ်။ အကုန်အဆင်သင့် လုပ်ထားတယ်၊ ဒါပေမဲ့ မိန်းမကတော့ မပါဘူးပေါ့ဗျာ။ မိန်းမကိုတော့ ကမန်းကတန်းပဲ သွား။ မင်းအဝတ်အစားတွေလုပ်ပေါ့။ ဘာဝပဲဗျာ ဘာဝပဲ။

www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်ကျတော့ Guest House မှာ ထားတယ်။ ကောင်းကောင်းမွန်မွန်ထားပါတယ်။ အဲဒီမှာ ကောင်းကောင်းမွန်မွန်ပဲ သူတို့ပြုစုပါတယ်။ ဒေါ်စုကိုလည်း ထားဖူးတယ်။

တရားရုံးမှာ တရားသူကြီးက ဖတ်ပြပြီး ဗိုလ်ချုပ်ကြီးမှာ တာဝန်ရှိတယ် မဟုတ်လားတဲ့။ ကျွန်တော်က ဟုတ်တယ်လို့။ ကျွန်တော်လူကြီးပဲလို့ဆိုတော့ တာဝန်ရှိတာပေါ့လို့။ ကျွန်တော့်ကို ရှေ့နေငှားနိုင်တယ်လို့ တရားသူကြီးက ပြောတယ်။ ကျွန်တော် အဲဒီက ပြန်လာပြီးတော့ Guest House ရောက်တော့ အဲဒီမှာ ရဲချုပ်နဲ့ ညွှန်ချုပ်ကိုဇော်ဝင်းတို့ ပါလာတယ်။ ကျွန်တော်က မေးလိုက်တယ်။ ကိုခင်ရီ၊ ကိုဇော်ဝင်း တရားသူကြီးကတော့ ကျွန်တော့်ကို ရှေ့နေငှားနိုင်တယ်လို့ ပြောတယ်။ ခင်ဗျားတို့သဘောထားလေး သိချင်တယ်ဗျာလို့ဆိုတော့ ဗိုလ်ချုပ်ကြီးရယ်တဲ့၊ ရှေ့နေငှားလည်း ထူးမှာ မဟုတ်ပါဘူးတဲ့။ ပွင့်ပွင့်လင်းလင်း ပြောလိုက်တာလေ။ အေးပေါ့ဗျာ။ အဲဒီလိုဆို မငှားတော့ဘူးလို့။ နို့မို့ဆို ပိုက်ဆံကုန်နေဦးမှာလို့။ ကျွန်တော့်ကို အရေးယူရင် ဘယ်လိုပဲရှေ့နေငှားငှား အရေးယူမှာပဲ။ မဟုတ်ဘူးလား။ ရှေ့နေက ဘယ်လိုပဲလျှောက်လဲချက်တွေပေးပေး။ အရေးယူမှာပဲ။

ပြစ်ဒဏ်ချပြီးတာနဲ့ ပြည်ထဲရေးဝန်ကြီးက ပေါက်ချလာတယ်။ အိမ်မှာပဲ နေခွင့်ပေးတယ်၊ လုံခြုံရေးအစောင့်အရှောက်နဲ့ အိမ်မှာပဲ နေခွင့်ပေါ့။ အကျယ်ချုပ်ပေါ့လေ။ အဲဒါနဲ့ အိမ်မှာပဲနေခွင့်ပေးတော့ ကျွန်တော်လည်း ဝမ်းမြောက်ဝမ်းသာပေါ့ဗျာ။ မိန်းမက သီချင်းတွေတောင်ဆိုသေးတယ်။ ဝမ်းသာလို့လေ။"ဟူ၍ ရေးသားဖော်ပြထားလေသည်

❒


# အခန်း(၂)

# ဘဝဇာတ်ကြောင်း

ဤသို့ "စိန်မှန်ကင်း ထင်းတစ်လှည့်ကြုံ"ဆိုသလို နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် ရာထူးမှ ရုတ်တရက် အဖြုတ်ချခံလိုက်ရသည့် ဦးခင်ညွန့်၏ မွန်းတည့်ချိန်တွင် နေဝင်ကိန်း ဆိုက်ခဲ့ရသော ဘဝဇာတ်လမ်းကလည်း စိတ်ဝင်စားစရာကောင်းလှပေသည်။

ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်ကို ၁၉၃၉ ခုနှစ် အောက်တိုဘာလ ၂၃ ရက်* ၁၃၀၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက် တနင်္လာနေ့ နံနက် ၉:၄၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက် ဦးမင်းလွင်လမ်း အိမ်အမှတ် (၄)၌ အဖ အထက်တန်းရှေ့နေ ဦးဘညွန့်နှင့် အမိ ဒေါ်စိန်ရှင်တို့မှ ဖွားမြင်ခဲ့သည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်၏ မွေးဇာတာ–




* Wikipedia အခမဲ့ စွယ်စုံကျမ်း အွန်လိုင်းစာမျက်နှာ၌ ဦးခင်ညွန့်၏ မွေးသက္ကရာဇ်ကို ၁၉၃၉ ခုနှစ် အောက်တိုဘာလ ၁၁ ရက် ဗုဒ္ဓဟူးနေ့ ဟူ၍ လွဲမှားစွာ ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com





ကျောက်တန်းမြို့နယ်ရှိ ဗိုလ်ချုပ်ခင်ညွန့် ငယ်စဉ်က နေထိုင်ခဲ့သောအိမ်

မွေးချင်း (၆)ဦးအနက် အထွေးဆုံးသားဖြစ်သည်။ မွေးချင်းများမှာ–

၁။ ဦးအောင်မြင့် + ဒေါ်မေသန်း

၂။ ဒေါ်အေးမြင့်

၃။ ဒေါ်တင်မြင့် + ဦးထွန်းအုံ

၄။ ဒေါ်သန်းရီ + ဦးအောင်ဝင်း

၅။ ရဲမှူးကြီးဟောင်း စိန်ထွန်းအောင် + ဒေါ်ထွေးညွန့်

၆။ ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့် + ဒေါက်တာဒေါ်ခင်ဝင်းရွှေ

တို့ဖြစ်သည်။ ဖခင် ဦးဘညွန့်သည် အသက် (၇၇) နှစ်အရွယ် ၁၉၇၅ ခုနှစ်ကပင် ကွယ်လွန်သွားခဲ့သော်လည်း သူ့မိခင်ကြီး ဒေါ်စိန်ရှင်သည် အသက် ၉၄ နှစ်အရွယ်အထိ အသက်ရှည်ကာ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ကျမှ ကွယ်လွန်သွားခဲ့သည်။ မိခင်ကြီး၏ ကြွင်းကျန်သောရုပ်ကလာပ်ကို ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျောက်တန်းမြို့နယ်၊ ပါဒကြီးသုသာန်၌ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့က ကွယ်လွန်သွားသော သမီးဖြစ်သူ ဒေါ်သန်းရီ၏ အုတ်ဂူဘေးတွင် ဘေးချင်းယှဉ်၍ ဂူသွင်းသင်္ဂြိုဟ်ထားသည်။





ဗိုလ်ချုပ်ခင်ညွန့်သည် တရုတ်–ဗမာ ကပြားဖြစ်၍ မိခင်ဘက်မှ အဘိုးအဘွားများမှာ သုံးခွဇာတိ ဦးကျော်ဒွန်း+ဒေါ်ဂွန်းတို့ဖြစ်သည်။ ဗိုလ်ချုပ်ခင်ညွန့်သည် ၁၉၈၃ ခုနှစ်၌ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဖြစ်လာချိန်မှစ၍ သူ့ဘဝရာဇဝင်နောက်ကြောင်း သဲလွန်စမှန်သမျှကို ခြေရာခံ၍ မရနိုင်အောင် ပိပိရိရိ ဖျောက်ဖျက်ခဲ့သောကြောင့် သူ့ဘဝနောက်ကြောင်း အချက်အလက်များကို ရှာဖွေရသည်မှာ ခက်ခဲပင်ပန်းလှသည်။


သို့သော် အမည်မဖော်လိုသော သူနှင့် ငယ်စဉ်က ကျောင်းနေဘက်တစ်ဦးက စာရေးသူအား အောက်ပါအတိုင်း ပြောပြခဲ့သည်။

"ကိုခင်ညွန့်ဟာ ကျောင်းနေစဉ်ကတည်းက ယဉ်ကျေးသိမ်မွေ့ပြီး စကားပြောချိုသာသူ ဖြစ်ပါတယ်။ လူတစ်ဖက်သားကို နားဝင်အောင်၊ သဘောကျအောင်၊ သူ့ကိုအထင်ကြီးအောင် စကားပရိယာယ် ဝေဝုစ်ကြွယ်ဝစွာနဲ့ ပြောဆိုတတ်တယ်ဗျ။ သူက စကားတစ်ခွန်းကို ပြောမယ်ဆိုရင်လည်း ရှေ့နောက်တွေးပြီးမှ ပြောဆိုတတ်တယ်။ ကိုယ့်ကို အများ အထင်ကြီးအောင် ဆိုက်နဲ့ကိုက်နဲ့ နေတတ်စားတတ်တယ်။ ဆံပင်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com






ဦးခင်ညွှန့် အစ်မကြီး နှင့် မိခင်ကြီး တို့၏ အုတ်ဂူ

အမြဲတမ်းကြော့နေအောင် ဖြီးလိမ်းတတ်တယ်။ ဘဝင်မြင့်ပြီး ခပ်တည်တည်လည်း နေလေ့ရှိတယ်။ လူ့သဘော၊ လူ့မနောလည်း ကျေသူဖြစ်သော်လည်း သူ့အထင်ကြီးရင် အလွန်ကြီးတတ်ပြီး၊ အထင်အမြင်သေးရင် အလွန်အထင်အမြင်သေးတတ်တယ်။ မိန်းမလို မိန်းမရလည်း ပြောတတ်တယ်။ လူတစ်ဖက်သားအကြောင်း မြှောက်ပင့်ပြောတတ်သလို သူနဲ့အကြောမတဲ့သူတွေဆိုရင်လည်း နှိမ်ချပြီး အားမနာတမ်းလည်း ပြောဆိုတတ်တယ်။

သူ့စိတ်ကို အကဲခတ်ရတာ ခက်တယ်။ စိတ်နှစ်ခွ၊ အလုပ်နှစ်မျိုးလုပ်ကိုင်တတ်သူ။ သူ့စိတ်က မီးခွက်တစ်ခွက် ရေတစ်မှုတ်ဗျ။ တစ်ခုခုလုပ်ခါနီးမှာ စဉ်းစားတတ်ပေမယ့် တကယ်တမ်း လက်တွေ့အကောင်အထည် ဖော်တဲ့အခါ တဇွတ်ထိုး တဓောက်ကန်း လုပ်တတ် ကိုင်တတ်တာကိုလည်း တွေ့ရတယ်။

သူဟာ အပြင်ပန်းက အလွန်သိမ်မွေ့၊ ယဉ်ကျေးနေပုံ ပေါက်ပေမယ့် သူ့အပေါ် မကောင်းကြံသူများ၊ ကျောသွားသူများကို ဘယ်သောအခါမှ ခွင့်လွှတ်တတ်တဲ့စိတ် မရှိဘဲ မရရအောင် ပြန်လက်စားချေတတ်တယ်။ သူက စိတ်တိုပြီး ဒေါသလည်းကြီးတတ်တယ်။ ဘဝင်မြင့်စိတ်





စစ်ကိုင်းဆောင်

ကြီး ဝင်တတ်သလို သဝန်လည်း တိုတတ်တယ်။ ဘယ်သူသေသေ ငတောမာရင်ပြီးရောဆိုသလို သူ့အတွက် အောင်မြင်ကျော်ကြား၊ ဘဝတက်လမ်းအတွက် ဘယ်သူကိုမဆို ကျော်ခွနင်းချေတတ်တဲ့ မကောင်းကြံစိတ် အမြဲရှိပြီး ရက်စက်တတ်တယ်။

သူ့ထူးခြားချက်ကတော့ အရာရာကို လိမ်မာပါးနပ်စွာ လုပ်ကိုင်ပြောဆိုတတ်တယ်။ ပရိယာယ်ကြွယ်ဝပြီး ရဲရင့်ပြတ်သားတယ်။ အလုပ်ကိုလည်း စည်းနဲ့ကမ်းနဲ့ လုပ်ကိုင်တတ်သလို ဉာဏ်လည်းအလွန်များတယ်။ သူ့ကိုပေါင်းရင် သတိထားပေါင်းရတယ်။ အရှူးလင်တော်သလို သတိထားနေရတယ်။ ကိုယ်မှားတာနဲ့ ခံရပြီသာမှတ်။ ဒီလူက ဘဝရည်မှန်းချက် ကြီးမားတယ်ဆိုပေမယ့် ဝမ်းနည်းဝမ်းသာမှုဒဏ်ကို ခံနိုင်စွမ်းမရှိဘူး။ တစ်နည်းပြောရရင် လောကဓံတရား ၈ ပါးကို ရင်ဆိုင်နိုင်စွမ်းမရှိဘူးပေါ့။

တစ်ယူသန်ပြီး မိမိမှန်လျှင် ဇွတ်လုပ်တတ်တယ်။ ဒါကြောင့် သူ့ထိပ်ဆုံးရောက်ပြီး အောက်ပြုတ်ကျသွားတယ် ထင်တယ်။ သူ့ဘဝဟာ

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းကတော့ ခေါက်ရာဌက်လို အနိမ့်အမြင့် သိပ်များတယ်၊ သူ့အသက် ၄၀ အထိ သူလိုငါလို သာမန်ပါပဲ။

အဲ… ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးကို စစ်တပ်က လက်နက်အားကိုးနဲ့ ဖြိုခွင်းပြီးတဲ့နောက် သူ့အတွင်းရေးမှူး (၁) ဖြစ်လာကတည်းက သူ့ဘဝဟာ ရွှေရောင်တောက်ပလာတယ်လို့ ထင်ပါတယ်ဗျာ။ နောက်ပိုင်း သူနဲ့ မတွေ့ဖြစ်တော့တဲ့အတွက် သူ့အကြောင်း ကျွန်တော်ဘာမှ မသိတော့ပါဘူး။ ၂၀၀၄ ခုနှစ်မှာသူ အဖြုတ်ခံလိုက်ရတာကိုတော့ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။ ဒါပါပဲ”

ဗိုလ်ချုပ်ခင်ညွန့်သည် ကျောက်တန်းရှိ အခြေခံမူလတန်းကျောင်း၊ မြို့မကျောင်းခေါ် အခြေခံပညာအလယ်တန်းကျောင်း အမှတ် (၁)၊ အခြေခံပညာအထက်တန်းကျောင်းမှတို့၌ ပညာသင်ကြားခဲ့ပြီး၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် ရန်ကင်းကောလိပ်သို့ ဆက်လက်ပညာဆည်းပူးခဲ့သည်။







လက်ထပ်ပြီးစ ဗိုလ်ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ခင်ဝင်းရွှေ

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၁၉၅၈–၅၉ တွင် ရန်ကင်းကောလိပ်မှ ရန်ကုန်တက္ကသိုလ်ရောက်ရှိကာ စစ်ကိုင်းဆောင်၌ အဆောင်နေ ကျောင်းသားအဖြစ် ပညာဆက်လက် ဆည်းပူးခဲ့သည်။ ထို စဉ်က သူ၏အဆောင်မှူးမှာ ဦးကျော်အောင် (စာရေးဆရာကျော်အောင်) ဖြစ်ပြီး လက်ထောက်အဆောင်မှူးမှာ ဦးကျင်တင့် (နောင် ပုသိမ်တရားရုံး ရှေ့နေ)ဖြစ်သည်။ တက္ကသိုလ်၌ သူနှင့်အရင်းအနှီးဆုံး သူငယ်ချင်းနှစ်ဦးမှာ ဖက်ရှင်ဝမ်းဆက်ဝတ်၍ ကန္တဲ့ကလျ မိန်းမလျာဆန်လှသဖြင့် ကိုခင်ညွန့်ကို ရင်းနှီးသော ကျောင်းသားများက 'အညွန့်' ဟု ခေါ်ခဲ့ကြသည်ဟု ဆိုသည်။

ဦးခင်ညွန့်သည် တက္ကသိုလ်ပညာ သင်နေဆဲ။ ရုပ်ရှင်ဒါရိုက်တာ ဦးချင်းစိန်၏ (ရွှေသာမောင် ရုပ်ရှင်ကုမ္ပဏီ)သို့ ရုပ်ရှင်မင်းသား လုပ်ရန်လျှောက်ထားခဲ့ရာ ပယ်ချခံရသည်။ ထို့နောက် တက္ကသိုလ်ပညာကိုဘွဲ့ရသည်အထိ ဆုံးခန်းတိုင် မသင်တော့ဘဲ စစ်ထဲဝင်ရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် ၁၉၅၉ ခုနှစ် မှော်ဘီ ဗိုလ်သင်တန်းကျောင်း (Officer's Training School) အပတ်စဉ် ၂၅ သို့ တက်ရောက်ခဲ့သည်။ ဗိုလ်သင်တန်း ကျောင်းဆင်းပြီးနောက် သူသည် လွိုင်လင်မြို့ရှိ ခလရ (၁၈) သို့ ကနဦး တာဝန်ချထားခြင်းခံရသည်။ ယင်းနောက် နှစ်အနည်းငယ်အကြာတွင် နမ့်စန်မြို့သို့ ပြောင်းရွှေ့တာဝန်ကျခဲ့၍ ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ခံရသည်။ သူ၏ဆရာရင်းမှာ ဗိုလ်မှူးကြီးတင့်ဆွေ (နောင်ဗိုလ်ချုပ်)ဖြစ်သည်။

ဗိုလ်မှူးကြီးတင့်ဆွေ အနောက်တိုင်း စစ်ဌာနချုပ် ဒုတိုင်းမှူးဘဝကပင် ဗိုလ်ကြီးခင်ညွန့်သည် ဗိုလ်မှူးကြီးတင့်ဆွေ၏ ကိုယ်ရေးအရာရှိ (P.S.O) အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ဗိုလ်မှူးကြီးတင့်ဆွေ ဆိုသူမှာ အခြားသူမဟုတ် မဆလခေတ်၌ စက်မှု (၁) ဝန်ကြီးနှင့် မဆလပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်ဖြစ်ခဲ့သူပင် ဖြစ်သည်။ သူ၏ အခြားတပည့်တစ်ဦးမှာ ဧကမ္ဘာ ကုမ္ပဏီနှင့် မြရိပ်ညို ဟိုတယ်အုပ်စု၏ မန်နေဂျင်းဒါရိုက်တာ ဦးခင်ရွှေ (ယခု ကြံ့ခိုင်ဖွံ့ ပါတီ၏ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်) ဖြစ်သည်။ ဤနေရာ၌ အလျဉ်းသင့်၍ ဗိုလ်ချုပ်ခင်ညွန့်၏ ဆရာရင်းအကြောင်းကိုလည်း တင်ပြလိုပါသည်။





ဗိုလ်ချုပ်တင့်ဆွေ မိသားစုနှင့်အတူ တွေ့ရစဉ်

ဗိုလ်ချုပ်တင့်ဆွေ (ကြည်း ၅၃၆၇)ကို ၁၉၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖျာပုံမြို့၌ အဖ ကန်ထရိုက်တာ ဦးဘသောင်၊ အမိ ဒေါ်သင် တို့မှ ဖွားမြင်ခဲ့သည်။ ဖျာပုံမြို့ အစိုးရအထက်တန်းကျောင်းတွင် အင်္ဂလိပ်–မြန်မာ ဆယ်တန်းအောင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၃ ခုနှစ် မတ်လတွင် ပျဉ်းမနားမြို့ရှိ ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Defence Army, B.D.A)တပ်ရင်းသို့ ဝင်ရောက်ခဲ့ပြီး ပျဉ်းမနား ဘီဒီအေ တပ်ရင်း(၆)၊ တပ်ခွဲ ၅ တွင် တာဝန်ထမ်းရွက်ခဲ့ရသည်။ ယင်းနောက်

www.burmeseclassic.com





ဗိုလ်ခင်ညွန့် ငယ်စဉ်က

ဗိုလ်သင်တန်း တက်ရောက်ရန် စာမေးပွဲဝင်ဖြေခွင့် ရရှိခဲ့သည်။ ဝင်ခွင့်စာမေးပွဲအောင်သောအခါ မင်္ဂလာဒုံတွင် ဖွင့်လှစ်ထားသော ဒုတိယပတ် ဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်ခဲ့သည်။ မင်္ဂလာဒုံ ဗိုလ်သင် တန်းကျောင်း၏ကျောင်းအုပ်ကြီးမှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဇေယျ ဖြစ်သည်။ ၁၉၄၄ မတ်လ ၃ တွင် ဒုတိယပတ် ဗိုလ်လောင်း ၄၀ ထဲမှ သင်တန်းသား အယောက် ၃၀ ဦးကို ကြည်းတပ်အတွက် ရွေးချယ်၍ ဂျပန်ပြည် ဘုရင့်စစ်တက္ကသိုလ်သို့ ပညာသင်စေလွှတ်ခဲ့ရာ ဗိုလ်လောင်းတင့်ဆွေလည်း ပါဝင်ခဲ့သည်။



၁၉၄၈ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ တွင် အမှတ် (၂) ဗမာ့သေနတ်ကိုင်တပ်ရင်း (မိတ္ထီလာ)၌ တပ်ခွဲမှူး၊ တပ်ပေါင်းဗိုလ်မှူး၊ ၁၉၅၆ တွင် မေမြို့ (ပြင်ဦးလွင်) ဗိုလ်သင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီးနှင့် နည်းပြချုပ်၊ ၁၉၅၆ တွင် မုံရွာရှိ ကယားတပ်ရင်း တပ်ရင်းမှူး၊ ၁၉၅၈ တွင် မိတ္ထီလာသံချပ်ကာ တပ်ရင်းမှူးနှင့် တပ်မ ၁ စစ်ဦးစီးမှူး (ပထမတန်း) အဖြစ် ထမ်းရွက်ခဲ့သည်။

ထို့နောက် တပ်မတော်(ကြည်း) စစ်တိုင်းကြီးများကို ၁၉၆၁ အောက်တိုဘာလတွင် ဖွဲ့စည်းပုံဇယားအမှတ် ကဖ ၂က ၆၁ အရ ပြင်ဆင်ဖွဲ့စည်းရာ စစ်တိုင်းကြီး (၅)တိုင်းဖြစ်လာခဲ့သည်။ ဒု-ဗိုလ်မှူးကြီး တင့်ဆွေသည် ပုသိမ်မြို့ရှိ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိုင်းမှူးအဖြစ် တာဝန်ပေးအပ်ခံရသည်။ ထိုမှတစ်ဖန် ၁၉၆၅ ခုနှစ်တွင် ဗထူးမြို့ရှိ စစ်ဦးစီးတက္ကသိုလ်သို့ ကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေ့ရသည်။

ယင်းနောက် ၁၉၆၆ ခုနှစ်၊ မေလတွင် တပ်ရင်း ၁၂ ရင်းဖြင့် တပ်မ (၇၇)ကို မှော်ဘီမြို့တွင် ဖွဲ့စည်းသောအခါ တပ်မမှူးအဖြစ် ထမ်းရွက်ရသည်။ တပ်မ (၇၇) ရှေ့တန်းဌာနချုပ်ကိုမူ ပြည်မြို့၌ထားရှိသည်။ တပ်မ (၇၇) ဖွဲ့စည်းရခြင်းမှာ ပဲခူးရိုးမတွင်ရှိသော ဗမာပြည်ကွန်မြူနစ်ပါတီကို အပြီးသတ် ချေမှုန်းရန်ဖြစ်သည်။

ယင်းနောက် ၁၉၆၉ ဇွန်လတွင် မော်လမြိုင်မြို့ရှိ အရှေ့တောင်တိုင်း စစ်ဌာန၏ တိုင်းမှူးအဖြစ် ခန့်အပ်ခံရသည်။ ၁၉၇၄ တွင် အရပ်ဘက်သို့ ပြောင်းရွှေ့၍ တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌနှင့် လမ်းစဉ်ပါတီ တိုင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပထမအကြိမ် ပါတီညီလာခံတွင် ပါတီလုပ်ငန်းစိစစ်ရေးကော်မတီဝင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။ ထို့နောက် ၁၉၇၆ ခုနှစ်တွင် အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

## စိုင်ကော်၍ ချုပေါ်ရောက်ခဲ့ရ

ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်၏ဆရာရင်းသည် ဗိုလ်ချုပ်တင့်ဆွေ ဖြစ်သည်။ ဗိုလ်ချုပ်တင့်ဆွေ မြောက်ပိုင်းတိုင်း၌ စစ်ဦးစီးမှူး (ပထမတန်း) အဖြစ် တာဝန်ထမ်းဆောင်နေစဉ်ကပင် ဦးခင်ညွန့်သည် ဗိုလ်အဆင့်ဖြင့် သူ၏ ကိုယ်ရေးအရာရှိအဖြစ်မှ တပ်ရင်းမှူး၏ ကိုယ်ရေးအရာရှိအဆင့် အထိ ဗိုလ်ချုပ်တင့်ဆွေ၏ လက်အောက်တွင် (၈)နှစ်ခန့် သားအဖပမာ ထမ်း ရွက်ခဲ့ရသည်။ ဗိုလ်ချုပ်တင့်ဆွေ၏ ကိုယ်ရေးအရာရှိ ထမ်းရွက်ပြီးနောက်၊ တပ်မတော်ထောက်လှမ်းရေး သင်တန်းသို့ တက်ခွင့်ရခဲ့သည်။ သင်တန်း၌ အခြားသူထက် ပိုမိုထူးချွန်သဖြင့် စစ်ထောက်လှမ်းရေးမှူး ဒုဗိုလ်မှူးကြီး တင်ဦးကပင် ချီးကျူးခဲ့ရသည်။ ဘာတီးလ်လင့်တနာ (Bertil Lintner) က ဗိုလ်ခင်ညွန့်သည် အရှေ့ဂျာမနီ (G.D.R)၌ ထောက်လှမ်းရေး သင် တန်းတစ်ခု တက်ခဲ့ဖူးသည်ဟု Asia Weekly စာစောင်၌ ရေးသားခဲ့ ဖူးသည်။

ယင်းနှင့် ပတ်သက်၍ မြတ်ခိုင်ပြုစုသည့် "ဦးခင်ညွန့်နှင့် အင် တာဗျူး" စာအုပ်စာမျက်နှာ ၅၆ ၌ အောက်ပါအတိုင်း ဖွင့်ဟထားသည်။

"ကျွန်တော့်ပထမဆရာက ဗိုလ်ချုပ်တင့်ဆွေပေါ့ဗျာ၊ ဒုတိယဆရာ ကတော့ ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ တတိယဆရာက ဗိုလ်ချုပ်ကြီး နေဝင်းပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ၁၉၈၃ ခုနှစ်ကျမှ ဗိုလ်

www.burmeseclassic.com



ချုပ်ကြီးနေဝင်းနဲ့တွေ့တာ။ ထောက်လှမ်းရေးညွှန်ကြားရေးမှူးဖြစ်ပြီး လှမ်းရောက်မှ ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ တွေ့တာ။ အဲဒီကျတော့မှ တစ်ယောက်နဲ့တစ်ယောက် သိတယ်၊ ဗိုလ်ချုပ်ကြီး သူရကျော်ထင်ကနေ အပ်လိုက်တာ။ သူ့အိမ်ခေါ်သွားပြီး ဒါ ထောက်လှမ်းရေးညွှန်ကြားရေးမှူးအသစ် ဗိုလ်မှူးကြီးခင်ညွန့်ပါဆိုပြီး ကျွန်တော့်ကို သွားအပ်ပေးတယ်။ ဘာမှ သိပ်ပြီး ထွေထွေထူးထူး ပြောမနေဘူး။ အေးအေး ကြိုးစားလုပ်ပေါ့ကွာတဲ့။ အဲဒီမှာ ကျွန်တော့်ကို ဂေါက်မရိုက်နဲ့ဆိုပြီး ဗိုလ်ချုပ်ကြီး သူရကျော်ထင်က ပြောတာ။ အဲဒါကို ကျွန်တော် တော်တော်စွဲတယ်။ သူမရှိသော်ငြားလည်း ကျွန်တော်မှတ်ထားတယ်။

တောင်ကိုရီးယားသမ္မတ ချွန်ဒူးဝမ်လာတဲ့ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလအတွင်းမှာ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ကိုအောင်ကိုးက ဂေါက်ကွင်းမှာ ဂေါက်ရိုက်နေတယ်။ အဲဒါ လုံခြုံရေးကျူးပေါက်တယ်တဲ့။ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဆိုတာက လူကြီးတွေ၊ အကြီးအကဲတွေရဲ့ လုံခြုံရေး။ နိုင်ငံတော်က ဧည့်သည်တော်ကြီးတွေရဲ့ လုံခြုံရေး၊ ပြည်သူတွေရဲ့ လုံခြုံရေး၊ အဲဒီအချိန်မှာ ကိုအောင်ကိုးက ဂေါက်ရိုက်နေတာ။ ကျွန်တော်လည်း ဂေါက်ရိုက်တာ မကြိုက်ဘူး။ မင်းတို့ အလုပ်ချိန်မှာ မရိုက်နဲ့။ ရိုက်ချင်ရင် အလုပ်ပြင်ပမှာရိုက်။ ငါ ဂေါက်မရိုက်တာ မင်းတို့ အသိကွာလို့ အမြဲတမ်းပြောခဲ့ပါတယ်”

မှန်ပေသည်။ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား)မှ သမ္မတကြီးချွန်ဒူးဝမ်နှင့် အဖွဲ့ ချစ်ကြည်ရေးခရီးရောက်ရှိလာခဲ့သည်။ အောက်တိုဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရအဖွဲ့ဝင်များနှင့် မတွေ့ဆုံမီ နံနက်ပိုင်း၌ အာဇာနည်ဗိမာန်သို့ သွားရောက်၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များ မြှုပ်နှံထားသည့် ဂူဗိမာန်ကို လွမ်းသူ့ပန်းခွေချ အလေးပြုရန် စီစဉ်ထားသည်။

သို့သော် အာဇာနည်ဗိမာန်သို့ ကိုရီးယားသမ္မတနိုင်ငံမှ သမ္မတကြီး ရောက်ရှိမလာမီ မြန်မာနိုင်ငံမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စစ်သည်တော်များ၊ ပြည်တွင်းပြည်ပမှ သတင်းထောက်များ အပါအဝင် ကိုရီးယား





အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ

သမ္မတနိုင်ငံမှ သမ္မတကြီးနှင့်အတူ မြန်မာနိုင်ငံသို့ လိုက်ပါလာခဲ့သော အဖွဲ့ဝင် အချို့လည်း ကြိုတင်ရောက်ရှိနေသည်။

သမ္မတချွန်ဒူးဝမ်နှင့်အဖွဲ့ လိုက်ပါလာသော မော်တော်ယာဉ်တန်းသည် တက္ကသိုလ်ရိပ်သာလမ်းရှိ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာမှ ထွက်လာအပြီး ယခင်ဝိဇယ ရုပ်ရှင်ရုံအနီးသို့ရောက်ခိုက် နံနက် ၁၀ နာရီ ၂၅ မိနစ်အချိန်တွင် အာဇာနည်ဗိမာန်အတွင်းမှ ကြီးမားသော ဗုံးပေါက်ကွဲသံကြီးနှင့်အတူ အာဇာနည်ဗိမာန်အဆောက်အအုံကြီး၏ အမိုးဒိုင်းကြီး ပြုတ်ကျကာ အုတ်ကြွပ်မိုးများ၊ မျက်နှာကြက်များ ပျက်စီးလွင့်စင်ကုန်သည်။ ပေါက်ကွဲ ပြိုကျမှုကြောင့် အာဇာနည်ဗိမာန်အတွင်း၌ ရောက်ရှိနေသော မြန်မာအစိုးရအဖွဲ့ဝင်များ၊ သတင်းထောက်များ၊ ကိုရီးယားသမ္မတ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံမှ ဧည့်သည်တော်များ၊ ကိုရီးယားသံအမတ်ကြီးအပါအဝင် ၂၁ ဦး သေဆုံးပြီး၊ ၄၆ ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြသည်။ သေဆုံးသူများ အနက် ကိုရီးယားဧည့်သည်တော် ၁၇ ဦးနှင့် မြန်မာနိုင်ငံသား လေးဦးတို့ ပါဝင်ခဲ့သည်။




သူရကျော်ထင်

ဤသို့ ဖြစ်ပွားနေစဉ် တာဝန်ရှိ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး အောင်ကိုးသည် တပ်မတော်ဂေါက်ကွင်း၌ အပေါင်းအဖော်များဖြင့် ဂေါက်ရိုက်ကစားနေသည်ဟု ဆိုသည်။

အာဇာနည်ကုန်း ဗုံးဖောက်မှုနှင့် ပတ်သက်၍ ကျူးလွန်ခဲ့သော တရားခံများကို ပြည်သူ့ရဲသတင်းတပ်ဖွဲ့က အပူတပြင်း ရှာဖွေဖော်ထုတ်ရာ အောက်တိုဘာ ၁၀ ရက်နေ့ ည ၉း၄၅ နာရီတွင် ပုဇွန်တောင်ချောင်း





ဦးနေဝင်း၊ ဦးစန်းယု၊ ဦးစိန်လွင် တို့နှင့်အတူ
ဦးခင်ညွန့်အား ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဘဝက တွေ့မြင်ရစဉ်

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်များ

အတွင်း ရေကူးနေသူ မြောက်ကိုရီးယားနိုင်ငံမှ ဗိုလ်မှူးအဆင့် ဇင်မိုအား လည်းကောင်း၊ အောက်တိုဘာလ ၁၁ ရက်နေ့ နံနက် ၆ နာရီတွင် ကော့မှူးမြို့နယ် သခွတ်ပင်ကျေးရွာမြောက်ဘက်၌ ဗိုလ်ကြီးအဆင့်ရှိသူ ဆင်ကီးချူး (အသေဖမ်းဆီးရမိသူ)ကိုလည်းကောင်း၊ အောက်တိုဘာ ၁၂ ရက်နေ့တွင် ကော့မှူးမြို့နယ်၊ သခွတ်ပင်ကျေးရွာနှင့် ကွင်းဝိုင်းကျေးရွာအကြား ဒိုက်ပုံအောက်တွင် ဗိုလ်ကြီးအဆင့်ရှိသူ ကင်မင်ချူးတို့ကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးမိသော မြောက်ကိုရီးယားနိုင်ငံမှ တရားခံ ဇင်မိုနှင့် ကင်မင်ချူးတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂၊ ၃၀၇ နှင့် လက်နက်အက်ဥပဒေ ပုဒ်မ ၁၉ (စ)အရ တရားစွဲဆို၍ ၁၉၈၃ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် (၁၀/၈၃)တွင် တရားစွဲဆိုထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ခ) / ၃၄ အရ အပြစ်ရှိသည့်အတွက်သေဒဏ်ကျခံစေရန်နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၇ အရ ပြစ်မှု ကျူးလွန်ကြောင်း တွေ့ရှိရသည့်အတွက် တစ်သက်တစ်ကျွန်း ကျခံစေရန်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် (၁၅/၈၃) တွင် တရားစွဲဆိုထားသည့်



လက်နက်အက်ဥပဒေ ပုဒ်မ ၁၉ (စ)အရ ထောင်ဒဏ်သုံးနှစ် ကျခံစေရန် မင်္ဂလာဒုံမြို့နယ်တွင် ရုံးထိုင်သော ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး၊ အဖွဲ့ဝင်များအဖြစ် ဦးမြတ်တိုးနှင့် ဦးတင်ညွန့်တို့ပါဝင်သည့် ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့ အမှတ် ၈ က စီရင်ချက် အမိန့်များ ချမှတ်ခဲ့လေသည်။

အာဇာနည်ကုန်း ဗုံးပေါက်မှုကြောင့် မဆလပါတီဥက္ကဋ္ဌဦးနေဝင်းသည် ဒေါသပေါက်ကွဲကာ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ကိုးအား ရာထူးမှ ဖယ်ရှား၍၊ ၎င်းနေရာ အစားထိုးခန့်အပ်နိုင်ရန်အတွက် ဗိုလ်ချုပ်တင့်ဆွေ (ကြည်း-၅၃၆၇)နှင့် ဗိုလ်ချုပ်ကြီးသူရကျော်ထင် (ကြည်း-၅၃၃၂)တို့ကို တာဝန်ပေးအပ်ခဲ့ရာမှ ဗိုလ်မှူးကြီးခင်ညွန့်ကို ၎င်းတို့နှစ်ဦးက ထောက်ခံ တင်ပြပြီး ဦးနေဝင်းထံ သွားရောက်အပ်နှံပေးခဲ့သည်။ ဤသို့ဖြင့် ဗိုလ်မှူးကြီးခင်ညွန့်သည် ၁၉၈၃ ခုနှစ် အောက်တိုဘာလတွင် တပ်မတော်လှမ်းရေး ညွှန်ကြားရေးမှူးဖြစ်လာခဲ့လေသည်။

### တပ်မတော်ထောက်လှမ်းရေးအကြီးအကဲများ

| စဉ် | ရာထူးအမည် | အကြီးအကဲအမည် | သက်တမ်းကာလ |
|---|---|---|---|
| ၁ | တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး | ဗိုလ်မှူးကြီးလွင် | ၁၉၅၉–၁၉၆၉ |
| ၂ | 〃 | ဗိုလ်မှူးကြီးချစ်ခင် | ၁၉၆၉–၁၉၇၂ |
| ၃ | 〃 | ဗိုလ်မှူးချုပ်တင်ဦး | ၁၉၇၂–၁၉၇၈ |
| ၄ | 〃 | ဗိုလ်မှူးကြီးအောင်ဌေး | ၁၉၇၈–၁၉၈၀ |
| ၅ | 〃 | ဗိုလ်မှူးကြီးမျိုးအောင် | ၁၉၈၀–၁၉၈၂ |
| ၆ | 〃 | ဗိုလ်မှူးကြီးကံညွန့် | ၁၉၈၂–၁၉၈၃ |
| ၇ | 〃 | ဗိုလ်မှူးကြီးအောင်ကိုး | ၁၉၈၃ |
| ၈ | စစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် | ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် | ၁၉၈၄–၂၀၀၄ |
| ၉ | တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် | ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ | ၂၀၀၄–၂၀၀၅ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၀ | ။ | ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ၂၀၀၅–၂၀၁၀ |
| ၁၁ | ။ | ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ၂၀၁၀–၂၀၁၄ |
| ၁၂ | ။ | ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး |

[စစ်ဆင်ရေးအထူးအဖွဲ့–၆(နပတ)]

တပ်မတော်ထောက်လှမ်းရေးမှူးဘဝ၌ ဗိုလ်ချုပ်ကြီးနေဝင်း (ကြည်း–၃၅၀၂) ဆီမှ ပညာအမျိုးစုံ ရရှိခဲ့ပုံကိုလည်း ၎င်းစာအုပ်၌–

"နိုင်ငံတကာ ဆက်ဆံရေး၊ နိုင်ငံခြားသားနဲ့ စကားပြောနည်း၊ ပြောဟန် ကျွန်တော်သူ့ဆီက သင်ရတာပဲ။ တခြားလူဆီက မရဘူးဗျ။ နိုင်ငံခြားသားနဲ့တွေ့တဲ့အခါမှာ ပြောဟန်၊ ဆိုဟန်၊ နိုင်ငံခြားသားနဲ့ ဆက်ဆံရေးကို ဗိုလ်ချုပ်ကြီးနေဝင်းက သင်ပေးခဲ့ပါတယ်။ ကျွန်တော့်ကို နောက်ပိုင်းကျတော့ သူစိတ်ချသွားပြီးတော့ ဗိုလ်ခင်ညွန့်ရေ ဟိုလူနဲ့ သွားတွေ့ချေဆိုရင် သွားတွေ့ရတယ်။ မင်း အဲဒီလူနဲ့ သွားစကားပြောလိုက်။ အဲဒီလိုဗျ။ နောက်ပြီး သူ့စတိုင်လ်ပေါ့ဗျာ။ နိုင်ငံခြားသားနဲ့ပြောတဲ့ စတိုင်လ်ကို မှတ်ထားတယ်။ နိုင်ငံခြားသားကြီးတယ်၊ ငယ်တယ် ဒီလို မဟုတ်ဘူးဗျ။ အဲဒီစတိုင်လ်က ကျွန်တော် သိပ်ကြိုက်တယ်။ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့စတိုင်က ဘယ်သူနဲ့တွေ့တွေ့ အမေရိကန်နဲ့တွေ့လည်း သူ့စတိုင်လ်က ဟန်မပျက်ဘဲ။ အောက်ကျို့ပြီးနေတာ မဟုတ်ဘူး။ ဟန်နဲ့ မာန်နဲ့ ဒီလိုဆက်ဆံတာ။ တိန့်ရှောင်ဖိန်ကြီးရဲ့တွေ့တုန်းကဆိုရင် အဲဒီတုန်းက တံခါးဖွင့်ဝါဒစတဲ့ အချိန်ကိုးဗျ။ ခင်ဗျားဗျာ တံခါးဖွင့်လိုက်ပြီ ဆိုရင် ခြင်တွေ၊ ယင်တွေ ဝင်လာမှာပေါ့ဗျတဲ့။ ဟိုက ခြင်တွေ၊ ယင်တွေ ဝင်မယ်ဆိုတာ ကျွန်တော်က သိပါတယ်တဲ့။ ဝင်ချင်ဝင်ပါလေ့စေတဲ့။ ကျွန်တော့်အိမ်ထဲရောက်တော့မှပဲ ကျွန်တော်နှိမ်နင်းရမှာပေါ့ဗျာတဲ့။ အိမ်ထဲရောက်မှ နှိမ်နင်းမယ်တဲ့။ အဲဒီလို ခေါင်းဆောင်အချင်းချင်းတွေ့တဲ့အခါမှာလည်း သူ့ငယ်သူငယ်ချင်းလိုပဲ စကားပြောတယ်။ အောက်ကျို့ပြီးတော့ အောက်ကနေ သူကတိုင်းပြည်ကြီးပဲဆိုတာမျိုး မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့





စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်း

သမ္မတက သမ္မတပဲလေဗျ။ ဝန်ကြီးချုပ်က ဝန်ကြီးချုပ်ပဲ၊ အတူတူပဲလေ။ နိုင်ငံသေးတယ်၊ ငယ်တယ် မဟုတ်ဘူး။ အဲဒီလို ခွဲခြားလို့ မရဘူး။ သူ့ရဲ့ Status ကတော့ အတူတူပဲ။ အဲဒါကို ကျွန်တော် ကြိုက်တာဗျ။ သူက အဲဒီပုံစံမျိုး" ဟူ၍ ဖော်ပြထားသည်။

ဗိုလ်ချုပ်ကြီး နေဝင်းက မျက်မှန်ကြီး ဗိုလ်မှူးချုပ်တင်ဦးထက် သူ့ကို ပို၍ယုံကြည်ခဲ့ပုံကိုလည်း ဤသို့ ဆိုခဲ့သည်။

"သူနဲ့ လုပ်ရင်းကိုင်ရင်း သူ ခန့်မှန်းမှာပေါ့ဗျာ။ သူက လူကဲခတ်ဟတ်တယ်ဗျ။ လူကဲခတ်တာတော့ သူများနဲ့ မတူဘူး။ လူရဲ့ ရုပ်လက္ခဏာနဲ့ လူကဲခတ်တာ နှစ်ယောက်မရှိဘူး။ လူရဲ့ ရုပ်လက္ခဏာနဲ့ လူကဲခတ်တတ်တယ်။ နောက်တော့ သူ့ မိသားစုနဲ့ပါ ကျွန်တော်က ရင်းနှီးတာကိုးဗျ။ သားသမီးတွေနဲ့၊ မြေးတွေနဲ့ နေလာတာ။ နောက်တစ်ခုက သူ့ရဲ့ လုပ်ငန်းကိုင်ခန်းအနေနဲ့ ဥပမာ သူ့ရုံးမှာ စာရွက်စာတမ်းတစ်ခုခု ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင် အဲဒါ သူ့စာရွက်ကို ကြည့်နေတာ။ သူပေးလိုက်တာက ဘယ်သူ့ကိုပေးလိုက်စမ်း ဆိုတာမျိုး။ လမ်းမှာ ဖတ်သလား။ ကြည့်သလားဆိုတာ။ လမ်းမှာ မသိမသာ ဖတ်သွားရင် သိတယ်။ သူက အဲဒါကို ချောင်းကြည့်တယ်။ ငါ့တပည့် ဘယ်လောက်ယုံရသလဲ။ မယုံရဘူးလဲဆိုတာ အဲဒါ။ သူက အိမ်ပေါ်ကနေ အိမ်အောက်ဆင်းလည်း သေနတ်က ကိုင်လာတာပဲ၊ နောက်တော့ ခရီးသွားတော့ သူ့ ခါးပတ်ကြီးချွတ်ပြီး ကျွန်တော့်ကို မင်းပတ်ထားဆိုပြီးပေးတယ်။ သေနတ်ကို ဘယ်တော့မှ သူများကို မပေးဘူး"

ဤသို့ဖြင့် ဗိုလ်ချုပ်တင့်ဆွေ၊ ဗိုလ်ချုပ်ကြီး သူရကျော်ထင်၊ အာဏာရှင်အဖေကြီး ဗိုလ်ချုပ်ကြီး နေဝင်းတို့၏ မြှောက်စားမှုကြောင့် ဗိုလ်ခင်ညွန့်လည်း မမျှော်လင့်ဘဲ စိုင်ကော်၍ ချုပေါ်ရောက်ခဲ့ရလေသည်။ ပုံပြင်မဟုတ်ပါချေ။

❒

## အခန်း(၄)
## ထီးတော်မိုး ဖိနပ်တော်တိုက် ကိုယ်ရံတော် တပ်မှူးကလေးဘဝ

ဗိုလ်ခင်ညွန့်သည် စစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်ပြီးနောက် များမကြာမီ ၎င်းတို့အခေါ် အဖေကြီး ဦးနေဝင်း (ထိုစဉ်က ဗိုလ်နေဝင်းသည် မဆလပါတီ ဥက္ကဋ္ဌတာဝန် ယူထားသည်) ၁၉၈၆ ခုနှစ်၊ ဧပြီလတွင် လန်ဒန်မြို့၊ "ကရောင်းဝဲလ်"ဆေးရုံ၌ တစ်ပတ်ကျော်ခန့် ဆေးရုံတက်နေစဉ်အတွင်း ဆေးရုံရှိ ဦးနေဝင်း၏ အခန်းနှင့်သမီးကြီး ဒေါက်တာခင်စန္ဒာဝင်း၏ အခန်းပေါက်နှစ်ခုအနီးတွင် ညလုံးပေါက် ကိုယ်ရံတော် တပ်မှူးကလေးအဖြစ် အပေါက်စောင့်ခဲ့ရသည်။ ထိုစဉ်က ဦးနေဝင်း၏ ဘုန်းအာဏာအရှိန်အဝါကလည်း အံမခန်းပင်။ လန်ဒန်မြို့သို့ ဆေးဝါးကုသခံရန် လာစဉ်က ရှေးမြန်မာမင်းများခေတ်က မင်းတရားကြီးများ ထွက်တော်မူသကဲ့သို့ ဦးနေဝင်း၏ ဆွေမျိုးသားချင်းများ အပြင် ခြေသည်း လက်သည်း ညှပ်၊ အနှိပ်သည်၊ ထမင်းချက်၊ စားပွဲထိုး၊ အပေါက်စောင့်နှင့် တောက်တိုမယ်ရ ခိုင်းရန် ခေါ်ဆောင်လာသော အရာရှိ အရာခံများ အပါအဝင် အဖွဲ့ဝင်ပေါင်း (၄၄) ဦး ပါရှိခဲ့သည်။

အင်္ဂလန်ပြည်တွင် မည်သည့်နိုင်ငံအကြီးအကဲကိုယ်စားလှယ်အဖွဲ့မှ လက်နက်ကိုင်ဆောင်ခွင့် မရှိဘဲ၊ အဖွဲ့နှင့် ပါလာသော လက်နက်များကို လေဆိပ်လုံခြုံရေးဌာနတွင် အပ်နံ့ထားခဲ့ရပါသည်။ သို့သော်လည်း

www.burmeseclassic.com





ဗိုလ်မှူးကြီး ခင်ညွန့်သည် ပစ္စတိုသေနတ်တစ်လက်ကို ဘယ်ဘက် ကုတ်အင်္ကျီအောက်တွင် ခိုးဝှက်သယ်ဆောင်လာပြီး ညစောင့်တာဝန်ကို ယူရသူဖြစ်သည်။

ဒေါက်တာခင်စန္ဒာဝင်းအနေဖြင့်လည်း ဖခင်၏အခန်းဆောင်းနားတွင် တစ်ယောက်အိပ် သီးသန့်အခန်းငှားပြီး အချိန်ပြည့် သူနာပြုတာဝန်ကို ယူရသည်။ သူမ၏ခင်ပွန်း ဦးအေးဇော်ဝင်း (ယခု နဝရတ်ချမ်းသာကုမ္ပဏီ ဥက္ကဋ္ဌ) အနေဖြင့် သားသုံးယောက် (အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်း) ကို ထိန်းကျောင်းရန် လန်ဒန်မြို့၊ ဝင်ဘိုတန်လမ်းရှိ မြန်မာစစ်သံရုံး ဧည့်ဂေဟာတွင် နေရပြီး ဦးနေဝင်းနှင့် အပျင်းပြေ ဖဲရိုက်ရန်လိုက်ပါလာသော ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သူရကျော်ထင်၊ တရားသူကြီးအဖွဲ့ဝင် ဦးလေးမောင်နှင့် သမားတော် ဒေါက်တာကျော်ဝင်းတို့အုပ်စုသည် ဦးနေဝင်းအခန်းနှင့် ခပ်လှမ်းလှမ်း ကိုက်၁၀၀ ကျော်ခန့်အကွာတွင် နှစ်ထောင့်ဆစ်ချိုးရှိ ဆေးရုံထောင့်ခန်းများ ငှားရမ်းပြီး နေထိုင်ကြရသည်။

ဗိုလ်ခင်ညွန့်သည် အဆိုပါရက်များအတွင်း ဧည့်ဂေဟာသို့ မနက် ၉ နာရီခန့်တွင် ပြန်လည်ရောက်ရှိလာပြီး မနက်စာ စားသောက်ပြီးသည်နှင့် အပေါ်ထပ်သို့တက်အိပ်လေ့ရှိသည်။ စားသောက်ခန်းတွင် တခြားသူ



များနှင့် စကားပြောလေ့ပြောထမရှိဘဲ တခြားလူများ ပြောဆိုနေသည်ကိုသာ နားစွင့်ပြီး လူမသိအောင် အကဲခတ်မှတ်သားလေ့ရှိသည်။

ဦးနေဝင်းအဖွဲ့တွင် သမီးကြီး ဒေါက်တာခင်စန္ဒာဝင်းနှင့် မိထွေးတော် ဒေါ်နီနီမြင့်တို့ မတည့်သည့်ကိစ္စ၊ အိမ်တော်မှစစ်သားများနှင့် ထောက်လှမ်းရေးများ မတည့်သည့်ကိစ္စ စသည်များဖြင့် ရှုပ်ထွေးနေတတ် သည်။ သံရုံးဧည့်ဂေဟာသို့ ခရီးရောက်မဆိုက်မှာပင် ဦးနေဝင်းသမက်၊ ခင်စန္ဒာဝင်း၏ခင်ပွန်း ဦးအေးဇော်ဝင်းက လေဆိပ်ကားမှဆင်းလာသော ဒေါ်နီနီမြင့်ကို လှမ်းကြည့်၍ မကြားတကြား သံရုံးဝန်ထမ်းများအား "ခင်ဗျားတို့သံရုံးကလူတွေ ဒီသောက်ကောင်မကြီးကို ဘာမှ ကူညီလုပ်မပေးကြနဲ့" ဟု အမိန့်ပေး၍ ထွက်သွားရာ သံရုံးဝန်ထမ်းများ အတော်ကျောချမ်း သွားကြသည်။ ဦးနေဝင်း၏ကြင်ယာတော် ဒေါ်နီနီမြင့်သည် ပိုင်ရှင်မရှိသော ဆိတ်မကြီးပမာ သံရုံးဧည့်ဂေဟာ၌ မီးဖိုချောင်ထဲတွင် သမီးတော် ရှိနေသဖြင့် ဝင်၍မရ၊ ဧည့်ခန်းဆောင်တွင်လည်း ဖဲရိုက်ဖော်များရှိနေ၍ ထိုင်မရဖြစ်ကာ စစ်သံမှူးအိမ်ပြေးလိုက်၊ စာကြည့်တိုက်ပြေးလိုက်၊ တောင်ပြေးမြောက်ပြေး ဘဝဖြင့် လူ့အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။

ဦးနေဝင်း၏ ပဉ္စမမြောက်ဇနီး ဒေါ်နီနီမြင့်ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ သုခလမ်းနေ အဖ ဦးလှဖေ၊ အမိ ဒေါ်အေးမြင့်တို့မှ ဖွားမြင်ခဲ့သည်။ ဒေါ်ရိမ်အလွတ်ပညာသင်ကျောင်းတွင် ၁၉၄၅ ခုနှစ်မှ စတင်ပညာသင်ကြားခဲ့သည်။ ၁၉၄၉ တွင် ကမာရွတ်ကျား မူလတန်းကျောင်း၊ ၁၉၅၁ တွင် ကျား အင်္ဂလိပ် အထက်တန်းကျောင်းတို့တွင် ပညာဆက်လက် သင်ကြားခဲ့ပြီး ၁၉၅၆ ခုနှစ်၌ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၅၆–၅၇ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်နှင့် ပေါင်းစည်းထားသည့် ထားဝယ်ကောလိပ်သို့ တက်ရောက်ခဲ့သည်။ ထားဝယ်ကောလိပ်မှ ဥပစာပထမနှစ် အောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခဲ့ရာ ၁၉၆၁ တွင် အနောက်တိုင်းသမိုင်း၊ ဒဿနဗေဒနှင့် နိုင်ငံရေးသိပ္ပံဘာသာရပ်များဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိပြီးနောက် ၁၉၆၁ တွင် အနောက်တိုင်းသမိုင်းနှင့် နိုင်ငံရေးသိပ္ပံဌာနတွင် နည်းပြအဖြစ်

www.burmeseclassic.com





ဦးနေဝင်း မိသားစုပုံ

စတင်အမှုထမ်းခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်၊ တောင်ကြီး ကောလိပ်တို့တွင် နည်းပြ၊ လက်ထောက်ကထိက၊ ကထိအဖြစ် အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ သူမ၏ဆရာမှာ သမိုင်းပါမောက္ခ ဦးတင်အုန်း (နောင် နိုင်ငံခြားရေး ဒုဝန်ကြီး) (၁၉၁၈–၁၉၉၄)ဖြစ်သည်။

ထို့နောက် ၁၉၇၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ဦးနေဝင်းနှင့် လက်ထပ်ခဲ့သည်။ ထိုနှစ်မှာပင် မဟာဝိဇ္ဇာတန်းဆက်လက်တက်ရောက်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း (၁၈၈၅–၁၈၉၅) ခေါင်းစဉ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ယူကျမ်းကို တင်သွင်းခဲ့ရာ ၁၉၇၅ ခုနှစ်တွင် မဟာဝိဇ္ဇာ (သမိုင်း) ဘွဲ့ကို ရရှိခဲ့သည်။

ထို့နောက် ၁၉၇၈ တွင် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန (သုတေသန) ညွှန်ကြားရေးမှူး၊ ၁၉၉၁ တွင် တက္ကသိုလ်များသမိုင်းသုတေသန ဌာန (ညွှန်ကြားရေးမှူး)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ တွင် တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာနသို့ အဆင့်မြှင့်ခဲ့၍ ညွှန်ကြားရေးမှူးချုပ်အဖြစ်လာခဲ့သည်။ မြန်မာ့သမိုင်းအဖွဲ့အချိန်ပြည့်အဖွဲ့ဝင်အဖြစ် ၂၀၀၂ မှ ၂၀၀၈ အထိ တာဝန်ထမ်းဆောင်၍ အငြိမ်းစားယူခဲ့သည်။

ဗိုလ်မှူးကြီး ခင်ညွန့်သည် တပ်မတော်ထောက်လှမ်းရေး






ဒေါက်တာခင်စန္ဒာဝင်း

ညွှန်ကြားရေးမှူးဖြစ်နေသော်လည်း မည်သည့်သြဇာအာဏာပါဝါမျှ မရှိဘဲ "ကျားလည်းကြောက်ရ၊ ကျားချေးလည်းကြောက်ရ" ဆိုသလို သမီးတော်လည်း ကြောက်ရ၊ ဦးနေဝင်းလည်းကြောက်ရ၊ ဦးနေဝင်း၏ ထမင်းချက်အရာခံ ဗိုလ်ရာဂျူးလည်း ကြောက်နေရသူဖြစ်သည်။ ထို့ကြောင့် သူ့လက်အောက် ငယ်သားအများက "အလကားပါကွာ" ၍ ကွယ်ရာအတင်းထုတ်ခံခဲ့ရသည်။

အမှန်တကယ်ပင် ဗိုလ်ခင်ညွန့်သည် ဦးနေဝင်း၏ သမီးတော် ခင်စန္ဒာဝင်းအား အလွန်ကြောက်ရပုံကို အဝေးရောက် သံတမန်တစ်ဦး ရေးသားသော "ပြည်သူ့တပ်မတော် သန့်ရှင်းရေးနှင့် အာဏာအလွဲသုံးစားသူများ၏ အတွင်းရေးအဖြစ်မှန်များ" စာအုပ် စာ ၄၉ ၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com





ဦးခင်ညွန့်

"၁၉၈၆ ခုနှစ်က လန်ဒန်မြို့နှင့် ဝါရှင်တန်မြို့များရှိ မြန်မာစစ်သံရုံး ၂ ရုံးတွင် ရုံးအုပ်ရာထူး ၂ နေရာ လစ်လပ်စဉ် အသက် ၄၅ နှစ်အောက် ဒုအရာခံဗိုလ်များကိုစစ်ရုံးမှ စာမေးပွဲစစ်ခဲ့ရာ ဒုအရာခံဗိုလ်စိုးအောင်က ပထမနှင့် ဒုအရာခံဗိုလ်စိုးမြင့်က ဒုတိယအသီးသီး ရရှိခဲ့၍ ဗိုလ်စိုးအောင်အား အမေရိကန်ပြည်ထောင်စုသို့လည်းကောင်း၊ ဒုတိယရသော ဗိုလ်စိုးမြင့်အား ဗြိတိန်နိုင်ငံသို့လည်းကောင်း အသီးသီးနေရာချထားပြီး ဖြစ်ခဲ့သည်။ ဗိုလ်စိုးအောင်၏ဇနီး ဒေါ်နွယ်နွယ်အောင်သည် အမှတ်(၂) စစ်ဆေးရုံမှ သူနာပြုဆရာမဖြစ်၍ ၎င်းဆေးရုံမှ မီးယပ်နှင့် သားဖွားဆရာဝန် ဗိုလ်မှူးဒေါက်တာ ခင်စန္ဒာဝင်း လက်အောက်တွင် တာဝန်ထမ်းဆောင်ရသဖြင့် ဗိုလ်စိုးအောင်အားလည်း ဒေါက်တာခင်စန္ဒာဝင်းက သိကျွမ်းလျက်ရှိနေသည်။



တစ်နေ့တွင် ဦးနေဝင်းနှင့် သမီးများ ပေလီမှ အပြန်တွင် ဗိုလ်စိုးအောင်တို့အဖွဲ့က လုံခြုံရေးတာဝန်အရ မင်္ဂလာဒုံလေဆိပ်တွင် တာဝန်ကျခဲ့သည်။ ထိုအခါ ဦးနေဝင်းနှင့် စန္ဒာဝင်းနောက်မှ ကိုယ်ရံတော်တပ်မှူးထီးတော်မိုးကြီး ဗိုလ်မှူးကြီးခင်ညွန့်လည်း အနီးကပ်လိုက်ပါလာရသည်။ လေဆိပ်ဧည့်ခန်းအဝင်လမ်းတွင် ဒေါက်တာခင်စန္ဒာဝင်းက ဗိုလ်စိုးအောင်အား တွေ့မြင်သွားပြီး "ကိုစိုးအောင်တို့ လန်ဒန် ဘယ်တော့သွားမလဲ"ဟု အော်၍ နှုတ်ဆက်သွားခဲ့သည်။ ထိုစကားကို ထီးတော်မိုးဗိုလ်မှူးကြီး ခင်ညွန့်က ကြားသွားရာ နောက်တစ်နေ့တွင် ဗိုလ်စိုးအောင်အား ၎င်းက "ခင်ဗျား ဝါရှင်တန် မဟုတ်တော့ဘူး၊ လန်ဒန်ပဲသွားတော့၊ ဒေါ်စန္ဒာဝင်းတို့ လန်ဒန်ရောက်လို့ ခင်ဗျားတို့ကို မတွေ့ရင် ကျုပ်အလုပ်ပြုတ်လိမ့်မယ်" ဟု ပြောပြီး ပြောင်းရွှေ့အမိန့်ကို ပြန်ပြင်လိုက်လေသည်။

ဗိုလ်စိုးအောင်က ကျွန်တော့်အား "ကျွန်တော်တို့ မိသားစုကြမ္မာဝင်ချင်တော့ ဒေါ်စန္ဒာနဲ့တွေ့ပြီး "လန်ဒန်ကို ဘယ်တော့သွားမလဲ" နှုတ်ဆက်ခံရတာ ပြဿနာပဲဗျာ။ ကျွန်တော်တို့ထက် ညံ့တဲ့လူက ထီပေါက်သွားတာပေါ့ဗျာ၊ အမေရိကန်မှာ ပိုက်ဆံပိုစုနိုင်တယ်၊ သိပ်နာတာပဲ၊ စစ်တပ်မှာလည်း ဘာမှုမှ မရှိပါဘူးဟု ကျားလည်းကြောက်ရေ၊ ကျားချေးလည်း ကြောက်ရပုံများကို ညည်းညူပြောဆိုခဲ့ဖူးပါသည်"ဟူ၍ ရေးသားထားလေသည်။

ဦးနေဝင်း မင်းမူနေသည့် တစ်ပါတီအာဏာရှင်စနစ်အောက်တွင် ဗိုလ်ခင်ညွန့်ကဲ့သို့ မျက်နှာလိုမျက်နှာရလုပ်တတ်သော အရာရှိဆိုးများကြောင့်တစ်ဦးချင်း၊ တစ်ယောက်ချင်း နစ်နာဆုံးရှုံးမှုများသာမက အဖွဲ့အစည်းလုပ်ငန်းဌာနမှအစ တစ်တိုင်းတစ်ပြည်လုံး ဆုံးရှုံးနစ်နာမှုများအမြောက်အမြားရှိခဲ့သည်။ သာဓကအားဖြင့် ဦးနေဝင်းက "ဗဟိုသုတေသနအသင်းကြီးဆိုတာ ရှိတုန်းပဲလား"ဟု ပြောရုံဖြင့် ဝန်ကြီးဗိုလ်မှူးကြီးမောင်ချိုက နောက်တစ်နေ့တွင် အသင်းကြီးအား ဖျက်သိမ်းလိုက်ပြီးဖြစ်သည်။ ထို့အတူသမိုင်းကောလိပ်ကို ဦးနေဝင်း သွားရောက်လေ့လာရင်းလမ်းတစ်ဖက်တွင်ရှိသော စက်ရုံကို ဒီအဆောက်အအုံကြီးက ဘာလဲကွဟု မေးလိုက်ရုံဖြင့် အဆိုပါအဆောက်အအုံကို အသစ်မွမ်းမံပြီး စက်အသစ်

www.burmeseclassic.com



များ တပ်ဆင်လည်ပတ်ရန် တာစူနေသော ဝန်ကြီးချုပ်မောင်မောင်ခက ဘာရည်ရွယ်ချက်ဖြင့် မေးမြန်းသည်ကိုပင် ပြန်မမေးရဲတော့ဘဲ လုပ်ငန်းကို ချက်ချင်းရပ်ပစ်လိုက်တော့သည်။ ဤသည်မှာ စစ်အာဏာရှင်စနစ်ဟူသည် ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ အပြန်အလှန် အခြေအတင် ပြောဆိုခြင်းနှင့် အများသဘောတူညီမှုဖြင့် ဆုံးဖြတ်လုပ်ကိုင်ခြင်းဆိုသည့် ဒီမိုကရေစီ အလေ့အကျင့်များ အဘယ်မှာလျှင် ရှိနိုင်ပါတော့မည်နည်း။ "ဟော့ ရေဘူး ပေါက်တာ၊ မပေါက်တာ နားမလည်ဘူး၊ ရေပါတာပဲ မြင်ချင်တယ်" ဟူသော စစ်အာဏာရှင်ဆိုးများ၏ တစ်လမ်းသွား လွဲမှားသည့် အယူအဆ၊ မာန်မာနများကြောင့် ဆိုးဆိုးပေပေတို့ တိုင်းပြည်ဘဝ၌ အမှောင်ထုထဲ၌ သက်ဆိုးရှည်ခဲ့ရခြင်း ဖြစ်ပါသည်။

အမှန်စင်စစ် ဗိုလ်ခင်ညွန့်သည် မြန်မာ့တပ်မတော်တွင် လမစေ့ဘဲ မွေးဖွားလာသော ကလေးကဲ့သို့ စစ်ရေးအမြင်တွင် အုတ်ကြားမြက်ပမာ ကြုံလှီနေသည်။ စာပေဗဟုသုတကလည်း မကျက်တကျက် ပေါင်မုန့်ပမာ ဖြစ်နေသည်။ ၁၉၈၃ ခုနှစ်၌ တပ်မတော်တွင် ခြေလျင်ကြည်းတပ်နှင့် ထောက်လှမ်းရေးတပ်များ အကြီးအကျယ် ကွဲပြဲခဲ့ကြသည်။ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းရီတို့ ဦးဆောင်သည့် ခြေလျင်ကြည်းတပ်မှ အသာရခဲ့သော်လည်း ချောင်ထိုးခံရသည်။ စစ်ထောက်လှမ်းရေးမှ ဗိုလ်မှူးချုပ်တင်ဦး (မျက်မှန်ကြီး)တို့ အဖွဲ့သားများအားလုံး ထောင်ကျသူကျ၊ အလုပ်ပြုတ်သူ ပြုတ်ခဲ့ရသည်။ ထောက်လှမ်းရေးကျောင်းမှ နည်းပြဆရာနှင့် ထမင်းချက်များပင် ချမ်းသာမပေး၊ ထောက်လှမ်းရေးဟူသမျှ ကျူပြင်ခုတ်ကျူငုတ်ပင်မကျန်အောင် နှိမ်နင်းခံခဲ့ရသည်။

ထိုအချိန်တွင် ခြေလျင်တပ်သားလည်း မဟုတ်၊ ထောက်လှမ်းရေးလည်းမမည်သော စစ်တပ်တွင် လူပျော့လူညံ့သာဖြစ်၍ ထီးတော်မိုး၊ ဖိနပ်တော်တိုက်၊ အင်္ကျီခေါက်၊ ဈေးဝယ်၊ အိတ်ဆွဲ၊ လက်ဖက်ရည်ဖျော်၊ အပေါက်စောင့် ကိစ္စရပ်များတွင်သာ ကျွမ်းကျင်သည့် "ကိုယ်ရေးအရာရှိ" အလုပ်ဝတ္တရားများကိုသာထမ်းရွက်ခဲ့ဖူးသော ဒုတိယဗိုလ်မှူးကြီးခင်ညွန့်အား ဗိုလ်ချုပ်တင့်ဆွေနှင့် ဗိုလ်ချုပ်ကြီးသူရကျော်ထင်တို့၏ ထောက်ခံချက်ဖြင့် အဖေကြီး ဦးနေဝင်းက စစ်ထောက်လှမ်းရေးညွှန်ကြားရေးမှူး



ရာထူးကို ရက်ရက်ရောရော ပေးလိုက်သည်။ ထောင်ထောင်မောင်းမောင်း စစ်သား ဥပဓိရုပ်ရှိသော ဗိုလ်မှူးချုပ်တင်ဦးကိုမူ သူ၏နေရာနှင့် သူ့အာဏာကို လုတော့မည်ဟု ယုံကြည်ခဲ့ကာ ထောင်ဒဏ် ၁၄ နှစ်အထိ ချရန် အမိန့်ထုတ်ခဲ့သော ဦးနေဝင်းအနေဖြင့် တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး နေရာကို တော်တန်လူကိုပေးရန် မစဉ်းစားဘဲ ယုံကြည်စိတ်ချ၍ ခိုင်းရာလုပ်၊ စေရာသွားမည့် လမစေ့သားလေးကို ပေးခဲ့သည်မှာ မဆန်းလှပေ။

ထောက်လှမ်းရေးမှ ဗိုလ်ကြီးအုန်းကျော်မြင့်တို့၏ မအောင်မြင်သော နိုင်ငံတော်လုပ်ကြံမှုကို သွေးလန့်နေသော ကာကွယ်ရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်သူရကျော်ထင်ကလည်း သူစစ်တိုင်းမှူးဘဝကပင် သူတွေ့မြင်ခဲ့ဖူးသော စစ်တိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၏ ကိုယ်ရေး အရာရှိသေးသေးညှက်ညှက်၊ မိန်းကလေးလို သိမ်သိမ်မွေ့မွေ့ လူကြီးများရှေ့၌ လိုလေသေးမရှိအောင် ဗိုင်းကောင်းကျောက်ဖိ လုပ်ဆောင်ပေးတတ်သော ဖင်ကလေးတတွန့်တွန့်နှင့် ဗိုလ်ကြီးခင်ညွန့်အား သဘောကျနေခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဗိုလ်ခင်ညွန့်သည် တိုက်ခိုက်ရေး အရည်အချင်းနှင့် ထောက်လှမ်းရေး အရည်အသွေးတို့၌ ကမ္ဘာနှင့်မြန်မာက လေးစားရလောက်အောင် ထက်မြက်သူ မဟုတ်သော်လည်း ဦးနေဝင်းအဖို့ ခိုင်းရာလုပ်၊ စေရာသွား၊ ထားရာနေ၊ သူ့အား အမြဲတမ်းရိုသေပြီး မလှန်ဝံ့မည့်သူဟူ၍ ယုံကြည်သောကြောင့်သာလျှင် အရှင်မွေးနေ့ချင်းကြီး၊ သခင်ဘုန်းကြီး ကျွန်မားပြီးသောမှုဖြင့် ဦးနေဝင်းက နေရာပေးခဲ့သည်။ ထိုအကြောင်းများကြောင့်လည်း ယခင်စစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးများကဲ့သို့ မဟုတ်ဘဲ ဗိုလ်ခင်ညွန့်သည် နိုင်ငံရပ်ခြား၌ ဦးနေဝင်းစီးသည့် မာစီဒီးကား အရှည်တွင် အစေခံနှင့် ကလေးထိန်းများအတွက်သာ ပြုလုပ်ထားသည့် ခေါက်၍ခင်း၍ရသော ခေါက်ကုလားထိုင်လေး၌ ဦးနေဝင်းနှင့် သမီးတော်များ ခရီးထွက်တိုင်း မျက်နှာချင်းဆိုင် ပုံ့ပုံ့ကလေးထိုင်ကာ လိုက်ခဲ့ရရှာသည်။ လန်ဒန်မြို့၌ ဦးနေဝင်း၏မိတ်ဆွေ အလက်ဇန္ဒြားမင်းသမီး (ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မကြီး၏ ညီမဝမ်းကွဲ)ထံသို့ သားအဖ နှစ်

www.burmeseclassic.com





ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဦးသွားရောက်တွေ့ဆုံ နှုတ်ဆက်စဉ် ဗိုလ်ခင်ညွန့်သည် အဆိုပါ ခေါက်ကုလားထိုင်ကလေးပေါ်တွင် ဒေါက်တာခင်စန္ဒာဝင်းနှင့် မျက်နှာချင်းဆိုင်၊ ဒူးချင်းဆိုင်ထိုင်၍ သွားကြသည်ကို ပြည်ပနိုင်ငံထုတ် စာနယ်ဇင်းများ၌ သတင်းဓာတ်ပုံအဖြစ် တွေ့မြင်လိုက်ရပေသည်။ သို့သော် လူ့ဘဝကံဇာတာသည် ဆန်းကျယ်လွန်းလှပေသည်။ ဦးနေဝင်း၏ ထီးတော်မိုး၊ ဖိနပ်တော်တိုက် ကိုယ်ရံတော်တပ်မှူးကလေးသည် ၁၉၈၈ ခုနှစ် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီးတွင် တန်ပြန်အဖျက်အမှောင့်ပေါင်းစုံလုပ်ပြကာ အဖေကြီး ဦးနေဝင်း၏ယုံကြည်မှုကို ထပ်ဆင့်ရရှိခဲ့ပြန်လေသည်။ ဤသို့ဖြင့် ဒီမိုကရေစီ တော်လှန်ရေးကြီးအား လက်နက်အားကိုးဖြင့် စိစိညက် ချေမှုန်းကာ တက်လာသော နဝတခေတ်တွင်လည်း အတွင်းရေးမှူး (၁) ရာထူးဖြင့် သူ့ဘဝ သည် ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းပမာ ရွှေရောင် တောက်ပလာခဲ့ပြန်လေသည်။

❐

အခန်း(၅)

# ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ ကာလ၌ အဖျက်အမှောင့် လုပ်ခဲ့ပုံ

မြန်မာ့သမိုင်း၌ ၈ ရက်၊ ၈ လ၊ ၈၈ ခုနှစ် ရှစ်လေးလုံး အရေးတော်ပုံကြီးနှင့် လူထု၏ ဒီမိုကရေစီတိုက်ပွဲကို ချန်လှပ်မေ့ပျောက်ပစ်၍ မရနိုင်ပေ။ မျက်မှောက်ခေတ် နိုင်ငံရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတို့၏ အခြေခံအုတ်မြစ်သည် ရှစ်လေးလုံး အရေးတော်ပုံကြီးပင်ဖြစ်သည်။

၁၃၀၀ ပြည့် အရေးတော်ပုံကြီး ဖြစ်ပွားပြီးနောက် နှစ်ပေါင်း ၅၀ အကြာတွင် ဖြစ်ပွားခဲ့သော ရှစ်လေးလုံး လူထုအုံကြွမှုကြီးသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၃၀၀ ပြည့်ထက် ကြီးကျယ်ခဲ့သည်။ တစ်နည်းဆိုသော် လှည်းနေ၊ လှေအောင်း၊ မြင်းဇောင်းမကျန် ပြည်သူလူထုကြီး တစ်ရပ်လုံး တက်ကြွစွာဖြင့် မဆလတစ်ပါတီအာဏာရှင်စနစ်ဆိုးကြီး ရိုက်ချိုးတွန်းလှန်ခဲ့သည့် အရေးတော်ပုံကြီး ဖြစ်သည်။

## အရေးတော်ပုံကြီး၏အစ

၁၉၈၈ ခုနှစ် မတ်လ ၁၂ ရက်နေ့ ည ၈ နာရီ အချိန်ခန့်တွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘူတာရုံအနီး 'စန္ဒာဝင်း' လက်ဖက်ရည်ဆိုင်တွင် ရန်ကုန်စက်မှုတက္ကသိုလ် ဒုတိယနှစ်ကျောင်းသားများ ဖြစ်ကြသော ဝင်းမြင့် (နွားထိုးကြီး)၊ အမည်တူ ဝင်းမြင့် (ပုလဲ)နှင့် ကျော်ဆန်းဝင်းတို့သည် အဆိုတော် စိုင်းထီးဆိုင်၏ သီချင်းခွေဖွင့်ရန်ပြောကြရာ

www.burmeseclassic.com

www.burmeseclassic.com



မှဆိုင်အတွင်း၌ အရက်မူးနေသော ရပ်ကွက်လူငယ် ဇော်ဇော်ခေါ် ညီညီလွင်နှင့် အချင်းများခဲ့ကြသည်။ ထို့နောက် ညီညီလွင်က ထိုင်ခုံ တစ်လုံးကိုကောက်ကိုင်ကာ ဝင်းမြင့် (ပုလဲ)၏ ခေါင်းကို ရိုက်ချလိုက်သည်။ ရိုက်ပွဲမှာ မကြာလိုက်ချေ။ ရုတ်ရုတ်သဲသဲ ဖြစ်ပွားကာ ဝင်းမြင့်နှင့် ကျော်ဆန်းဝင်းတို့ကို နီးရာဆေးခန်းသို့ ခေါ်သွားကြသည်။ ယင်းသို့ဖြစ်ပွားခဲ့သောအဖြစ်အပျက်ကို ကျောင်းသားများက အနီးဆုံး အင်းစိန် ရဲစခန်းသို့အကြောင်းကြား တိုင်ချက်ဖွင့်ခဲ့သည်။ အသေးစိတ် ရဲမှတ်တမ်းယူပြီးနောက်အချင်းဖြစ်ပွားခဲ့သည့် လက်ဖက်ရည်ဆိုင်သို့ ရဲများသွားရောက်၍ ဇော်ဇော်နှင့် တရားခံငါးဦးကို ဖမ်းဆီး၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅/၁၁၄အရ အမှုဖွင့်ခဲ့သည်။ ဒဏ်ရာရရှိခဲ့သော ဝင်းမြင့်မှာ ခေါင်းတွင် ပတ်တီးအဖွေးသားဖြင့် ကျောင်းတော်သို့ ပြန်သွားခဲ့သည်။

သို့သော် ထိုကိစ္စ ထိုမျှနှင့် ပြီးမသွားခဲ့ပေ။ ကျောင်းသားဝင်းမြင့်ကို ရိုက်သူမှာ ရပ်ကွက်ပြည်သူ့ကောင်စီဥက္ကဋ္ဌ၏သားဖြစ်နေသောကြောင့်ရဲက တရားခံများကို မတ်လ ၁၂ ရက်နေ့ နေ့လယ်ပိုင်းကပင် ပြန်လွှတ်ပေးလိုက်သည်။ ရပ်ကွက်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌဆိုသည်မှာ ဗိုလ်နေဝင်း၏တစ်ပါတီအာဏာရှင်စနစ်တွင် နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားကိုလည်ပတ်စေသော ရပ်ကွက်ဆိုင်ရာ အခြေခံအမြုတေ ဒေါက်တိုင်များပင် ဖြစ်မည် မဟုတ်ပါလော။

အဆိုပါသတင်းကို မတ်လ ၁၃ ရက် တနင်္ဂနွေနေ့နံနက်တွင် စက်မှုတက္ကသိုလ်ကျောင်းသားများ ကြားသိသောအခါ ခံပြင်းဒေါသဖြစ်ခဲ့ကြတော့သည်။ ဆိုင်ရှင်ထံမှတစ်ဆင့် ရိုက်နှက်သူ၏အမည်ကို သိရှိခဲ့ရာမှကျောင်းသား ၃၀ ခန့်သည် ပြည်သူ့ကောင်စီရုံးသို့ သွားရောက်၍ ရိုက်နှက်သူများကို ထုတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ ကောင်စီဥက္ကဋ္ဌကကျောင်းသားများ၏ နစ်နာချက်များကို နားမထောင်လိုကြောင်း ပြောဆိုလိုက်သဖြင့် ကျောင်းသားများက ခဲများဖြင့် ရပ်ကွက်ကောင်စီရုံးကို ပစ်ပေါက်ကြရာ ရုံး၏ပြတင်းပေါက်များ ပျက်စီးသွားသည်။ အချို့ကျောင်းသားများက ရုံးအတွင်းသို့ ဝင်ရောက်ကာ စားပွဲ၊ ကုလားထိုင်များ၊ ဗီရိုများကိုရိုက်ချိုးဖျက်ဆီးခဲ့ကြသည်။





၈၈ အရေးအခင်းတွင် ဆန္ဒပြနေသူများ

ထို့နောက် ကျောင်းသားများသည် ကျောင်းသို့ပြန်၍ လူစုခဲ့ကြသည်။ ဤအကြိမ်တွင် ကျောင်းသားဦးရေနှစ်ရာ၊ သုံးရာခန့် လက်ဖက်ရည်ဆိုင်အနီး လမ်းဆုံသို့ ချီတက်ခဲ့ကြသည်။ လမ်းဆုံသို့အရောက်တွင် မမျှော်

www.burmeseclassic.com



လင့်သော မြင်ကွင်းတစ်ရပ်က စောင့်ကြိုလျက်ရှိသည်။ မီးသတ်ပိုက်အသင့်ပြင်ထားသော မီးသတ်၊ ရဲများနှင့် ဒိုင်းများ၊ နံပါတ်တုတ်များ၊ ရိုင်ဖယ်သေနတ်များ ကိုင်ဆောင်ထားသော လုံထိန်း ၅၀၀ ခန့်က စောင့်နေကြသည်။

အရေးအခင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက အေးချမ်းစွာ ညှိနှိုင်းဖြေရှင်းနိုင်ပါလျက် ထစ်ခနဲဆိုလျှင် လက်နက်အားကိုးဖြင့်သာ အတင်းအဓမ္မ ဖြေရှင်းလိုကြသည့် အာဏာပိုင်တို့၏ လုပ်ရပ်ကို ကျောင်းသားထုက တွေ့မြင်လိုက်ရသောကြောင့် ယမ်းပုံအပေါ် မီးကျသလို ဒေါသပေါက်ကွဲ ခဲ့ရတော့သည်။



မောင်ဖုန်းမော်

လုံထိန်းများရှိရာသို့ ခဲများပစ်ပေါက်ကြပြီး မကြာမီမှာပင် ရုတ်တရက်ဆိုသလို မောင်းပြန်သေနတ်သံများ ဆက်တိုက်ထွက်ပေါ်လာတော့သည်။ ကျောင်းသားအများအပြား သေနတ်ကျည် ထိမှန်ကာ အလဲလဲအပြိုပြို





ဖြစ်ပွားခဲ့ရသည်။ လမ်းမပေါ်တွင် မြင်မကောင်း ရှုမကောင်း သွေးချောင်းစီးလျက် ရှိသည်။ သွေးအလူးလူးနှင့် အသက် ၂၃ နှစ်သာ ရှိသေးသော စက်မှုတက္ကသိုလ် ကျောင်းသား မောင်ဖုန်းမော်အား သူ့သူငယ်ချင်းများက ကျောင်းဆောင်သို့ သယ်ယူခဲ့ကြသည်။ အဆောင်ရောက်ပြီး ခဏကြာတွင် ဖုန်းမော်သည် ပြင်ပဒဏ်ရာ ၁၃ ချက်၊ ကျည်ဝင်ဒဏ်ရာ ၃ ချက်ဖြင့် သူ့ဆရာ၏ လက်ပေါ်၌ပင် အသက်ပျောက်သွားခဲ့ရလေသည်။ ထိုနေ့ကား မတ်လ ၁၃ ရက်နေ့ပင်တည်း။ (နောင်တွင် ကိုဖုန်းမော် ကျဆုံးသောနေ့ကို မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ကာ ကျင်းပလာခဲ့ကြသည်)

အငြိမ်းစား ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် (သီရိပျံချီ ဒေါက်တာသာလှက သူ၏ 'ကျွန်တော်မှတ်မိသမျှ' စာအုပ်၌လည်း…

"စစ်အစိုးရလက်ထက်တွင် ထစ်ခနဲဆိုသော သေနတ်နှင့်ပစ်၊ ထစ်ခနဲဆို သေနတ်ကိုပဲ သုံးကြတာကိုး၊ ကမ္ဘာပေါ်တွင် ယဉ်ကျေးသော နိုင်ငံ များတွင် ဆန္ဒပြ၍ အခြေအနေမငြိမ်မသက် ဖြစ်သောအခါ လက်ကိုင်တုတ်ကိုသုံးခြင်း၊ မျက်ရည်ယိုဗုံးသုံးခြင်းမျိုးကို မြန်မာနိုင်ငံအစိုးရသည် လုံးဝ စဉ်းစားပုံမရပါ။ ဖုန်းမော်သေပြီးခါမှ စစ်သားက အလောင်းကို

www.burmeseclassic.com

www.burmeseclassic.com




လုပ်သား
ပြည်သူ့နေ့စဉ်

ဦးနုက ဝန်ကြီးချုပ်အာဏာကိုပြန်ယူဟုကြေညာ

တပ်မတော်သားများ ပြည်သူရင်ခွင်ခိုလှုံ
ရန်ကုန်မြို့တော်တွင် လူထုဆန္ဒပြပွဲ ဆက်

ရန်ကုန်ဆေးရုံကြီးသို့ သယ်ဆောင်ကာ တာဝန်ကျ ဆရာဝန် (အမျိုးသမီး) အား ဖုန်းမော်၏ဒဏ်ရာမှာ ချွန်ထက်သော ဝတ္ထုကိရိယာဖြင့် ထိုးသည့် ဒဏ်ရာဖြစ်သည်ဟု မှတ်ချက်ရေးရန် တောင်းဆိုပါသတဲ့။ ဆရာဝန်မက 'ကျွန်မ ဆရာဝန်ပညာကို (၇)နှစ်တိုင် သင်ပြီး၍ တိုင်းပြည်ကို ပြုခဲ့သော ကတိခံဝန်ကို မချိုးဖောက်လိုပါ"ဟု ပြန်ဖြေလိုက်သတဲ့။ တချို့သော စစ်သားများက ဖုန်းမော်အား သေနတ်နှင့်ပစ်သောနေရာတွင် အချင်းဖြစ်ပြီး နောက်တစ်နေ့၌ ကျည်ဆန်အခွံများကို သွားရောက်ရှာဖွေပြီး ကောက်ယူသိမ်းဆည်းသွားကြသည်။ မောင်ဖုန်းမော်ကို 'တည့်တည့်'ပစ်တုန်းကပစ်ပြီး၊ ထိမှန်လို့ မောင်ဖုန်းမော်သေသွားတော့ "သေနတ်နှင့်ပစ်တာ မဟုတ်ပါဘူး" ဟု လီဆယ်လိုကြသည်။ ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားတို့က တင်ပြသော တောင်းဆိုချက်များတွင် မောင်ဖုန်းမော် ကွယ်လွန်ရသည့် အကြောင်းမှန်ကို ဝန်ခံဖို့က အဓိကဖြစ်သည်"ဟူ၍ ရေးသားဖော်ပြထားသည်။

သေနတ်ဒဏ်ရာရထားသော ကျောင်းသား ၆ ယောက်အား လက်ထိပ်ခတ်ကာ လှိုင်မြို့နယ် ရဲစခန်းသို့ ခေါ်သွားသည်။ လေးဦးမှာ သတိလစ်နေသည်။ သူတို့ကံကြမ္မာ မည်သို့ရှိသည်ကို မသိရသော်လည်း စတုတ္ထနှစ် ဓာတုအင်ဂျင်နီယာ ကျောင်းသားစိုးနိုင်နှင့် မြင့်ဦးတို့မှာ ရက်များမကြာမီ




ဗိုလ်ချုပ်မှူးကြီး
စောမောင်

ဆေးရုံ၌ပင် သေဆုံးခဲ့ရသည်။ စိုးနိုင်၏အသည်းထဲသို့ ကျည်ဆန်ဝင်၍ မြင့်ဦး၏ ဝမ်းဗိုက်တွင် တစ်ချက်၊ ဆီးအိမ်တွင် တစ်ချက် ကျည်ထိမှန်ခဲ့သည်။ အာဏာပိုင်တို့က သူတို့အား ခွဲစိတ်ကုသပေးမည့် ဆရာဝန်များကို တားမြစ်ခြင်း မရှိခဲ့ပါက အသက်ရှင်ကောင်း ရှင်နိုင်ပေလိမ့်မည်။ ဤသို့ဖြင့် ကိုစိုးနိုင်သည် ကျည်သင့်ဒဏ်ရာကို နှစ်ကြိမ်ခွဲစိတ်ခံရကာ ဧပြီလ ၅ ရက်နေ့တွင် သေဆုံးသွားခဲ့ရသည်။

ရက်စက်ကြမ်းကြုတ်မှုမှာ ရင်နင့်စရာပင်။ ပထမဆုံး သေဆုံးခဲ့ရသော မောင်ဖုန်းမော်သည် မဆလပါတီ၏ လမ်းစဉ် လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်ပြီး၊ စက်မှုတက္ကသိုလ် ကြက်ခြေနီအသင်းခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။ ထို့ပြင် ဓာတုအင်ဂျင်နီယာပညာသင်နှစ်တွင် ထူးချွန်သော ကျောင်းသားတစ်ဦးဖြစ်ခဲ့သည်။

ထိုဖြစ်ရပ်နှင့် တစ်ဆက်တည်းဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုမှာ လက်ဖက်ရည်ဆိုင်အနီး ပြည်သူ့ဆိုင်မီးလောင်မှုဖြစ်ပွားခဲ့သည်။ ရပ်ကွက်

www.burmeseclassic.com

www.burmeseclassic.com



လူကြီးများနှင့် သမဝါယမလူကြီးများက ကျောင်းသားများ မီးရှို့သည်ဟု စွပ်စွဲပြီး အရပ်သားများက ဆိုင်တာဝန်ခံများက မီးရှို့ခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ ပြဿနာရှုပ်ထွေးနေသည်ကို အခွင့်ကောင်းယူ၍ ငွေစာရင်းနှင့် ကုန်ပစ္စည်းစာရင်း၊ မှတ်တမ်းစာအုပ်များကို မီးရှို့ဖျောက်ဖျက်ခြင်းသာ ဖြစ်သည်။

ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီး၏ အိတ်ဖွင့်ပေးစာ၌လည်း 'သမဝါယမဆိုင် မီးရှို့တာ ကျောင်းသားတွေ မဟုတ်ပါ။ သမဝါယမ စာရင်းပိတ်ခါနီးလို့ စာရင်းတွေ ကွာနေတာကို ဖျောက်ဖျက်ချင်လို့ ရောင်တော်ပြန်လွှတ်တဲ့အနေနဲ့ သူတို့ဘာသာ ရှို့ခဲ့တာပါ" ဟူ၍ ရေးသားဖော်ပြထားသည်။

ထိုနေ့ညတွင် ခံပြင်းဒေါသ ထွက်နေကြသော ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားများသည် ကျောင်းဆောင်များ၌ စည်းဝေးတိုင်ပင်ကာ အချက် (၇)ချက်ပါ တောင်းဆိုချက်ကို တောင်းဆိုခဲ့သည်။

(က) ကျောင်းမပိတ်ရေး

(ခ) ကျောင်းပတ်ဝန်းကျင် လုံခြုံရေးချထားသော ရဲများကို အမြန်ရုပ်သိမ်းပေးရေး

(ဂ) တောင်းဆိုချက်များကို အမြန်ဆုံး ဖြေရှင်းပေးနိုင်သည့် တာဝန်ရှိသူ တစ်ဦးဦးနှင့် တွေ့ဆုံလိုပြီး၊ ဖြေရှင်းမပေးနိုင်ပါက တာဝန်ရှိသူများကျောင်းအနီးသို့ မလာရောက်ကြရန်။

ထို့အပြင် ထိုနေ့ မွန်းလွဲ ၂ နာရီခန့်တွင် သက်ဆိုင်ရာ အာဏာပိုင်များထံ ထပ်မံပေးပို့ခဲ့ပြန်ပါသည်။

(က)၁၃-၃-၈၈ နေ့ ဖြစ်ရပ်ကို သတင်းစာထဲ၌ အမှန်အတိုင်း ရေးသားဖော်ပြရန်။

(ခ) ကျဆုံးသွားသော ကျောင်းသားများကို ကိုယ်တိုင် သဂြိုဟ်ခွင့်ပြုရန်။

(ဂ) အပြစ်မဲ့သော သေဆုံးသူကျောင်းသားများအား ဝမ်းနည်းကြောင်း မှတ်တမ်းတင်ပေးရန်။

(ဃ)မျက်ရည်ယိုဗုံး၊ မီးကျည်ပစ်သူတို့ကို အရေးယူပေးရန်။

(င) ကျောင်းသားများ လိုလားချက်ကို တရားဝင်အဖွဲ့အစည်းတစ်ရပ်ရပ်မှ တာဝန်ယူဆောင်ရွက်ပေးရန်။





ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့်
ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး

နိုင်ငံရေး ခံယူချက် ပိုမိုပြင်းထန်သော ကျောင်းသားများက မောင်ဖုန်းမော်အား နိုင်ငံတော်ဈာပန အခမ်းအနားဖြင့် ဂုဏ်ပြုသဂြိုဟ်ပေးရန်အထိ တောင်းဆိုခဲ့ကြသည်။ အမာခံ ကျောင်းသား ၁၃ ဦးက ကျစ်လျစ်သော သွေးသောက်အဖွဲ့ ဖွဲ့စည်းလိုက်ပြီး မိမိတို့အနေဖြင့် အဖြစ်မှန်ပေါ်ထွက်ရေးအတွက် အသက်ပင်စတေးရန် ပြင်ဆင်ထားကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမောင်ဒီသည် စက်မှုတက္ကသိုလ်သို့ ညတွင်းချင်း ရောက်ရှိလာပြီး ကျောင်းသားများ၏ တောင်းဆိုချက်အားလုံးကို ပယ်ချလိုက်သည်။

သန်းခေါင်ယံ မတိုင်မီကလေးမှာပင် ကျောင်းသားတစ်စုသည် ဖုန်းမော် သေဆုံးခဲ့သော နေရာ၌ပင် လွမ်းသူ့ပန်းခွေများချကာ ဂုဏ်ပြုခဲ့ကြသည်။ အချို့မှာ လမ်းမပေါ်တွင် ဒူးတုပ်၍ ပန်းခွေရှေ့တွင် ဦးချငိုကြွေး၍ ပစ်ခတ်သတ်ဖြတ်မှုကို ခံပြင်းကာ ရှုတ်ချခဲ့ကြသည်။ တက္ကသိုလ်ပရိဝုဏ်အတွင်း၌လည်း အစိုးရ၏ လုပ်ရပ်ကို ရှုတ်ချကြွေးကြော် ဆန္ဒပြခဲ့ကြသည်။ ၁၉၈၈ မတ်လ ၁၅ ရက် အင်္ဂါနေ့တွင် လုံထိန်းနှင့် စစ်သား ၆၀၀ ခန့်သည် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် စက်မှုတက္ကသိုလ်ဝင်းအတွင်းသို့ အတင်းဝင်ရောက်လာကြပြီး၊ စစ်ကားများပေါ်မှာ ခုန်ဆင်းလာသော လုံထိန်းများ

www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်တိုင်း စစ်ဌာနချုပ်
တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်

သည် နံပါတ်တုတ်များ ဝင့်ကာ ကျောင်းသားအုပ်ဆီသို့ ညာသံပေး၍ ပြေးတက်လာကြသည်။

ကျောင်းသားအများအပြားသည် သတ်ဖြတ်ပစ်ခတ်ရိုက်နှက်ဖမ်းဆီးခြင်း ခံခဲ့ရသည်။

ညပိုင်းတွင် မြန်မာ့အသံမှ စက်မှုတက္ကသိုလ် အခင်းဖြစ်ပွားမှုသတင်းကို ထုတ်ပြန်ကြေညာခဲ့သည်။ အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ ကျောင်းသားများအပေါ်သို့ အပြစ်လုံးလုံးပုံချလိုက်သည်။ မတ်လ ၁၆ ရက်နေ့တွင် ကျောင်းသားများ သတ်ဖြတ်ခြင်း၊ ရိုက်နှက်ခံရခြင်းနှင့် ဖမ်းဆီး ခံရမှုသတင်းသည် ရန်ကုန်မြို့ရှိ အခြားတက္ကသိုလ်ကောလိပ်များသို့ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။

ဆန္ဒပြပွဲသည် တဖြည်းဖြည်း အစိုးရဆန့်ကျင်ရေးအသွင်သို့ကူးပြောင်းသွားတော့သည်။ အထူးသဖြင့် မနေ့ညက မြန်မာ့အသံမှ မဟုတ်မမှန် လုပ်ကြံသတင်း ထုတ်ပြန်မှုကြောင့် ကျောင်းသားထု၏ ဒေါသကို မီးလောင်ရာလေပင့်ဆိုသလို ဖြစ်ပွားခဲ့ရသည်။

မတ်လ ၁၆ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် (ပင်မ)ပရိဝုဏ်မှ တစ်ဆင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)သို့ ပူးပေါင်းရန် ချီတက်လာရာ၊ တံတားဖြူအနီးသို့အရောက်တွင် သံဆူးကြိုးခွေများ လမ်းမပေါ်၌



ဖြတ်ကာ၍ လက်နက်ကိုယ်စီကိုင်ဆောင်ထားသော စစ်သားများက ရင်ပေါင်တန်းရပ်နေသည်ကို တွေ့လိုက်ရသည်။ တပ်ဖွဲ့၏ လမ်းခါးလယ်၌ ဘရင်းကယ်ရီယာ (စက်သေနတ်တပ်ဆင်ထားသော သံချပ်ကာ)များ ရပ်ထားသည်။


မကြာမီအတွင်း အမိန့်ပေးသံတစ်ခု ထွက်ပေါ်လာပြီးနောက် ဝါးရင်းတုတ်များ၊ ကြိမ်ဒိုင်းများ၊ ရိုင်ဖယ်သေနတ်များနှင့် သံခမောက် ဆောင်းထားသော လုံထိန်းများက ကျောင်းသားထုအတွင်းသို့ အတင်းဝင်ရိုက်နှက်တော့သည်။ နံပါတ်တုတ်များ၏ ရိုက်နှက်မှုကြောင့် အရိုးကျိုးအက်သံများ အတိုင်းသားကြားနေရသည်။ သွေးအလူးလူးဖြစ်နေသော ကျောင်းသားများ၏ ညည်းတွားသံများ၊ ငယ်သံပါအောင် အော်ဟစ်နေသော အသံများဖြင့် ငရဲပြည်တမျှ ပွက်လောထနေပေသည်။ ကန်ပေါင်ရိုးလှေကားမှတစ်ဆင့် ကန်ပေါင်ပေါ်သို့ ပြေးတက်ရန် ကြိုးစားကြသည့် ကျောင်းသားကျောင်းသူများမှာ အတုံးအရုံး လုံထိန်းတို့၏ ပိတ်၍ရိုက်နှက်ခြင်း ခံခဲ့ရလေသည်။ တချို့လုံထိန်းများက ကျောင်းသူများကိုသာမဲ၍ ရိုက်နှက်ကာ ဝတ်ဆင်ထားသော လက်ဝတ်ရတနာများ၊ လက်ပတ်နာရီများကို အတင်းဆွဲချွတ်လုယူခဲ့ကြသည်။

တချို့က ပြေးလွှားနေသော ကျောင်းသားများကို အင်းလျားကန်ထဲသို့ မောင်းချကာ ခေါင်းကို ရေထဲနှစ်၍ မသေမချင်း ရိုက်နှက်သတ်ဖြတ်ကြသည်။ လူသတ်ပွဲမှာ တစ်နာရီခန့်အတောအတွင်း ကန်ပေါင်အနီးပြည်လမ်းမတစ်လျှောက်တွင် တုံးလုံးပက်လက် လဲကျနေသော ကျောင်းသားများ၏ အလောင်းများမှာ သုသန်တစပြင်ကဲ့သို့ မြင်မကောင်းအောင် ပြန့်ကျဲနေလေသည်။ ရုတ်ခြည်း ကန်ပေါင်အနီးရှိ 'တံတားဖြူ'သည် 'တံတားနီ'ဘဝသို့ ကူးပြောင်းသွားခဲ့ရလေသည်။

မတ်လ ၁၆ ရက်နေ့ ညသန်းခေါင်ယံတွင် လုံထိန်းကားတစ်စီးဖြင့် မည်သည့်နေရာမှ ခေါ်ဆောင်လာသည် မသိရသော မိန်းကလေးသုံးဦးကို ကန်ပေါင်ပေါ်တွင် မုဒိန်းကျင့်၍ ပစ်ထားခဲ့ရာ၊ တွေ့မြင်လိုက်ရသော ကျောင်းသားတစ်စုက အဆိုပါ မေ့မျောနေသည့် မိန်းကလေးသုံးဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးလိုက်ကြသည်။ ဆေးရုံမှ သူနာပြု

www.burmeseclassic.com





ဆရာမတစ်ဦးက ဒီလိုအဖြစ်အပျက်တွေ အများကြီး ဆေးရုံသို့ ရောက်နေသည်ဟု ဆိုသည်။ မိန်းကလေးတစ်ဦးဆိုလျှင် အုပ်စုလိုက် မတရားပြုကျင့်ခံရသောကြောင့် သားအိမ်ကွဲပြီး မနေ့ညက သေဆုံးသွားခဲ့ရသည်ဟု ပြောပြခဲ့သည်။

မဆလအစိုးရက မတ်လ ၁၆ ရက်နှင့် ၁၇ ရက်နေ့က ဖြစ်ပွားခဲ့သော အရေးအခင်းတွင် ကျောင်းသားကျောင်းသူ ၁၅၄ ယောက်ကို စိစစ်ထိန်းသိမ်းထားပြီး သေဆုံးသူ ဒဏ်ရာရသူလုံးဝ မရှိကြောင်း ဖြောင်လိမ်၍ ထုတ်ပြန်ကြေညာခဲ့သည်။ အမှန်စင်စစ် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်အရ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၀၀၀ ကျော် ထိန်းသိမ်းခံရပြီး ၁၀၀ ကျော်ခန့် သေဆုံးခဲ့ရသည်ဟု ဆိုသည်။

သို့ကလို ကျောင်းသားများ ရိုက်နှက်သတ်ဖြတ် ဖမ်းဆီးခြင်းခံရသဖြင့် ပြည်သူတစ်ရပ်လုံးက မခံမရပ် အုံကြွလာမည်ကို ရိပ်မိသွားသောကြောင့် မတ်လ ၁၇ ရက် ကြာသပတေးနေ့တွင် ပြည်သူ့တရားသူကြီးအဖွဲ့ဝင် ဦးဘမော် ဥက္ကဋ္ဌဖြစ် ပါဝင်သော စုံစမ်းရေး ကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ ထိုကော်မရှင်သည် (၁၂-၃-၁၉၈၈)ရက်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ် (R.I.T) ကျောင်းသားအချို့နှင့် ကြို့ကုန်းအနောက်ရပ်



ကွက်မှ လူငယ်အချို့ဖြစ်ပွားခဲ့သော အရေးအခင်းကို စုံစမ်းတင်ပြရမည်ဟု သတင်းထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ကော်မရှင်ကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီမှ ၁၉၈၈ ခုနှစ် မတ်လ ၁၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၅/၈၈)ဖြင့် ထုတ်ပြန်ခဲ့ရာ အဆိုပါကော်မရှင်တွင်-

(က) ဦးဘမော် (ပြည်သူ့တရားသူကြီးအဖွဲ့ဝင်) - ဥက္ကဋ္ဌ
(ခ) ဦးလှတင်
(ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်) - အဖွဲ့ဝင်
(ဂ) ဒေါက်တာမောင်ရှိန်
(ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်) - အဖွဲ့ဝင်

တို့ ပါဝင်ခဲ့သည်။

စုံစမ်းရေးကော်မရှင်သည် အရေးအခင်း မည်ကဲ့သို့ စတင်ပေါ်ပေါက်ခဲ့မှု၊ သေဆုံး၊ ထိခိုက်၊ ဒဏ်ရာ ရရှိမှုအခြေအနေ အချက်အလက်များကို စုံစမ်း၍ အစီရင်ခံစာကို (၁၇-၄-၈၈) ရက်နေ့အရောက် နိုင်ငံတော် ကောင်စီသို့ တင်ပြရန် ပါရှိသည်။ ကော်မရှင်သည် သက်သေ ၉၇ ဦးကို စစ်ဆေးခဲ့ရာ ဒု-ဝန်ကြီးနှစ်ဦးပင် ပါဝင်သည်ဟု ဆိုသည်။ ကော်မရှင်သည် စစ်အာဏာပိုင်များအား မလွန်ဆန်နိုင်သောကြောင့် အဖြစ်မှန်ကို ဖုံးဖိ၍ လိမ်ညာကာ အစီရင်ခံစာကို ပြုစုတင်ပြခဲ့ကြသည်။

ထိုနေ့မှာပင် ကိုဖုန်းမော် ရှာပနအခမ်းအနားသို့ နောက်ဆုံးအကြိမ် ဂါရဝပြုရန် ထောင်ပေါင်းများစွာသော လူထုကြီးက ကြံတောသချိုင်း၏ အပြင်ဘက်တွင် စုဝေးရောက်ရှိနေကြသည်။ သို့သော် ကိုဖုန်းမော်၏ ရုပ်အလောင်းကို အစိုးရက တစ်နေရာတွင် လျှို့ဝှက် မီးသဂြိုဟ်ခဲ့ပြီးဖြစ်ကြောင်း သိလိုက်ရမှ တဖြည်းဖြည်း လူစုကွဲသွားလေသည်။


ထို့နေ့မှာပင် ရန်ကုန်တက္ကသိုလ်ပင်မ ကျောင်းဝင်းအတွင်း၌ ပြုလုပ်သော အစည်းအဝေးတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

မတ်လ ၁၈ ရက်နေ့တွင် ထောင်ပေါင်းများစွာသော ကျောင်းသားများ ရန်ကုန်မြို့လယ်ရှိ ဆူးလေဘုရားသို့ ချီတက်ကြပြီး၊ မြို့နယ်အသီးသီး

www.burmeseclassic.com

www.burmeseclassic.com






ချီတက်လာသော အထက်တန်းကျောင်းသားများနှင့် ပူးပေါင်းခဲ့ကြသည်။ မဆလအစိုးရကလည်း ရန်ကုန်မြို့သို့ရောက်ရှိနေပြီဖြစ်သော တပ်မ ၂၂၊ ၆၆ နှင့် ၇၇ တို့ကို ခေါ်ယူကာ ထောင်ပေါင်းများစွာသော ကန့်ကွက်ဆန္ဒပြသူများကို အတင်းအဓမ္မ ပစ်ခတ်ဖြိုခွင်း၍ လူစုခွဲခဲ့သည်။ "သွေးစွန်းသောသောကြာနေ့" အဖြစ် လူသိများခဲ့သော ထိုနေ့တွင် အရေးအခင်းဖြိုခွင်းရေး၏တပ်မှူးမှာ ဗိုလ်မှူးချုပ်စိန်လွင်ဖြစ်ပြီး ကမ္ဘာ့စာနယ်ဇင်းများ၌ 'ရန်ကုန်မြို့၏ သားသတ်သမား'ဟု အမည်တွင် သွားခဲ့သည်။

ဗိုလ်မှူးချုပ်စိန်လွင်ကို ၁၉၂၄ ခု၊ ဇန်နဝါရီလ ၂၇ ရက်တွင် ပေါင်မြို့၌ အဖ ဦးရွှေရင်၊ အမိ ဒေါ်မမကြီးတို့မှ ဖွားမြင်ခဲ့သည်။ ပညာအရည်အချင်းကို အလယ်တန်းအဆင့်သာ သင်ယူဖူးသော်လည်း အလယ်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်ဟု ဆိုသည်။ ထို့နောက် ၁၉၄၂ တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (B.I.A) သို့ ဝင်ရောက်၍ စစ်မှုထမ်းခဲ့သည်။ ၁၉၄၃ တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (B.D.A) ၏တပ်ရင်း (၁) တွင် အရာရှိအဖြစ် ထမ်းရွက်သည်။ ၁၉၄၅ တွင် တိုင်း(၂) မြစ်ဝကျွန်းပေါ်ဒေသ၌ ဖက်ဆစ်တော်လှန်ရေးတွင် တပ်ရင်း (၈၃)၌ တပ်ခွဲမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၄၆ တွင် သနက (၄)၌ တပ်သား၊ ၁၉၄၈ တွင် ပြန်တမ်းဝင်အရာရှိဖြစ်လာပြီး၊ တနင်္သာရီတိုင်းမင်းကြီး၏ အပါးတော်မြဲ တာဝန်ကို ထမ်းရွက်ရန် ပြည်ထဲရေးဌာနသို့ တွဲဖက်ထားခဲ့သည်။ ၁၉၄၉ တွင် ပြည်ထဲရေးဌာနသို့ တွဲဖက်ထားရာမှ ထားဝယ်စစ်



ဝန်ထမ်း တပ်ရင်းမှူး၊ ၁၉၅၀ ၌ ခလရ (၃)တွင် တပ်ခွဲမှူး၊ ၁၉၅၁–၅၂ တွင် လကရ(၁)တပ်ခွဲမှူး၊ ၁၉၅၂–၅၃ တွင် တပ်ထိန်းတပ်ခွဲ(၂) တပ်မှူး၊ ၁၉၅၃–၅၄ တွင် ချင်းသေနတ်ကိုင်တပ်ရင်းတွင် ဒုတပ်ရင်းမှူးနှင့် လကရ (၁) တပ်ရင်းမှူး၊ ၁၉၅၇ တွင် သနက (၄) တပ်ရင်းမှူး၊ ၁၉၆၂ မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော တော်လှန်ရေးကောင်စီက အာဏာသိမ်းပိုက်ရာတွင် ပါလီမန်အစိုးရ အဖွဲ့ဝင်များ ဖမ်းဆီးထိန်းသိမ်းရေးအဖွဲ့၏ ကွပ်ကဲရေးခေါင်းဆောင်၊ ၁၉၆၂ မှ ၁၉၆၅ ခုနှစ်အထိပြည်ထဲရေးဝန်ကြီးဌာန၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့အစည်းများ ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ဝန်ကြီးဌာန၊ တရားရေးဝန်ကြီးဌာနတို့တွင် အတွင်းဝန်၊ ၁၉၆၅–၆၉ တွင် နတခ ဒုတိုင်းမှူး၊ ၁၉၆၉–၇၀ တွင် အရှေ့ပိုင်းတိုင်း ဗျူဟာမှူး၊ ၁၉၇၀–၇၂ တိုင်းကြီးကြပ်ရေးဥက္ကဋ္ဌ၊ ၁၉၇၂–၇၄တွင် နမခတိုင်းမှူး၊ ထို့နောက် ပါတီလုပ်ငန်းစိစစ်ရေးကော်မတီဝင်၊ အရေးပေါ်ပါတီ ညီလာခံတွင် ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ၁၉၈၁ မှ ၁၉၈၈ ထိ နိုင်ငံတော် ကောင်




www.burmeseclassic.com

www.burmeseclassic.com



စီဝင်၊ မဆလပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

မတ်လ ၁၈ ရက်နေ့တွင် မဆလအစိုးရက မြန်မာပြည်တစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များအားလုံးကို ပိတ်လိုက်သည်။ ထိုနေ့ညဦးသန်းခေါင်ကျော်အချိန်တွင် ရန်ကုန်မြို့တွင်း၌ ဆန္ဒပြခဲ့ကြသူများကို ဖမ်းဆီး၍ အချုပ်ကားများဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ခေါ်ဆောင်လာရာ ထောင်သို့ရောက်သောအခါ (၇၁) ဦးတင်ဆောင်လာသော မော်တော်ကားတစ်စီး၌ (၄၁) ဦးသေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ အာဏာပိုင်တို့က အချုပ်ကား မလုံလောက်မှုကြောင့် အချုပ်သားဦးရေပို၍ တင်ဆောင်ခဲ့ရခြင်း၊ ၄၅ မိနစ်သာ မောင်းရသည့်ခရီးကို လမ်းများပိတ်ဆို့မှု အခြေအနေကြောင့် ၂ နာရီခန့်ကြာအောင် မောင်းနှင်ခဲ့ရခြင်းတို့ကြောင့် မသေသင့်ဘဲ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အကြောင်းပြကာ (၁၉-၇-၈၈) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။



ထို့နောက် အစိုးရက ဖွဲ့စည်းပေးထားသော စုံစမ်းစစ်ဆေးရေးကော်မရှင်က ၁၉၈၈ မတ်လ၌ အဓိကရုဏ်းတွင် ကျောင်းသား (၃)ယောက်သာ သေဆုံးပြီး ၆၂၅ ယောက် အဖမ်းခံရကာ (၁၄၁) ယောက်ကို ဆက်လက်ထိန်းသိမ်းထားသည်ဟု ကြေညာခဲ့သည်။ ထိုနေ့မှာပင် စာမျက်နှာ ၄၂ မျက်နှာပါသော အိတ်ဖွင့်ပေးစာကို ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးက ဦးနေဝင်းထံရေးသားပေးပို့ခဲ့သည်။





ထိုစဉ်အတွင်း ဧပြီလ ၁၁ ရက်နေ့တွင် ဦးနေဝင်းနှင့်အဖွဲ့ဝင်များသည် အနောက်ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ မေလ ၁၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ထုတ်ဝေခဲ့သော စာမျက်နှာ (၇၁)မျက်နှာရှိသည့် ထုတ်ပြန်ချက်တွင် မြန်မာ့တပ်မတော်သည် ဖမ်းဆီးသတ်ဖြတ်မှုများ၊ နယ်စပ်ဒေသများတွင် ညှဉ်းပန်းမှု၊ အမျိုးသမီးများကို အဓမ္မပြုကျင့်မှုများနှင့် ရွာသားများကို ပေါ်တာ (ရှေ့တန်းလုပ်အားပေး)အဖြစ် အတင်းစေခိုင်းကာ လူမျိုးစုလက်နက်ကိုင်အဖွဲ့များနှင့်တိုက်ခိုက်ရာတွင် 'လူသားမိုင်းရှင်းရေးကိရိယာ'အဖြစ် ရှေ့တန်းတပ်ဖွဲ့၏ ရှေ့မှ သွားစေခြင်းတို့အတွက် အဓိကတာဝန်ရှိကြောင်း ပါရှိသည်။

မေလ ၉ ရက်နေ့တွင် ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးက ၁၉၈၈ မတ်လအတွင်း ဖြစ်ပွားသောအရေးအခင်းနှင့်စပ်လျဉ်း၍ အိတ်ဖွင့်ပေးစာတစ်စောင်ကို ထုတ်ဝေဖြန့်ချိလာပြန်သည်။

မေလ ၁၂ ရက်နေ့စွဲ တပ်ထားသော "ကိုင်း အခုတော့ ကောင်းနိုင်ကြသေးရဲ့လား'ခေါင်းစဉ်တပ်ထားသော အဆိုပါစာ၌-

"တော်လှန်ရေးကောင်စီ အာဏာသိမ်းပြီး ၂၆ နှစ်အကြာ အခြေအနေသည် ယိုယွင်းရုံသာမက ပျက်စီးခြင်းမက ပျက်စီးသွားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အားလုံး ကျဆုံးခြင်းမက ကျဆုံးခဲ့ကြောင်း၊ လက်အောက်ရှိ တာဝန်ရှိသူများက တာဝန်ယူကြရန် ခေါင်းခံလိုကြောင်း၊ မိမိအနေဖြင့် စာတမ်းတစ်စောင်ရေးသားတင်ပြခဲ့ကြောင်း၊ ဗိုလ်မှူးချုပ်ဟောင်း

www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီး နုတ်ထွက်ခါနီး ပါတီဥက္ကဋ္ဌကြီးက သုံးနှစ်လုပ်မယ်၊ မအောင်မြင်လျှင် ဗိုလ်အောင်ကြီးတို့လုပ်ကြပါဟု ပြောခဲ့ကြောင်း၊ နိုင်ငံရေးသမားလုပ်ဖော်ကိုင်ဖက်တွင် ဦးနုနှင့် ပါတီဥက္ကဋ္ဌကြီးသာရှိပြီး ကျန်လူများ ကွယ်လွန်ပြီဖြစ်ကြောင်း၊ မကြာမီ တိုင်းပြည်တွင် ဆန်ပြဿနာဖြစ်တော့မည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းအားလုံးလိုလို ပိတ်ပင်ထားရကြောင်း၊ ဒုက္ခရောက်မည့်အရေးကို သတိပေးကြောင်း ဖော်ပြထားသည်။

မေလ ၂၆ ရက်နေ့တွင် ဥရောပသို့ ခရီးထွက်ခဲ့သော ဦးနေဝင်းနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် မေလ ၃၀ ရက်နေ့တွင် ကျောင်းသားများနှင့် တက္ကသိုလ်များအားလုံး ပြန်လည်ဖွင့်လှစ်ခဲ့သည်။ သို့သော် ကျောင်းသားဦးရေ ၃၀ ရာခိုင်နှုန်းခန့်သာ ကျောင်းပြန်တက်ခဲ့ကြသည်။ တက္ကသိုလ်ကျောင်းဝင်းများ၌ အစိုးရဆန့်ကျင်ရေးစာရွက်စာတမ်းများ ပြန်လည်ထွက်ပေါ်လာသည်။ အင်းစိန်ထောင်မှ ပြန်လွတ်လာသော ကျောင်းသားများကို စစ်ထောက်လှမ်းရေး စစ်ကြောရေးစခန်းများ၌ ညှဉ်းပန်းနှိပ်စက်ခံရမှုများ၊ ထုပ်တန်းဆွဲ၍ ရော်ဘာတုတ်များဖြင့် အရိုက်အနက်ခံရမှုများနှင့် လျှပ်စစ်ကျဉ်စက်တို့ဖြင့်တို့ကာ စစ်ဆေးမှုများကို ပြန်လည်ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အကျဉ်းကျခံနေရစဉ်အတွင်း လုံထိန်းများက ကျောင်းသူများကို အဓမ္မကျင့်ခဲ့သည့် သတင်းများလည်း ပေါ်ထွက်လာခဲ့သည်။

ဇွန်လ ၁၅ ရက်နှင့် ၁၆ ရက်များတွင် ရန်ကုန်တက္ကသိုလ် (ပင်မ)၌ ဆန္ဒပြပွဲများနှင့် စည်းဝေးပွဲများ ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ဇွန်လ ၁၇ ရက်နေ့တွင် ဆန္ဒပြပွဲများ ဆက်လက် ဖြစ်ပေါ်နေသဖြင့် ရန်ကုန်တက္ကသိုလ် (ပင်မ)မှ တက္ကသိုလ် သင်တန်းအသီးသီးကို အစိုးရအာဏာပိုင်များက ရပ်စဲလိုက်ပြန်သည်။ ဆန္ဒပြပွဲနှင့် ဆွေးနွေးပွဲများ ပြည်လမ်းဆေးတက္ကသိုလ် (၁)သို ရွှေ့ပြောင်းသွားသည်။

ဇွန်လ ၂၀ ရက်တွင် ရန်ကုန်မြို့၌ ကျောင်းသားအင်အား ၆၀၀၀ နှင့် ပြည်သူများပါ ပူးပေါင်းကာ တောင်းဆိုဆန္ဒပြခဲ့ကြသည်။ တောင်းဆိုမှုများ၌ ကျောင်းထုတ်ခံရသောကျောင်းသားများကို ကျောင်းပြန်တက်ခွင့်ပေးရန်နှင့် မတ်လအတွင်း သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့သူတို့အား



အရေးယူ အပြစ်ပေးရန်တို့ ပါရှိသည်။ အာဏာရှင်ဦးနေဝင်းအား ထိုးနှက်တိုက်ခိုက်သော နံရံကပ်ပိုစတာများလည်း ထွက်ပေါ်လာခဲ့သည်။ ဦးနေဝင်း၏ ဆွစ်ဇာလန်ဘဏ်များတွင် အပ်နှံထားသော ငွေကြေးအရှုပ်တော်ပုံသတင်းများလည်း ပျံ့နှံ့ထွက်ပေါ်လာသည်။ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)အနီးရှိ အထည်အလိပ်စက်ရုံ အလုပ်သမားများကလည်း ကျောင်းသားများနှင့်အတူ ပူးပေါင်း၍ဆန္ဒပြခဲ့ကြသည်။

ယင်းနောက် ဇွန်လ ၂၁ ရက်နေ့တွင် ပြည်လမ်းရှိ ဆေးတက္ကသိုလ် (၁)မှ ထောင်ပေါင်းများစွာသော ကျောင်းသားများသည် ရန်ကုန်မြို့လယ်သို့ ကြွေးကြော်သံများဖြင့် ချီတက်ဆန္ဒပြခဲ့ကြသည်။ ရန်ကုန်မြို့ ဟံသာဝတီလမ်းဆုံတွင် ကျောင်းသားများကို လုံထိန်းများက တားဆီးကာ မျက်ရည်ယိုဗုံးများ၊ ရိုင်ဖယ်သေနတ်များဖြင့် ပစ်ခတ်ကြသောကြောင့် ကျောင်းသားများက ခဲများ၊ ဂျင်ကလိ (သံချွန်များဖြင့် ပစ်ခတ်ရသော လေးခွ)များဖြင့် ပစ်ခတ်ကြကာ အဓိကရုဏ်းဖြစ်ပွားခဲ့သဖြင့် ပြည်သူ ၈၀ ကျော်နှင့် လုံထိန်း ၂၀ ခန့် သေဆုံးခဲ့ရသည်။ ထိုနေ့၌ အာဏာပိုင်တို့က လူစုဝေးခြင်းကို ရက်ပေါင်း ၆၀ မျှ မပြုလုပ်ရန် ကြေညာခဲ့သည်။ ရန်ကုန်မြို့၌ ဇွန်လ ၂၁ ရက်မှ ဩဂုတ်လ ၁၉ ရက်နေ့အထိ ညနေ ၆ နာရီမှ နံနက် ၆ နာရီအတွင်း အပြင်မထွက်ရ အမိန့်ကို ထုတ်ပြန်ခဲ့သည်။ ဆေးတက္ကသိုလ် (၁)၊ (၂) နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ သင်တန်းအားလုံးကို ရက်အကန့်အသတ်မရှိ ရပ်စဲလိုက်သည်။ ဇွန်လ ၂၂ ရက်နေ့တွင် ကျောင်းသားများသည် သမိုင်းဝင် ရွှေတိဂုံစေတီတော်သို့ နေရာရွှေ့ပြောင်း၍ လူစုဝေးခြင်း မပြုရဟူသော ပိတ်ပင်တားမြစ်ချက်ကို ဖီဆန်ကာ သပိတ်စခန်းတွင် ဖွင့်လှစ်လိုက်သည်။ လူထုမငြိမ်မသက်မှုများသည် ရန်ကုန်မြို့နှင့် မိုင် ၅၀ ခန့်ကွာဝေးသော ပဲခူးအထိ ပျံ့နှံ့သွားလေသည်။ ပဲခူး၌ အဓိကရုဏ်းဖြစ်ပွားမှုကြောင့် လူ ၇၀ ကျော် သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့ရသည်။ မော်လမြိုင်၊ ရေး၊ မြိတ်၊ ထားဝယ်နှင့် ပြည်မြို့သို့လည်း ဆန္ဒပြမှုများ ပျံ့နှံ့သွားခဲ့သည်။

ဇူလိုင် ၁ ရက်နေ့တွင် အပြင်မထွက်ရ အမိန့်ကို ည ၈ နာရီမှနံနက် ၄ နာရီသို့ လျှော့ပေါ့ပေးလိုက်သည်။ ထိုကန့်သတ်ထားချိန်၌ ဖီဆန်၍

www.burmeseclassic.com



အပြင်ဘက်သို့ ထွက်လာသူ မှန်သမျှကို ရဲနှင့် စစ်တပ်က သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြသည်။

ဇူလိုင်လ ၃ ရက်မှ ၆ ရက်နေ့အတွင်း တစ်နိုင်ငံလုံး၌ လည်ပတ်သုံးစွဲလျက်ရှိသော ငွေစက္ကူများကို ထပ်မံဖျက်သိမ်းမည်ဟူသော ကောလာဟလများ ထွက်ပေါ်ခဲ့မှုကြောင့် ကုန်ဈေးနှုန်း အဆမတန် ကြီးထွားလာခဲ့ရာ ဇူလိုင်လ ၇ ရက်နေ့၌ ဇူလိုင်လ ၂၃ ရက်နေ့တွင် မဆလပါတီက အရေးပေါ် ပါတီညီလာခံကို ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဇူလိုင်လ ၉ ရက်နေ့တွင် ရန်ကုန်၊ ပဲခူး၊ ပြည်နှင့် မော်လမြိုင်မြို့တို့တွင် ထုတ်ပြန်ထားသော ညမထွက်အမိန့်ကို အစိုးရက ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။ ကျောင်းထုတ်ခံရသော ကျောင်းသားများအားလုံး ကျောင်းပြန်တက်ခွင့် ပြန်လည်လျှောက်ထားနိုင်ကြောင်း ကြေညာခဲ့သည်။

သို့သော် ဇူလိုင်လ ၁၂ ရက်နေ့တွင် ဗုဒ္ဓဘာသာနှင့် အစ္စလာမ်ဘာသာဝင်များ လူမျိုးရေး ပဋိပက္ခဖြစ်ပွားခဲ့ရာ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် အရေးပေါ်အမိန့် ထုတ်ပြန်လိုက်သည်။ အဆိုပါ ပဋိပက္ခများကို အစိုးရက လူထုအား အာရုံလွဲရန် တမင်လှုံ့ဆော် ဖန်တီးခဲ့သည်ဟု ကျောင်းသားများက စွပ်စွဲပြောဆိုခဲ့သည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဦးမင်းဂေါင်အား နုတ်ထွက်ခွင့်ပြုလိုက်သည်။ ဦးမင်းဂေါင်က မတ်လအတွင်းက ဖမ်းဆီးခံရသူများအား အင်းစိန်ထောင်သို့ ပို့ဆောင်ရာတွင် ဆန္ဒပြသူ ၄၁ ဦး အချုပ်ကားပေါ်၌ အသက်ရှူကျပ်ကာ သေဆုံးခဲ့မှုတွင် သူ့တွင် တာဝန်ရှိကြောင်း ဝန်ခံခဲ့သည်။

ဤသို့ အဓိကရုဏ်းများ ဖြစ်ပွားနေစဉ်အတွင်း ဇူလိုင်လ ၂၃ ရက်နေ့တွင် မဆလပါတီ၏ အရေးပေါ်ညီလာခံ စတင်ကျင်းပခဲ့ရာ ဦးနေဝင်းက မိန့်ခွန်းပြောကြားခဲ့သည်။ သူ၏မိန့်ခွန်း၌ "အခုနှစ် မတ်လနဲ့ ဇွန်လမှာ ပြည်သူတွေ သွေးမြေကျခဲ့ရတဲ့ ဆူပူမှုကြီးနှစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ ဒီဆူပူမှုတွေက ဘာကိုပြသလဲဆိုတော့ ဆူပူမှုမှာ ပါဝင်ခဲ့တဲ့သူတွေနဲ့ နောက်ကွယ်က မြှောက်ထိုးပင့်ကော် လုပ်ပေးခဲ့တဲ့လူတချို့က ကျွန်တော်တို့ အစိုးရနဲ့ ပါတီအပေါ်မှာ အယုံအကြည်မရှိဘူးလို့ ဖော်ပြလိုက်တာပါပဲ။ ဒီတော့ကာ မြန်မာနိုင်ငံတဝန်းလုံးက ပြည်သူလူထုထဲက အများစုကြီးက အယုံအကြည်မရှိတော့တာလား၊ လူနည်းစုကပဲ မယုံကြည်တော့လား ဆိုတာကို သိဖို့လိုလာခဲ့ပါပြီ။ ဒီလို သိနိုင်ဖို့အတွက် တစ်နိုင်ငံလုံးမှာ တစ်ပါတီစနစ်ကိုပဲ ဆက်လက်ကျင့်သုံးမလား၊ ပါတီစုံစနစ်ကိုပဲ ပြောင်းသုံးမလား ဆိုတဲ့ ဆန္ဒခံယူပွဲကြီးကို ကျင်းပကြည့်လိုက်ရင်တော့ တစ်ခါတည်း အဖြေထွက်လာလိမ့်မယ်လို့ ထင်ပါတယ်"ဟူ၍ ပြောဆိုခဲ့သည်။



ဦးနေဝင်းသည် နိုင်ငံတော်ကို ၂၆ နှစ်ကျော် မဆလတစ်ပါတီအာဏာရှင်စနစ်ဖြင့် အုပ်စိုးလာခဲ့ရာ ပြည်သူတစ်ရပ်လုံးက နှစ်သက်မှုမရှိသည်ကို သိရှိနေသော်လည်း ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန် တောင်းဆိုနေခဲ့သည်။ ထို့နောက် သူ၏ကိုယ်ရေးကိုယ်တာ ပြဿနာကိုပါ ဆက်၍တင်ပြခဲ့သည်။

"မတ်လနဲ့ ဇွန်လမှာ ဖြစ်ပွားခဲ့တဲ့ ဝမ်းနည်းစရာကောင်းတဲ့ အရေးအခင်းတွေအတွက် ကျွန်တော့်မှာ တိုက်ရိုက်တာဝန်မရှိဘူးလို့ဆိုရမှာ ဖြစ်ပေမယ့် သွယ်ဝိုက်သောအားဖြင့်တော့ တစ်နည်းမဟုတ်တစ်နည်း ကျွန်တော့်မှာလည်း တာဝန်ရှိပါတယ်။ ပြီးတော့ ကျွန်တော့်အသက်အရွယ်ကလည်း ဇရာထောင်းလာပြီမို့ ပါတီဥက္ကဋ္ဌရာထူးကနေ နုတ်ထွက်ခွင့်ပေးကြဖို့ တောင်းဆိုလိုက်ပါတယ်။ ခုအချိန်အထိ ထွက်မယ်ထွက်မယ်နဲ့ ကြံခဲ့တာ မနည်းတော့ဘူး။ ထွက်မယ်ကြံတိုင်း မိတ်ဆွေအပေါင်းအသင်းတွေ၊ ရဲဘော်ရဲဘက်တွေ ဖျောင်းဖျပြောဆိုပြီးပိုင်းတားခဲ့ကြတာနဲ့ တော်တော်နဲ့ မထွက်ဖြစ်ဘဲ ဆက်လျက်လုပ်နေခဲ့ရပါတယ်။ အခုကြိမ်မှာတော့ သူတို့အားလုံးကလည်း သဘောတူကြတဲ့အပြင် သူတို့ပါ ကျွန်တော်နဲ့အတူ လိုက်ထွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်"

ဤသို့ဖြင့် ဦးနေဝင်းနှင့်အတူ မဆလပါတီဒုဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတ ဦးစန်းယု၊ ပါတီအထွေထွေအတွင်းရေးမှူး ဦးအေးကို၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစိန်လွင်၊ ကာကွယ်ရေးဝန်ကြီးနှင့် ဗဟိုကော်မတီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး သူရကျော်ထင်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းတင်တို့ပါ အနားယူတော့မည်ဟု ကြေညာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ်ညီလာခံ၌ စီးပွားရေးပြုပြင်ပြောင်းလဲရေးကိုသာ လက်ခံခဲ့ကြပြီး၊ ပါတီစုံစနစ်သည် မြန်မာနိုင်ငံနှင့် လုံးဝမသင့်တော်ဘဲ တိုင်းပြည်၏ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်သည်ဟု အကြောင်းပြကာ ပါတီစုံစနစ် ရွေးချယ်မည့်ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရေးကို ကန့်ကွက်ကြောင်း ဦးအေးကိုက အဆိုတင်သွင်းခဲ့သည်။ ညီလာခံတွင် ဥက္ကဋ္ဌ ဦးနေဝင်းနှင့် ဒုဥက္ကဋ္ဌ ဦးစန်းယုတို့သာ နုတ်ထွက်ခွင့်ပြုခဲ့ပြီး၊ အထွေထွေအတွင်းရေးမှူးဦးစိန်လွင်တို့ကို နုတ်ထွက်ခွင့် မပေးဟုဆိုသည်။

ပါတီစုံစနစ်ကို ညီလာခံ၌ ပြင်းထန်စွာ ကန့်ကွက်ခဲ့သူမှာ ဦးစိန်လွင် ပင်ဖြစ်သည်။ ဆန္ဒခံယူပွဲကို မကျင်းပရန် တားဆီးခဲ့သည်မှာလည်း ဦးစိန်လွင်က သူ့အဖေကြီး ဦးနေဝင်း၏အကြံပေးချက်ကို လက်ခံပြီး ပြောခဲ့သည်ဟုဆိုသည်။

ဤသို့ဆိုလျှင် ဦးနေဝင်းသည် ညီလာခံတွင် အဖွင့်မိန့်ခွန်းတွင် ဆန္ဒခံယူပွဲပြုလုပ်ကြဖို့ တိုက်တွန်းခဲ့မှုသည် အမှန်တကယ်စိတ်ထဲကပါ၍ မဟုတ်ဆိုသည်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ရှင်းနေပေသည်။ အင်မတန် နှစ်ပေါက်တစ်ပေါက်ရိုက်တတ်သည့် လူကြီးဟု တီးတိုးပြောကြသည်။ အချို့က "ဦးနေဝင်းက နိုင်ငံရေးသမားမဟုတ်ဘူး၊ လောင်းကစားသမားပဲ"ဟု ဆို၍၊ အချို့ကမူ "ဦးနေဝင်းက သိပ်လည်တာ၊ သူလည်တာက သူ့အတွက်ပဲလည်တာ၊ တိုင်းပြည်နဲ့ လူမျိုးအတွက် မဟုတ်ဘူး" ဟု ဆိုကြသည်။

ဦးနေဝင်း နုတ်ထွက်စာတင်လိုက်ပြီးနောက် ဗဟိုကော်မတီ အစည်းအဝေးတွင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော ဦးစိန်လွင်ကို မဆလပါတီဥက္ကဋ္ဌအဖြစ် ဇူလိုင် ၂၆ ရက်နေ့တွင် ရွေးကောက်တင်မြှောက်လိုက်သည်။ ဦးစိန်လွင်သည် အစဉ်အလာကို ဖျက်၍ တွဲဖက်အထွေထွေအတွင်းရေးမှူးနေရာမှ ခုန်ပျံကျော်လွှားကာ ပါတီဥက္ကဋ္ဌဖြစ်လာခြင်းဖြစ်သည်။ ကျောင်းသားအရေးအခင်းများ၊ ဦးသန့်အရေးအခင်းများ၌ ရက်ရက်စက်စက်သတ်ဖြတ်နှိမ်နင်းပုံသည့်လူကိုမှ ရွေး၍ ပါတီနှင့်နိုင်ငံတော်၏အမြင့်ဆုံးသောနေရာကို တင်ပေးလိုက်သောကြောင့် ပြည်သူတို့ အထိတ်တလန့် အံ့သြတုန်လှုပ်သွားခဲ့ရသည်။ မဆလပါတီအတွက် အလွန်ကြီးမားသော မှားယွင်း



သည့် ဆုံးဖြတ်ချက်ဟု အများက ဝိုင်းဝန်းဝေဖန်နေသည့်ကြားမှ နောက်တစ်နေ့ ဇူလိုင်လ ၂၇ ရက်နေ့၌ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ (နိုင်ငံတော်သမ္မတ)အဖြစ် ထပ်မံတင်မြှောက်လိုက်ပြန်သည်။ ထိုနေ့၌ သူရဦးကျော်ထင်အား နိုင်ငံတော်ကောင်စီအတွင်းရေးမှူး၊ ဦးထွန်းတင်အား ဝန်ကြီးချုပ်နှင့် ဒေါက်တာမောင်မောင်အား နိုင်ငံတော်ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် အသီးသီးရွေးကောက်တင်မြှောက် လိုက်ကြသည်။

ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့က ၁၉၈၈ ဩဂုတ်လ ၈ ရက်နေ့တွင် တစ်ပြည်လုံးအနှံ့ အထွေထွေသပိတ်ကြီး ဆင်နွှဲရန် ဆော်ဩသည့် စာရွက်စာတမ်းများ ဖြန့်ဝေကြသည်။ ဩဂုတ်လ ၃ ရက်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့၌ စစ်ဥပဒေအမိန့်ထုတ်ပြန်ထားသော်လည်း ဆန္ဒပြသူလူတစ်သောင်းခန့်က အမိန့်ကို ဖီဆန်၍ ရာပေါင်းများစွာသော ပြည်သူတို့ကို ဖမ်းဆီးလိုက်သော်လည်း ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။ အရေးအခင်းကြီး ဖြစ်ပွားနေစဉ်မှာပင် ဩဂုတ်လ ၆ ရက်နေ့တွင် မဆလအစိုးရသည် တရုတ်ပြည် ယူနန်နယ်ရှိ ထုတ်ကုန်သွင်းကုန်ကော်မရှင်နှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနတို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။ ထိုအချိန်မှစ၍ ယနေ့တိုင် အရည်အသွေးညံ့ဖျင်း၍ ဈေးပေါသော တရုတ်ပစ္စည်းများ၊ တံဆိပ်အတုပစ္စည်းများ မြန်မာနိုင်ငံသို့ လိမ့်ဝင်လာခဲ့သည်။

ထို့နောက် ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ကမ္ဘာကပင် တုန်လှုပ်ချောက်ချားခဲ့ရသော ရှစ်ဆယ့်ရှစ် ဒီမိုကရေစီအရေးတော်ပုံကြီး ဖြစ်ပွားခဲ့သည်။ ထောင်ပေါင်းများစွာသော ဆန္ဒပြလူထုက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရန်၊ မဆလပါတီ ခေါင်းဆောင်များနုတ်ထွက်ပေးရန်နှင့် ဆိုရှယ်လစ် စီးပွားရေးစနစ်အဆုံးသတ်ရန် တောင်းဆိုကြသည်။ ထိုနေ့ည ၁၁ နာရီ ၄၅ မိနစ်တွင် ဆူးလေဘုရားနှင့် မြို့တော်ခန်းမရှေ့၌ ဆန္ဒပြနေသော လူအုပ်ထဲသို့ စစ်တပ်က မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြသည်။ လူထုဆန္ဒပြပွဲများသည် ဩဂုတ်လ ၉ ရက်နေ့၌ မြို့ပေါင်း ၄၀ သို့ ပျံ့နှံ့ သွားသည်။ ရန်ကုန်မြို့တွင် တပ်မ ၂၂ မှ တပ်ဖွဲ့များက

www.burmeseclassic.com

www.burmeseclassic.com





မဆလပါတီ ဥက္ကဋ္ဌနှင့်
သမ္မတဦးစိန်လွင်

ဆန္ဒပြသူများကို ပစ်ခတ်ရှင်းလင်းရာ လူ ၅၀၀၀ ကျော် သေကျေ၍ ထောင်ပေါင်းများစွာ ဖမ်းဆီးခံရသည်။ အစိုးရက သေဆုံးသူ အမျိုးသား ၁၀၆ ဦး၊ အမျိုးသမီး ၈ ဦး စုစုပေါင်း ၁၁၄ ဦးသာ သေဆုံးခဲ့သည်ဟူ၍ သတင်းထုတ်ပြန်ခဲ့သည်။ ထို့ပြင် ဒဏ်ရာရသူ ၃၃၆ ဦးနှင့် ဖမ်းဆီးခံထားရသူပေါင်း ၂၉၆၅ ဦး ရှိသည်ဟု ဆိုသည်။ သို့သော် ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားရာ မြန်မာနိုင်ငံရှိ ကျောင်းအားလုံးကို ပိတ်လိုက်ရတော့သည်။

စစ်ကိုင်းမြို့တွင် ရဲနှင့်စစ်တပ်က လက်နက်မဲ့ဆန္ဒပြနေသော လူအုပ်ထဲသို့ မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် လူ ၄၀၀ ကျော်ခန့် သေဆုံးခဲ့ရသည်။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ဘရင်းကယ်ရီယာများပေါ်မှ စစ်သားများ၏ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူကျောင်းသားနှင့် အရပ်သား အမြောက်အမြား သေဆုံးခဲ့ရပြန်သည်။ ဆန္ဒပြသူများကလည်း စစ်သားများကို ဓာတ်ဆီဗုံး၊ ဂျင်ကလိ၊ ဓားရှည်နှင့် လှံများအသုံးပြုကာ ပြန်လည်တိုက်ခိုက်ခဲ့ကြသည်။ ထိုနေ့၌ ရန်ကုန်ဆေးရုံကြီး၌ စစ်တပ်က ဆေးရုံအမှုထမ်းများကို ပစ်ခတ်ခဲ့မှုကြောင့် သူနာပြုဆရာမများ၊ ဆရာဝန်များနှင့် လူနာအချို့ သေကျေခဲ့ရသည်။ မြောက်ဥက္ကလာပတွင် ဒေါသထွက်



နေသော လူအုပ်ကြီးက ရဲတပ်သားအချို့အား ပထမဆုံးအကြိမ် ခေါင်းဖြတ်သတ်ဖြတ်လိုက်ကြသည်။

ထို့နောက် လူထုအတွင်း တန်ပြန်သပိတ်ဆင်နွှဲရန်နှင့် အဖျက်အမှောင့်လုပ်ငန်းများ စနစ်တကျပြုလုပ်ရန် ဗိုလ်မှူးကြီး ခင်ညွန့် ဦးဆောင်သော တပ်မတော်ထောက်လှမ်းရေး အထူးအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့သည်။

ဩဂုတ် ၁၀ ရက်နေ့တွင် ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်ရှိ ဆိပ်ကမ်းဝင်းအတွင်းရှိ အကောက်ခွန်ဂိုဒေါင်များနှင့် စက်ရုံအလုပ်ရုံဂိုဒေါင်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဦးစွာဖောက်ထွင်း၍ ဂိုထောင်တွင်းရှိ ပစ္စည်းများ ခိုးဝှက်သယ်ယူသွားပြီးနောက် လူထုအား သွားရောက်ယူငင်ရန် ဆော်ဩသွားခဲ့ကြသည်။ ယင်းနောက် ထောင်ပေါင်းများစွာသော လူအုပ်ကြီးက ဂိုထောင်ရှိပစ္စည်းများ သယ်ယူနေစဉ်အတွင်း စစ်ကားများရောက်ရှိလာလျှင် လူအုပ်အတွင်းသို့ ပစ်ခတ်ရှင်းလင်းရာ ရာပေါင်းများစွာလူအများအပြား သေကျေဒဏ်ရာရရှိခဲ့ကြသည်။ အစိုးရက လူထုအတွင်း ကောလာဟလ သတင်းပေါင်းစုံ ထုတ်လွှင့်ခြင်းကြောင့် ပြည်သူလူထုကြား၌ ကျီးလန့်စာစားပမာ အထိတ်တလန့် ဖြစ်ခဲ့ရသည်။

ဩဂုတ်လ ၁၁ ရက်နေ့တွင် အထွေထွေသပိတ်ကြီးကြောင့် အစိုးရယန္တရားတစ်ခုလုံး လုံးဝ ရပ်ဆိုင်းသွားသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသွားလာမှုကိုဟန့်တားရန် လူထုက လမ်းများ၌ သစ်တုံးများ၊ အုတ်ခဲများ၊ သံထည်ပစ္စည်းများဖြင့် တားဆီးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြသည်။ ဆန္ဒပြလူအုပ်ကြီးက "စိန်လွင်အစိုးရ ကျဆုံးပါစေ၊ ဒီမိုကရေစီ ပေါ်ထွန်းပါစေ၊ ဖမ်းထားသူများ ချက်ချင်းလွှတ်"၊ "ဆန်တစ်ပြည်တစ်မတ် စိန်လွင်ခေါင်းကိုဖြတ်"စသည့် ကြွေးကြော်သံများဖြင့် ဟစ်ကြွေးခဲ့ကြသည်။ ဤသို့ ဖြစ်ပွားလာမည်ဟု လုံးဝမမျှော်လင့်ထားသော မဆလပါတီဥက္ကဋ္ဌ ဦးစိန်လွင်သည် ရဲ၊ စစ်တပ်တို့ဖြင့် အတင်းပစ်ခတ်ဖြိုခွင်းရန် မြန်မာ့အသံ၌ ကိုယ်တိုင် ရုံးထိုင်ကာ ပစ်မိန့်ပေးခဲ့သည်။ ဤသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လူထုကြီးသည် ထိပ်တိုက်ရင်ဆိုင် ရန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ရာ စစ်တပ်မှ ပစ်ခတ်နှိမ်နင်းသည့်အတွက် ရာနှင့် ချီ၍ သေကျေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com





ဒုတိယဗိုလ်ချုပ်ကြီး
အေးကို

အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်ကလည်း မဆလအစိုးရ၏ လူထုအား သတ်မှုများကို ပြင်းထန်စွာ ရှုတ်ချသည့်အဆိုကို တညီတညွတ်တည်း အတည်ပြုလိုက်လေသည်။

ဤသို့ဖြင့် ပြည်သူလူထုကြီးတစ်ရပ်လုံး ပါဝင်ဆင်နွှဲခဲ့သော အထွေထွေသပိတ်ကြီးကြောင့် ဇူလိုင်လ ၂၆ ရက်နေ့တွင် မဆလပါတီဥက္ကဋ္ဌ အာဏာရခဲ့သော ဦးစိန်လွင်သည် ဩဂုတ်လ ၁၂ ရက်နေ့၌ မဆလပါတီဥက္ကဋ္ဌနှင့် သမ္မတအဖြစ်ကပါ ပြုတ်ကျသွားခဲ့သည်။ သူ၏ သမ္မတသက်တမ်းမှာ ၁၇ ရက်သာ နန်းစံခဲ့ရသောကြောင့် မြန်မာ့ရာဇဝင်တွင် ရာဇပလ္လင်၌ ဖင်မမြဲသော ပုဂ္ဂိုလ်အဖြစ် ကမ္ပည်းတင်သွားခဲ့သည်။ သေဆုံးသူဦးရေ မည်သူမျှ အတိအကျ မသိနိုင်သော်လည်း ဦးစိန်လွင် အုပ်စိုးခဲ့သည့် ကာလ၌ ဆူပူအုံကြွခဲ့သူပေါင်း ၁၂၀၀ ခန့် သေဆုံးခဲ့ကြောင်း အစိုးရက တရားဝင် ကြေညာခဲ့သည်။ ၁၉၈၉ ခုနှစ်၌ အမေရိကန်ပြည်ထောင်စုက ထုတ်ပြန်သော လူ့အခွင့်အရေး အခြေအနေ အစီရင်ခံစာ၌ ဩဂုတ်လ ၈ ရက်နေ့မှ ၁၃ ရက်နေ့အထိ ပြည်သူလူထုပေါင်း ၅၀၀၀ ကျော် သေဆုံးခဲ့ရသည်ဟု ရေးသားဖော်ပြထားသည်။

မြန်မာဝေါဟာရ၌ 'စိန်'သည် အလွန်အဖိုးထိုက်၍ ဝင်းလက်တောက်ပသော ရတနာတစ်ပါးဟု အဓိပ္ပာယ်ဖွင့်ဆိုထားသော်လည်း သမ္မတစိန်လွင်သည် အမည်သည် အချိန်ကြာမြင့်စွာ မတောက်ပလိုက်ရဘဲ ပြည်



သူလူထု၏ဒေါသမီးအောက်၌ "သားသတ်သမား"၊ "သမ္မတပြုတ်" အမည်ဖြင့် သမိုင်းကျွေ့ခဲ့ရလေသည်။ ဦးစိန်လွင် ပြုတ်ကျသွား၍ ရန်ကုန်မြို့လယ်လမ်းမများပေါ်ထွက်လာသော ပြည်သူလူထုကြီးက ပျော်ရွှင်စွာ ကခုန်မြူးတူးခဲ့ကြသည်။

ဩဂုတ်လ ၈ ရက်နေ့မှစ၍ ရန်ကုန်၊ စစ်ကိုင်းနှင့် အခြားမြို့ကြီးများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကလေးများ၊ အမျိုးသမီးများ၊ ကျောင်းသားများနှင့် အပြစ်မဲ့ လူထုကို သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ လှံစွပ်ဖြင့် ထိုးသတ်ခြင်းတို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများကို လုံးဝဆန့်ကျင်ရာရောက်ကြောင်း ရန်ကုန်ရှေ့နေများကောင်စီက ကြေညာထုတ်ပြန်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က ကျောင်းသားများနှင့် အစိုးရကြားတွင် ဝင်ရောက်စေ့စပ်ပေးနိုင်ရန်အတွက် ပြည်သူ့အတိုင်ပင်ခံကော်မတီတစ်ရပ်ဖွဲ့စည်းရန် အဆိုပြုလိုက်သည်။ ယင်းအဆိုပြုချက်ကို နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနု၊ သမ္မတဟောင်း မန်းဝင်းမောင်တို့ အပါအဝင် ဝါရင့်နိုင်ငံရေးသမားကြီးများက ထောက်ခံကြိုဆိုခဲ့သည်။

ဩဂုတ်လ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဆရာဝန်များအသင်းက ရန်ကုန်မြို့တွင် အစုလိုက် အပြုံလိုက် ပစ်သတ်ခြင်းကို ကန့်ကွက်ခဲ့ကြသည်။ ဩဂုတ်လ ၁၇ ရက်နေ့တွင်မူ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပြင်ဘက်၌ လူ ၃၀၀၀ ခန့် ဆန္ဒပြနေစဉ် စစ်တပ်မှ သံချပ်ကာများနှင့် ဝန်းရံထားလိုက်သည်။

ဦးစိန်လွင်ပြုတ်ကျပြီးတစ်ပတ်အကြာ ဩဂုတ်လ ၁၉ ရက်နေ့တွင် မဆလအစိုးရက ပါတီဗဟိုကော်မတီအစည်းအဝေးနှင့် စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးကို ကျင်းပကာ မဆလပါတီဥက္ကဋ္ဌနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ (နိုင်ငံတော်သမ္မတ)အဖြစ် ဒေါက်တာမောင်မောင်ကို ရွေးချယ်တင်မြှောက်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ထိုနေ့မှာပင် နိုင်ငံတော်ကောင်စီ၏ကြေညာချက် (အမှတ် ၃/၈၈)ဖြင့် ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ဟိန်း ဦးဆောင်သည့် ပြည်သူ့ဆန္ဒလေ့လာစုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမောင်မောင်သည် အာဏာရှင်ကြီး ဗိုလ်နေဝင်း၏ စစ်အစိုးရ သက်တမ်းတစ်လျှောက် တရားရေးအကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဤသို့ စစ်အစိုးရခေတ်တစ်လျှောက်လုံး အရေးကြီးသည့် ရာထူးဌာနများကို စစ်ဗိုလ်ချုပ်များသာ လက်ဝါးကြီးအုပ်ထားသည့်ကြားက ယခုကဲ့သို့ ပါတီနှင့် အစိုးရထိပ်တန်း သမ္မတရာထူးကို အရပ်သားတစ်ယောက်အားခန့်အပ်ခြင်းမှာ အလွန့်အလွန်ရှားပါးသည့်ကိစ္စ ဖြစ်ပေသည်။

ဒေါက်တာမောင်မောင်သည် ၁၉၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မန္တလေးမြို့၌ အဖရှေ့နေကြီး ဦးဆင့်၊ အမိ ဒေါ်အေးတင်တို့မှ မွေးဖွားခဲ့သည်။ B.T.Nကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့သည်၊ မန္တလေး ဥပစာကောလိပ်မှ ဥပစာသိပ္ပံစာမေးပွဲကို အင်္ဂလိပ်၊ သချ်ာ၊ ရူပဗေဒ၊ ဘာသာရပ်တို့ဖြင့် အောင်မြင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း တပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး မင်္ဂလာဒုံစစ်တက္ကသိုလ် စတုတ္ထပတ် ဗိုလ်သင်တန်းတက်ရောက်ခဲ့သည်။ ဟသ်ာတခရိုင်နှင့် မျိုးချစ်ဗမာ့တပ်မတော်တိုင်း (၁) တို့တွင် တော်လှန်ရေးတာဝန် ထမ်းဆောင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ၁၉၄၆ တွင်ဝိဇ္ဇာဘွဲ့ ရရှိပြီး ၁၉၄၉ တွင် ဘီအယ်လ်ဘွဲ့ကို ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် သရုပ်ပြဆရာ၊ ဗမာ့ခေတ်သတင်းစာတွင် အယ်ဒီတာ၊ ဗမာ့မီးရထားဌာန၌အတွင်းဝန်တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၅၀ တွင် ဗြိတိန်နိုင်ငံသို့ ပညာတော်သင် စေလွှတ်ခြင်းခံရသည်။ The Hagur မြို့၊ လင်ကွန်းတည်းခိုခန်းတွင် ဖွင့်လှစ်ထားသောရှေ့နေအသင်းသို့ ဝင်ရောက်ခဲ့သည်။ နိုင်ငံတကာ ဥပဒေပညာသင် ကျောင်းသို့ တက်ရောက်ခဲ့သည်။ ၁၉၅၆ ဇွန်လတွင် နယ်သာလန်နိုင်ငံ Utrecht တက္ကသိုလ်မှ L.L.D နိုင်ငံတကာ ဥပဒေဘွဲ့ကို ရရှိသည်။ ၁၉၅၃–၅၅ တွင် အစိုးရရှေ့နေအဖြစ် ထမ်းရွက်ရင်း ဥပဒေပညာများကို လေ့လာဆည်းပူးသည်။ ၁၉၅၈ တွင် လက်ထောက်ရှေ့နေချုပ်အဖြစ် ခန့်အပ်ခံရသည်။ ၁၉၆၀ တွင် နိုင်ငံရေးသိပ္ပံနှင့် အရှေ့တောင်အာရှနိုင်ငံများ လေ့လာရေးပညာရပ်များကို ယေးလ်တက္ကသိုလ်သို့ တက်ရောက်လေ့လာ ဆည်းပူးသည်။ ၁၉၆၀ ဒီဇင်ဘာတွင် မော်ကွန်းဝင် ဒုတိယဆင့်ရရှိသည်။ ၁၉၆၂ မဆလပါတီ ပညာရေးရာကော်မတီဝင်၊ ပါတီစည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊



တော်လှန်ရေးကောင်စီခေတ်တွင် တရားရုံးချုပ်တရားသူကြီး၊ တရားသူကြီးချုပ်၊ တော်လှန်ရေးကောင်စီဝင်၊ တော်လှန်ရေးအစိုးရအဖွဲ့ဝင်၊ ၁၉၇၄ တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံတော်ကောင်စီဝင်၊ ၁၉၈၈ ဂျူလိုင် ၂၇ တွင်ပြည်သူ့အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဩဂုတ်လ ၁၉ တွင် မဆလပါတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သည်။

ဒေါက်တာမောင်မောင် သမ္မတဖြစ်လာသောအခါ "ဒီလူက ၁၉၆၉ ခုနှစ်တုန်းက 'ဗိုလ်ချုပ်ကြီးနေဝင်းနှင့် မြန်မာ့နိုင်ငံရေးခရီး' (General Ne Win and Burma) ဆိုတဲ့ စာအုပ်ရေးပြီး နေရာရလာတာပါကွာ၊ ဦးနေဝင်းကို ကပ်ပါးရပ်ပါးလုပ်လို့ ခေါင်းဆောင်နေရာကို ရခဲ့တာပေါ့" ဟူ၍ ဝေဖန်ခဲ့ကြသည်။

ရက်စက်ယုတ်မာလွန်းသည့် ဦးစိန်လွင်၏ အကြမ်းဖက်နည်းဖြင့် ဖြေရှင်း၍ မရသည့်အဆုံး ဦးနေဝင်းသည် အေးဆေးတည်ငြိမ်သည့် ဒေါက်တာမောင်မောင်၏ စေ့စပ်ညှိနှိုင်းသည့် အပျော့နည်းဗျူဟာကို ပြောင်းသုံးကြည့်ခဲ့သေးသည်။

သို့သော် လူထုက ဒေါက်တာမောင်မောင်ကိုလည်း ဒီပုတ်ထဲက ဒီပဲဟုသာ မြင်ခဲ့ကြသည်။ ဩဂုတ်လ ၂၀ ရက်နေ့တွင် ဆန္ဒပြလူထုက သမ္မတဒေါက်တာမောင်မောင် နုတ်ထွက်ပေးရန်နှင့် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန်အတွက် ကြားဖြတ်အစိုးရဖွဲ့စည်းပေးရန် တောင်းဆိုခဲ့ကြသည်။ ဩဂုတ်လ ၂၃ ရက်နေ့တွင် ထောင်ပေါင်းများစွာသော လူထုကြီးသည် အထွေထွေသပိတ်ကြီး ဆင်နွှဲကာ လက်ရှိအစိုးရနုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။ ဟသ်ာတ၊ မုံရွာ၊ ရေဦး၊ ရေနံချောင်း၊ ချောက်၊ မကွေးနှင့် အထက်မြန်မာပြည် မြို့ကြီးများတွင်လည်း နေ့စဉ်လိုလို ဆန္ဒပြခဲ့ကြသည်။ အထွေထွေသပိတ်ကြီးတွင် လူထုခြောက်သိန်းခန့် ပါဝင်ဆန္ဒပြခဲ့ကြသည်ဟု ဆိုသည်။

ဩဂုတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် အေဒီလမ်း (ယခု မေခလမ်း)ရှိ ဦးနေဝင်းအိမ်တွင် အရေးပေါ် အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးတွင် တိုင်းပြည်မငြိမ်မသက်မှု

www.burmeseclassic.com

www.burmeseclassic.com





ဒုတိယဗိုလ်ချုပ်ကြီး
ထွန်းရီ

အခြေအနေများကို ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးခင်ညွန့်က ဦးနေဝင်းအား ရှင်းလင်းတင်ပြခဲ့သည်။ တက်ရောက်သူများက လူထု မငြိမ်သက်မှုများကို ဖြိုခွင်းရန် နည်းဗျူဟာများကို အကြံပြုခဲ့ကြသည်။

အဆိုပါ နည်းဗျူဟာများအနက် လူထုအတွင်း ကောလာဟလများ ထုတ်လွှင့်ရန်နှင့် အဖျက်အမှောင့်လုပ်ငန်းစဉ်များ ပြုလုပ်၍ မင်းမဲ့စရိုက်များ ပေါ်ပေါက်စေရန်တို့ဖြစ်သည်။ ထို့နောက် သမ္မတဒေါက်တာမောင်မောင်သည် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ရှေ့တစ်လှမ်းတိုးနောက် နှစ်လှမ်းဆုတ် ဗျူဟာအတိုင်း မာရှယ်လောစစ်ဥပဒေကို ရုပ်သိမ်းပေးလိုက်သည်။ ရန်ကုန်မြို့၌ ချထားသောတပ်များကိုလည်း ပြန်လည်ရုပ်သိမ်းခဲ့ရာ ပြည်သူလူထု လုံခြုံမှုများ ကင်းမဲ့သွားတော့သည်။ လုံခြုံရေးအခြေအနေ ကင်းမဲ့သောအခါ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသလို ခိုးဆိုးဖောက်ထွင်းမှုများ၊ ရမ်းကားမှုများ၊ အလစ်သုတ်မှုများ ပေါ်ပေါက်လာကာ ပြည်သူလူထုအတွင်း စိုးရိမ်ထိတ်လန့်မှုများ ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။ ထိုစဉ်အတွင်းမှာပင် ဒေါက်တာမောင်မောင်သည် လူထုတစ်ရပ်လုံး တောင်းဆိုနေသော ကြားဖြတ်အစိုးရဖွဲ့စည်းရေးကို လျစ်လျူရှု၍ တစ်ပါတီစနစ် သို့မဟုတ် ပါတီစုံစနစ် ကျင့်သုံးရန်ကိစ္စအတွက် ပြည်သူ့ဆန္ဒခံယူပွဲကို ပြုလုပ်ရန် ကတိပြုလိုက်သည်။



ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ဇူလိုင်လ ၂၉ ရက်နေ့က ဖမ်းဆီးထားခဲ့သည့် ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးနှင့် အပေါင်းအပါ ၉ ဦးကို ပြန်လည်လွှတ်ပေးလိုက်သည်။ ထိုနေ့မှာပင် ဩဂုတ်လ ၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ဖမ်းဆီးထားသော သံဃာတော် ၂၇ ပါး၊ ကျောင်းသား ၅၉၇ ဦး၊ ကျောင်းသူ ၁၄၇ ဦး၊ အရပ်သား ၁၅၈၈ ဦး၊ အရပ်သူ ၂၂၂ ဦး၊ ဝန်ထမ်း ၁၆၉ ဦး စုစုပေါင်း ၂၇၅၀ ဦးတို့ကို ပြန်လည်လွှတ်ပေးခဲ့သည်။

ထိန်းသိမ်းရာမှ ပြန်လည်လွှတ်မြောက်လာသော ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးသည် ထိုနေ့ညနေပိုင်းတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ လူထုအစည်းအဝေး ပြုလုပ်၍ လာရောက်နားထောင်သော လူထုပရိသတ် အား "စစ်တပ်ကို စိတ်နဲ့တောင် မပြစ်မှားကြနဲ့ဟု" ပြောဆိုခဲ့သောကြောင့် သုံးဖက်ချွန် (ဆမူဆာ)အောင်ကြီးဟူ၍ လူထု၏ကင်ပွန်းတပ်ခြင်းကို ခံခဲ့ရသည်။

အလားတူပင် ဩဂုတ်လ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်၌ မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါ လူထုအစည်းအဝေးတွင် ပြောကြားခဲ့သော မိန့်ခွန်းသည် ဒေါ်အောင်ဆန်းစုကြည်၏ မြန်မာနိုင်ငံရေး ခရီးစဉ်၌ ပထမဆုံးပြောကြားခဲ့သော မိန့်ခွန်းဖြစ်သလို လူထုတစ်ရပ်လုံးက ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကို သဘောကျ နှစ်ခြိုက်ကာ ထိုအချိန်မှစ၍ လူထုခေါင်းဆောင်အဖြစ် အားလုံးက သတ်မှတ်ခဲ့ကြလေသည်။

ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အတွင်း အင်းစိန်ထောင်၌ ထောင်တွင်း ဆူပူမှုများ စတင်ပေါ်ပေါက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတစ်ဝန်း မြို့ပေါင်း (၉)မြို့မှ အကျဉ်းထောင်များတွင် အဓိကရုဏ်းများ တစ်ပြိုင်နက် ဖြစ်ပေါ်လာပြီးနောက် အစိုးရက အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသားတစ်သောင်းကျော်ခန့်ကို လွှတ်ပေးလိုက်သည်။ အများစုမှာ ခိုးဆိုးခါးပိုက်နှိုက်၊ လူသတ်၊ မုဒိမ်းပြစ်မှုဖြင့် ကျနေသော ရာဇဝတ်အကျဉ်းသားများပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဩဂုတ်လ ၂၉ ရက်နေ့တွင် ရှေ့နေများ၊ စာရေးဆရာများ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များလည်း ဆန္ဒပြပွဲများတွင် ပါဝင်လာခဲ့ကြသည်။ လူထုလူတန်းစားအသီးသီး ဆန္ဒပြပွဲများတွင် ပါဝင်လာပြီးနောက် မဆလပါတီဝင် ထောင်ပေါင်းများစွာက ပါတီဝင်အဖြစ်မှ နုတ်ထွက်ခဲ့ကြသည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံရှေ့နေများအသင်းက ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖျက်သိမ်းရန် တောင်းဆို၍ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ အာဏာသိမ်းမှုမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချိုးဖောက်ခဲ့ခြင်းသာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားကာ မြို့ကြီးမြို့ငယ် စုစုပေါင်း ၅၀ ခန့်မှာ အထွေထွေသပိတ်မှောက်သူများ လက်ထဲကျရောက်သွား၍ အစိုးရ ယန္တရားတစ်ခုလုံး ရပ်ဆိုင်းသွားခဲ့သည်။

စက်တင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့ စစ်မှုထမ်းဟောင်းများနှင့် ဝန်ထမ်းအများစု နေထိုင်ရာ တောင်ဥက္ကလာပမြို့နယ် စိမ်းကိန်း (၁) ရပ်ကွက် (မြင်သာ)သို့ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးတပ် (ကပစ) မှ ညအချိန်တွင် ဂျင်ကလိသေတ္တာများ လာရောက်ပေးပို့ပြီးနောက် တစ်ဖက် နှင့် တစ်ဖက် အုပ်စုဖွဲ့ အဓိကရုဏ်းများ ပေါ်ပေါက်ကာ လူပေါင်း ၂၃ ဦး ခေါင်းဖြတ်မီးရှို့သတ်ဖြတ်ခံရသည်။ အများစုမှာ တန်ပြန်သပိတ်ဆင်နွှဲရန် စစ်ထောက်လှမ်းရေးမှ စိတ်ကြွဆေးများ ထိုးပေးထားသူများဖြစ်သည်။ ငမိုးရိပ်မြစ်ကူးတံတားစောင့် တာဝန်ကျရဲများနှင့် သာကေတ၊ သင်္ဃန်းကျွန်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပရဲစခန်းမှ ရဲဝန်ထမ်းများလည်း ခေါင်းဖြတ်အသတ်ခံခဲ့ရသည်။

ဆန္ဒပြ အင်အားစုတို့သည် အထွေထွေသပိတ်ကော်မတီ (G.S.C)၊ ကျောင်းသားများ စည်းကမ်းထိန်းသိမ်းရေးကော်မတီ (S.C.S) များ ဖွဲ့စည်းပြီး ရက်ပေါင်းများစွာ ဆန္ဒပြကာ ကြားဖြတ်အစိုးရဖွဲ့စည်းရေးကို တောင်းဆိုနေကြသော်လည်း အချိန်ကြာညောင်းလာသည်နှင့်အမျှ သပိတ်မှောက်အင်



အားစုများလည်း ပင်ပန်းအားနည်းချိနဲ့လာသည်။ ထိုစဉ်အတွင်း ဗိုလ်မှူးကြီးခင်ညွန့်ဦးဆောင်သော ထောက်လှမ်းရေးတပ်ဖွဲ့များက လူထု ဝယ်ယူစားသုံးနေသော အစားအစာနှင့် ရေတို့တွင် အဆိပ်ခတ်၍လည်းကောင်း၊ ရပ်ကွက်အတွင်းသို့ ညအချိန်တွင် မီးကွင်းများပစ်၍လည်းကောင်း၊ ပြည်သူတို့ ကျီးလန့်စာစားဖြစ်စေရန် အဖျက်အမှောင့်လုပ်ငန်းများကို ဦးစီးညွှန်ကြား၍ လုပ်ကိုင်စေခဲ့သည်။

စက်တင်ဘာလ ၉ ရက်နေ့တွင် ဝန်ကြီးချုပ်ဟောင်း ဦးနုက ရန်ကုန်မြို့ ဝဏ်ဘာလမ်းခွဲအမှတ် ၁၀ ၌ သူ့ထံမှ လုယူခံရသော အာဏာကို သူပြန်လည်ရယူသည့်အနေဖြင့် တရားဝင် စင်ပြိုင်အစိုးရကို ဝန်ကြီးစာရင်းတင်ပြ၍ ဖွဲ့စည်းကာ ကမ္ဘာသို့ ကြေညာခဲ့သည်။

ဦးနု၏ တရားဝင် စင်ပြိုင်အစိုးရကို ၆၂ ကျောင်းသားများ သမဂ္ဂအဖွဲ့၊ တိုက်ပွဲဝင်ရှေ့နေများအဖွဲ့၊ စက်မှု (၁) သမဂ္ဂ၊ ရေလုပ်ငန်းသမဂ္ဂစသော အဖွဲ့(၇)ဖွဲ့က ချက်ချင်းထောက်ခံကြောင်း ကြေညာခဲ့သည်။ အထွေထွေ သပိတ်ကော်မတီက ပထမအစိုးရကို ပြန်လည်အသက်သွင်းခြင်းမဟုတ်ပါက စင်ပြိုင်အစိုးရကို ထောက်ခံမည်ဟု ကြေညာခဲ့သည်။ ထိုနေ့မှာပင် တပ်မတော် (လေ)မှ စစ်သည်စုစုပေါင်း ၂၀၀ ကျော်ခန့်က လူထုဆန္ဒပြပွဲများတွင် ပူးပေါင်းပါဝင်ကာ ဆန္ဒပြခဲ့ကြသည်။

ဦးနု၏ တရားဝင် စင်ပြိုင်အစိုးရကြေညာပြီးနောက် မကြာမီမှာပင် ဒေါက်တာမောင်မောင်က မဆလပါတီ ဒုတိယအကြိမ် အရေးပေါ်ပါတီညီလာခံကို ခေါ်ယူပြီးနောက်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေပုဒ်မ (၁၁) အရ မဆလတစ်ပါတီတည်းသာ ရှိရမည်ဟူသော ပြဋ္ဌာန်းထားချက်ကို ပယ်ဖျက်ပေးမည်။ ပါတီများဖွဲ့ကြပါ။ သုံးလအတွင်း ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို တရားမျှတစွာ ကျင်းပပေးမည်။ မဆလပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်အရွေးမခံစေရပါ"ဟူ၍ ကြေညာခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ဦးနုက သပိတ်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ သမ္မတဒေါက်တာမောင်မောင်၏ ကတိကို ယုံကြည်ကြောင်း၊ ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သည် ဂုဏ်သိက္ခာရှိသည့် လူကြီးလူကောင်းတစ်ယောက် ဖြစ်သည်။ သပိတ်မှောက်ကော်မတီများ အနေဖြင့် ရွေးကောက်ပွဲဝင်သင့်ကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ဦးဘဌေး၊ ဦးကျော်ညွန့်၊ ဦးစန်းမောင်၊ ဦးစောကြာဒိုး၊ ဆရာချယ်တို့ ပါဝင်သော ရွေးကောက်ပွဲ ကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။

သပိတ်မှောက်ကော်မတီဝင်များက "ဒေါက်တာမောင်မောင်ကို လုံးဝ မယုံကြည်ကြောင်း၊ အကယ်၍ ရွေးကောက်ပွဲဝင်ပါက မဆလပါတီသည် အဖွဲ့ဝင်အင်အား၊ ငွေကြေးအင်အား ပြည့်စုံသည့်အဖွဲ့ကြီးဖြစ်၍ ဒီမိုကရေစီအင်အားစုများ အနေဖြင့်ယှဉ်ပြိုင်အနိုင်ယူဖွယ် မရှိကြောင်း" တင်ပြခဲ့ကြသည်။

သပိတ်ကာလ အချိန်ကြာမြင့်လာသည်နှင့် တစ်စုံတစ်ရာ အဆုံးအဖြတ် မပေးနိုင်ဖြစ်လာသောအခါ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂက ဦးနု၊ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးတို့ကို ဆေးတက္ကသိုလ်(၁)ခန်းမသို့ ဖိတ်ကြား၍ မည်သို့ဆက်လက်ဆောင်ရွက်သင့်ကြောင်း ဩဝါဒပေးပါရန် တောင်းဆိုခဲ့ကြသည်။ ယခုချက်ချင်း အဆုံးအဖြတ်ပေးရန် မဟုတ်ဘဲ ၄၈ နာရီအတွင်း အဖြေပေးရန် ပန်ကြားရာ ဦးနုက နောက်တစ်နေ့တွင် တကာသ အဖွဲ့ဝင် ကျောင်းသားများနှင့် တွေ့ဆုံ၍ "သူဖွဲ့စည်းထားသော စင်ပြိုင်အစိုးရကို ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော ဒီမိုကရေစီ အင်အားစုများက ထောက်ခံကြပါ။ ထောက်ခံပါက အစစအရာရာ သူ တာဝန်ယူမည်။ အကယ်၍ ဒေါ်အောင်ဆန်းစုကြည်တို့ တင်ပြထားသလို ကြားဖြတ်အစိုးရဖွဲ့မည်ဆိုလျှင် မိမိတို့ဘာသာဖွဲ့၍ အစိုးရဖွဲ့ပေးမည်ကို မစောင့်ပါနှင့်။ ဖွဲ့ပြီးပါက သူထောက်ခံမည်ဖြစ်ကြောင်းနှင့် ပေးသည့် တာဝန်ကို သူထမ်းရွက်မည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

၁၉၈၈ စက်တင်ဘာလ ၁၆ ရက်နေ့တွင် အင်အားတစ်သိန်းရှစ်သောင်းရှိသော စစ်သည်များကို မဆလပါတီမှ နုတ်ထွက်ခွင့်ပြုကြောင်း



အစိုးရကကြေညာခဲ့သည်။ ထိုနေ့မှာပင် ကာကွယ်ရေးဝန်ကြီးဌာန အဆောက်အအုံအပြင်ဘက် ဖဆပလ ရပ်ကွက်အနီး၌ ဆန္ဒပြသူများနှင့် စစ်သားများ ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ပွားခဲ့သည်။ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးနှင့် အခြား ပုဂ္ဂိုလ်များက အခြေအနေကို ဝင်ရောက်ထိန်းသိမ်း၍ လူစုခွဲပေးလိုက်ရသည်။

စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကုန်သွယ်ရေးဝန်ကြီးဌာနအပေါ်မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့သော စစ်သား ၂၄ ဦးစလုံးမှာ နောက်ဆုံးတွင် လက်နက်ချလိုက်ရသည်။ အစိုးရက နုတ်ထွက်ပေးရန်နှင့် ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရန် ငြင်းဆန်နေသဖြင့် ဆန္ဒပြသူများ ပို၍ပြင်းထန်လာသည်။ ကျောင်းသားအချို့မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ထံတွင် စစ်သင်တန်းများ တက်ရောက်ရန်နှင့် လက်နက်များ ရရှိရန်အတွက် ထိုင်း- မြန်မာနယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

အစိုးရယန္တရား လုံးဝပျက်ယွင်းနေပြီး၊ လူထု အုံကြွလာမှုကို လုံးဝ ထိန်းချုပ်မရသောကြောင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကြိုတင် စီစဉ်ထားသည့်အတိုင်း ညနေ ၄ နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင် ဦးစီးသော စစ်တပ်က နိုင်ငံတော်အာဏာ အရပ်ရပ်ကို သမ္မတဒေါက်တာမောင်မောင် အစိုးရထံမှ လွှဲပြောင်းယူ၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ)ကို ဖွဲ့စည်းလိုက်ကြောင်း ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ကြေညာလိုက်လေသည်။

ထိုစဉ်က နိုင်ငံတော်အာဏာကို ဒေါက်တာမောင်မောင် အစိုးရထံမှ လွှဲပြောင်းယူခဲ့ပုံကို ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်က "**ဦးခင်ညွန့်နှင့် အင်တာဗျူး**"စာအုပ် စာမျက်နှာ ၉၀ ၌ ဤသို့ဖော်ပြထားသည်-

"အာဏာသိမ်းတာတော့ မဟုတ်ဘူးဗျ။ အမှန်တော့ အဲဒီအချိန်တုန်းက အဲဒီမှာ တော်တော်ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်နေတယ်။ ပထမပိုင်းမှာတော့ ဟုတ်တယ်။ ဆန္ဒပြတာ၊ ဒီမိုကရေစီ အရေးဆိုတာတွေက မှန်ပါတယ်။ သောကောရောကောတွေပါလာတော့ အဖျက်အမှောင့်တွေ အများကြီးပါတယ်။ ဥပမာအားဖြင့်ဆိုရင် ခေါင်းဖြတ်သတ်တာပေါ့ဗျာ၊ မထင်မှတ်တဲ့လူတွေကို ဆွဲဆွဲပြီးတော့ ခေါင်းဖြတ်သတ်တာ၊ အမှန်တော့ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



လူတွေက အပြစ်မဲ့သူတွေဖြစ်နေတယ်။ အဲဒီ သတ်တဲ့လူတွေက တစ်အိမ်ပြီးတစ်အိမ် ဝင်ဝင်ပြီးတော့ ဒီအိမ်မှာ ဘယ်သူရှိသလဲ လာထွက်ခဲ့၊ မင်းဟာ အစိုးရရဲ့ ဒေါက်တိုင်ဆိုပြီး ဆွဲခေါ်သွားပြီးတော့ ခေါင်းဖြတ်တာ၊ အဲဒီလိုလုပ်တဲ့အဆင့် ရောက်တယ်။ ဒါတွေက ဟိုဒင်းပေါ့ဗျာ၊ မင်းမဲ့ စရိုက်တွေ ဖြစ်လာတယ်။ လူခေါင်းဖြတ်သတ်တာတွေကဆိုရင် စာရင်းအရ ခန့်မှန်းခြေ (၅၁)ယောက်တောင်ဗျ၊ ရန်ကုန်မှာ အဲဒီလိုလမ်းဆုံမှာပဲ၊ အဲဒီအချိန်မှာ ဘယ်သူမှ ဆင်းပြီး မကယ်နိုင်ဘူး။ နိုင်ငံရေးသမားတွေ ဆိုတာလည်း အဲဒီအချိန်မှာ လူအုပ်ထဲကို မဝင်နိုင်တော့ဘူး။ ကိုယ့်အိမ်ထဲမှာ ကိုယ်နေကြတာ။ ကွပ်ကဲတဲ့သူ လုံးဝမရှိတော့ဘူး။ မင်းမဲ့ဝါဒ (anarchism) ဖြစ်နေပြီဗျ၊ ရပ်ကွက်တွေမှာ ဆိုရင်လည်း ရန်ကုန်မြို့ထဲက downtown မှာဆိုရင် ကိုယ့်ရပ်ကွက်ကို ကိုယ်ထိန်းချုပ်ထားပြီးတော့မှ လူငယ်တွေက ထွက်ပြီး ကင်းစောင့်ရတယ်။ ဆိုတော့ မင်းမဲ့စရိုက် ဖြစ်နေပြီ။ အုပ်ချုပ်ရေး ယန္တရားက မရှိတော့ဘူး၊ ရုံးအဖွဲ့တွေဆိုလည်း ဘယ်ရောက်နေမှန်း မသိဘူး၊ အဲဒီတော့ အုပ်ချုပ်ရေးယန္တရားက ပျက်သွားပြီ၊ တကယ်တိုင်းပြည်က တိုင်းပြည်ပျက်ကြီး ဖြစ်နေပြီ။ ဘယ်သူမှ မအုပ်ချုပ်နိုင်တော့ဘူး ဖြစ်နေတဲ့အချိန်အခါမျိုး ရောက်နေပြီ။

မြောက်ဥက္ကလာပမှာ ငှက်ပျောသီးထမ်းရောင်းနေတဲ့ ရောင်ကြီးဖွေ ဆိုတဲ့ကောင်က ဘယ်ကရတယ်မသိဘူး သေနတ်ခါးထိုးပြီးတော့မှ သပိတ်ခေါင်းဆောင်ဖြစ်နေတာဗျ၊ သူက တက်တရားဟောလိုက်သေးတယ်၊ အဲဒီလိုမျိုးတွေ ဖြစ်နေတော့ တဖြည်းဖြည်းနဲ့ အုပ်ချုပ်မယ့်သူ မရှိတော့ဘူး၊ ခေါင်းဆောင်လည်း မရှိတော့ဘူး၊ နိုင်ငံရေးသမားတွေလည်း ခေါင်းဆောင်တွေ မရှိတော့ဘူး၊ အဲဒီအချိန်မှာ ဖြစ်ကဲ့အခါကျတော့ ကျွန်တော်က သတင်းတွေ အကုန်ရနေတယ်ဗျ၊ တကယ့်ဖြစ်ရပ်နော်၊ ဗိုလ်ချုပ်ကြီး စောမောင်က စစ်ရုံးမှာ နေ့စဉ်ရှိနေတယ်၊ ဒုဗိုလ်ချုပ်ကြီးသန်းရွှေကတော့ ကျွန်တော်နဲ့ အနီးကပ်ရှိနေတယ်။ တစ်ခါတလေတော့ သူ့အခန်းမှာ သွားနေတယ်။ ကျွန်တော်နဲ့ ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေနဲ့ တိုင်ပင်ပြီးတော့ ဗိုလ်ချုပ် အခြေအနေတော့ အတော်ဆိုးနေပြီ၊ အဲဒါ ဦးစီးချုပ်ဆီ သွားလိုက်မယ်၊ သွားပြီး အခြေအနေတင်ပြမယ်၊ ဦးစီးချုပ်ကလည်း အခြေအနေ



သိနေပြီးသား၊ သိနေတော့ ကျွန်တော်တို့ သဘောထားတွေ သွားတင်ပြတယ်၊ ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်အခန်းကို ကျွန်တော်တို့နှစ်ယောက် သွားတယ်၊ အဲဒီတုန်းက ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေက ဒုချုပ်လေ။ အခြေအနေတွေက တော်တော်ရှုပ်ထွေးနေပြီ၊ လူတွေလည်း ခေါင်းဖြတ်သတ် ခံနေရတယ်။ အဖျက်အမှောင့်တွေကလည်း ပါနေပြီ၊ ဒီမိုကရေစီ အရေးသက်သက် မဟုတ်တော့ဘူး၊ အဖျက်အဆီးတွေက သိပ်များနေပြီ၊ အုပ်ချုပ်ရေး ယန္တရားလည်း မရှိတော့ဘူး၊ ဘယ်သူအုပ်ချုပ်နေမှန်းလည်း မသိတော့ဘူး၊ စစ်တပ်ရှိရဲ့သားနဲ့ ဘယ်လိုမှ မထိန်းနိုင်ဘူး ဖြစ်နေပြီ၊ တစ်ခုခုတော့ လုပ်မှကောင်းမယ်ထင်တယ်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုက သိပ်အရေးကြီးတယ်ဆိုပြီး ဗိုလ်ချုပ်ကြီးစောမောင်ကို သွားတင်ပြတယ်။

အေးပေါ့ကွာတဲ့၊ ငါလည်း အဲဒီလိုပဲ စဉ်းစားနေတယ်တဲ့ တိုင်းပြည်က ကမောက်ကမ ဖြစ်နေပြီကွတဲ့ anarchism ဝင်နေပြီကွတဲ့၊ တိုင်းပြည်ကြီး ဒီအတိုင်းဆိုရင်တော့ ပြည်သူတွေရဲ့ ဘဝကလည်း တော်တော့်ကို ဒုက္ခရောက်နေပြီကွတဲ့၊ လမ်းပေါ် ဘယ်သူမှ မထွက်ရဲတော့ဘူးကွတဲ့၊ လမ်းပေါ်ထွက်တာနဲ့ ဒေါက်တိုင် စပိုင်(SPY)ဆိုပြီးတော့မှ ဆွဲခေါ်ပြီးတော့မှ လူအုပ်ကြားထဲမှာ ခေါင်းဖြတ်သတ်နေတာဗျ၊ အဲဒီလို ဖြစ်နေတဲ့အခါကျတော့ လူတွေလည်း အပြင်မထွက်ရဲတော့ဘူး၊ ဒုက္ခရောက်နေပြီ ဒါကတော့ တိုင်းပြည်က တော်တော်ဆိုးဆိုးဝါးဝါး အခြေအနေကို ရောက်နေပြီ။ ခေါင်းဖြတ်သတ်တယ်ဆိုတာ ကျွန်တော်တို့ မြန်မာလူမျိုးဗုဒ္ဓဘာသာ အစဉ်အလာမှာ ဒါက ရှိမှ မရှိဘဲဗျာ၊ ကျွန်တော်တို့နှစ်ယောက် သွားတင်ပြတော့ ဗိုလ်ချုပ်ကြီး စောမောင်က အေးကွာတဲ့၊ ဒါဆိုရင် တို့ အေဒီလမ်း(ဦးနေဝင်းအိမ်) သွားကြရအောင်တဲ့၊ ဒါ အဖြစ်မှန်ပါ၊ အဲဒါ မင်း ဆက်သွယ်လိုက်ကွာဆိုတော့ ကျွန်တော်က ဦးဆက်ထွန်းဆီကို ဆက်လိုက်တယ်၊ အစ်ကိုကြီးလို့ အဖေကြီးနဲ့ ကျွန်တော်တို့တွေ့ချင်တယ်ဗျာလို့၊ သူကလည်း အခြေအနေက ရှုပ်ရှုပ်ထွေးထွေးဖြစ်နေတယ်ဆိုတာ သိနေတယ်လေ၊ မင်းတို့ ဘာလဲတဲ့၊ ကျွန်တော်တို့ အရေးကြီးလို့ဗျာလို့၊ ဒီနေ့ပဲတွေ့ချင်တယ်လို့၊ အဲဒီအချိန် ကျွန်တော်ဖုန်းဆက်တဲ့အချိန်က ညနေ (၃)နာရီနဲ့ (၄) နာရီကြားလောက်ပေါ့၊ အေးကွာတဲ့၊ အဲဒီလိုဆိုရင် ငါ အခု သွားလိုက်မယ်တဲ့၊ သွားပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သွားပြောမယ်တဲ့၊ သူသွားတယ်၊ အဲဒီအချိန်မှာ အဘိုးကြီးက တချို့ကို သိတာတွေလည်း ရှိသလို၊ မသိတာတွေလည်း အများကြီးရှိတယ်၊ ကျွန်တော်တို့စောင့်နေတာ နာရီဝက်လောက် ကြာတယ်၊ အေး ရတယ်တဲ့၊ စောင့်နေမယ်ပြောတယ်ကွတဲ့၊ ဘယ်ကိုလာရမလဲဆိုတော့ အိမ်ကိုပဲလာခဲ့ ဆိုတော့ အေဒီလမ်း(မေခလမ်း) အိမ်ကိုပဲသွားလိုက်ကြတယ်။

အဲဒီတော့ လာဆိုတဲ့အခါကျတော့ အဆင်သင့်ဖြစ်ရင် လာတဲ့ သူကတော့ စောင့်နေမယ်လို့ ပြောတယ်တဲ့၊ အဲဒီတော့ ကျွန်တော်တို့က ခန့်မှန်းခြေပေါ့ဗျာ၊ ကျွန်တော်က ပြောလိုက်တယ်၊ ညနေ ၆ နာရီနဲ့ ၇ နာရီကြား ဖြစ်နိုင်ခြေရှိတယ်ဆိုပြီး ပြောလိုက်တယ်၊ မင်းတို့လာနိုင်တဲ့ အချိန်လာပေါ့ကွာတဲ့၊ ငါကတော့ ပြောထားပြီးပြီ၊ သူက စောင့်နေမယ် လို့ ပြောတယ်တဲ့၊ ကျွန်တော်တို့က ဘာနဲ့သွားသလဲဆိုတော့ ပါစင်နယ် ကယ်ရီယာ (Armour Personal Carrier) နှစ်စီးနဲ့၊ လုံခြုံရေးက ဘယ် သူလိုက်သလဲဆိုတော့ အခုတော့ သေသွားရှာပြီ၊ အရင်တုန်းကတော့ တပ်မ (၂၂)က နည်းဗျူဟာမှူး၊ ပိုတယ်ဝန်ကြီး ဖြစ်ဖူးတဲ့ ဗိုလ်စောလွင် ကြီး၊ ဗိုလ်မှူးချုပ်စောလွင်ပေါ့ဗျာ၊ သူကတော့ အဲဒီတုန်းက ဗိုလ်မှူးကြီး။ သူနဲ့ ကျွန်တော်တို့ကိုလိုက်ဖို့က တပ်ခွဲနှစ်ခွဲ။ အဲဒီတုန်းကတော့ ရုပ်ထွေး နေတာကိုးဗျ။ ကျွန်တော်တို့နှစ်ယောက်ကတော့ ပါစင်နယ်ကယ်ရီယာ နှစ်စီးနဲ့ ကျွန်တော်နဲ့ ဗိုလ်ချုပ်ကြီး စောမောင်နဲ့က ပါစင်နယ်ကယ်ရီယာ၊ ဒု–ဗိုလ်ချုပ်ကြီးသန်းရွှေ ကိုတော့ ခင်ဗျားရုံးမှာပဲစောင့်နေ၊ ချန်ရစ်ခဲ့ပြီး ကျွန်တော်တို့နှစ်ယောက် သွားတယ်၊ ရုံးကနေ စထွက်တာတော့ ညနေ (၆)နာရီမှာဗျ၊ ဒါပေမဲ့ လမ်းမှာ ပိတ်ဆို့တားဆီးထားတဲ့၊ လမ်းကြောင်းက သွားတဲ့အခါမှာ လမ်းမှာ သစ်ပင်တွေ လှဲပိတ်ထားတာတွေက အဲဒါတွေကို ရှင်းပြီးသွားရတယ်၊ ဘယ်လောက်ကြာသလဲဆိုတော့ အေဒီလမ်းရောက် တဲ့အချိန်မှာ ည(၁၀) နာရီ လောက်ရောက်သွားပြီ။ ည (၁၀)နာရီမှ ရောက် သွားတာ၊ လမ်းတွေဘယ် လောက်ပိတ်ဆို့ထားသလဲဆိုတာ၊ သစ်ပင်တွေ လှဲထားတာဗျ၊ လမ်းလယ်ခေါင်မှာ အတားအဆီးတွေ လုပ်ထားတယ်ပေါ့ ဗျာ၊ အသွားအလာတွေ မရှိအောင်လို့၊ နောက်ပြီးတော့မှ မီးတိုင်အဟောင်း



တွေ လမ်းပေါ်ပိတ်ဆို့ ထားတာတွေ၊ အတားအဆီး လုပ်ထားတာတွေက ည(၁၀)နာရီမှ ကျွန်တော်ရောက်တယ်၊ ကျွန်တော်တို့လည်း ရောက် လည်းရောက်ရော အဘိုးကြီး က အိမ်ပေါ်က ဆင်းလာတယ်။ မင်းတို့ တော်တော်ကြာပါလားကွတဲ့ ဟုတ်တယ်လို့ လမ်းမှာ ဘလောက်တုံးတွေနဲ့ တွေ့နေတာ နဲ့ ဒီလောက်ကြာသွားတာပါလို့၊ အေးကွာတဲ့၊ ကဲ...ဘာပြောချင် သလဲ၊ ပြောကြစမ်းတဲ့၊ အဲဒီမှာ ဗိုလ်ချုပ်ကြီးစောမောင်ကနေ ဗိုလ်ချုပ် တိုင်းပြည်အခြေအနေကတော့ အတော်ဆိုးဆိုးဝါးဝါး ဖြစ်နေပြီ၊ ဘယ် သူမှ ကိုင်တွယ်နိုင်တဲ့ အနေအထားမျိုး မရှိဘူး၊ အခုက မင်းမဲ့စရိုက် လည်းဖြစ်နေပြီ၊ လူတွေလည်း ခေါင်းဖြတ် အသတ်ခံနေရပြီ၊ ပြည်သူတွေ လည်း အတော်ဒုက္ခရောက်နေပြီ၊ ဘယ်သူမှ အပြင်လည်း မထွက်ရဲတော့ ဘူး၊ အပြင်ထွက်ရင်လည်း ကိုယ့်အသက်ကို ကိုယ်တောင်မှ ရှိမှရှိသေးရဲ့လား၊ ဘယ်အချိန် များ ခေါင်းဖြတ်အသတ်ခံရမှာလဲ ဆိုတာမျိုး ဒီလိုသောကတွေ ရောက်နေကြပြီ၊ အုပ်ချုပ်ရေး ယန္တရား ဆိုတာမရှိဘူး၊ ဝန်ကြီးတွေ၊ ဒုဝန် ကြီးတွေ ဆိုတာ ရုံးတွေမှာ မရှိတော့ဘူး၊ အခြေအနေက တော်တော် ဆိုးနေပါပြီဆိုတဲ့ အခါကျတော့ အေးကွာတဲ့ ဗိုလ်ခင်ညွန့် အသေးစိတ် ထပ်တင်ပြလိုက်ကွာတဲ့၊ ကျွန်တော် က အသေးစိတ် တင်ပြတဲ့အခါကျတော့ သူက ငါလည်း ထင်တော့ ထင်တယ်ကွတဲ့၊ မင်းတို့လောက် ငါမသိဘူးတဲ့၊ ဒီလောက်ကြီး ဆိုးဆိုးရွားရွား ဖြစ်နေတယ်ဆိုတာ ငါမသိဘူးကွာတဲ့၊ မင်းတို့ အခုလာပြောမှပဲ သိတယ်တဲ့၊ အဲဒီတော့ ခင်ဗျားပြောတဲ့အတိုင်း မင်းတို့ အခု ငါ့ဆီ လာတယ်၊ ကျန်တဲ့ လူကြီးတွေ သိလားတဲ့၊ မသိပါဘူးလို့၊ ကျွန်တော်တို့က တိုက်ရိုက်လာခဲ့တာ၊ မြန်မြန်ရောက်ချင်လို့ လာတာလို့၊ အဲဒီမှာ ကျွန်တော်တို့ တော်တော့်ကို Shock ဖြစ်သွားတယ်၊ ငါတို့တော့ ဒုက္ခပဲ၊ မေးတဲ့ question က ကျွန်တော်တို့ကို ချောက်ချားစေတာပေါ့ ဗျာ။ အေး...အဲဒီလိုဆိုရင်ကွာတဲ့၊ မနက်ဖြန် မနက်ကျရင် အဲဒီလူကြီးတွေ သွားပြောလိုက်ဦးတဲ့၊ နို့မို့ရင် မင်းတို့က သူတို့ကိုကျော်လွန်ပြီးတော့မှ ငါ့လာပြီး တိုက်ရိုက်တင်တယ်ဆိုရင် မင်းတို့လည်း မကောင်းဘူးကွာတဲ့၊ တို့အစဉ်အလာ ရှိတာပဲတဲ့၊ တစ်ဆင့်ပြီးတစ်ဆင့် တင်ပြရတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အစဉ်အလာရှိတာပဲတဲ့ လူကြီးတွေ တစ်မျိုးစိတ်ထဲထင်နေကြမယ်၊ မနက်ဖြန် မိုးလင်းတဲ့အခါ ကျတော့ မင်းတို့သွားပြီး အကျိုးအကြောင်း တင်ပြလိုက်တဲ့ဆိုပြီး မှာလိုက်တယ်။

ဒါနဲ့ ကျွန်တော်တို့ အေဒီလမ်းအိမ်က ပြန်ထွက်လာတဲ့အခါမှာ (၁၂)နာရီကျော်သွားပြီဗျ၊ အပြန်ကျတော့ လမ်းပြန်ရှင်းပြီးသားဆိုတော့ မြန်သွားတယ်။ ရုံးကိုပြန်ရောက်၊ နောက်တစ်နေ့ ဗိုလ်ချုပ်ကြီးစောမောင်က တို့ မနက် ၆ နာရီခွဲလောက်မှာ လူကြီးတွေဆီ သွားတင်ပြရအောင်တဲ့၊ အဲဒီတော့ လူကြီးတွေဆိုတာက နှစ်ယောက်ပါပဲ၊ ဗိုလ်ချုပ်ကြီး သူရကျော်ထင်ရယ်၊ ဗိုလ်ချုပ်ကြီးအေးကိုရယ်။ ဗိုလ်ချုပ်ကြီးအေးကို အိမ်ကို ၇ နာရီလောက်မှာ ကျွန်တော်တို့ သွားလိုက်တယ်၊ သွားလိုက်တော့ ဗိုလ်ချုပ်ကြီး သူရကျော်ထင်ကို လှမ်းခေါ်တယ်၊ ဗိုလ်ချုပ်ကြီးအေးကိုအိမ်မှာပဲ တွေ့တယ်၊ တွေ့ပြီးတော့မှ ညက အခြေအနေကို ကျွန်တော်တို့ ရှင်းပြလိုက်တယ်၊ ညက ကျွန်တော်တို့ သွားတွေ့လိုက်တယ်ဆိုတဲ့အခါကျ အေးအေး ကောင်းပြီတဲ့၊ သူတို့ကလည်း အခြေအနေတွေ အသေးစိတ် မသိဘူး၊ ထပ်ပြီးရှင်းပြရတယ်၊ အခြေအနေတွေ ရှင်းပြနေတုန်းမှာပဲ ဦးဆက်ထွန်းဆီကနေ ဗိုလ်ချုပ်ကြီး အေးကိုဆီ ဖုန်းလာတယ်၊ အဲဒီတော့ ဥက္ကဋ္ဌကြီးကနေ ခေါ်နေပါတယ်၊ ၉ နာရီအရောက်လာပါတဲ့၊ လူကြီးတွေဆိုတာ တွေ့နေကျ လူကြီးတွေပေါ့၊

အင်း... ၆ ယောက်လောက်ရှိပါတယ်၊ အဲဒီမှာ ဗိုလ်စောမောင်နဲ့ ကိုခင်ညွန့်ရှိလားတဲ့၊ ရှိတယ်လို့၊ သူတို့နှစ်ယောက်ကို ခေါ်ခဲ့ပါတဲ့၊ ၉ နာရီအရောက်ဆိုတော့ သူခေါ်ပြီးတာနဲ့ ကျွန်တော်တို့တန်းပြီး ထွက်လိုက်တယ်၊ လုံခြုံရေးက ကျွန်တော်တို့ လုံခြုံရေးပါတာပေါ့၊ ဒါက စက်တင်ဘာလ ၁၈ ရက်နေ့ မနက်ဖြစ်သွားပြီ၊ ကျွန်တော်တို့သွားတာ စက်တင်ဘာလ (၁၇)ရက်နေ့ညမှာ သွားလိုက်တာ၊ ၁၈ ရက်နေ့ မနက် ၉ နာရီအရောက် ကျွန်တော်တို့ အေဒီလမ်းကိုသွားတယ်၊ အဲဒီအခါကျတော့ အိမ်မှာ မဟုတ်တော့ဘူး၊ ရုံးမှာ၊ ဥက္ကဋ္ဌကြီးရဲ့ရုံးမှာ၊ ရုံးကိုသွားတော့ လူကြီးတွေက ဘယ်သူပါသလဲဆိုရင် အဲဒီတုန်းက သမ္မတဒေါက်တာမောင်မောင်၊ ဝန်ကြီးချုပ်က သူရဦးထွန်းတင်၊ ဒု-ဝန်ကြီးချုပ်က ဗိုလ်ချုပ်သန်းတင်၊



ပါတီ အထွေထွေအတွင်းရေးမှူးကတော့ ဗိုလ်ချုပ်ကြီးအေးကို၊ တွဲဖက်က ဗိုလ်ချုပ်ကြီး သူရကျော်ထင်၊ နိုင်ငံခြားရေးဝန်ကြီးကဦးရဲခေါင်၊ အဲဒီ (၆) ယောက်နဲ့ ကျွန်တော်တို့ (၂)ယောက်ပဲ။

ရုံးမှာ ကျွန်တော်တို့လည်းစုံရော ဗိုလ်မှူးဆက်ထွန်းကနေ ဥက္ကဋ္ဌကြီးဆီ လှမ်းဆက်တယ်၊ အားလုံးစုံပါပြီဆိုတော့ ဥက္ကဋ္ဌကြီးက သူ့အိမ်ကနေ ရုံးကို ထွက်လာတယ်၊ ရုံးရောက်တော့ ဥက္ကဋ္ဌကြီးကစပြီးတော့ ညကကွာ၊ ပေါ့ဆိုကို ဒီကောင်နှစ်ကောင် ရောက်လာကြတယ်၊ အဲဒီတော့ တိုင်းပြည်ရဲ့ အခြေအနေတွေ ငါက သူတို့ရောက်လာတော့မှပဲ သေသေချာချာ သဲသဲကွဲကွဲ သိရတော့တယ်၊ စောစောကတော့ ဒီလောက်ဆိုးဆိုးရွားရွားကြီး ဆိုတာ ငါမသိဘူးပေါ့ကွာ၊ မင်းတို့လည်း သိချင်မှ သိမှာပေါ့ကွာ၊ အဲဒီတော့ အခြေအနေကတော့ တော်တော်ဆိုးနေပြီကွာ၊ မင်းတို့ကော နိုင်ရဲ့လား၊ နိုင်နိုင်နင်းနင်း လုပ်နိုင်ကြရဲ့လားဆိုတော့ မလုပ်နိုင်ပါဘူးတဲ့၊ ကျန်တဲ့ လူကြီးတွေကပြောတယ်၊ အဲဒီတော့ ဗိုလ်ချုပ်ကြီးစောမောင်ကို ဗိုလ်စောမင်းလည်း သူတို့ကို ထပ်ရှင်းလိုက်ဦးကွာတဲ့၊ ဗိုလ်ချုပ်ကြီးစောမောင်က ကိုခင်ညွန့် ခင်ဗျားပဲရှင်းပါတဲ့၊ သူပဲ အသေးစိတ် သိတာဆိုတာပြောတော့ ကျွန်တော် ရှင်းပြရတယ်၊ ဥက္ကဋ္ဌကြီးက မင်းတို့လုပ်နိုင်လား၊ ထိန်းနိုင်လားတဲ့၊ ကျွန်တော်တို့ မထိန်းနိုင်ပါဘူးတဲ့၊ မင်းတို့ဘာပြောစရာရှိလဲတဲ့၊ ဘာမှ မရှိပါဘူး၊ ဥက္ကဋ္ဌကြီးအစီအမံပါပဲတဲ့၊ ငါပြောတဲ့အတိုင်း မင်းတို့ လိုက်နာမလားတဲ့၊ လိုက်နာပါ့မယ်ဆိုတော့၊ ကဲ... ကိုစောမောင်၊ ငါတို့ ဘာမှမလုပ်နိုင်တော့ဘူး၊ မင်းတို့ စစ်တပ်ကပဲ၊ တပ်မတော်ကပဲ တိုင်းပြည်ကို တာဝန်ယူလိုက်ကွာတဲ့၊ အဲဒါ တစ်ဆက်တည်းပြောတာ၊ မင်းတို့လုပ်တဲ့အခါမှာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ဆက်ပြီး လုပ်ပါတဲ့၊ ဥပဒေကြောင်းနဲ့ပတ်သက်ပြီး သမ္မတကြီးဒေါက်တာမောင်မောင်ရှိတယ်တဲ့၊ ဒေါက်တာမောင်မောင်ကနေ ဘယ်လိုလုပ်ရမယ်ဆိုတာ ရှင်းပြပြီး လမ်းညွှန်သွားမယ်၊ ဥပဒေနဲ့အညီ လုပ်ပါတဲ့။ ဗိုလ်စောမောင် ငါတို့ကိုလည်း အရင်အစိုးရအဟောင်းဆိုပြီး မင်း တပ်မတော်က တာဝန်ယူပြီးဆိုတဲ့အခါမှာ တို့ကို ဖမ်းသင့်ရင်ဖမ်းလိုက်ပါတဲ့၊ တို့ကို မင်း ထိန်းချင်ထိန်းပါတဲ့၊ အဲဒီလိုကိုပြောတာ၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့မလုပ်နိုင်တော့ဘူးတဲ့။ မင်းတို့

www.burmeseclassic.com



တပ်မတော်ပဲရှိတယ်၊ တပ်မတော်ပဲထိန်းရမှာပေါ့တဲ့ဆိုတော့ ဗိုလ်ချုပ်ကြီး စောမောင်က ပြန်ပြောသေးတယ်၊ ကျွန်တော်ဘာလုပ်ရမလဲတဲ့၊ ကျွန်တော် လည်း မလုပ်တတ်ဘူးတဲ့၊ တိုင်းပြည်ကြီးကို ကိုင်တွယ်ဖို့က ကျွန်တော် လည်း မလုပ်တတ်ဘူး၊ ဘာလုပ်ရမှန်းလည်း မသိဘူးတဲ့၊ အေး…စောမောင်၊ မင်းတို့တပ်မတော်ကလွဲလို့ ကျန်တဲ့သူကို တိုင်းပြည်က အားကိုးလို့ မရဘူးတဲ့၊ မင်းတို့ပဲ ထိန်းရမှာပဲတဲ့၊ မင်းတို့ထိန်းမှ ဖြစ်မှာတဲ့၊ မင်းတို့ မသိတာတွေ ဥပဒေကြောင်းနဲ့ ညီညွှတ်အောင် ဒေါက်တာမောင်မောင် ရှိတယ်၊ မောင်မောင် မင်းက သူတို့အားလုံးကို ရှင်းပြပါ၊ ကဲ…သွားကြတော့ ကွာတဲ့။

ဥက္ကဋ္ဌကြီး ဦးနေဝင်းက ဘယ်သူက ဘာတာဝန်ဆိုပြီး စီစဉ်မပေး လိုက်ဘူး။ ကျွန်တော့်ကိုတော့ ဗိုလ်စောမောင် မင်းဦးဆောင်လုပ်ပါ၊ အဲဒီတော့ ကိုခင်ညွှန့်ကတော့ မင်းတို့နှစ်ယောက် အခုတွဲလုပ်နေတာပဲ၊ ကိုခင်ညွှန့်ကိုတော့ မင်းတို့အတွင်းရေးမှူးတာဝန်ပေးရင် ရတာပေါ့ကွာတဲ့ ဆိုပြီး ပြောလိုက်တယ်။ ဒါပဲပြောလိုက်တယ်၊ ကျန်တာတော့ ဘယ်သူ ဘာညာဆိုတာတော့ စဉ်မပေးလိုက်ဘူး၊ အဲဒီတော့ ကျွန်တော်တို့ ဘယ် ကို သွားသလဲဆိုတော့ ဝင်ဒါမီယာကိုသွားတယ်၊ သမ္မတရုံးပေါ့၊ အဲဒီမှာက အဲဒီအချိန်တုန်းက သမ္မတရုံးမှာ သမ္မတရုံး ညွှန်ကြားရေးမှူးချုပ်က ကို ကက်စိန်၊ ကျန်းမာရေးဝန်ကြီးဟောင်း ဗိုလ်ချုပ် ကက်စိန်ပေါ့၊ သူက အဲဒီတုန်းက သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကက်စိန်၊ ရှေ့မီ နောက်မီဆိုတာ သူတစ်ယောက်ပဲရှိတော့တယ်၊ အဲဒီရောက်တော့ လုပ် ရမယ့်ဥစ္စာတွေ ဒေါက်တာမောင်မောင်ကပဲ ဥပဒေနဲ့အညီလုပ်ရမှာလေးတွေ ကဲ… ကိုခင်ညွှန့်လေးရေ၊ လာကွာဆိုပြီး ကျွန်တော်က သူပြောတာရေးရတာ ပေါ့ဗျာ၊ သူက ဥပဒေကြောင်းနဲ့အညီ အမိန့်တွေထုတ်ရတော့မယ်ဆိုတော့ အမိန့်နဲ့ညွှန်ကြားချက် (၄)စောင် ကျွန်တော်က လိုက်ရေးတာပေါ့၊ အဲဒါ ရေးပြီး ကျွန်တော်ပြန်ဖတ်ပြ၊ သူက ဒါလေးထည့်လိုက်ဦး၊ ဒါလေး ထည့် လိုက်ဦး၊ အဲဒီလိုပြင်ပေးဟာ၊ အဲဒါနဲ့ အမိန့်နဲ့ ညွှန်ကြားချက် (၄) စောင် ဖြစ်လာတယ်။





ဗိုလ်ချုပ်ကြီးသူရရွှေမန်း

အဲဒီအချိန်မှာ ဘယ်လောက်ရောက်သွားပြီလဲဆိုတော့ နေ့လယ် (၂)နာရီကျော်သွားပြီဗျ၊ ထမင်းစားတာက ဘယ်ကထမင်းစားသလဲဆိုတော့ အဲဒီအချိန်တုန်းက ဆိုင်တွေကလည်း အကုန်လုံးမရှိတော့ဘူးလေ၊ ခေါက်ဆွဲဆိုင်ပဲရှိတယ်၊ ရှစ်မိုင်လမ်းဆုံမှာ၊ ခေါက်ဆွဲဆိုင်မှာ ကိုကက်စိန်ကို လူကြီးတွေစားဖို့ ခေါက်ဆွဲကြော်သွားဝယ်ဆိုပြီး သူ့အဖွဲ့လေးနဲ့ ရှစ်မိုင် ကနေ သွားဝယ်တာ၊ ခေါက်ဆွဲနဲ့ မနက်စာပေါ့၊ အဲဒီတော့ ဗိုလ်ချုပ်ကြီး စောမောင် ကနေ ကိုခင်ညွှန့် စစ်ရုံးက ကိုသန်းရွှေဆီကို လှမ်းဆက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ဦးနော်တဲ့၊ ကျွန်တော်တို့ ဒီမှာ ရောက်နေတယ်၊ ဒီမှာရှိနေပါတယ်၊ ဘယ်အချိန်လောက် စစ်ရုံးကို ရောက်မယ်၊ ကျန်တဲ့လူကြီးတွေ စုထားလိုက်ပါ၊ ဒါပဲပြောလိုက်တယ်။

ကျွန်တော်တို့က အားလုံး အဆင်သင့်ဖြစ်ပြီဆိုတော့ ဗိုလ်ချုပ်ကြီးတွေအားလုံးက ကျွန်တော်တို့ကို ‌ေးကြည့်ပြီးတော့ ဗိုလ်ချုပ်ကြီးအေးကိုရော၊ ဗိုလ်ချုပ်ကြီး သူရကျော်ထင်ကရော ကိုစောမောင် ကျုပ်တို့ကို ထိန်းချင်ရင်ထိန်း၊ ခင်ဗျားတို့တာဝန်ယူတော့ ခင်ဗျားတို့သဘောပဲတဲ့၊ ကျွန်တော်တို့လည်း ဘယ်ပြောရက်မှာလဲ၊ အဲဒီကနေ ကျွန်တော်တို့က ၂ နာရီခွဲလောက်မှာ ဝင်ဒါမီယာက ထွက်လာတယ်၊ စစ်ရုံးရောက်တော့ လမ်းမှာပဲ ဗိုလ်ချုပ်ကြီးစောမောင်က ကိုခင်ညွန့်၊ ခင်ဗျားတို့ ဒါတွေထုတ်ဖို့အတွက် ညနေလေးနာရီမှာ မြန်မာ့အသံက သတင်းထုတ်ရမှာကိုးဗျ၊ မြန်မာ့အသံကို အဲဒီအချိန်တုန်းက ကွန်ထရိုး မရှိတော့ဘူးဗျ၊ မြန်မာ့အသံက လွှင့်တဲ့စကား၊ ဘာတို့ ညာတို့ကို ဖျက်မယ့်သူတွေက ဆားနဲ့ပက်မယ်ဆိုတာမျိုး လုပ်နေကြတယ်။ ရေတွေနဲ့ ပက်မယ်။ ဆားနဲ့ပက်မယ်ဆိုတာမျိုးတွေ ဖြစ်နေတယ်။ အဲဒီမှာ မြန်မာ့အသံမှာ ကွန်ထရိုး (ထိန်းချုပ်မှု)မရှိဘူးဗျ၊ အကုန်လုံးက ဆန္ဒပြနေကြပြီကိုးဗျ။

ကျွန်တော်တို့ စစ်ရုံးလည်းရောက်တော့၊ ကဲ... ခင်ဗျား၊ အဲဒီလေးစောင်ကို အချိန်မီသွားလုပ်၊ ကိုယ်က ကျန်တဲ့လူကြီးတွေခေါ်ပြီး ပြောစရာရှိတာပြောနှင့်မယ်ဆိုပြီး သူက အစည်းအဝေးခန်းထဲကျန်ခဲ့တယ်၊ ကျွန်တော်က သတ်သတ်အခန်းမှာ အရာရှိတစ်ယောက် ခေါ်ပြီးတော့မှ ပြန်ပြီး အချောပြန်ရိုက်ပေါ့ဗျာ၊ ၄ နာရီဆိုတော့ ၄ နာရီအမီ လုပ်ရမှာကိုးဗျ၊ အဲဒီတော့ ၃ နာရီခွဲလောက်မှာ ကျွန်တော် ပြီးတယ်၊ စာအိတ် ၄ အိတ်ထဲကို တိုက်ရိုက်ထည့်၊ စာအိတ် နံပါတ် တစ်၊ နှစ်၊ သုံး၊ လေး နံပါတ်ပဲ ထပ်ထားတယ်၊ အဲဒီမှာ ဘယ်သူ့ကိုခေါ်ပြီး ကျွန်တော် တာဝန်ပေးသလဲဆိုတော့ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးညွန့်၊ နောက် တစ်ယောက်က စစ်ဥပဒေချုပ် ဗိုလ်မှူးကြီးသန်းဦး၊ သူတို့နှစ်ယောက်ကိုခေါ်ပြီး ဒီစာအိတ်လေးအိတ်ကို ခင်ဗျားတို့ မြန်မာ့အသံကို ယူသွား၊ စာတွေကို ကျွန်တော်က ချိပ်ပိတ်ထားလိုက်ပြီ။ နံပါတ်စဉ်အတိုင်းပဲ တစ်၊ နှစ်၊ သုံး၊



လေး တစ်ပြီးတော့မှ နှစ်ကို ဖွင့်ကြေညာ၊ ပြီးရင် သုံးဖွင့်ကြေညာ၊ ပြီးရင် လေးဖွင့်ကြေညာ၊ တစ်ခုပြီးမှ တစ်ခု ဖွင့်ရမယ်လို့၊ ခင်ဗျားတို့က သူတို့ကြေညာတာစောင့်ပြီးတော့ ကြည့်ပေါ့လို့ဆိုပြီး သူတို့နှစ်ယောက်ကို လွှတ်လိုက်တယ်၊ ၄ နာရီ ဒေါင်ခနဲ ကျွန်တော်တို့ ကြေညာလိုက်တာပဲ၊ အဲဒီဖြစ်စဉ်ဖြစ်ရပ်အမှန်ပဲ။

အစိုးရအဖွဲ့ဖွဲ့တော့ စစ်ရုံးမှာရှိတဲ့ လူကြီးတွေ အားလုံးကို ထည့်ရတာပေါ့ဗျာ။ စစ်ရုံးမှာဆိုတော့ နဝတဖွဲ့တဲ့အခါမှာ ဥက္ကဋ္ဌကတော့ ဗိုလ်ချုပ်ကြီးစောမောင်ပေါ့၊ ကျွန်တော်က အဲဒီမှာဖွဲ့တဲ့ အချိန်မှာ ဝင်ဒါမီယာမှာ တိုင်ပင်ပြီးဖွဲ့လိုက်တာဗျ၊ စစ်ရုံးကျတော့မှ ဖွဲ့တာ မဟုတ်ဘူး၊ ဝင်ဒါမီယာမှာလူကြီးတွေနဲ့ တိုင်ပင်ပြီးတော့ လူကြီးတွေက တိုင်းမှူးတွေတော့ပါရမှာပေါ့ဗျာတဲ့၊ အဲဒီမှာတင် ကျွန်တော်တို့စစ်ရုံးမှာရှိတဲ့ စစ်ရေးချုပ်တို့၊ စစ်ထောက်ချုပ်တို့၊ ကစထမှူး (စစ်ဆင်ရေးအထူးအဖွဲ့)တို့ပေါ့ဗျာ။ အဲဒီတုန်းက ကစထမှူးက ဗိုလ်ချုပ်စိန်အောင်နဲ့ ဗိုလ်ချုပ်ချစ်ဆွေ၊ စစ်ထောက်ချုပ်က ဗိုလ်ချုပ်ဘုန်းမြင့်တို့၊ စစ်ရေးချုပ် ဗိုလ်ချုပ်အောင်ရဲကျော်၊ အဲဒီအချိန်တုန်းက ဗိုလ်ချုပ်အောင်ရဲကျော်တောင် ခရီးသွားနေတယ်နဲ့တူတယ်။ ကိုရီးယားမှာ အိုလံပစ်ကိစ္စနဲ့၊ ပြန်တောင်မရောက်သေးဘူး၊ လေယာဉ်ပျံပေါ်မှာပဲ ရှိသေးတယ်။ ဒီမှာက ဖွဲ့လိုက်ပြီ၊ စစ်ရုံးမှာရှိတဲ့ ဗိုလ်ချုပ်တွေအားလုံးပေါ့။ စစ်ရေးချုပ်၊ စစ်ထောက်ချုပ်၊ ပြီးတော့ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးသန့်ကို ပြန်ကြားရေးပေးလိုက်တာပေါ့။

ဟိုမှာကတော့ တိုင်းမှူးတွေထည့်ပါဆိုပြီးတော့ ပါတာပေါ့၊ ကျန်တဲ့ အသေးစိတ်က စစ်ရုံးကျမှ ပြန်လုပ်လိုက်တာ၊ အဲဒီမှာ ကျွန်တော်တို့ ခင်ဗျားတို့သိအောင် ဟိုမှာတင် ကျွန်တော်က ပြောလိုက်တယ်၊ အတွင်းရေးမှူး တစ်ယောက်တည်းနဲ့ မရဘူးလို့၊ တစ်နိုင်ငံလုံးကို စီမံခန့်ခွဲရမှာ၊ အတွင်းရေးမှူးက အဓိကအခရာဖြစ်နေပါတယ်လို့၊ အသေးစိတ်လုပ်ရမှာ ကျွန်တော်တစ်ယောက်တည်း မရပါဘူးလို့၊ ကျွန်တော်တစ်ယောက်တည်း လုပ်လို့မဖြစ်ဘူး၊ ဒါဖြင့်ရင် အတွင်းရေးမှူး (၁) (၂) နှစ်ယောက်ထားပေါ့တဲ့၊ ဘယ်သူထားချင်လဲတဲ့၊ ကျွန်တော်ကပြောလိုက်တာပေါ့၊ အဲဒီတုန်းက ဗိုလ်မှူးကြီး တင်ဦးပါပဲ၊ အဲဒီမှာတင်ပဲ ဗိုလ်မှူးကြီးခင်ညွန့်ကို ဒီနေ့ကစပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ဗိုလ်မှူးချုပ်တာဝန်ပေးလိုက်ပါ၊ ဒါမှ သူ တိုင်းပြည်အတွက်လုပ် ဖို့အဆင်ပြေမယ်၊ နို့မို့ရင်တော့ ဒီရာထူးငယ်လေးနဲ့တော့ သူမဖြစ်ဘူး၊ ပရိုမိုးရှင်းပေးလိုက်ပါဆိုပြီး ချက်ချင်းရုံးရောက်တာနဲ့ ကျွန်တော် ဗိုလ်မှူး ချုပ်ဆိုတဲ့ ရာထူးထွက်လာတယ်”ဟူ၍ ဖော်ပြထားသည်။

ဦးမြတ်ခိုင်၏ ဗိုလ်ချုပ်ခင်ညွှန့် အင်တာဗျူးစာအုပ်နှင့် ပတ်သက်၍ မောင်လွင်မွန် (ကသာ)က “ဗိုလ်ချုပ်ကြီးဟောင်း ထောက်လှမ်းရေးညွှန် ကြားရေးမှူးဟောင်း ဦးခင်ညွှန့်သို့ တုံ့ပြန်ချက်”စာအုပ်၌ အောက်ပါ အတိုင်း ပြန်လည်တုံ့ပြန်ရေးသားထားသည်။

“၁၉၈၈ အရေးအခင်းကာလကြီးမှာ တန်ပြန်အဖျက်အမှောင့်လုပ် ငန်းများကို ဆောင်ရွက်ရန်ဆိုတဲ့ အမိန့်ကို ထောက်လှမ်းရေးညွှန်ကြားရေးမှူး ချုပ် အနေနဲ့ လက်မှတ်ထိုးထုတ်ပြန်ခဲ့တာကို ပြန်သတိရမိပါတယ်။ အစိုးရ အလိုတော်ရိများကတော့ ဒီအမိန့်ဟာ အတုကြီးဆိုပြီး ပြောကြတာရှိပါတယ်။ အတုလား၊ အစစ်လားတော့ ကျွန်တော်တို့ မပြောတတ်ပါဘူး၊ အဲဒီအမိန့် အတိုင်း ဖြစ်ပျက်ခဲ့တယ်ဆိုတာတော့ သမိုင်းက သက်သေခံနေပါတယ်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့လောက်ကစပြီး ရန်ကုန်မြို့ တစ်ဝန်း ကုန်လှောင်ရုံတွေ၊ စက်ရုံတွေ၊ တက္ကသိုလ်ဓာတ်ခွဲခန်းတွေ ဖျက် ဆီးလုယက်ခံရပြီး အနားမှာရှိကြတဲ့ စစ်တပ်တွေက အမိန့်မရလို့ဆိုပြီး လက်ပိုက်ကြည့်နေခဲ့တာ၊ ဆန္ဒပြလူထုကို အဆိပ်ခတ်ထားတဲ့ ရေတွေတိုက်၊ ဆေးခပ်ထားတဲ့မုန့်တွေ ဝေလုပ်ခဲ့တာ၊ စက်တင်ဘာ ၂ ရက်နေ့က အင်းစိန် မှာ အဆိပ်ခတ်ထားတယ်လို့ ယူဆရတဲ့ လူတစ်ယောက်မိလို့ သူက ဓာတ် ဆားရေပါလို့ပြောတဲ့ အဲဒီရေကို ပြန်သောက်ခိုင်းရာမှာ ပွဲချင်းပြီး သေဆုံးခဲ့ တာ၊ စက်တင်ဘာ ၅ ရက်နေ့မှာ တောင်ဥက္ကလာ ဘီစကွတ်စက်ရုံ အကြမ်း ဖက်ခံရပြီး သံဃာနဲ့ကျောင်းသားတွေကို ဖမ်းသွားခဲ့တာ၊ အဲဒီလူတွေကို ပြည်သူက ဖမ်းမိတဲ့အခါ သံဃာခေါင်းတစ်ခေါင်းကို ငွေတစ်သောင်း၊ ကျောင်းသားတစ်ခေါင်းကို ငွေငါးထောင်နဲ့ ဆန်တစ်အိတ်စီ ပေးမယ်လို့ ခိုင်းစေခဲ့ကြောင်း ထွက်ဆိုခဲ့တာ၊ စက်တင်ဘာ ၈ ရက်နေ့မှာ ကလေးဆေးရုံ ကြီး ရေစင်ကို အဆိပ်ခတ်ဖို့ကြံတဲ့လူ ငါးဦးကို ဖမ်းမိပြီး လူထုက စစ် မေးမရတဲ့အတွက် ဒေါသဖြစ်ပြီး သုံးဦးကို သတ်ဖြတ်လိုက်ကြတာ၊



သူတို့ဆီက ပါလာတဲ့ပုလင်းတွေဓာတ်ခွဲစစ်ကြည့်တော့ အဆိပ်တွေတွေ့တာ၊ စက်တင်ဘာ ၈ ရက်နေ့မှာပဲ ဆန္ဒပြ ချီတက်လာတဲ့ ရှေ့နေတစ်ဦး ဂျင် ကလိ နဲ့ အပစ်ခံရတာ၊ ၁၀–၉–၈၈ နေ့ လုပ်သားသတင်းစာမှာ ဖော်ပြခဲ့ တဲ့ တန်ပြန်အဖျက်သမားတစ်ဦး ဖမ်းမိရာမှာ ခလရ (၇၀)ကလို့ သိရပြီး အောင်ဆန်းကွင်းမှာ တပ်မ၂၂ရဲ့ ကြီးကြပ်မှုနဲ့ ဂျင်ကလိပစ် လေ့ကျင့် ခဲ့ရကြောင်း၊ ဗိုလ်တထောင်သတင်းစာမှာ ဖော်ပြခဲ့တာ စသည်စသည် များက အဲဒီ အစစ်လား၊ အတုလား မသိရတဲ့ အမိန့်အတိုင်း ဖြစ်နေတာ ကိုတော့ တွေ့ခဲ့ကြရတာပါပဲ။

ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး တန်ပြန်သပိတ်ဖြိုခွဲရေးအတွက် ဥပဒေမဲ့ လုပ်ရပ်များ ဖြစ်ပွားအောင်လုပ်မယ့် အကြံအစည်ကို ဦးနေဝင်းအိမ်မှာ ကျင်းပတဲ့ အစည်းအဝေးက ဘယ်လိုဆုံးဖြတ်ခဲ့တယ်ဆိုတာ တပ်ကြပ် တစ်ဦးအမည်နဲ့ ပြည်သူတွေကို အစောကြီးကတည်းက သတင်းပေးထားတာ လည်းရှိခဲ့ပြီး အဲဒီအတိုင်းလည်း ဖြစ်ခဲ့တာပါပဲ။ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ဥပဒေနဲ့အညီဆန္ဒပြခဲ့ကြ၊ သိန်းနဲ့ချီပြီး လမ်းပေါ်ထွက်ခဲ့ကြ၊ အုပ်ချုပ်ရေး ယန္တရားတစ်ခုလုံးရပ်သွားခဲ့ရ ဖြစ်ခဲ့တာကို ဥပဒေမဲ့ဖြစ်အောင် ယုတ်ယုတ် မာမာ လှို့ဝှက်ကြံစည်ခဲ့ပြီးကာမှ နှောင်နှစ်ပေါင်း အစိတ်လောက် ကြာသွား တဲ့အခါ ဒီစနစ်ဆိုးကြီးကြောင့် ကိုယ်တိုင်ရော၊ မယားရော၊ သားရော၊ သမက်ရော ထောင်နန်းစံခဲ့ရတာတောင် သင်ခန်းစာ မရသေးဘဲ “ခေါင်းတွေ ဖြတ်ကုန်လို့ မဖြစ်တော့ဘူးဆိုပြီး အဖေကြီးဆီသွား (အဖေကြီး အရင်က ခေါ်ခဲ့ရင်တောင် အခု ဗိုလ်ချုပ်လို့ သုံးနှုန်းရင်လည်း ရပါလျက်နဲ့ အဖေကြီး လို့ မြိန်ရေရှက်ရေခေါ်နေသေးတာကိုက သူ့ရပ်တည်ချက်ပေါ်လွင်နေတော့ တာပါပဲ) အမိန့်နာခံလို့ ပြည်သူ့အကျိုးစီးပွားအတွက် မတတ်သာဘဲ အာဏာသိမ်းခဲ့ရပါတယ်ဆိုတာကို ပြန်ပြောရဲနေသေးတာဖြင့် မပြောင်းလဲနိုင် သေးတာကို ပြနေတယ်ဆိုတာ မြင်သာပါတယ်။

အဖေကြီးဆီသွားခန်းမှာလည်း အဖေကြီးကလည်း “ဒီလောက်ကြီး ဆိုးဆိုးရွားရွား ဖြစ်နေတာ ငါ မသိဘူးကွာ”တဲ့။ သူတို့ပြောပြမှ သိဆိုပဲ၊ ကဲ.. ဖြစ်ပုံများ။ တစ်ခါ မင်းတို့ဆီ တိုက်ရိုက်တင်တယ်ဆို မကောင်း ဘူးဆိုပြီး လူကြီးတွေကို သွားပြောလိုက်ဦးဆိုတော့ နောက်ရက်မှာ သွားပြော

www.burmeseclassic.com

www.burmeseclassic.com



တယ်။ လူကြီးဆိုတာက နှစ်ယောက်ပါပဲတဲ့၊ ဗိုလ်ချုပ်ကြီးနှစ်ယောက် သူရကျော်ထင်နဲ့ အေးကိုတဲ့။ သူတို့ကလည်း အခြေအနေတွေကို အသေးစိတ် မသိဘူးတဲ့၊ ထပ်ရှင်းပြရသတဲ့။ ကဲ– အဲဒီကာလ အုပ်ချုပ်တဲ့ အစိုးရကြီးများ တော်ကြပုံပေါ့ဗျာ။ ဗိုလ်ခင်ညွန့်လိုလူသာ မရှိရင် သူတို့ဘာမှ သိမယ့်ပုံ မပေါ်ဘူးဗျ။ အဲဒီအချိန်မှာ ဗိုလ်ချုပ်ကြီးအေးကိုဆီ ဖုန်းလာသတဲ့၊ ဥက္ကဋ္ဌကြီး က တွေ့နေကျ၊ လူခြောက်ယောက်တွေ့ဖို့ ခေါ်တာပဲ၊ အဲဒီခြောက်ယောက်က အဲဒီတုန်းက သမ္မတဒေါက်တာမောင်မောင်၊ ဝန်ကြီးချုပ် ဦးထွန်းတင်၊ ဒုဝန်ကြီးချုပ် ဗိုလ်ချုပ်သန်းတင်၊ ပြီးတော့ ခုနက ဗိုလ်ချုပ်ကြီးနှစ်ယောက်၊ ပြီးတော့ နိုင်ငံခြားရေးဝန်ကြီး ဦးရဲခေါင်တဲ့၊ သူတို့က တွေ့နေကျဆိုပြီး ဘာမှလည်း အသေအချာ မသိကြဘူးဆိုတော့ တွေ့တွေ့ပြီး ဘာတွေများ လုပ်ကြတာလဲလို့တွေးပြီး အံ့သြမိသဗျ။ နောက်ဆုံးတော့ အဲဒီခြောက် ယောက်နဲ့သူတို့နှစ်ယောက် ဗိုလ်စောမောင်၊ ဗိုလ်ခင်ညွန့် အားလုံး ရှစ် ယောက်ဆုံကြတော့ ဗိုလ်နေဝင်းက ဗိုလ်စောမောင်ကို သူတို့ကို ရှင်းပြလိုက် ပါဆိုရာမှာ ဗိုလ်စောမောင်ကလည်း ကိုခင်ညွန့်ရှင်းပါတဲ့၊ သူပဲအသေးစိတ် သိတာဆိုတော့လို့ ဆိုသတဲ့ဗျ၊ ဒီနေရာမှာ "သူပဲ အသေးစိတ်သိတာ" ဆိုတာဟာ ဘာလို ပြောတာပါလဲ၊ "တိုင်းပြည်ကြီးချောက်ထဲကျဖို့ လက် နှစ်လုံးပဲလိုတာကို သူတစ်ယောက်ပဲ သိလို့" တင်ပြရတာလား။ ဒါမှမဟုတ် "ဒီလိုအခြေအနေကို ရောက်အောင် အချိန်ပေး လှုံ့ဆော်ပြီး မဟုတ်မဟာတ် ကြံစည်ခဲ့တာဖြင့် အထမြောက်ပြီး အချိန်သင့်ပါပြီ"လို့ သူတစ်ယောက်ပဲ သိတာလား၊ သို့မဟုတ်ရင် ဒီအချိန် ဒီနေအထားမှာ ဘယ်လိုလုပ်မှပဲဖြစ် တော့မယ်ဆိုတာကို "သူတစ်ယောက်တည်း သိရှိနေလို့"ရှင်းပြရတာလား ဆိုတာ အတော်စိတ်ဝင်စားစရာ ကောင်းပါသဗျာ။

နောက်တော့ ဥက္ကဋ္ဌကြီးက ကျန်တဲ့ဟာတွေနဲ့မနိုင်တော့ဘူး၊ တပ် ဝင်မှဖြစ်မယ်ဆိုတော့ ဗိုလ်စောမောင်က မလုပ်တတ်ဘူးဆိုလည်းမရ၊ မင်းတို့ပဲထိန်းရမှာဆိုပြီး ဥပဒေနဲ့ညီအောင် ဒေါက်တာမောင်မောင် ရှိတယ် ဆိုပြီး ထည့်လွှတ်လိုက်ပါရောတဲ့၊ အဲဒီမှာ သမ္မတရုံးကို သွားပြီးဒေါက် တာမောင်မောင်ပြောတဲ့ အမိန့်တွေကို သူက လိုက်ရေးရတယ်ဆိုတာကိုး။



ကမ္ဘာ့သမိုင်းမှာတော့ အာဏာသိမ်းခံရတော့မယ့် သမ္မတက အာဏာသိမ်းမယ့် အမိန့်ကို နှုတ်တိုက်ချပေးပြီး ရေးခိုင်းတယ်ဆိုတာ ကျွန်တော်တို့ မြန်မာ နိုင်ငံကြီးမှာပဲ ရှိခဲ့တာကတော့ အလွန့်အလွန်ကို ဂုဏ်ယူစရာကြီးပေါ့ခင် ဗျာ" ဟူ၍ တုံ့ပြန်ရေးသားထားသည်။

ထို့နောက် ငြိမ်းချမ်းစွာ ဆန္ဒပြမှုကို ရက်စက်စက်ဖြိုခွင်းခဲ့ပြီးနောက် အာဏာရရှိခဲ့သော နဝတ စစ်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံပြန် တမ်းအတွဲ ၄၁၊ အမှတ် ၃၆ (၂၈–၁၀–၈၈)၌ စစ်တပ်မှ အာဏာသိမ်းခဲ့ ခြင်း ခေါင်းစဉ်အောက်၌–

"နိုင်ငံတော်တစ်ဝန်း၌ အဘက်ဘက်၌ ယိုယွင်းနေသော အခြေ အနေကို အချိန်မီ ထိန်းသိမ်းနိုင်ရန်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် ၁/၈၈ ဖြင့် နိုင်ငံတော် အာဏာအရပ်ရပ်ကို တပ်မတော်က ထိန်းသိမ်းလိုက်သည်"ဟူ၍ဖော်ပြထား သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ် များနှင့်ဖွဲ့စည်းကြောင်း အမိန့်အမှတ် (၁/၈၈)ကို ထုတ်ပြန်ကြေညာသည်။ ယင်းတို့မှာ–

(၁) ဗိုလ်ချုပ်ကြီးစောမောင် – ဥက္ကဋ္ဌ
(၂) ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ – အဖွဲ့ဝင်
(၃) ဗိုလ်ချုပ်မောင်မောင်ခင် – အဖွဲ့ဝင်
(၄) ဗိုလ်ချုပ်တင်ထွန်း – ။
(၅) ဗိုလ်မှူးချုပ်အောင်ရဲကျော် – ။
(၆) ဗိုလ်ချုပ်ဘုန်းမြင့် – ။
(၇) ဗိုလ်ချုပ်စိန်အောင် – ။
(၈) ဗိုလ်ချုပ်ချစ်ဆွေ – ။
(၉) ဗိုလ်မှူးချုပ်ကျော်ဘ – ။
(၁၀) ဗိုလ်မှူးကြီးမောင်သင့် – ။
(၁၁) ဗိုလ်မှူးချုပ်မောင်အေး – ။
(၁၂) ဗိုလ်မှူးချုပ်ဉာဏ်လင်း – ။

www.burmeseclassic.com

www.burmeseclassic.com



(၁၃) ဗိုလ်မှူးချုပ်မြင့်အောင် – ။
(၁၄) ဗိုလ်မှူးချုပ်မြသင်း – ။
(၁၅) ဗိုလ်မှူးချုပ်ထွန်းကြည် – ။
(၁၆) ဗိုလ်မှူးချုပ်အေးသောင် – ။
(၁၇) ဗိုလ်မှူးချုပ် မျိုးညွန့် – ။
(၁၈) ဗိုလ်မှူးချုပ်ခင်ညွန့် – အတွင်းရေးမှူး (၁)
(၁၉) ဗိုလ်မှူးကြီးတင်ဦး – အတွင်းရေးမှူး (၂)
တို့ဖြစ်ကြသည်။

ထိုနေ့မှာပင် နဝတအဖွဲ့သည် ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ပြည်သူ့ကောင်စီအဆင့်ဆင့်စသည့် နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်းများနှင့် ဒုတိယဝန်ကြီးများအား တာဝန်မှ ရပ်စဲသည့် ကြေညာချက်အမှတ် (၂/၈၈)ကို ထုတ်ပြန်ခဲ့သည်။

အာဏာသိမ်းသည့်နေ့ညဘက်တွင် လူထုက လမ်းများအားလုံးကို တားဆီးပိတ်ဆို့မှုများ ချထားလိုက်ပြီး၊ လျှပ်စစ်ဝါယာကြိုးများအားလုံးကို ဖြတ်တောက်ကာ လမ်းမီးများအားလုံးကို အမှောင်ချထားလိုက်သည်။ နဝတအစိုးရ လူထုအား စီတန်းလှည့်လည်ခြင်း၊ သပိတ်စခန်းဖွင့်ခြင်း၊ လမ်းပိတ်ဆို့ ဆန္ဒပြခြင်းနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်သူများကို နှောင့်ယှက်ခြင်း မပြုရန်နှင့် ညမထွက်ရအမိန့်ကို ထုတ်ပြန်ခဲ့သော်လည်း အာဏာဖီဆန်ကာ ဆက်လက်ဆန္ဒပြခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ မီးကုန်ယမ်းကုန် မြင်မြင်သမျှ ဆန္ဒပြသူများကို ပစ်ခတ်ရှင်းလင်းရာ လူထုထောင်ပေါင်းများစွာ သွေးမြေကျခဲ့ရလေသည်။

❒

# အခန်း(၆)

## ဒီမိုကရေစီ အရေးတော်ပုံကြီးအား သေးသိမ်အောင် လိမ်ညာဝါဒဖြန့်ခဲ့ခြင်း

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် မြန်မာ့အသံမှ အာဏာသိမ်းလိုက်သည့် ကြေညာချက်ထုတ်ပြန်ပြီးနောက် မိနစ်ပိုင်းမှာပင် ညနေ ၄း၁၀ နာရီမှ ၄း၅၀ နာရီအထိ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမသစ်တွင် နဝတဥက္ကဋ္ဌနှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်နှင့် ဒုတိယကာကွယ်ရေး ဦးစီးချုပ်နှင့် နဝတအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး သန်းရွှေတို့က နိုင်ငံတော်အာဏာသိမ်းပိုက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းသည့် အစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ ဗိုလ်ချုပ်ကြီးစောမောင်အပါအဝင် ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း၊ ရေ၊ လေ)၊ စစ်ဆင်ရေး အထူးအဖွဲ့ (၁)၊(၂)၊ စစ်ထောက်ချုပ်၊ စစ်ရာထူးခန့်ချုပ်၊ တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး၊ တပ်မတော်စစ်ဆေးရေးအရာရှိ ချုပ်နှင့် စစ်ဦးစီးဗိုလ်မှူးကြီး၊ စစ်ဥပဒေချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ဦးစီးဗိုလ်မှူးကြီး (ရေ)၊ (လေ)၊ တွဲဖက်စစ်ရေးချုပ်၊ တွဲဖက်စစ်ထောက်ချုပ်၊ လေ့ကျင့်ရေး ညွှန်ကြားရေးမှူး၊ အမြောက်နှင့် သံချပ်ကာ ယန္တရားတပ် ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေး ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ခြေမြန်တပ်မဌာနချုပ်အမှတ် (၂၂)၊

www.burmeseclassic.com

www.burmeseclassic.com




(၃၃) မှတပ်မမှူးများ၊ နည်းဗျူဟာမှူးများ၊ စစ်ဦးစီးမှူးများအပါအဝင် စစ်တပ်အရာရှိပေါင်း ၅၆ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေး၌ နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်က–

"ယနေ့အခြေအနေအရပ်ရပ်အရ မိမိတို့အနေနှင့် ဤတာဝန်ကို ထမ်းဆောင်လိုက်ရသည်မှာ နိုင်ငံတော်၏အခြေအနေသည် ယင်းသို့မလုပ်လျှင် မရတော့သဖြင့် လုပ်လိုက်ကြရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စက်ယန္တရားအားလုံးမှာ လုံးဝရပ်ဆိုင်းသွားပြီး၊ လူတွေလည်း စားဝတ်နေရေး၊ အခက်အခဲများ တွေ့နေရကြောင်း၊ အထိတ်ထိတ်အလန့်လန့်ဖြင့် နေကြရ၊ သွားရေးလာရေး အဆင်မပြေ၊ တရားဥပဒေစိုးမိုးရေးကလည်း မရှိ စသည့် အခြေအနေမျိုးများ ရှိပြီး၊ တစ်ဖက်ကလည်း ပြန်လေ့လာကြည့်လျှင် သာမန်အားဖြင့် ဒီမိုကရေစီတောင်းဆိုသည့် အရေးအခင်းမှ တဖြည်းဖြည်း ပုံသဏ္ဌာန်ပြောင်းလာသည်မှာ နောက်ဆုံးတွင် မင်းမဲ့စရိုက်ဆန်သည့် အခြေအနေသို့ ရောက်ရှိခဲ့ပြီး၊ ၎င်းမှပိုမိုဆိုးရွားသည့် အခြေအနေမျိုး ဖြစ်ပေါ်လာနိုင်ကြောင်းကို အထောက်အထားများအရသော်လည်းကောင်း၊ အခြား အကြောင်းအချက်များအရသော်လည်းကောင်း၊ မိမိတို့မှန်းဆ၍ ရကြောင်း၊ ကျောင်းသူကျောင်းသားများနှင့် ဒီမိုကရေစီရေးအတွက် မှန်မှန်ကန်ကန် လုပ်ဆောင်သည့် အခြားသောအဖွဲ့အစည်းများကို ရှေ့တန်းတွင် ဗန်းပြထားပြီး၊ နောက်ပိုင်းတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ဖျက်ဆီးပစ်ရန် အာဏာရလိုသည့် အဖွဲ့အစည်းများ၏ လှုပ်ရှားမှုကို ပေါ်ပေါ်လွင်လွင် တွေ့ရကြောင်း၊ ယင်းအခြေအနေမျိုးတွင် ထိန်းသိမ်းရန်မှာ တပ်မတော်၏တာဝန်သာဖြစ်ကြောင်း၊ မိမိတို့မကြာခဏ ပြောသကဲ့သို့၊ လွတ်လပ်ရေးအစွန့်ရှည်စွာ တည်တံ့ခိုင်မြဲအောင် တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ရှိအောင် ရပ်ရွာ အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ရရှိအောင်ဆောင်ရွက်ပေးရမည်မှာ ပြည်သူ့တပ်မတော်၏တာဝန်သာဖြစ်ကြောင်း၊ ယင်းမှာ မိမိတို့တစ်ဖွဲ့တည်းနှင့် ဆောင်ရွက်ရမည့်ကိစ္စမဟုတ်ဘဲ အခြားသောသက်ဆိုင်ရာ ဝန်ကြီးအဖွဲ့၊ ဌာနများ စုပေါင်းယူကြရန်လိုကြောင်း၊ သို့သော်လည်းပဲ အခုနိုင်ခိုင်မြဲမြဲနှင့် တည်တည်တံ့တံ့ ရပ်တည်နိုင်သည်မှာ မိမိတို့ကာကွယ်ရေးဝန်ကြီးဌာန





တစ်ခုသာလျှင် ကျန်ကြောင်း၊ တစ်ဖက်က ထိုးနှက်မှု၏ အနေအထားများကို ဆန်းစစ်ကြည့်လျှင် ကာကွယ်ရေးဝန်ကြီးဌာနအဖွဲ့အောက်တွင် ရှိသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အဖွဲ့အစည်းများ ပြိုကွဲရေးကို ဦးတည်လာနေသည်ကို တွေ့ရကြောင်း၊ ဤအဖွဲ့ပြိုကွဲသွားလျှင် နိုင်ငံတော်အခြေအနေမှာ ထိန်းမနိုင် သိမ်းမရဖြစ်သွားပြီး ပြည်တွင်းရေးရာကိစ္စများသာမက ပြည်ပစွက်ဖက်မှုများပါ ဖြစ်ပေါ်လာနိုင်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေနှင့် အာဏာကိုလိုချင်၍ မဟုတ်ကြောင်း၊ တိုင်းသူပြည်သားများ၏ ဆန္ဒနှင့်အညီ ဥပဒေအရ ဒီမိုကရေစီစနစ်အရ ပြည်သူလူထုက တောင့်တနေသည့် ဒီမိုကရေစီစနစ်ကိုဖော်ထုတ်ပြီး ပြည်သူလူထုက ၎င်းတို့လိုလားနှစ်သက်သူများနှင့် ဖွဲ့စည်းသည့် လွှတ်တော်အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာပြီး နိုင်ငံတော်ကို အနာဂတ်တွင် ဦးဆောင်မည့် အစိုးရအဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်လာလျှင် မိမိတို့အာဏာကို အမြန်ဆုံးလွှဲပေးမည်ဖြစ်ကြောင်း၊

www.burmeseclassic.com



ယင်းသို့ ဆောင်ရွက်နိုင်ဖို့ဆိုသည်မှာ တိုင်းပြည်၏ငြိမ်ဝပ်ပိပြားရေး တည်တည်ငြိမ်ငြိမ် ရှိရန် အရေးကြီးဆုံးဖြစ်ကြောင်း၊ ယင်းအပေါ်တွင် မူတည်ပြီး ယိမ်းယိုင်နေသည့် အခြေအနေများကို မိမိတို့ဝင်ရောက် မထိန်းသိမ်းလျှင် မဖြစ်တော့သည့်အတွက် မိမိတို့၏တာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ယင်းသို့တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပ်မတော်သားများထားရှိသည့် နဂိုဗီဇအတိုင်း ပုဂ္ဂိုလ်ရေးအာသာတရှိမှုအစရှိသည်များ ရှိမည်မဟုတ်ကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် တရားဥပဒေစိုးမိုးပြီး ငြိမ်ဝပ်ပိပြားအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာ မဆုံးရှုံးအောင် ကာကွယ်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ငြိမ်ဝပ်ပိပြားမှု အမြန်ဆုံးရပြီး လူထုဆန္ဒနှင့် အညီ ရွေးချယ်တင်မြှောက်ပွဲလုပ်ပြီးသည်နှင့် လွှတ်တော်ခေါ်ခေါ်၊ ပါလီမန်ခေါ်ခေါ် ယင်းသို့ အထွေထွေရွေးချယ်တင်မြှောက်ပွဲ ပြီးပါက လူထုကိုယ်စားလှယ်များ တက်လာပြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲကြပြီးလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်တွင် ပေါ်ပေါက်လာမည့်အစိုးရကို အာဏာလွှဲပေးဖို့ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယင်းတာဝန်ကျေပွန်ဖို့ ဆိုသည်မှာ မိမိတစ်ယောက်တည်းနှင့် မပြီးကြောင်း၊ မိမိကွပ်ကဲမှုအောက်တွင် ရှိနေသည့် တပ်မှူးကြီးများ၊ တပ်မှူးများ၊ တပ်ဖွဲ့မှူးများနှင့် တပ်မတော်ကြည်း၊ ရေ၊ လေ တပ်ရင်း၊ တပ်ဖွဲ့ တပ်မတော်သားအားလုံး ဝိုင်းဝန်းကြိုးပမ်းကြမှ ယင်းတာဝန်ပြီးဆုံးမည်ဖြစ်ကြောင်း၊ ယင်းသို့ တာဝန်ထမ်းဆောင်ကြသည့်အခါ ယနေ့အခြေအနေက လက်ခံပြီး ပြေပြေလည်လည် ဖြစ်သွားနိုင်လျှင် ဖြစ်နိုင်ကြောင်း၊ အချို့တစ်ဝက်လောက် မကျေနပ်သဖြင့် တင်းမာမှုဖြစ်စေ၊ အံတုမှုဖြစ်စေ အပြုအမူမျိုး ပြုလုပ်လာနိုင်ကြောင်းလည်း မျှော်မှန်းကြရမည်ဖြစ်ကြောင်း၊ ယင်းအခြေအနေမျိုးဖြစ်လျှင် မိမိတို့ အနေနှင့် သွေးထွက်မှုအနည်းဆုံးဖြစ်အောင် တတ်စွမ်းသမျှ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ယနေ့လှုပ်ရှားမှုများကို ပြန်ကြည့်ရာတွင် ရိုးရိုးသားသားနှင့် တကယ့်ဒီမိုကရေစီရရှိအောင်ကြိုးပမ်းနေသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူအပေါင်း အမှုထမ်းများ၊ ကျောင်းသားလူငယ်များ စသည်ဖြင့် ရိုးရိုးသားသား ဆောင်ရွက်နေသူများ ရှိသကဲ့သို့ အမှောင့်ပယောဂဝင်ပြီး၊ ယင်းကို အခွင့်



အရေးယူ အမြတ်ထုတ်ချင်သည့်သူများလည်းရှိကြောင်း၊ လုပ်ကြကိုင်ကြရာတွင် စဉ်းစဉ်းစားစား၊ ချင့်ချင့်ချိန်ချိန်၊ မှန်မှန်ကန်ကန် မျှမျှတတ လုပ်ကြရန်လိုကြောင်း၊ နှိမ်နင်းဖို့လိုအပ်မည်ဆိုလျှင်လည်း မသက်ဆိုင်သည့် ကလေးအရွယ်၊ ရဟန်းသံဃာများကို အသက်ဉာဏ်ဆုံး စဉ်းစား၍ ယင်းနောက်တွင် ကပ်ပါလာမည့် အမှောင့်ပယောဂကို ရွေးချယ်တတ်ရန်လိုကြောင်း ယခုအချိန်အခါတွင် ပထမဆုံးဆောင်ရွက်ရမည်မှာ ဆောင်ရွက်ကြသည့်အခါ မိမိတို့ အင်အားကို အသုံးပြုရန်လိုကြောင်း၊ တစ်ဖက်ကလည်း သွေးထွက်သံယိုမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရန်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း မိမိတို့ရှိသည့်အင်အားကိုသုံး၍ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးရအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ကြသည့်အခါ ပစ်ခတ်မှုများလည်းရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံအတွက် တပ်မတော်အတွက် ယနေ့ဆင်နွှဲရမည့်တိုက်ပွဲသည် အခက်အခဲဆုံးတိုက်ပွဲဖြစ်ကြောင်း၊ မိမိတို့စိတ်တွင် ခံယူထားရမည်မှာ မည်သို့သော အခက်အခဲမျိုးကိုမဆို ကျော်လွှားအောင်မြင်အောင် မိမိတို့တတွေအားလုံးဝိုင်းဝန်း ဆောင်ရွက်ရမည်ဟု ဆုံးဖြတ်ထားရန်ဖြစ်ကြောင်း၊ အောင်မြင်လျှင် ပြည်သူ့အတွက်ဖြစ်ပြီး၊ ဆုံးရှုံးမှုရှိလျှင် မိမိတို့အားလုံး မိမိတို့၏ အသက်ခန္ဓာကို စွန့်လွှတ်ရမည်ဖြစ်ကြောင်း၊ မိမိတို့ ယင်းကဲ့သို့ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်မှ လုပ်ငန်းအောင်မြင်မည်ဖြစ်ကြောင်း၊ အခြေအနေကို မိမိတို့ရှုမြင်သည့်အခါတွင် မှန်မှန်ကန်ကန်ရှုမြင်တတ်ရန်လိုပြီး တွေးခေါ်စဉ်းစားမှုကစ မိမိမကြာခဏ ပြောသကဲ့သို့ အတိတ်က ဖြစ်ခဲ့သည့်ကိစ္စ၊ ပစ္စုပ္ပန်တွင်ဖြစ်နေသည့်ကိစ္စ၊ အနာဂတ်တွင် ဖြစ်ပေါ်လာမည့်ကိစ္စ စသည်ဖြင့် ယင်းတို့ကို ဆက်စပ်၍ တွေးမြင်တတ်ရန်လိုကြောင်း၊ ယနေ့ဖြစ်နေသည့် အခြေအနေကို မျက်စိအောက်တွင် မြင်သဖြင့် ကြည့်ရှုတတ်မည်ဖြစ်သော်လည်း အတိတ်က မည်သို့ဖြစ်ခဲ့ပြီးပြီ၊ ယနေ့ မည်သို့ ဖြစ်ပေါ်နေသည်။ နောင်တွင် မည်သို့ဖြစ်မည် စသည်ဖြင့် ရှည်ရှည်ဝေးဝေးတွေးပြီး၊ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ကြကိုင်ကြရာတွင် ပြတ်ပြတ်သားသားလုပ်ကြရန်လိုကြောင်း၊ မှန်မှန်ကန်ကန်၊ ရိုးရိုးသားသားနှင့် ဒီမိုကရေစီရရှိရေးအတွက် ကြိုးပမ်းသည့်သူများရှိသကဲ့သို့၊ ပယောဂနှင့်

www.burmeseclassic.com

www.burmeseclassic.com



လူမမယ် အရွယ်များကို ခိုင်းစေမှုများလည်းရှိကြောင်း၊ ရဟန်းသံဃာများနှင့် ကျောင်းသားလူငယ်များကို ရှေ့တန်းတင်ပြီး နောက်က ကြိုးကိုင်နေသည့် သူများလည်းရှိရာ၊ ယင်းတို့ကို ကွဲကွဲပြားပြား နားလည်ပြီး အမှောင့် ပယောဂကပ်နေသည့်သူ၊ နောက်ကကြိုးကိုင်နေသည့်သူများကို ဖော်ထုတ် ရှင်းလင်းပစ်ရမည်ဖြစ်ကြောင်း၊ ယင်းမှာ လူပုဂ္ဂိုလ်ရေးမဟုတ်ကြောင်း၊ နိုင်ငံတော်အကျိုးကိစ္စကို ဆောင်ရွက်ခြင်းဖြစ်မည်ဟု ခံယူပြီး ပြတ်ပြတ် သားသား လုပ်ရမည်ဖြစ်ကြောင်း၊ လျှော့လျှော့ပေါ့ပေါ့ မည်သည့်ကိစ္စကိုမျှ တွက်ဆရန်မဟုတ်ကြောင်း၊ အလေးအနက်ထားပြီး လုပ်သင့်သည်ကို အချိန်မီလုပ်ကြရန် လိုကြောင်း၊ မိမိလုပ်ပိုင်ခွင့်အတိုင်းအတာတွင်း လုပ် ပိုင်ခွင့်ရှိသည်များ အားလုံးကိုအထက်ဌာနက ညွှန်ကြားမှမဟုတ်ဘဲ မိမိတို့၏အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီးလုပ်သွားရန်လိုကြောင်း၊ ယင်း မှာ မိမိတို့လုပ်ငန်းတာဝန် ဆောင်ရွက်သွားရမည့်အပိုင်းဖြစ်ကြောင်း၊ နောက်တစ်ပိုင်းအနေနှင့် ဤကဲ့သို့အချိန်မျိုးတွင် မိမိတို့၌ အာဏာအပြည့် အဝရှိနေရာ ယင်းအပေါ်တွင် အခွင့်အရေးယူ၊ အလွဲသုံးစားမှု၊ အဂတိလိုက် စားမှုများ မပြုလုပ်ကြဖို့ အထူးသတိထားရန်လိုအပ်ကြောင်း၊ စစ်သည် တော်ကျင့်ဝတ်များနှင့် ပြည်သူ့တပ်မတော်သားကျင့်ဝတ်များတွင် ပါရှိသည့် အတိုင်း တိတိကျကျ လိုက်နာသွားကြရန်လိုကြောင်း၊ တပ်မတော်အနေနှင့် ထုတ်ပြန်ထားသည့် တပ်မတော်အက်ဥပဒေကို တိတိကျကျ လိုက်နာကြလျှင် မိမိတို့ အမှားဖြစ်ရန် ဘာမျှမရှိ ကြောင်း၊ ယခုအချိန်တွင် အကောင်းဆုံးစံပြ စည်းကမ်းများရှိရန်လိုကြောင်း၊ အပြောအဆိုအနေအထိုင် အပြုအမူအကျင့် အကြံအားလုံး သမာသမတ်ရှိရမည်။ သမာဓိတရားရှိရမည်။ ယင်းသို့ ဆောင်ရွက်ကြရန်လိုကြောင်း၊ ယနေ့နိုင်ငံတော်တာဝန်သည် မိမိတို့ပခုံးပေါ် တွင် ရောက်လာပြီဖြစ်ရာ ယင်းကို မိမိတို့တစ်တွေ အားလုံး ညီညွတ်စွာ တက်ညီလက်ညီ စိတ်တူသဘောတူ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ပေါ်တွင်လည်း သံသယစိတ်ရှိရန် မသင့်ကြောင်း။ အတိုချုပ်ပြောရလျှင် ဒီကနေ့ အင်မတန်ကြီးမားသည့် နိုင်ငံ တော်တာဝန်ကို မိမိတာဝန်ယူရသည်မှာ ခံစားမှုအများကြီးရှိကြောင်း။ အာဏာကိုလိုချင်၍ မဟုတ်ကြောင်း၊ အာဏာကို ယူရမည့်အချိန်အခါလည်း



မဟုတ်ကြောင်း၊ နိုင်ငံတာဝန်ကိုလည်း လုပ်သင့်လုပ်ထိုက်သလောက် မိမိ တာဝန်ထမ်းဆောင်ခဲ့ပြီဖြစ်ကြောင်း၊ မလွှဲမရှောင်သာ၍ ဤတာဝန်ကို မိမိထမ်းရခြင်းဖြစ်ကြောင်း၊ တစ်ဖက်ကလည်း မိမိတို့တွင် တာဝန်ရှိ၍ ဖြစ်ကြောင်း၊ နောက်တစ်ချက်အနေဖြင့် တပ်မတော်ကို အစဉ်အလာပြုစု ပျိုးထောင်ခဲ့သည့် တပ်မတော်အပေါ်တွင် အင်မတန်ကြီးမားသည့် သစ္စာခံ ယူထားပြီး တပ်မတော်ကို ယခုထိအောင် မိမိ၏သားသမီးသဖွယ် ကြည့် ရှု ပြုပြင်ကြပ်မတ်ပေးခဲ့သည့် ပုဂ္ဂိုလ်များရှိရာ အချို့လည်း သက်ရှိထင် ရှားရှိပြီး၊ တချို့လည်း ကွယ်လွန်ကြပြီဖြစ်ကြောင်း။ သက်ရှိထင်ရှား ရှိရာတွင်လည်း တိုင်းပြည်နှင့်တပ်မတော် အပေါ်တွင် တကယ့်စေတနာအမှန် နှင့် တာဝန်ယူဆောင်ရွက်ခဲ့သည့်သူများ ရှိသလို အကြောင်းအမျိုးမျိုးကြောင့် အကြီးအကဲများဖြစ်ပြီး ထွက်ကြပြကြ သူများလည်းရှိကြောင်း၊ ယခုအချိန် တွင် နားမယောင်ကြရန်လိုကြောင်း၊ သက်ာမကင်းဖြစ်လျှင် စိတ်ထဲတွင် သံသယရှိလျှင် မိမိတို့ကို ပွင့်ပွင့်လင်းလင်း ပြောကြရန်လိုကြောင်း၊ ယခု အချိန်တွင် ဒီတာဝန်ကိုမိမိယူသည့်အခါ မိမိလုပ်တာအားလုံး မှန်သည် ဟု မိမိမခံယူကြောင်း၊ ပြုပြင်သင့်တာ ရှိလျှင် ပြုပြင်သင့်တာတွေ့လျှင် မိမိကိုဝိုင်းပြီး အကြံပေးပါ၊ အကြံဉာဏ်ပေးဖို့လည်း မိမိဖိတ်ခေါ်ကြောင်း နောက်ဆုံးပြောရလျှင် ယနေ့ကျရောက်လာသည့် တိုင်းပြည်၏တာဝန် နိုင်ငံတော်၏တာဝန်ကို မိမိတို့တစ်တွေ ပူးပေါင်း၍ တက်ညီလက်ညီဆောင် ရွက်ကြရန်လိုကြောင်း မိန့်ကြားသွားသည်။

ယင်းနောက် ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့် နဝတအဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီးသန်းရွှေက မိန့်ခွန်းပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ ယင်းတို့နှစ်ဦး၏ မိန့်ခွန်းကို လေ့လာကြည့်ပါက ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်က ငြိမ်းချမ်းစွာ ဒီမိုကရေစီရရှိရေး အတွက် ဆန္ဒပြတောင်းဆိုသော ပြည်သူများကို အကြမ်းဖက်ဖြိုခွင်း၍ အာဏာသိမ်းပိုက်ခဲ့မှုနှင့် ကျူးလွန်ခဲ့သော ရာဇဝတ်ပြစ်မှုများကိုတပ်မတော် ကြည်း၊ ရေ၊ လေ မှ အရာရှိအရာခံအကြပ်တပ်သားများအား လိမ်ညာ ဝါဒဖြန့်လိုမှုနှင့် ယင်းတို့၏လုပ်ဆောင်မှုကို ဥပဒေအညီတရားဝင် လုပ် ဆောင်ခဲ့သယောင်ယောင် ဖြစ်စေရန် ရှင်းလင်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ

www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေး မှတ်တမ်းများကိုလည်း အောက်ခြေရဲဘော်များ သိရှိစေရန်နှင့် သွေးအေးမသွားစေရန်အတွက် စစ်ဗျူဟာကွပ်ကဲမှုအဖွဲ့ (၁) (၂) (၃) မှ စစ်ဗျူဟာမှူးများ၊ ခြေလျင်တပ်ရင်း ၂၆၊ ၃၀၊ ၃၅၊ ၃၉၊ ၄၈၊ ၅၃၊ ၅၇၊ ၅၉၊ ၆၀၊ ၇၃၊ ဆက်သွယ်ရေးတပ်ရင်း ၃၁၃၊ စစ်မြေပြင်ဆေးတပ်ရင်း ၃၃၃ တပ်ရင်းမှူးများထံ ဖြန့်ဝေခဲ့လေသည်။

ထို့အပြင် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံအတွင်း တန်ပြန်သပိတ်နှင့် အဖျက်အမှောင့်လုပ်ငန်းများ ဦးစီးလုပ်ကိုင်ခဲ့သော တပ်မတော်ထောက်လှမ်းရေးမှူးနှင့် နဝတ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်ကလည်း ၁၉၉၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များအား ၁၁၀ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ၌ လိမ်ညာဝါဒဖြန့်ခဲ့သေးသည်။ ၎င်းရှင်းလင်းခဲ့သော ရှင်းလင်းချက်များကို စာဖတ်သူများ ချိန်ထိုးလေ့လာသိရှိနိုင်စေရန် တင်ပြအပ်ပါသည်။

"၁၉၈၈ ခုနှစ်က နိုင်ငံတော်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေတွေကို ပြန်လည်လေ့လာကြည့်မယ်ဆိုရင် ကျောင်းသားများ ရန်ပွဲကအစ ပျိုးခဲ့တဲ့ ဆူပူမှု၊ ဆန္ဒပြမှုများဟာ ပြင်ပသို့ ကူးစက်ပျံ့နှံ့သွားခဲ့ပြီး နောက်ဆုံးမှာ ရန်ကုန်မြို့အပါအဝင် မြို့ကြီးအချို့မှာ ဆူပူဆန္ဒပြမှုတွေ၊ လုယက်သတ်ဖြတ်မှုတွေ တစ်နေ့ထက်တစ်နေ့ အရှိန်မြင့်မားလာပြီး မင်းမဲ့စရိုက်လွှမ်းမိုးတဲ့ ရက်စက်ကြမ်းကြုတ်စွာ ခေါင်းဖြတ်သတ်မှုနဲ့ စက်ရုံတွေ၊ ဂိုဒေါင်တွေ ဖောက်ထွင်းလုယက် ဖျက်ဆီးမှုတွေဟာ ဆိုးဆိုးရွားရွား ဖြစ်ပေါ်လာခဲ့ရပါတယ်။

အဲဒီလို နိုင်ငံတော်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ဖြစ်ပျက်ပြောင်းလဲမှုဟာ သွေးရိုးသားရိုးဖြစ်ချိန်တန်လို့၊ ပြောင်းချိန်တန်လို့ အေးအေးဆေးဆေး ပြောင်းသွားရတဲ့ အနေအထား မဟုတ်ဘူးဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလို သွေးရိုးသားရိုးမဟုတ်တဲ့ အင်မတန်မှ မြန်ဆန်ပြီး ကြမ်းကြမ်းတမ်းတမ်း ပြောင်းလဲမှုများကြောင့် ပြည်သူလူထုများလည်း ဒုက္ခဆင်းရဲမှု၊ နစ်နာဆုံးရှုံးမှုများနဲ့ ကြုံတွေ့ခဲ့ကြရပါတယ်။ အဲဒီလို ဖြစ်ပေါ်ခဲ့ရတဲ့ အကြောင်းတရားတွေဟာ လက်ဝဲလက်ယာ သောင်းကျန်းသူအဖွဲ့အစည်းများရဲ့ နိုင်ငံတော်အာဏာရရှိရေးအတွက် စစ်ရေး၊ နိုင်ငံရေး ဆက်စပ်တဲ့



ယှက်ချိ (မြေအောက်) လုပ်ငန်းများနဲ့ လှုပ်ရှားဆောင်ရွက်မှုများကြောင့် ဖြစ်ခဲ့ရတယ်ဆိုတဲ့ အခြေအနေတွေ၊ ပြည်တွင်းပြည်ပရှိ ဆန့်ကျင်ဘက်နိုင်ငံရေး အင်အားစုများ၊ စာနယ်ဇင်းနဲ့ အသံလွှင့်ဌာနများ၊ ပြည်တွင်းမှာရှိတဲ့ မိတ်ဆွေကောင်း မပီသသော သံတမန်ကျင့်ဝတ်ဖောက်ဖျက်ခဲ့တဲ့ သံတမန်အချို့ဟာ ပြည်တွင်းမှာဖြစ်ခဲ့တဲ့ ဆူပူမှုများ၊ ဆန္ဒပြမှုများ ကြီးထွားကျယ်ပြန့်လာအောင် ကျောင်းသားလူငယ်များနဲ့ ပြည်သူများကို ဘယ်လိုသွေးထိုးမြှောက်ပင့်ပေးခဲ့တယ်ဆိုတာ ယခင်အထူးသတင်းစာ ရှင်းလင်းပွဲတွေမှာ အထောက်အထားနဲ့တကွ အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်၊

ဒီနေ့မှာတော့ ၁၉၈၈ ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ အကြောင်းရင်းတွေအနက်က ရှင်းလင်းတင်ပြရန် ကျန်ရှိနေတဲ့ လူထုလူတန်းစားအလွှာ အသီးသီးအတွင်း ဖြစ်ပေါ်ခဲ့တဲ့လှုပ်ရှားမှုအခြေအနေကို ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီကနေ့နိုင်ငံတော်အတွင်း မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တဲ့ နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းမှာ နိုင်ငံရေးပါတီများအနေနဲ့ လုပ်သင့်လုပ်ထိုက် လုပ်ရမယ့်တာဝန်များနဲ့ နိုင်ငံတော်အပိုင်း၊ ရွေးကောက်ပွဲကော်မရှင်အပိုင်းက ဆောင်ရွက်ပေးရမယ့်တာဝန်များကိုလည်း ဆက်စပ်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပုဂ္ဂိုလ်ရေးဆန်ဆန်ပြောရမှာတွေလည်း ပါပါတယ်၊ အာဃာတစိတ်လုံးဝမရှိရိုးအမှန်ပါ။ ပုဂ္ဂလဓိဋ္ဌာန်မဟုတ်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ အမှန်တရားတွေကို ပြောရမှာဖြစ်ပါတယ်။ သမိုင်းကြောင်းဖြစ်ရပ်များမို့ ချန်လှပ်ထားဖို့ မသင့်လျော်တာနဲ့ ဒီကနေ့ ဆက်လက်ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်၊ မတ် ၁၂ ရက်မှ ၁၅ ရက်နေ့အထိ စက်မှုတက္ကသိုလ်ကျောင်းသားများ ဆန္ဒပြဆူပူမှုရဲ့ နောက်ဆက်တွဲဖြစ်စဉ်ကတော့ ၁၆-၃-၈၈ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ် (ပင်မ)၌ ဖော်မင်း (တတိယနှစ်ပထဝီ)၊ လှမျိုးနောင် (ပထမနှစ်ဥပဒေ)နှင့် ကျောင်းသားအချို့၏ လှုံ့ဆော်စည်းရုံးမှုကြောင့် ကျောင်းသား/သူအင်အားများ စုစည်းမိပြီး ရန်ကုန်တက္ကသိုလ်(ပင်မ)မှ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)သို့ ချီတက်မှုပြုလုပ်ခဲ့ရာ တံတားဖြူအနီးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လူစုခွဲခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်ကြီး စန်းယု (နောင် သမ္မတကြီး)

အဲဒီလို လူစုခွဲရာမှာ ကျောင်းသားကျောင်းသူများပြင်းထန်စွာ ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းမရှိသော်လည်း ကျောင်းသား (၁၀၀)ကျော် သေသည်ဟုလည်းကောင်း၊ အလောင်းများ အင်းလျားကန်ထဲမှာ ပေါ်လာသည်ဟုလည်းကောင်း၊ ကျောင်းသူ ၅၀ ခန့် အဖမ်းခံခဲ့ရသည်ဟုလည်းကောင်း အမျိုးမျိုးသွေးထိုးလှုံ့ဆော်မှုနှင့် ကောလာဟလသတင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။

အဲဒီကောလာဟလသတင်းများကို အကြောင်းပြုပြီး ၁၇-၃-၈၈ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ် (ပင်မ)အတွင်း ကျောင်းသားများ လူစုလူဝေးဖြင့် စုဝေးတရားဟောခြင်း၊ စိတန်းလှည့်လည်ခြင်းများ ပြုလုပ်လာကြပြီး မင်းဇေယျ၊ ဇော်မင်း၊ ဌေးကြွယ်၊ ယုယုမော်နှင့် ကျောင်းသားများ ပါဝင်သည့် "တိုးတက်သော တက္ကသိုလ်ကျောင်းသားများအဖွဲ့"ဆိုတဲ့ အဖွဲ့ကို ပထမဦးဆုံးကျောင်းသားအသင်းအဖွဲ့တစ်ခုအနေဖြင့် ဖွဲ့စည်းလှုပ်ရှားလာတာ တွေ့ရပါတယ်။

၁၉၈၈ ခု၊ မတ်လအရေးအခင်း ဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းမှာ ကျောင်းသားသမဂ္ဂအမည်အမျိုးမျိုးဖြင့် နိုင်ငံတော်အစိုးရအား ဆန့်ကျင်



သည့် လှုံ့ဆော်ဝါဒဖြန့် စာရွက်စာတမ်းအမျိုးမျိုးပေါ်ထွက်လာခဲ့ပါတယ်။ "ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်"ဟူ၍လည်းကောင်း၊ "ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂအဖွဲ့ဟူ၍လည်းကောင်း၊ "မန္တလေးတက္ကသိုလ် ကျောင်းသားများ သမဂ္ဂအဖွဲ့"ဟူ၍လည်းကောင်း အမည်အမျိုးမျိုးဖြင့် ကျောင်းသားထုအတွင်း လှုံ့ဆော်ဝါဒဖြန့်မှုများ များပြားလာခဲ့ပါတယ်။ လှုံ့ဆော်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါတယ်။ ဝါဒဖြန့်မှုနဲ့အတူ ပြည်သူလူထုအတွင်း ကောလာ ဟလသတင်းများမှာလည်း အမျိုးမျိုးပေါ်ထွက်လာခဲ့ပါတယ်။ ငွေကြေးကိစ္စများနဲ့ပတ်သက်၍ ၄၅ ကျပ်တန်၊ (၉၀)ကျပ်တန် အတုများ ပေါ်ပေါက်နေကြောင်း၊ (၁၀)ကျပ်တန်များကို တရားဝင်သုံးစွဲခြင်းမှရပ်စဲ တော့မည်ဖြစ်ကြောင်း၊ ငွေကြေးတန်ဖိုးများ ချတော့မည်ဖြစ်ကြောင်း စသည်ဖြင့် နိုင်ငံတော်အစိုးရရဲ့တရားဝင်သုံးစွဲနေတဲ့ ငွေကြေးများ ခိုင်မာ စိတ်ချမှုမရှိဟု ပြည်သူတို့အမြင်လွဲမှားစေရန် ဖန်တီးခဲ့ပါတယ်။ အဲဒီလို ကောလာဟလများကြောင့် လူအများဟာ လက်ထဲမှာ ငွေကြေးများ မထားလိုဘဲ ပစ္စည်းများဝယ်ယူစုဆောင်းလာရာမှာ ရွှေဈေး၊ မြေဈေး၊ ကားဈေးများ မတန်တဆတက်လာခဲ့ပါတယ်။ အလားတူ အခြားသော အသုံးအဆောင်ပစ္စည်းများသာမက စားသောက်ကုန်ဈေးနှုန်းများပါ တဖြည်းဖြည်း တက်လာခဲ့ပါတယ်။ အခြေခံစားကုန်များပါ ဈေးမြင့်လာတဲ့အတွက် လက်လုပ်လက်စားများနဲ့ လစာနည်းဝန်ထမ်းများရဲ့ စားဝတ်နေရေး ထိခိုက်လာမှု ကြောင့် အထွေထွေမကျေနပ်ချက်များဟာ လူအများစုအတွင်း စိမ့်ဝင်ပျံ့နှံ့ ခဲ့ပါတယ်။ ဒါ့အပြင် ဦးအောင်ကြီးဟာ စာစောင်များ ဖြန့်ဝေပြီး ပြည်သူလူထုအနေနဲ့ အစိုးရအဖွဲ့အစည်းအပေါ် ယုံကြည်မှု၊ ကြည်ညိုလေးစားမှုများ လျော့နည်းစေရန် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ပါတယ်။ ပြည်သူလူထုအတွင်း ဖြစ်ပေါ်နေတဲ့ ကောလာဟလနဲ့ မကျေနပ်ချက်များ သွေးထိုးလှုံ့ဆော်မှုတွေရဲ့ အကျိုးဆက်များဟာ ကျောင်းသားလူငယ်လောကထဲကို ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန် ဂယက်ရိုက်ခတ်စေခဲ့ပြီး သွေးကြွစေခဲ့ပါတယ်။ ဒါကြောင့် ကျောင်းသားများဟာ နီးစပ်ရာ သူငယ်ချင်းများနဲ့ အုပ်စုဖွဲ့ပြီးနောက် တစ်ကြိမ်ဆူပူမှုဖြစ်ပွားပါတ

www.burmeseclassic.com





ဝဲမှယာ ဒုတိယဗိုလ်မှူးကြီး ကျော်သိန်း (နောင်–ဗိုလ်မှူးချုပ်)၊
ဒုတိယဗိုလ်မှူးကြီးသိန်းဆွေ (နောင် ဗိုလ်မှူးချုပ်)၊
ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း (နောင်– ဗိုလ်ချုပ်)

ပါဝင်လှုပ်ရှားကြရန် ဆွေးနွေးတိုင်ပင်ပြီး၊ ကျောင်းမဖွင့်မီကပင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ်၊ မေလ ၃၀ ရက်မှာ ကျောင်းများပြန်လည် ဖွင့်လှစ်ခဲ့ပြီးနောက် ကျောင်းသားလောကအတွင်း တီးတိုးဝါဒဖြန့်လှုံ့ဆော်မှုများ အထူးများပြားလာခဲ့ပါတယ်။ ကျောင်းစဖွင့်ချိန်တွင် မိဘများက သားသမီးများကို ကျောင်းတွင် ပြဿနာပေါ်မည် စိုးရိမ်၍ ကျောင်းမလွှတ်ဘဲ အခြေအနေ လေ့လာနေကြသဖြင့် ကျောင်းတက်သူများစွာ လျော့နည်းလျက်ရှိသည့်အတွက် ကျောင်းထုတ်ခံရသူများပြားသည်ဟု ကောလာဟလများ ထုတ်လွှင့်ခဲ့ကြပြန်ပါတယ်။ ၁၆–၆–၈၈ ရက်နေ့မှာတော့ ကျောင်းသားများအတွင်း ကျောင်းသားထုကို ခေါင်းဆောင်ရန် ကျောင်းသားသမဂ္ဂအမည်ခံ၍ အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းကြောင်း ကြေညာလာတာ တွေ့ရပါတယ်။

အဲဒီအချိန်က တောင်းဆိုချက်တွေကို လေ့လာကြည့်တဲ့အခါ ကျောင်းသားအရေး သက်သက်သာရှိသေးပြီး နိုင်ငံရေးအရောင်အသွေး မပါသေးတာ တွေရပါတယ်။ နောက်တစ်နေ့မှာတော့ ရန်ကုန်တက္ကသိုလ် (ပင်မ)အတွင်းမှာ ကျောင်းသားများဟာ စီးပွားရေးတက္ကသိုလ်မှ စာကူးစက်၊ လက်နှိပ်



စက်များ ရယူအသုံးပြုခြင်း၊ ကမာရွတ်မြို့နယ်အတွင်းမှ အသံချဲ့စက်များကို ရယူ၍ ဟောပြောပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခြင်း၊ မသက်ာသူများကို ဖမ်းဆီးချုပ်နှောင်ရိုက်နှက်ခြင်းများအထိ ပိုမိုအတင့်ရဲစွာ ပြုလုပ်လာခဲ့ကြသည်အထိ ဖြစ်ပေါ်လာခဲ့ပါတယ်။ အသံချဲ့စက်ရလာတဲ့အတွက် စင်ပေါ်တက် ဟောပြောသူပိုမိုများပြားလာပါတယ်။ အစိုးရနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် နာကြည်းဆန့်ကျင်လာစေရန် လုပ်ကြံဟောပြောမှုများလည်း ပိုမိုများပြားလာခဲ့ပါတယ်။ အရက်သေစာနဲ့ မူးယစ်ဆေးဝါးသုံးစွဲပြီး စင်ပေါ်တက်ပြောဆိုမှုများ ပါဝင်လာတာ တွေ့ရပါတယ်။ ကျောင်းသားများအရေးမဟုတ်တော့ဘဲ အစိုးရဖြုတ်ချရေးကို ဦးတည်ကာ ဟောပြောမှုများ ပြုလုပ်လာတာ တွေ့ရပါတယ်။ အချို့ကျောင်းသားများကဆိုရင် ပါမောက္ခချုပ်နဲ့ ဒုပါမောက္ခချုပ်တို့ကို ပြန်ပေးဆွဲပြီး လိုလားချက်များတောင်းဆိုရန်အထိ အကြမ်းဖက်မှုများ ပြုလုပ်ရန် စီစဉ်လှုပ်ရှားလာခဲ့ကြောင်း တွေ့ရှိရပါတယ်။

၂၀–၆–၈၈ ရက်နေ့မှာတော့ ရန်ကုန်တက္ကသိုလ်က မဟုတ်တဲ့ ကျောင်းစိမ်းလုံချည်ဝတ် ကျောင်းသားတွေ၊ ရဟန်းသံဃာတွေ၊ အရပ်သားတွေပါ ကျောင်းဝင်းထဲရောက်ရှိလာခဲ့ပြီး ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်မှ ကျောင်းသားအချို့ပါ ရန်ကုန်တက္ကသိုလ်(ပင်မ)အတွင်း လာရောက်ပူး ပေါင်းခဲ့ကြပါတယ်။ စကားပြောစင်ပေါ်တက်ပြီး အလုအယက်ဟောပြော မှုများ ပြုလုပ်ကြရာမှ ကျောင်းသားအရေးကိစ္စများထက် လက်ရှိအစိုးရ ပြုတ်ကျသွားအောင် ဆန့်ကျင်တိုက်ခိုက်သည့် ဟောပြောမှုများ၊ တပ်မတော်အတွင်း သွေးကွဲစေရန် နည်းအမျိုးမျိုးဖြင့် လှုံ့ဆော်ဟောပြောမှုများ ပြုလုပ်ခဲ့တာကို တွေ့ရပါတယ်။ ဆန္ဒပြရာမှာ ပါဝင်တဲ့ ကျောင်းသားတွေကို ပြင်ပက အားပေးအားမြှောက်ပြုသူတွေက ဒံပေါက်ထမင်းထုပ်တွေ၊ စမူဆာတွေ၊ စားစရာတွေ ပေးပို့လာတာကိုလည်း တွေ့ရပါတယ်။ အချို့ ကျောင်းသားများက ဦးအောင်ကြီးကို ထောက်ခံကြောင်း ဟောပြောတာကို တွေ့ရပါတယ်။ ဒီအခါမှာ အခြားကျောင်းသားအုပ်စုတစ်စုမှလည်း "အောင်ကြီးသည် ငါတို့ခေါင်းဆောင်မဟုတ်၊ မဟာမိတ်သာဖြစ်သည်၊ ကျားကြောက်တိုင်း ရှင်ကြီးမကိုးနိုင်"ဟူသော ကြေညာစာ၊ ပိုစတာများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်လာ တာ တွေ့ရှိရပါတယ်။ ကျောင်းသားခေါင်းဆောင် (၁၅) ယောက်ခန့် ပါဝင်သော အဖွဲ့တစ်ဖွဲ့ဟာ ဘွဲ့နှင်းသဘင်ခန်းမမှာရှိတဲ့ မော်ကွန်းထိန်းနဲ့ ဆရာများကို တွေ့ဆုံပြီး အခု ပြင်ပမှလူတွေပါဝင်လာပြီး ထိန်းမနိုင်တော့ကြောင်း၊ မိမိတို့သပိတ်လှန်လိုကြောင်း၊ အဖမ်းခံကျောင်းသားများ ပြန်လွှတ်ပေးရန်နှင့် ကျောင်းတက်ခွင့်ပြုရန်သာ တောင်းဆိုလိုကြောင်း လာရောက်ညှိနှိုင်းခြင်း ပြုလုပ်တာလည်း တွေ့ရပါတယ်။

ကျောင်းသားများအတွင်း ကျောင်းသားရေးရာကိစ္စကိုသာ တောင်းဆိုလိုသောအဖွဲ့နဲ့ လက်ရှိအစိုးရအား ပြုတ်ကျအောင် ဆန့်ကျင်ဆောင်ရွက်လိုတဲ့အဖွဲ့ နှစ်ဖွဲ့ ကွဲခဲ့တာကို တွေ့ရှိရပါတယ်။

နောက်ပိုင်းမှာ ပြင်ပအရပ်သားများ၊ ရဟန်းသံဃာများ ပါဝင်သည့် အုပ်စုများ ဆူပူသောင်းကျန်းလာပြီး၊ ကျောင်းသားအရေးသက်သက် လုပ်ဆောင်လိုသူကျောင်းသားများ အရေးနိမ့်ခဲ့ရပါတယ်။

အဲဒီလိုနဲ့ ၂၀-၆-၁၉၈၈ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်(ပင်မ) ကျောင်းဝင်းအတွင်းမှ ပြင်ပသို့ထွက်၍ ဆူပူအော်ဟစ်ခြင်း၊ အကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့ကြတာကြောင့် ၂၁-၆-၈၈ ရက်နေ့မှာ ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်ကောလိပ်များအားလုံးကို ပိတ်ခဲ့ရခြင်းဖြစ်ပါတယ်။

တက္ကသိုလ်ကောလိပ်များ ပိတ်ခဲ့ပြီးနောက်ပိုင်းမှာ ရန်ကုန်မြို့လယ်ရှိ အထက်တန်းကျောင်းကြီးဖြစ်တဲ့ ဗိုလ်တထောင်မြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသားအချို့ဟာ ဆန့်ကျင်စာကပ်ခြင်း၊ လူစု၍ ဆူပူအော်ဟစ်ခြင်းများ ပြုလုပ်လာတာ တွေ့ရှိရပါတယ်။ တက္ကသိုလ်ကောလိပ်များပိတ်လိုက်တဲ့အတွက် ဆူပူရန်လှုံ့ဆော်လိုသူများအနေနဲ့ အထက်တန်း၊ အလယ်တန်းမှ ကျောင်းသားငယ်များအတွင်း စတင်ထိုးဖောက်လှုံ့ဆော်လာတာကို တွေ့ရှိရပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံရေးအရောင်အသွေးမရှိသော ကျောင်းသားကျောင်းသူများ၏ ဘဝရှေ့ရေးအတွက် အရှည်ကိုရည်မျှော်၍ ၁၉၈၈ မတ်လနှင့် ဇွန်လအတွင်းဖြစ်ပွားခဲ့သည့်အရေးအခင်းများ၌ ထိန်းသိမ်းခံခဲ့



ရသော ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၂၉ ဦးကို ၇-၇-၈၈ ရက်နေ့နဲ့ ၈-၇-၈၈ ရက်နေ့များတွင် ပြန်လည်စေလွှတ်ပေးခဲ့ပြီး၊ အထိန်းသိမ်းခံခဲ့ရသောကျောင်းသား၊ ကျောင်းသူများနှင့် ပညာသင်ကြားခွင့်ရပ်စဲခြင်းခံခဲ့ရသော ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာသို့ ဆက်လက်ပညာသင်ကြားခွင့် လျှောက်ထားနိုင်ကြောင်း ၇-၇-၈၈ ရက်နေ့မှာ ကြေညာခဲ့ပါတယ်။ ကျောင်းသားအရေးသက်သက်တောင်းဆိုမှုများအပေါ် အစိုးရအနေနဲ့ ဆောင်ရွက်ပေးနိုင်သည့် အတိုင်းအတာအလျောက် ဆောင်ရွက်ပေးခဲ့တာကို တွေ့ရပါတယ်။

၂၈-၇-၈၈ ရက်နေ့ ဝါဆိုလပြည့်နေ့တွင် ရွှေတိဂုံဘုရား၌ လူစည်ကားသည်ကို အခွင့်ကောင်းယူကာ ကျောင်းသားများနဲ့ ဘုန်းကြီးအချို့မှ ဆန့်ကျင်လှုံ့ဆော်တရားများ ဟောပြောခြင်း၊ ဆန့်ကျင်လှုံ့ဆော်ဝါဒဖြန့်စာများကပ်ခြင်း၊ ဝေငှခြင်း၊ ကမ္ဘာလှည့်ခရီးသည်များအား နိုင်ငံတော်နှင့်ပတ်သက်သည့်မမှန်သတင်းများ ပြောကြားခြင်းတို့ ပြုလုပ်ခဲ့သည့်အပြင် ညနေပိုင်းတွင် အလှူခံပုံးကို ရိုက်ခွဲ၍ အလှူငွေများ ယူဆောင်ခြင်း၊ တာဝန်ကျ လုံခြုံရေးဝန်ထမ်းများကို ရန်ပြုခြင်း၊ ခွပ်ဒေါင်းအလံလွှင့်ထူ၍ လူစုလူဝေးဖြင့် ဘုရားရင်ပြင်ပေါ်တွင် လှည့်လည်ကြွေးကြော်ခြင်းများ ပြုလုပ်ခဲ့ကြတာကို တွေ့ရှိရပါတယ်။ အဲဒီက အစပြုပြီး ဇူလိုင်လကုန်ပိုင်းမှာ ဆူပူလိုသူများဟာ ရွှေတိဂုံဘုရားကို အခြေပြု၍ ဆူပူမှုများကို ဆက်လက် ဖန်တီးခဲ့ကြပါတယ်။ သူတို့ရဲ့အဓိက ဦးတည်ချက်ကတော့-

(က) ပါတီဥက္ကဋ္ဌကြီး ဦးစိန်လွင်အား ဆန့်ကျင်ဖြုတ်ချရန်၊
(ခ) ကျောင်းသား၊ အလုပ်သမားနဲ့ တပ်မတော်ပူးပေါင်းရန်၊
(ဂ) ဒီမိုကရေစီရရှိရေးအတွက် အစိုးရအား တော်လှန်ရန်တို့ပဲ ဖြစ်ပါတယ်။

ကျောင်းသားအရေး မပါဝင်တော့ဘဲ အစိုးရကို ဦးတည်ဆန့်ကျင်တိုက်ခိုက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

အဲဒီလို ဖြစ်ပွားခဲ့တဲ့ ကျောင်းသားလှုပ်ရှားမှုကို အကြောင်းပြုပြီး နိုင်ငံခြားသတင်းဌာနတစ်ခုဖြစ်တဲ့ ဘီဘီစီကလည်း အစိုးရကို နိုင်ငံရေးအရ ထိုးနှက်အသံလွှင့်ထုတ်မှုများ ပြုလုပ်ခဲ့ပါတယ်။ ၅-၈-၈၈ ရက်မှ စ၍

www.burmeseclassic.com

www.burmeseclassic.com



ဘီဘီစီက ၈–၈–၈၈ ရက်နေ့တွင် တစ်ပြည်လုံး အထွေထွေသပိတ်ကြီး ဆင်နွှဲမည်ဖြစ်ကြောင်း ကြိုတင်ကြေညာပြီး အခါပေးခဲ့ပါတယ်။ ၆–၈–၈၈ ရက်နေ့ညမှာတော့ ဘီဘီစီက ခရစ္စတိုဖာဂါးနက်စ်နှင့် ကိုကိုလတ်ဦးဆောင်တဲ့ ကျောင်းသားအချို့နှင့် ယင်းတို့စီစဉ်ပေးခဲ့တဲ့ အေးငြိမ်းသူ(ခ) အေးအေးစံတို့တွေ့ဆုံ၍ လုပ်ကြံဆွေးနွေး အသံသွင်းခဲ့သည်ကို လွှင့်ထုတ်ခဲ့ပါတယ်။

ထိုကဲ့သို့ ဘီဘီစီ၏ယုတ်မာသည့် လုပ်ကြံဝါဒဖြန့်မှုကို ပြည်သူအချို့က ကြားသိပြီး ဆက်လက်ဝါဒဖြန့်ခြင်း၊ ဆူပူလိုသောပြည်သူအချို့၏ လှုံ့ဆော်ခြင်း၊ လက်ဝဲလက်ယာ နိုင်ငံရေးသမားများနှင့် ဗကပယူဂျီတို့၏ သွေးထိုးလှုံ့ဆော်ဝါဒဖြန့်မှုတို့ကြောင့် ၈–၈–၈၈ ရက်နေ့ ရန်ကုန်မြို့နှင့် နယ်မြို့အချို့တွင် ဆန္ဒပြသပိတ်မှောက်မှုများ ဖြစ်ပွားခဲ့ရပါတယ်။

သည့်နောက်ပိုင်း ဆန္ဒပြမှုအရှိန်အဟုန် မြင့်မားလာခဲ့ပြီး ဗကသ၊ မကသ၊ ရကသဆိုတဲ့ ကျောင်းသားသမဂ္ဂများ၊ ဌာနဆိုင်ရာ သမဂ္ဂများနဲ့ အဖွဲ့အစည်းအမျိုးမျိုးဟာ အပြိုင်အဆိုင် ဖွဲ့စည်းလှုပ်ရှားခဲ့ကြတာကို တွေ့ရှိရပါတယ်။

တစ်ဖက်မှာလည်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနဲ့ အစိုးရအဖွဲ့မှာ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ရပါတယ်။ လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်း နိုင်ငံရေးလောကမှ အနားယူသွားခဲ့ပြီး သမ္မတအပြောင်းအလဲများ ဖြစ်ပြီး နိုင်ငံရေးမတည်မငြိမ်မှုတွေ ဖြစ်လာခဲ့ရပါတယ်။ ဒီအခြေအနေကို အခွင့်အခါကောင်း စောင့်နေတဲ့ သောင်းကျန်းသူရဲ့ ကိုယ်စားလှယ် ဗကပယူဂျီတွေ၊ နိုင်ငံရေးသမားဟောင်းကြီးတွေဟာ နိုင်ငံတော်အာဏာရရှိရေးအတွက်ဖြတ်လမ်းနည်းက လိုက်ပြီး အပြိုင်အဆိုင် ကြိုးစားလာတာကို တွေ့ရပါတယ်။ အဲဒီထဲမှာ လူထုလူတန်းစားအလွှာတွေထဲက စာနယ်ဇင်းသမားတွေ၊ ရှေ့နေတွေ၊ ဆရာဝန်တွေ၊ အနုပညာသည်တွေဟာ အစပိုင်းမှာ ရောယောင်ပြီး လက်သီးလက်မောင်းတန်း လှုပ်ရှားခဲ့ကြပါတယ်။ နောက်ပိုင်းကျတော့ အဲဒီလူထုလူတန်းစားအသင်းအဖွဲ့ထဲက အချောင်လိုက်ချင်တဲ့ ပုဂ္ဂိုလ်အချို့ဟာ အဲဒီအဖွဲ့အစည်းကို ခုတုံးလုပ်ပြီး အဲဒီအဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်အသွင်နဲ့ အာဏာရရေးကို အပြေးအလွှားလုပ်ကိုင်ပြီး နိုင်ငံရေးလောကထဲ ခြေစုံပစ်ဝင်ကြတာကို တွေ့ရပါတယ်။ အဲဒီလို



အာဏာနဲ့နေရာရရေးအတွက် တစ်ဖက်မှာ မိမိရဲ့အသင်းအဖွဲ့ အရှိန်အဝါယူပြီး တစ်ဖက်မှာ ပြည်သူလူထုအတွင်း ပေါ်ပြူလာဖြစ်မယ့်သူရဲ့ ခြေသလုံးကို အပြေးအလွှား သူ့ထက်ငါဦးအောင် ပြေးဖက်ပြီး အာဏာရရေးလမ်းကြောင်းပေါ် ပြောင်းသွားကြတာ တွေ့ရပါတယ်။ ကျောင်းသားများဟာလည်း နိုင်ငံရေးသမားအချို့ရဲ့ လှည့်ကွက်တွေကြောင့် သောင်းကျန်းသူဖြစ်သူဖြစ်၊ ဘဝပျက်သူပျက်နဲ့ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ရပ်တွေ ကြုံတွေ့ခဲ့ရပါတယ်။

အဲဒီလို တိုင်းပြည်နဲ့ နိုင်ငံရေးအပြောင်းအလဲကို အခွင့်ကောင်းယူပြီး နိုင်ငံရေးလှုပ်ရှားမှုကို ဝင်ရောက်လုပ်ကိုင်ခဲ့ကြတဲ့အထဲမှာ ရန်ကုန်ကို ခေတ္တရောက်နေတဲ့ ဒေါ်အောင်ဆန်းစုကြည် (ဗိုလ်ချုပ်ခင်ညွန့်၏မူလအသုံးအနှုန်းမှာ ဒေါ်စုကြည်ဖြစ်သည်)ကို ဗိုလ်ချုပ်အောင်ဆန်းမျိုးဆက်ဆိုတဲ့ ကြွေးကြော်သံနဲ့ ရှေ့တန်းတင်ပြီး ဖြစ်ပေါ်လာတဲ့ ဆူပူဆန္ဒပြမှုအရေးအခင်းကို ဟန်ချက်ညီ ကိုင်တွယ်အသုံးချခဲ့တဲ့ နိုင်ငံရေးသမားအုပ်စုတစ်စုဟာလည်း ရုတ်တရက် ပေါ်ပေါက်လာခဲ့ပါတယ်။

ဒီမိုကရေစီပါတီမှာ ဒုတိယဥက္ကဋ္ဌလုပ်နေတဲ့ ဦးထွေးမြင့်ဟာ ၁၉၈၈ ခုနှစ် မတ်လကျောင်းသားများ ဆန္ဒပြမှုဖြစ်ပေါ်ပြီးတဲ့နောက်ပိုင်းကစပြီး မိခင်မကျန်းမမာဖြစ်လို့ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးလောကထဲသို့ ဝင်ရောက် ဆောင်ရွက်နိုင်ရန် မကြာခဏ တွေ့ဆုံဆွေးနွေးစည်းရုံးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ် မေလမှာတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ အခွင့်ကြုံတုန်း ဦးထွေးမြင့်နဲ့ ပူးပေါင်းပြီး နိုင်ငံရေးလောကအတွင်းသို့ ပါဝင်လှုပ်ရှားရန် ဆုံးဖြတ်ခဲ့တယ်လို့ သိရပါတယ်။ ဒီနောက်ပိုင်းမှာတော့ ဦးနုမန်းဝင်းမောင်၊ ဗိုလ်မှူးအောင်၊ ဦးစောကြာဒိုး၊ ဦးညိုထွန်း၊ ဦးမြင့်သိန်းအစရှိတဲ့ နိုင်ငံရေးသမားကြီးများနဲ့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်အချို့နဲ့ တိုင်ပင်ဆွေးနွေးပြီး သဘောထားများ ရယူခဲ့ပါတယ်။ ၁၅–၈–၈၈ ရက်နေ့မှာ "ပြည်သူ့အတိုင်ပင်ခံ ကော်မတီဖွဲ့စည်းရေး" ဆိုတဲ့ စာတမ်းကို ဦးထွေးမြင့် ဒေါ်အောင်ဆန်းစုကြည်တို့ ပူးတွဲလက်မှတ်ထိုးပြီး နိုင်ငံတော်ကောင်စီနှင့် အာဏာပိုင်အဖွဲ့အစည်းများသို့ ပေးပို့ခဲ့တဲ့အပြင် ပြင်ပကိုလည်း သက်

www.burmeseclassic.com





ဗိုလ်ချုပ်မှူးကြီးစောမောင်

သိပ်ထိုးဖြန့်ဝေခဲ့ပါတယ်။ တစ်ဖက်မှာလည်း ဒေါ်အောင်ဆန်းစုကြည်ကို ကျောင်းသားအဖွဲ့အစည်းများ၊ စာနယ်ဇင်းအဖွဲ့များ၊ ရှေ့နေများ၊ အနုပညာရှင်များ အစရှိတဲ့ အဖွဲ့တွေနဲ့ အဆက်အသွယ် ပြုလုပ်ပေးခဲ့ပါတယ်။ ဒီနည်းနဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအရှုပ်အထွေး ဇာတ်လမ်းထဲ စတင်ပါဝင်လာခြင်းဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို အဲဒီလို နိုင်ငံရေးဇာတ်ရှုပ်ထဲဆွဲခေါ်ခဲ့သူ ဦးထွေးမြင့်ဟာ တစ်ချိန်က ဦးနုရဲ့ပြည်ပြေးသောင်းကျန်းသူအဖွဲ့ဝင်၊ ဖောက်ခွဲဖျက်ဆီးရေးနဲ့ မြေအောက်လုပ်ငန်းလှုပ်ရှားဆက်သွယ်သူတစ်ဦး ဖြစ်ပါတယ်။ ၁၉၇၂ ခုနှစ်မှာ သက်ဆိုင်ရာက လက်နက်ခဲယမ်းဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများနဲ့အတူ ဦးထွေးမြင့်နဲ့ အပေါင်းအပါများကို ဖမ်းဆီးရမိခဲ့ပြီး၊ ဥပဒေအရ သေဒဏ်ပြစ်ဒဏ် ကျခံခဲ့ရသူ ဖြစ်ပါတယ်။ ၁၉၈၀ ပြည့်နှစ်မှာ နိုင်ငံတော်ကောင်စီရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် (၂/၈၀)အရ သေဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့သူ ဖြစ်ပါတယ်။ ပြန်



လွတ်လာပြီးနောက် ဖဆပလဝန်ကြီးဟောင်းဖြစ်တဲ့ ဦးကျော်ငြိမ်းထံ မှီခိုနေထိုင်ခဲ့ပြီး၊ ဦးကျော်ငြိမ်းနဲ့အတူ သံရုံးဧည့်ခံပွဲများသို့ လိုက်ပါပြီး သံတမန်အသိုင်းအဝိုင်းနဲ့ နီးစပ်ဝင်ဆံ့မှုရယူခဲ့သူဖြစ်ပါတယ်။ ၁၉၈၃ ခုနှစ်ကစပြီး ဦးနု၊ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်ကလေး၊ သခင်သာခင်၊ ဦးအောင်ကြီး စတဲ့ နိုင်ငံရေးသမားကြီးတို့နဲ့အတူ မြန်မာနိုင်ငံရဲ့ အနာဂတ်နိုင်ငံရေးအတွက် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခဲ့ကြရာမှာ အဲဒီအဖွဲ့ရဲ့ အတွင်းရေးမှူးသဖွယ် ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း သိရပါတယ်။ အဲဒီအချိန်က နိုင်ငံရေးလှုပ်ရှားနိုင်ရန်အတွက် ပြင်ဆင်ထားကြရန် ခေါင်းဆောင်အဖြစ် ဦးကျော်ငြိမ်းကို သတ်မှတ်ရန် ဦးနုက အကြံပေးလမ်းညွှန်ခဲ့ပါတယ်။

၁၉၈၈ မတ်လ ကျောင်းသားများ ဆန္ဒပြမှုဖြစ်ပွားပြီးနောက်ပိုင်း ဦးထွေးမြင့်ဟာ ဦးနုနဲ့လည်း မကြာခဏ တွေ့ဆုံဆွေးနွေး တိုင်ပင်ခဲ့ပြီး ဦးအောင်ကြီးနှင့်လည်း နှစ်ကြိမ်ခန့် တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးလောကထဲရောက်လာသည့်အထိ စည်းရုံးဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။

၁၅–၈–၈၈ ရက်နေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးထွေးမြင့်တို့ ပူးတွဲလက်မှတ်ရေးထိုးတဲ့ စာတမ်းထုတ်ပြီးသည့်နောက်မှာ ဦးထွေးမြင့်ကို သက်ဆိုင်ရာက အမှုကိစ္စတစ်ခုဖြင့် ခေါ်ယူထိန်းသိမ်းခဲ့ပါတယ်။ ဒီအခါမှာ မြန်မာနိုင်ငံနဲ့ ရင်းနှီးဝင်ဆံ့မှုမရှိသေးတဲ့ ဒေါ်အောင်ဆန်းစုကြည်အတွက် အခက်အခဲအကျပ်အတည်းများနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ပြင်ပနိုင်ငံရေး လောကနဲ့ ဆက်သွယ်ပေးမယ့်သူ၊ ရုံးလုပ်ငန်းလုပ်ပေးမယ့်သူပင် မရှိ ဖြစ်သွားရပါတယ်။ အဲဒီအခက်အခဲကို ဖြေရှင်း အကူအညီပေးတဲ့သူကတော့ သခင်အုန်းမြင့် ဖြစ်ပါတယ်။ သခင်အုန်းမြင့်ဟာ ဒေါ်ခင်ကြည် မကျန်းမာတဲ့အတွက်အနီးကပ် အကူအညီပေးရင်းနဲ့ ဝင်ထွက်သွားလာနေသူ ဖြစ်ပါတယ်။ သက်ခိုင်နဲ့ ဗကပ ယူဂျီအဖွဲ့အစည်းများကို ငွေကြေးကူညီထောက်ပံ့ပေးခဲ့သူလည်း ဖြစ်ပါတယ်။ သခင်အုန်းမြင့်က ဒေါ်အောင်ဆန်းစုကြည် အနီးမှာ ဗကပဟောင်း လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင်ဟောင်း သခင်တင်မြကို အကူအညီတောင်းပြီး အဆက်အသွယ်ပြုလုပ်ပေးခဲ့ပါတယ်။

www.burmeseclassic.com



အဲဒီအချိန်တုန်းက သခင်တင်မြဟာ ဖြစ်ပေါ်လာတဲ့ ဆန္ဒပြမှုအခြေအနေတွေ၊ နိုင်ငံရေးအခြေအနေတွေနဲ့ ပတ်သက်လို့ ဝိဇ္ဇာရသခင်ချစ်မောင်နဲ့ တိုင်ပင်ဆွေးနွေးပြီး "ပန်ကြားချက်"စာတစ်စောင် ရေးသားထုတ်ဝေနိုင်ရန် စီစဉ်ခဲ့ပါတယ်။ ဦးနုကို ခေါင်းဆောင်သဘောမျိုး ရှေ့တန်းတင်ပြီး၊ နိုင်ငံရေးလှုပ်ရှားမှု ပြုလုပ်ရန် တိုင်ပင်ကြရာမှ နိုင်ငံရေးအယူအဆ သဘောထားတွေ ကွဲလွဲခဲ့ကြပြီး စာစောင်လည်း မထုတ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အဲဒါနဲ့ သခင်တင်မြဟာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရဲထွဋ်နဲ့ပေါင်းပြီး စာစောင်ထုတ်ရန်နဲ့ နိုင်ငံရေးလှုပ်ရှားမှုလုပ်ရန် စီစဉ်တိုင်ပင်နေတုန်းမှာ သခင်အုန်းမြင့်က ဒေါ်အောင်ဆန်းစုကြည်အနီးသို့ ခေါ်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။ အမှန်တော့ သခင်တင်မြဟာ ၁၉၈၆ ခုနှစ်ထဲက ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့ဖူးပြီး နိုင်ငံရေးသဘောတရားများ ဆွေးနွေးပြောဆိုခဲ့ဖူးသူဖြစ်ပါတယ်။

အခြေအနေအချိန်အခါအရ သခင်တင်မြဟာ ဒေါ်အောင်ဆန်းစုကြည်အနားသွားနေဖို့ လိုလိုလားလား လက်ခံခဲ့ပြီး သူနဲ့လက်တွဲညီတဲ့ ဦးလှတင်၊ ဦးစံသာကျော်တို့ကိုပါခေါ်ပြီး ဒေါ်အောင်ဆန်းစုကြည်အနီး အတိုင်ပင်ခံရုံးအဖွဲ့ကို ဖွဲ့စည်းပြီး အကူအညီအပြည့်အဝ ပေးခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ နိုင်ငံရေးသမားဟောင်းများသာမက ဝန်ထမ်းအချို့နဲ့ကျောင်းဆရာ၊ ဆရာမအချို့ပါ ထည့်သွင်းဖွဲ့စည်းခဲ့ပါတယ်။

ဒီအချိန်မှာ ဆန္ဒပြသပိတ်မှောက်တဲ့ဖြစ်စဉ်တွေမှာ ကျောင်းသားအမည်ခံတဲ့အဖွဲ့တွေ၊ သမဂ္ဂတွေသာမက တဖြည်းဖြည်း ဘားကောင်စီ၊ ရှေ့နေအသင်း၊ ဒီမိုကရေစီတိုက်ပွဲဝင် ကော်မတီအမည်ခံတဲ့ ရှေ့နေအဖွဲ့များနဲ့ အသင်းအဖွဲ့အမျိုးမျိုးဟာ စာစောင်တွေ၊ ကြေညာချက်တွေ အမျိုးမျိုးထုတ်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ သပိတ်စခန်းတွေ ဖွင့်ခဲ့ကြတယ်။

သခင်တင်မြဦးစီးတဲ့ အတိုင်ပင်ခံရုံးအဖွဲ့ဟာလည်း ၁၅–၈–၈၈ ရက် ဒေါ်အောင်ဆန်းစုကြည်အနီးရောက်ပြီးတာနဲ့ တစ်ပြိုင်နက် "ပြည်သူ့အတိုင်ပင်ခံ ကော်မတီဖွဲ့စည်းရေး" ပြဿနာကို ပြည်သူလူထုအတွင်း ပျံ့နှံ့လက်ခံလာအောင် အဖွဲ့အစည်းအသီးသီးနှင့် ဆက်သွယ်လှုပ်ရှားခဲ့ပါတယ်။ ကျောင်းသားအဖွဲ့တွေ၊ ရှေ့နေအဖွဲ့တွေ၊ စာပေနဲ့ အနုပညာ



အဖွဲ့တွေ၊ သပိတ်စခန်းမှာရှိတဲ့ အဖွဲ့တွေ၊ မြို့နယ်အသီးသီးမှာရှိတဲ့ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ပေးခဲ့ကြပါတယ်။ နောက်ပိုင်းမှာလည်း သခင်တင်မြ ဦးစီးတဲ့အဖွဲ့ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ သပိတ်အဖွဲ့များတွေ့ဆုံဆွေးနွေးရန် စီစဉ်ပေးခြင်း၊ အကြံဉာဏ်များပေးခြင်း၊ စာရွက်စာတမ်းများ ရေးသားထုတ်ဝေခြင်း၊ စုဆောင်းခြင်း၊ ရန်ကုန်မြို့သာမကနယ်မှာရှိတဲ့ သပိတ်စခန်းတွေနဲ့ ဆက်သွယ်ညှိနှိုင်းပေးခြင်း၊ ညွှန်ကြားချက်များ အကြံပြုချက်များ ပေးပို့ခြင်း၊ လူထုဟောပြောပွဲများအတွက် စီစဉ်ပေးခြင်းများကို ပြုလုပ်ခဲ့ပါတယ်။ ၂၅–၈–၈၈ ရက်နေ့ ဦးထွေးမြင့်ကို သက်ဆိုင်ရာက ပြန်လွှတ်ပေးတဲ့အခါ ဦးထွေးမြင့်ဟာ သခင်တင်မြတို့အဖွဲ့နဲ့သွားရောက်ပူးပေါင်းပြီး လှုပ်ရှားဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။

ယခု ကျွန်တော်တင်ပြခဲ့တဲ့ ဖြစ်စဉ်ဇာတ်လမ်းမှာ အဓိကဇာတ်လိုက်များဖြစ်တဲ့ ပုဂ္ဂိုလ်အချို့ရဲ့ နောက်ကြောင်းအခြေခံကို အနည်းငယ်တင်ပြပါမယ်။

သခင်တင်မြဟာ ၁၉၃၈–၃၉ ခုနှစ်လောက်စပြီး နိုင်ငံရေးလုပ်လာတဲ့သူဖြစ်ပါတယ်။ ၁၉၄၀ ပြည့်နှစ်မှာ ဦးနု၊ သခင်လေးမောင်၊ သခင်စိုး၊ သခင်သန်းထွန်းတို့နဲ့အတူ ထောင်ကျဖူးပါတယ်။ ၁၉၄၁ ခုနှစ်ကစပြီး ကွန်မြူနစ်ပါတီဝင် ဖြစ်ခဲ့ပါတယ်။ ၁၉၄၅ မှာ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်ဖြစ်လာပြီး ကွန်မြူနစ်ပါတီနှစ်ခြမ်းကွဲတဲ့အခါမှာ သခင်စိုး ဦးဆောင်တဲ့ အလံနီအုပ်စုမှာ ပါဝင်ခဲ့ပါတယ်။ ၁၉၄၇ ခုနှစ်မှာ အလံနီပါတီပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ်က ထုတ်ပယ်ခံရပြီး ၁၉၄၉ မှာ အလံဖြူကွန်မြူနစ်ပါတီဘက်ကို ကူးပြောင်းရောက်ရှိသွားပြန်ပါတယ်။ ရဲဘော်မြ၊ သခင်ချစ်၊ သခင်ဇင်တို့နဲ့အတူ ခရိုင်ကော်မတီဝင် ဖြစ်လာ၍ ၁၉၅၂ ခုနှစ်မှာ ဗဟိုကော်မတီဝင်ဖြစ်လာပါတယ်။ ဖဆပလ နှစ်ခြမ်းကွဲတဲ့အခါ ရန်ကုန်မြို့ပေါ်မှာ ဗကပ စည်းရုံးရေးတာဝန်ဖြင့် ယူဂျီလုပ်ငန်းများ လုပ်ဆောင်ရန် စေလွှတ်ခြင်းခံရပြီး အဲဒီလို ဗကပနဲ့ ယူဂျီလုပ်ငန်းများ လုပ်ဆောင်နေစဉ် ၁၉၆၀ နိုဝင်ဘာမှာ ရန်ကုန်မြို့ ရွှေဘုံသာလမ်း တစ်နေရာမှာ တပ်မတော်ထောက်လှမ်းရေးအဖွဲ့ဝင်တစ်ဦးက ဖမ်းဆီးခဲ့ပါတယ်။ အဲဒီကနေ ဘောင်ဒရီလမ်း (မွေစေတီလမ်း)ကို သုံးဘီးကားနဲ့တင်ပြီး ခေါ်အလာမှာ လမ်းမှာ ခုန်ချ

www.burmeseclassic.com





အာဏာရှင် ဦးနေဝင်း

ထွက်ပြေးလို့ ခြောက်လုံးပြူးနှင့် ပစ်ဖမ်းခဲ့ရပါတယ်။ သခင်တင်မြပေါင်မှာ သေနတ်မှန်ပြီး အဖမ်းခံရပါတယ်။ ထိန်းသိမ်းထားစဉ်ကာလမှာပဲ ၁၉၆၂ ခုနှစ် မတ်လမှာ တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပါတယ်။ ၁၉၆၂ ခုနှစ် နိုဝင်ဘာ ၂၇ မှာ တပ်မတော်ခေါင်းဆောင်များရဲ့ ငဲ့ညှာစွာ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် သခင်တင်မြ ပြန်လည်လွတ်မြောက်လာခဲ့ပါတယ်။ အဲဒီတုန်းက သခင်တင်မြဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အကြွင်းမဲ့ ယုံကြည်ထောက်ခံအားပေးတယ်လို့ ဆိုပါတယ်။ နောက်ပိုင်းမှာ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ အလုပ်သမားရေးရာဌာနကြီးမှာ တာဝန်ယူခဲ့ပြီး ၁၉၇၁ မှာ ဗဟိုကော်မတီဝင်ဖြစ်လာခဲ့ပါတယ်။ ၁၉၇၇ ခုနှစ်၊ အောက်တိုဘာမှာ ပါတီစည်းကမ်းအရ လမ်းစဉ်ပါတီမှ ထုတ်ပယ်ခြင်းခံရသူဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် နိုင်ငံရေး အခြေအနေ အပြောင်းအလဲမှာတော့ စောစောက ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ အနီးအနားမှာ ပါဝင်လှုပ်ရှားခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ချက် အံ့သြစရာ တွေ့ရပါတယ်။ ဒါက ဘာလဲဆိုတော့ တိုင်းပြည်ရဲ့ အခြေအနေ




လှုပ်လှုပ်ရှားရှားဖြစ်လာတော့ သခင်တင်မြအနေနဲ့ နိုင်ငံရေးခေါင်းဆောင်အဖြစ် တင်ပြီး လှုပ်ရှားရန် ပထမကြံရွယ်တာက ဦးနုဖြစ်ပါတယ်။ ဒါပေမဲ့ ဦးနုအပေါ်မှာ သခင်တင်မြအနေနဲ့ တကယ်တမ်း လေးစားကြည်ညိုလို့ မဟုတ်ပါဘူး။ ဘာပြုလို့လဲဆိုတော့ ၁၉၄၀ ပြည့်နှစ်ထောင်တူတူ ကျစဉ်တုန်းက အခြားနိုင်ငံရေးသမားကြီးတွေဆီက ထောင်အတွင်းမှာ နေထိုင်ရင်း နိုင်ငံရေးပညာတွေ ကြားနာရတယ်လို့ ဆိုပါတယ်။ ဦးနုထံကတော့ သခင်တင်မြ မျှော်မှန်းထားတဲ့ နိုင်ငံရေးပညာတွေ မရလို့ ဦးနုအပေါ် ထင်သလောက် လေးစားမှုမရှိဘူးလို့ သတင်းအဖြစ် သိထားပါတယ်။ ဒါပေမဲ့ လို့ အရေးကြုံလာတော့ လူသိများတဲ့ ပေါ်ပြူလာအဖြစ် သူ့ကို ရှေ့တန်းတင်လှုပ်ရှားမှသာ လူထုရဲ့ထောက်ခံမှုရနိုင်မယ်လို့တွက်ပြီး ဦးနုကို ပထမရွေးချယ်ခြင်း ဖြစ်ဟန်တူပါတယ်။ ဒါကတော့ နိုင်ငံရေးဇာတ်ခုံပေါ်မှာ သခင်တင်မြရဲ့ ဟိုခုန်ဒီကူး လှုပ်ရှားမှုပြကွက်များပဲ ဖြစ်ပါတယ်။

နောက်တစ်ယောက်ကတော့ ဦးထွေးမြင့်ဖြစ်ပါတယ်။ ဦးထွေးမြင့်ကလည်း ၁၉၅၁ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ဗကပပါတီဝင်တစ်ဦး ဖြစ်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာတော့ တည်မြဲဖဆပလ ရန်ကင်းတိုက်နယ်၊ အတွင်းရေးမှူး ဖြစ်ခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်က စပြီး ဘီဘီစီအသံလွှင့်ဌာနမှာ တာဝန် ထမ်းဆောင်နေစဉ် ၁၉၆၉ ခုနှစ် လန်ဒန်ကို ရောက်ရှိလာတဲ့ ဦးနုရဲ့ ပြည်ပြေးအဖွဲ့နဲ့ အဆက်အသွယ်ရပြီး ပြည်ပြေးသောင်းကျန်းသူအဖွဲ့မှာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ၁၉၇၀ ပြည့်နှစ်မှာတော့ ထိုင်းနိုင်ငံကို ရောက်ရှိသွားပြီး ဦးနုရဲ့ ပြည်ပြေးသောင်းကျန်းသူအဖွဲ့မှာ ရဲဘော်ချစ်ညို အမည်နဲ့ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ၁၉၇၂ နိုဝင်ဘာမှာတော့ ထွေးမြင့်(ခ)ချစ်ညိုနဲ့ ပြည်ပြေးသောင်းကျန်းသူ ဖောက်ခွဲဖျက်ဆီးရေးသမားများကို ထောက်လှမ်းရေးအဖွဲ့အစည်းက ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှာ လက်နက်ခဲယမ်း၊ ဖောက်ခွဲရေးပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်း၊ စာရွက်စာတမ်းများနဲ့ တကွ ဖမ်းဆီးရမိခဲ့ပါတယ်။ အရေးအခင်းကာလ ဆန္ဒပြမှုတွေ အကြောင်းပြုပြီး တိုင်းပြည်အခြေအနေအပြောင်းအလဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို အသုံးချပြီး နိုင်ငံရေးလောကထဲ ပြန်လည်လှုပ်ရှားခဲ့တာကို စောစောပိုင်း

www.burmeseclassic.com

www.burmeseclassic.com





မင်္ဂလာဒုံ တပ်မတော်စစ်သင်္ချိုင်းရှိ ဗိုလ်ချုပ်မှူးကြီးစောမောင် အုတ်ဂူ

ရှင်းပြပြီးဖြစ်ပါတယ်။ ဦးထွေးမြင့်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့စည်းတဲ့အခါမှာလည်း ပါတီဝင်အဖြစ် ဆက်လက်ပါဝင်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ဒီမိုကရေစီပါတီဘက်ကို ကူးပြောင်းသွားခဲ့တာ ဒီမိုကရေစီပါတီမှာ ဒုတိယဥက္ကဋ္ဌရာထူး ချက်ချင်းရခဲ့ပါတယ်။ ပြန်ကြည့်လိုက်တော့ ဒီမိုကရေစီပါတီမှာ ဥက္ကဋ္ဌလုပ်နေတဲ့ ဦးသုဝေအပါအဝင် ခေါင်းဆောင်ပိုင်းအချို့ဟာ ယခင်က ဦးနုခေါင်းဆောင်တဲ့ ပြည်ပြေးသောင်းကျန်းသူအဖွဲ့ဝင်ဟောင်းတွေ ဖြစ်နေတော့ အချင်းချင်းပြန်လည်ပေါင်းစည်းမိကြတဲ့သဘော တွေ့ရပါတယ်။

ဦးသုဝေဟာ ဆိုလို့ရှိရင် ပြည်ပြေးသောင်းကျန်းသူအဖွဲ့အစည်းကလွှင့်တဲ့အသံလွှင့်လုပ်ငန်းတွေမှာ လုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။ အဲဒီမှာ နေထိုင်ရင်း ထိုင်းနိုင်ငံသူ 'ဖာဝီနီကျစ်တဖန် (Pharvinee Chittaphan) ယခု မြန်မာအမည် ဒေါ်မြသန်းဆိုသူနဲ့ အိမ်ထောင်ကျပြီး၊ သားသမီးသုံးယောက်ရရှိခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လည်ရောက်ရှိခဲ့သူ ဖြစ်ပါတယ်။ ဇနီးနဲ့သားသမီးများဟာ ထိုင်းနိုင်ငံသားများဖြစ်ပါတယ်။ သားအငယ်ဆုံးကတော့ မြန်မာနိုင်ငံမှာ မွေးတယ်လို့ဆိုပါတယ်။



ဦးသုဝေနဲ့ ဒီမိုကရေစီပါတီဟာ ဦးနုရဲ့ပြည်ပြေးသောင်းကျန်းသူအဖွဲ့ဝင်များဖြစ်ခဲ့လို့လားတော့ မသိဘူး၊ ဘာသာရေးကို နိုင်ငံရေးအတွက်အသုံးချရန်ကြိုးစားခဲ့တာတွေကတော့ မသင့်မလျော်တွေ့ခဲ့ရပါတယ်။ ၁–၉–၈၉ ရက်နေ့ထုတ် ဒီမိုကရေစီပါတီက ထုတ်ပြန်ချက်မှာ ရဟန်းသံဃာ၊ မယ်သီလရှင်၊ ဖိုးသူတော်၊ ရသေ့များကို မဲပေးခွင့်ပြုသင့်တယ်ဆိုပြီး ဖော်ပြတာကို တွေ့ရပါတယ်။ ရွေးကောက်ပွဲအပြီး ၃၀–၆–၉၀ ရက်နေ့ ဒီမိုကရေစီ ပါတီဗဟိုကော်မတီ အစည်းအဝေးမှာတော့ ဦးသုဝေက "ရွေးကောက်ပွဲမှာ ဆရာတော်သံဃာတော်များ၊ သီလရှင်များ မဲပေးခွင့်ရအောင် တောင်းဆိုခဲ့ပါတယ်။ အဲဒါတစ်နိုင်ငံလုံး လှုပ်ခါသွားနိုင်တဲ့အကြောင်းအရာပဲ။ ကျွန်တော်တို့ပါတီတွေဟာ မိမိတို့မြို့နယ်၊ ရပ်ကွက်တွေထဲမှာရှိတဲ့ ဘုန်းကြီး ကျောင်းတွေအားလုံးကိုသွား၊ ဘုန်းတော်ကြီးတွေကိုလျှောက်၊ ဘုန်းတော်ကြီးတွေရဲ့သဘောထားတွေကို ယူ၊ အဲသလို လုပ်ရမယ့်အစား ဘာမှ မလုပ်ဘူး၊ ချပေးလိုက်တဲ့အကြောင်းရပ်ရဲ့ တန်ဖိုးကိုသိနားလည်ဟန် မတူဘူး၊ ရန်ကုန်မှာ အချို့သောကျောင်းတိုက်တွေက မဲပေးခွင့် သဘောတူပြီး သံဃာ့နာယကအဖွဲ့ကို တင်ပြတောင်းဆိုတဲ့အတွက် ရတ်ရတ်သဲသဲ ဖြစ်ခဲ့တာတောင် ကျွန်တော်တို့အသုံးမချနိုင်ခဲ့ဘူး"လို့ ပြောခဲ့ပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ဒီမိုကရေစီပါတီအနေနဲ့ ဘာသာရေးကိစ္စတွေကို ပါတီနိုင်ငံရေးအတွက် အသုံးချဖို့ ကြိုးပမ်းခဲ့တယ်ဆိုတာ အထင်အရှား တွေ့နေရပါတယ်။ ပြည်ပြေးသောင်းကျန်းသူ လက်ဟောင်းများဖြစ်ကြတဲ့ ဦးထွေးမြင့်တို့၊ ဦးသုဝေတို့အနေနဲ့ နိုင်ငံရေးလုပ်တဲ့နေရာမှာ လူအများ လေးစားကြည်ညိုတဲ့ ရဟန်းသံဃာတော်တွေကို အသုံးချပြီး နိုင်ငံရေး အမြတ်ထုတ်ဖို့ ကြိုးပမ်းခဲ့တာကို တွေ့ရပါတယ်။

နောက်ဇာတ်လိုက်တစ်ယောက် ဦးဝင်းတင် ဖြစ်ပါတယ်။ ဟံသာဝတီသတင်းစာ အယ်ဒီတာဘဝမှာ ဆန့်ကျင်ဘက်နိုင်ငံရေးအသွင်ဆောင်တဲ့စာပေ ဆွေးနွေးပွဲပိုင်းတစ်ခု ပြုလုပ်တဲ့ကိစ္စကြောင့် အငြိမ်းစားပေးခြင်းခံရတဲ့ အပေါ်မကျေမနပ်ဖြစ်ပြီး လမ်းစဉ်ပါတီနှင့် အစိုးရအပေါ် အာဃာတရှိသူတစ်ဦးဖြစ်ပါတယ်။ ဦးဝင်းတင်ရဲ့ပြောဆိုလုပ်ဆောင်ချက်တွေကိုကြည့်မယ်ဆိုရင် ဆရာမွေးပြီး အာဏာရရှိရေး၊ အာဏာရရှိရေးဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနည်းလမ်းကို သုံးရသုံးရ လုပ်မယ်ဆိုတဲ့ စိတ်သဘောထားရှိတာကို တွေ့ရပါတယ်။ ဦးဝင်းတင်အကြောင်း နောက်ပိုင်းမှာ ဆက်လက်တင်ပြသွားပါ့မယ်။

ဦးဝင်းတင်နဲ့ တွဲဖက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ နေရာယူလာသူကတော့ သူနဲ့အတွေးအခေါ်ချင်းတူ၊ အယူအဆချင်းတူတဲ့ ရှေ့နေ ဦးထွန်းတင်ဖြစ်ပါတယ်။ ဦးဝင်းတင်ဟာ ဦးထွန်းတင်ကိုအဖွဲ့ချုပ် အမှုဆောင်လူကြီးဖြစ်အောင် ကြိုးပမ်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဦးထွန်းတင်ဟာ တရုတ်–မြန်မာကပြားဖြစ်ပြီး ငယ်နာမည် **Frank Wong** ဖြစ်ပါတယ်။ ကျောင်းသားဘဝကတည်းက ကွန်မြူနစ်ဝါဒ၊ မာ့က်စ်ဝါဒများကို လေ့လာ လိုက်စားပြီး လက်ခံခဲ့သူဖြစ်ပါတယ်။ ၁၉၅၅ မှာ ဗကပမြေအောက်အဖွဲ့ဝင်များကို အားပေးကူညီခဲ့ပါတယ်။ ၁၉၅၆ ရန်ကုန်ခရိုင် ပြည်တွင်းငြိမ်းချမ်းရေးဆန္ဒပြပွဲမှာ အခမ်းအနားမှူးလုပ်ခဲ့ပါတယ်။ ၁၉၅၇ ခုနှစ် ရခိုင်ပြည်နယ်အတွင်း ဆန္ဒပြပွဲများမှာလည်း လှည့်လည်ဟောပြောမှုတွေ လုပ်ခဲ့ပါတယ်။ ၁၉၅၉ ခုနှစ် မန္တလေးမြို့မှာ ဗကပ မြေအောက်အဖွဲ့များနဲ့ ဆက်သွယ်လှုပ်ရှားသဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်း ခံရသူဖြစ်ပါတယ်။

ဦးဝင်းတင်နဲ့ ပူးတွဲပြီးအဓိက ဓာတ်ကောင်အဖြစ် လှုပ်ရှားခဲ့သူ စာရေးဆရာမောင်သော်ကဆိုတာ တစ်ချိန်က တပ်မတော်(ရေ)မှာ ဗိုလ်မှူး အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ ၁၉၆၅ မှာ တပ်မတော်မှ သစ္စာဖောက်ထွက်ပြေးသွားတဲ့ ကျော်စွာမြင့်ကိုစွနဲ့ ပတ်သက်ခဲ့တဲ့အတွက် ထိန်းသိမ်းခြင်းခံခဲ့ရဖူးပါတယ်။ ၁၉၆၈ မှာ တပ်မတော်က ဆေးအဆင့်နိမ့်ဖြင့် အငြိမ်းစားပေးခဲ့ပါတယ်။ ဒီအကြောင်းအရာတွေမှာ ပုဂ္ဂိုလ်ရေးရာတွေ ပါနေတဲ့အတွက် မပြောချင်သော်လည်း ဓာတ်ရည်လည်အောင် ပြောမှဖြစ်မှာမို့ နိုင်ငံရေးအပြောင်းအလဲတစ်ရပ်မှာ ပါဝင်ပတ်သက်ခဲ့တဲ့သူတွေရဲ့ နောက်ကြောင်းအခြေခံနဲ့ သူတို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကို ဆက်စပ်လေ့လာနိုင်အောင် အမှန်ကိုသိမြင်နိုင်အောင် တင်ပြရခြင်းဖြစ်ပါတယ်။ ဒါမှလည်း နိုင်ငံရေးဓာတ်ခုံပေါ်မှာ လှုပ်ရှားနေကြတဲ့ နိုင်ငံရေးခေါင်းဆောင်ဆိုသူတွေရဲ့ နောက်ကြောင်းသမိုင်းကို သိမြင်လာပြီး ရည်မှန်းချက်ပန်းတိုင်ကို ချိတက်ကြတဲ့နေရာမှာ မှန်မှန်ကန်ကန် ဖြောင့်



ဖြောင့်ဖြူးဖြူးချီတက်နိုင်လိမ့်မယ်လို့ ယုံကြည်ထားပါကြောင်း ပြောကြားလိုပါတယ်။

ကျောင်းသားဆူပူဆန္ဒပြမှုကစပြီး ပြောင်းလဲဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအခြေအနေနဲ့ ဆူပူဆန္ဒပြမှုအပေါ်မှာ အဲဒီအချိန်က ခေတ်စားလာတဲ့ ပန်ကြားချက်တို့၊ အသိပေးချက်တို့၊ တောင်းဆိုချက်တို့စတဲ့ စာစောင်တွေ မလှုပ်သလို ထွက်ပေါ်ခဲ့ပါတယ်။ အဲဒီလို သူများနည်းတူ စာမထုတ်နိုင်ဘဲ ခေတ်နောက်ကျကျန်နေမှာစိုးတဲ့ စာပေနဲ့အနုပညာရှင်လောကမှ နိုင်ငံရေး လောကထဲသို့ အရေးအခင်းရဲ့ ရေမြောင်းထဲမျောပါသွားကြတဲ့ ပုဂ္ဂိုလ်အချို့အကြောင်းကိုလည်း ထည့်သွင်းတင်ပြမှ ပြည့်စုံမှာဖြစ်ပါတယ်။

စာရေးဆရာများဖြစ်ကြတဲ့ လေသူရဲတစ်ဦး (ဗိုလ်ကြီးဟောင်းလှဝင်း) နဲ့ ဟံသာဝတီ ဦးဝင်းတင်၊ ဦးဝင်းခက်၊ မောင်သော်က (ဗိုလ်မှူးဟောင်း ဘသော်)တို့က ၁၇–၈–၈၈ ရက်နေ့လောက်မှာ စုဝေးတိုင်ပင်မိကြပြီး ဘားကောင်စီရှေ့နေတွေက ကြေညာချက်ထုတ်တဲ့နည်းတူ ကြေညာချက်ထုတ်ရန်စတင်တိုင်ပင်မိတယ်လို့ သိရပါတယ်။ ဒီနောက်ပိုင်းမှာ ဒါရိုက်တာ မိုးသူ(မောင်မိုးသူ)၊ စံပယ်ဦးတင်စိုးတို့နဲ့ ပူးပေါင်းပြီးကြေညာချက်တစ်စောင်ကို ရိုက်နှိပ်ခဲ့ကြပါတယ်။ ဒီကြေညာချက်အပေါ်မှာ (**Signature Campaign**) ပုံစံနဲ့ စာပေ၊ ပန်းချီ၊ ရုပ်ရှင်၊ ပန်းပု၊ အနုပညာရှင်တွေကို လှည့်လည်စည်းရုံးလက်မှတ်တွေ ရေးထိုးစေပြီး ကြေညာချက်တွေကို ဖြန့်ဝေခဲ့ကြပါတယ်။ အဲဒီလို လက်မှတ်တွေကို သက်ကြီးရွယ်ကြီးစာပေပညာရှင်များဖြစ်ကြတဲ့ ဆရာမင်းသုဝဏ်၊ ဆရာဇော်ဂျီ၊ ဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်၊ ဆရာရန်အောင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးများကို အရင်စည်းရုံးပြီး လက်မှတ်ရေးထိုးပြီးမှ အခြားလူငယ် စာပေပညာရှင်များကို စည်းရုံးပြီး လက်မှတ်ရေးထိုးစေကြပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာစံပယ်ဦးပုံနှိပ်တိုက်ကို အခြေခံပြီး စံပယ်ဦးတင်စိုးရဲ့ အကူအညီနဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ကြပါတယ်။

အဲဒီအချိန်ထိ သူများတွေ စာစောင်ထုတ်လို့သာထုတ်ရတယ်၊ နိုင်ငံရေးအတွက် ရေရှည်ဆောင်ရွက်ရန် ဦးဆောင်သူအချို့မှာ ရည်ရွယ်ချက်မရှိကြဘူးလို့ သိရပါတယ်။ ဆရာမင်းသုဝဏ်ဆိုရင် လက်မှတ်ထိုးဖို့အရေး

www.burmeseclassic.com

www.burmeseclassic.com



ဇနီးဖြစ်သူနဲ့ နာရီဝက်ခန့်ကြာ တိုင်ပင်ခဲ့ရတယ်။ လက်မှတ်လာထိုးခိုင်းသူတွေကိုလည်း မင်းတို့ ဒါထက်ပိုပြီး နိုင်ငံရေးမလုပ်နဲ့၊ ဒီအဆင့်ပြီးရင်ပြီးပြီဟု ပြောဆိုပြီး လက်မှတ်ရေးထိုးပေးခဲ့တယ်လို့ သိရပါတယ်။ (ဒါပေမဲ့ နောက်ပိုင်းမှာတော့ ဆရာမင်းသုဝဏ်ဟာ NLD ပါတီက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်နေတာ တွေ့ရပါတယ်) အံ့ဩစရာတွေပါပဲ၊ ဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည် ရုံးအဖွဲ့မှာပါတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးပညာတွေ သင်ပေးနေတဲ့ သခင်တင်မြတို့အဖွဲ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူ့အတိုင်ပင်ခံကော်မတီ ဖွဲ့စည်းရေးပြဿနာကို လူထုအတွင်း ပျံ့နှံ့လက်ခံလာအောင် အဖွဲ့အစည်းအသီးသီးနှင့် ဆက်သွယ်လှုပ်ရှားဖို့လိုကြောင်း ကျောင်းသားအဖွဲ့အစည်းအသီးသီးနှင့် အဆက်အသွယ်ရှိနေတဲ့ ဘားကောင်စီ၊ ရန်ကုန်ရှေ့နေအသင်း၊ စာပေနှင့်အနုပညာအဖွဲ့စသည်တို့နှင့် ဆက်သွယ်လှုပ်ရှားဖို့လိုတဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည်ကို တွန်းတင်ပေးခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း သဘောတူတဲ့အတွက် သခင်တင်မြ၊ ဦးလှတင်၊ ဦးကိုယုတို့ဟာ ညှိနှိုင်းဆွေးနွေးပြီး စစ်အုပ်ချုပ်ရေးကာလအတွင်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးသမားဟောင်းများ၊ စာပေနှင့်အနုပညာအဖွဲ့များ၊ ရှေ့နေများနဲ့ တွေ့ဆုံဖို့ စီစဉ်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒေါက်တာမောင်မောင်အစိုးရတက်ပြီး ၂၁–၈–၈၈ ရက်နေ့ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်သူရလမ်းမှာရှိတဲ့ လက်ဖက်ရည်ဆိုင်အပေါ်ထပ်နေရာတစ်ခုမှာ လျှို့ဝှက်အစည်းအဝေးမှာ ဒေါ်အောင်ဆန်းစုကြည်၊ ဝိဇ္ဇာရသခင်ချစ်မောင်၊ သခင်ခင်အောင်၊ သခင်ထွန်းခင်၊ ဦးကိုယု(ရှေ့နေ)၊ ဦးထွန်းတင် (ရှေ့နေ)၊ ဦးသာထွန်း (ရှေ့နေ)၊ ဦးဘသော် (စာရေးဆရာ မောင်သော်က)၊ ဦးဝင်းတင် (ဟံသာဝတီ)၊ ဦးမိုးသူ (ဒါရိုက်တာ)၊ ဦးလှဝင်း(လေသူရဲတစ်ဦး)၊ သခင်တင်မြ၊ ဦးသာထွန်း (သံအမတ်ကြီးဟောင်း)၊ ဦးစံသာကျော် (ဗိုလ်မှူးဟောင်း)၊ ဦးစိုးလှိုင်၊ ဗိုလ်ညို (ပြည်သူ့ရဲဘော်)၊ ဦးမျိုးညွန့်၊ ဦးအောင်မြင့်ဦး၊ ဦးညိုအုန်းမြင့်၊ ဦးကိုကိုကြီး၊ ဦးကျော်ဇောဝင်း၊ ဦးလှတင်တို့ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ လူအတော်စုံလင်ပါတယ်။ ယင်းအစည်းအဝေးမှာ ဝိဇ္ဇာရသခင်ချစ်မောင်က သူတို့ရဲ့အင်အားကသေးပြီး အစိုးရဘက်က အင်အားကြီးကြောင်း၊



နောက်ပိုင်းမှာ တဖြည်းဖြည်း ယင်းတို့ဘက်က အင်အား ကြီးလာမည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ယင်းတို့က အင်အားသာလွန်လာမှာဖြစ်ကြောင်း၊ ထိုအချိန်မျိုးမှာ အာဏာပြဿနာပေါ်လာမှာကို စဉ်းစားသင့်ကြောင်း ယခုအချိန်မှာ စုစည်းညီညွတ်သော Alliance ကို ဖွဲ့၍ ဒေါ်အောင်ဆန်းစုကြည်အား ပြောရေးဆိုခွင့်ရှိသူအဖြစ် စီစဉ်သင့်ကြောင်း၊ ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ ဦးဝင်းတင်နဲ့ ဦးဘသော် (မောင်သော်က) တို့က ဒေါ်အောင်ဆန်းစုကြည်ကို ခေါင်းဆောင်တစ်ဦး အဖြစ် ပွဲထုတ်တဲ့ အနေနဲ့ ရန်ကုန်ဆေးရုံကြီးဝင်းအတွင်း ဆန္ဒပြသူများထံ လာရောက်အားပေးရန် တိုက်တွန်းပြောကြားခဲ့ပါတယ်။ ဒီအစည်းအဝေးကနေ ပေါ်ထွက်လာတဲ့ ရလဒ်ကတော့ ဦးတင်အောင်ဟိန်းဦးစီးသော စုံစမ်းရေးကော်မရှင်ကို အစိုးရကဖွဲ့စည်းပေးထားသော်လည်း ပါတီစုံစနစ်ကို ပြည်သူများကလိုလားသည်ဟူသောဆန္ဒကိုထုတ်ဖော်ကြရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျိုးဆက်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ရှေ့တန်းတင်ပြီး လူထုအစည်းအဝေးပွဲကြီးကို ပြုလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရပါတယ်။

ဒီအစည်းအဝေး ပြုလုပ်ပြီးနောက်ပိုင်းမှာ နိုင်ငံရေးသမားဟောင်းတွေ၊ ရှေ့နေတွေ၊ စာပေနယ်က အဖွဲ့တွေဟာ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ နိုင်ငံရေးခေါင်းဆောင်လုပ်ဖို့ ခြေလှမ်းလှမ်းလာတာကိုတွေ့ရပါတယ်။ ဦးဝင်းတင်ကဆိုရင် ဒေါ်အောင်ဆန်းစုကြည်ဟာ တစ်နေ့မှာ နိုင်ငံ့ခေါင်းဆောင်ဖြစ်လာနိုင်တယ်။ ဒါကို ဝိုင်းပြီးတော့မြှင့်တင်ပေးရမယ်၊ ကျုပ်တို့အတွက်တော့ အခွင့်အလမ်းတစ်ရပ်ပဲ၊ နိုင်ငံရေးဆိုတာ တစ်ဖြောင့်တည်း စင်းစင်းကြီးလုပ်လို့မရဘူး၊ ကွက်ကျော်မြင်တတ်ရမယ်၊ ဆွေးနွေးပွဲမှာ ဒီအကြောင်းပြောနေပေမယ့် ကိုယ့်စိတ်ထဲမှာ ဒီအကြောင်းကို ကျော်ပြီး အများကြီးကြိုပြင်ထားရတယ်။ တစ်သက်မှာ တစ်ခါကြုံတဲ့အခွင့်အရေးမို့ ဒီအခွင့်အရေးမျိုးကို လက်မလွှတ်ဘဲဆုပ်ကိုင်ပြီးကိုယ့်အတွက် အကျိုးရှိအောင်အသုံးချရမယ်၊ နိုင်ငံရေးမှာ တပည့်မွေးတတ်သလို၊ ဆရာလည်း မွေးတတ်ရမယ်၊ ကိုယ့်အတွက် အသုံးကျမယ့် ရှေ့မှာ တင်ထားလို့ကောင်းမယ့် အများက လက်ခံမယ့်လူမျိုးကို ရှာတတ်ရမယ်၊ ဒါအခွင့်အရေးပဲဆိုတဲ့ သူ့ရဲ့အယူအဆကို ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရှိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





ဦးနေဝင်းနှင့် မြေးသုံးဦး

ဦးဝင်းတင်တို့အဖွဲ့ ခေါင်း ဆောင်တဲ့ စာပေနဲ့အနုပညာရှင်များအဖွဲ့ဟာ ဒေါ်အောင်ဆန်းစုကြည်ကို ဆေးရုံကြီးလာပြီး အားပေးဖို့ ဆွေးနွေးပွဲမှာ ပြောခဲ့ပြီး အောက်ခြေမှာလည်း ဦးဝင်းတင်ဟာ ကျောင်းသားတွေနဲ့အတူ ပူးပေါင်းဆန္ဒပြဖို့ စည်းရုံးပြင်ဆင်ခဲ့ပါတယ်။ ဒီယုန်မြင်လို့ ဒီချုံထွင်ကြတာပါပဲ။ ဒါပေမဲ့ ၂၂-၈-၈၈ ရက်နေ့ ဆေးရုံကြီးမှာ ဆန္ဒပြတဲ့အချိန်က လုံခြုံရေးကို အကြောင်းပြပြီး ဒေါ်အောင်ဆန်းစုကြည်ကို လုပ်ကြံခံရမယ့် အန္တရာယ်ရှိတယ်ဆိုတဲ့အကြောင်းပြချက်နဲ့ ဆေးရုံကြီးကို မသွားဖို့ သခင်တင်မြက တားမြစ်ခဲ့တယ်လို့ သိရှိရပါတယ်။ ၂၃-၈-၈၈ ရက်နေ့မှာတော့ စာပေနှင့် အနုပညာရှင်အဖွဲ့က ဆေးရုံကြီးမှာ တရားဟောဖို့ ဒေါ်အောင်ဆန်းစုကြည်ကို ခေါ်ထုတ်သွားခဲ့ပါတယ်။ ဒီတရားပွဲမှာ စာရေးဆရာ မောင်သော်ကက ဒေါ်အောင်ဆန်းစုကြည်ကို လူထုနှင့် မိတ်ဆက်ပေးပြီး ဟောပြောစင်မြင့်ပေါ်ကို ဆွဲတင်တယ်လို့ သိရှိရပါတယ်။ ဒီနောက်မှာတော့ လူထုအစည်းအဝေးပွဲကြီးမှာ ဒေါ်အောင်ဆန်းစုကြည်ကို ထပ်မံပွဲထုတ်ဖို့ အတွက် သခင်တင်မြခေါင်းဆောင်တဲ့နိုင်ငံရေးသမားများ၊ ဦးဝင်းတင်နဲ့ အဖွဲ့၊ ဦးကိုယု၊ ဦးထွန်းတင်၊ ဒေါ်မြင့်မြင့်ခင်နဲ့ ဘားကောင်စီ ရန်ကုန် ရှေ့နေအသင်းကို စုစည်းတိုင်ပင်ခဲ့ပြီး ၂၆-၈-၈၈ ရက်နေ့မှာ ရွှေတိဂုံအနောက်



ဘက်မုခ်မှာ ဟောပြောပွဲထပ်မံ လုပ်ဖို့အတွက် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါတယ်။ ဒီနောက် အစည်းအဝေး အစီအစဉ်ကို ဝိုင်းဝန်းရေးသားပြီး ဦးထွန်းတင် (ရှေ့နေ)အိမ်မှာ ရိုက်နှိပ်ခဲ့တယ်လို့ သိရပါတယ်။ ပထမစဉ်းစားတုန်းက ကြားဖြတ်အစိုးရ တောင်းဖို့ မပါဘူးလို့ သိရပါတယ်။ အစည်းအဝေး ဆုံးဖြတ်ချက်တွေကို ကြိုတင်ရေးသားထားပြီး လူထုအစည်းအဝေးပွဲမှာ ကြေညာပြီး ထောက်ခံမှုယူဖို့ စီစဉ်ခဲ့တယ်လို့ သိရပါတယ်။ ဒီနေရာမှာ ကြားဖြတ်အစိုးရကိစ္စနဲ့ပတ်သက်လို့ ၂၅-၈-၈၈ ရက်နေ့မှ ဗိုလ်မှူးချုပ် ဟောင်းအောင်ကြီး ထောင်က ထွက်လာပြီး ပဒုမ္မာကွင်း ဟောပြောပွဲမှာ ကြားဖြတ်အစိုးရ တောင်းခဲ့တာ ကြောင့် နိုင်ငံရေးအရ နောက်ကျမကျန် ရအောင် ဦးဝင်းတင်ဟာ အစည်း အဝေး လုပ်နေတဲ့ ဒေါ်အောင်ဆန်းစုကြည် ထံ ရုတ်တရက် ဝင်မေးပြီး ကြားဖြတ်အစိုးရ တောင်းဆိုချက်များကို ထပ်မံဖြည့်စွက် ရိုက်နှိပ်ခဲ့ရတယ်လို့ သိရှိရပါတယ်။ ဒီအစည်းအဝေးမှာ လုံခြုံရေးအတွက်လို့ အကြောင်းပြပြီး ကျောင်းသားလူငယ်များနဲ့ သုံးရောင်ခြယ်အဖွဲ့ ဆိုတာကို အမာခံလုံခြုံရေး အဖွဲ့အဖြစ် နိုင်ငံရေးဇာတ်ဆရာကြီး သခင်တင်မြက ကိုင်တွယ် အသုံးပြုခဲ့တယ်တဲ့အကြောင်း သိရှိရပါတယ်။ အခမ်းအနားမှူးအနေနဲ့ ရုပ်ရှင်မင်းသား ဦးထွန်းဝေက ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်တို့ကြုံတုန်းပေါ့လေ၊ ကြားဖြတ်အစိုးရ တောင်းဆိုမှုနဲ့ ပတ်သက်လို့ အဲဒီကာလတုန်းက ကြားဖြတ်အစိုးရဆိုပြီး တောင်းဆိုမှုတွေဟာ အကြိမ်ကြိမ်ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီမှာ ဘယ်သူတွေက ဘယ်နေ့မှာ တောင်းဆိုခဲ့သလဲဆိုတာ ကျွန်တော်တို့မှတ်တမ်းမှတ်ရာအရ တင်ပြရမယ် ဆိုရင် ၂၃-၃-၈၈ ရက်နေ့ တပ်မတော်မျိုးချစ်တပ်မှူးဟောင်းများ အမည်ခံ (၁၅)ဦးကနေ တောင်းဆိုမှုတစ်ခု လုပ်ခဲ့ပါတယ်။ နောက်တစ်ခါ ၁-၉-၈၈ ရက်နေ့ ဒီ/ငြိမ်း (ယာယီ)ဆိုပြီး အဖွဲ့က နိုင်ငံတော်သမ္မတကြီးထံဆိုပြီးတော့ တောင်းဆိုချက်လေးချက်ထဲမှာ ကြားဖြတ်အစိုးရ တောင်းဆိုချက် ပါခဲ့ပါတယ်။ နောက်တစ်ခါ ၄-၉-၈၈ ရက်နေ့မှာ ဒေါက်တာမောင်မောင် နဲ့ မစ္စတာဆိုးလာ့ဇ်တို့ တွေ့ဆုံတဲ့အခါမှာ ကြားဖြတ်အစိုးရဖွဲ့စည်းပေးရေး ဆိုတာ ဆွေးနွေးသွားတာ ကျွန်တော်တို့တွေ့ရပါတယ်။ နောက်တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



၉–၉–၈၈ ရက်နေ့မှာ ဘီဘီစီအသံလွှင့်ချက်မှာ ဦးနုအုပ်စုက ကြားဖြတ်အစိုးရဖွဲ့စည်းကြောင်း ကြေညာချက်ထုတ်ခဲ့တာ ကျွန်တော်တို့တွေ့ရပါတယ်။ ၁၀–၉–၈၈ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကနေပြီး ကြားဖြတ်အစိုးရဖွဲ့ပေးဖို့ သတင်းထုတ်ပြန်ခဲ့တာ တွေ့ရပါတယ်။ ကျွန်တော်စောစောကတင်ပြခဲ့တဲ့ တင်ပြချက်ဖြစ်ပါတယ်။ ၉–၉–၈၈ ရက်နေ့ ဗဟိုတရားရုံးရှေ့နေ ဒေါက်တာမောင်မောင်ကျော်က ဒေါက်တာမောင်မောင်ထံ ကြားဖြတ်အစိုးရ ဖွဲ့စည်းရေးဆိုပြီးတော့ တောင်းဆိုချက်တစ်ခု ပေးပို့ခဲ့တာတွေ့ရပါတယ်။

နောက်ပြီးတော့ ၁၂–၉–၈၈ ရက်နေ့မှာ ဦးအောင်ကြီး၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ ပူးတွဲပြီးတော့ လက်မှတ်ရေးထိုးပြီး ဒေါက်တာမောင်မောင်ထံ ကြားဖြတ်အစိုးရဖွဲ့စည်းပေးဖို့ဆိုပြီး တောင်းဆိုချက်၊ အဲဒီလို အကြိမ်ကြိမ်တောင်းဆိုခဲ့တဲ့ မှတ်တမ်းတွေ ကျွန်တော်တို့ ဖော်ထုတ်တွေ့ရှိရပါတယ်။

စာပေနဲ့ အနုပညာရှင်များအဖွဲ့အနေနဲ့ အရေးအခင်းကာလအတွင်းက ဆန္ဒဖော်သံစာစောင်ကို ထုတ်ဝေခဲ့ပါတယ်။ ဒီဆန္ဒဖော်သံစာစောင်မှာ "တပ်မတော်အပေါ် ပြည်သူလူထုအမြင်" "မဆိုးစင်စစ်မှတောကြောင်ဖြစ်ခြင်း" ဆောင်းပါးအပါအဝင် "လူထုတိုင်းပြည် လူထုထိန်းနိုင်သည်" ဟူသော အယူအဆများအား ဦးဝင်းတင်က ရေးသားခဲ့ပါတယ်။ ဒီလိုရေးသားတဲ့နေရာမှာ အခြားစာပေအသိုင်းအဝိုင်း ပုဂ္ဂိုလ်တွေရဲ့ သဘောဆန္ဒများမပါဘဲ ယင်းတစ်ဦးတည်းရဲ့ သဘောထားအရ ရေးသားခဲ့တဲ့အကြောင်းနဲ့ ဒီစာစောင်ကို စံပယ်ဦး ကိုတင်စိုးတိုက်မှာ ရိုက်နှိပ်ခဲ့တဲ့အကြောင်း သိရှိရပါတယ်။ ဒီ့အပြင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်က ထုတ်ဝေတဲ့ သမဂ္ဂသတင်းစာမှာ ဦးဝင်းတင်၊ ဦးတင်စိုး၊ ဦးဝင်းခက်၊ ဦးသာဘန်းတို့က သတင်းစာခေါင်းကြီးပိုင်းကို ဝင်ရောက်ရေးသားပေးခဲ့ရပါတယ်။ ဒီလိုရေးဖို့အတွက် သတင်းအချက်အလက်တွေကိုတော့ ရန်ကုန်ဆေးရုံကြီးအတွင်းမှာ ဆန္ဒပြနေတဲ့အဖွဲ့အစည်း အသီးသီးထံကပင် ရယူစုဆောင်းရေးသားခဲ့ကြတာလို့ သိရှိရပါတယ်။ ၂၇–၈–၈၈ ရက်နေ့မှာ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးအပြင်ထွက်လာပြီး ဆေးရုံကြီးမှာတရားဟောခဲ့ပါတယ်။ ဦးနုခေါင်းဆောင်တဲ့ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအဖွဲ့ဟာလည်း ၂၈–၈–၈၈ရက်နေ့မှာပဲ ပေါ်လာခဲ့ပါတယ်။ ဒီနောက်မှာတော့ စာပေနဲ့အနုပညာရှင်များအဖွဲ့ဟာ သမဂ္ဂဖွဲ့ဖို့အတွက် စိုင်းပြင်းလာကြပါတယ်။ ဒီလို စာပေသမဂ္ဂဖွဲ့တဲ့နေရာမှာ ဦးဝင်းတင်ဟာ သူယုံကြည်စိတ်ချရပြီး ကြိုးကိုင်လို့ရမယ့်သူတွေကို ကြိုတင် ကျိတ်ဝိုင်းစီစဉ်ပြီး ရွေးချယ်ခဲ့တဲ့အကြောင်း၊ ဒီကိစ္စနဲ့ပတ်သက်လို့ ဦးဝင်းတင်နဲ့ စာရေးဆရာ မောင်စင်ကြယ်၊ စာရေး ဆရာလေးသူရဲတစ်ဦးတို့ စကားများကြတဲ့အကြောင်း၊ ပါးစပ်က ဒီမိုရေစီ အော်ပြီး ဦဝင်းတင်ရဲ့ ဒီမိုကရေစီမကျတဲ့ လုပ်နည်းလုပ်ဟန်တွေကြောင့် ပြဿနာဖြစ်ခဲ့ရကြောင်း ဖော်ထုတ်သိရှိရပါတယ်။ ဦးဝင်းတင်ဟာ သူကြိုး ကိုင်လို့ရမယ့် မောင်သော်က၊ မောင်မိုးသူနဲ့ အယ်ဒီတာ ဦးဝင်းခက်တို့ကို နေရာပေးပြီး ဆောင်ရွက်ခဲ့တဲ့အကြောင်းလည်း သိရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ အရေးအခင်းအတွင်းမှာ မကျေနပ်တဲ့ စာရေးဆရာတွေက ဦးဝင်းတင် ဦးစီးတဲ့ ၄–၉–၈၈ ရက်နေ့ ဖွဲ့စည်းလိုက်တဲ့ စာနယ်ဇင်း၊ သမဂ္ဂကို အသိအမှတ်မပြုကြောင်း ကန့်ကွက်စာတွေ ထွက်လာပါတယ်။ တစ်ချိန်တည်းမှာပဲ သတင်းထောက်သမဂ္ဂတွင် ဦးဝင်းတင်ဟာ နာယကအဖြစ်လည်းကောင်း၊ ရုပ်ရှင်သမဂ္ဂတွင် မောင်မိုးသူဟာ အမှုဆောင်လူကြီး အဖြစ်လည်းကောင်း ပါဝင်လာကြပြီး နေရာရရှိရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ ဒီနောက်ပိုင်းမှာတော့ ဦးဝင်းတင်တို့အဖွဲ့ဟာ ဒေါ်အောင်ဆန်းစုကြည်တို့အိမ်သို့ အဝင်အထွက်များပြီး နီးစပ်ဝင်ဆံ့မှု ပိုမိုရယူလာခဲ့ကြပါတယ်။

၉–၉–၈၈ ရက်နေ့ ဦးနုရဲ့ စင်ပြိုင်အစိုးရအဖွဲ့ကို ကြေညာခဲ့ပါတယ်။ ဒီကြေညာချက်နဲ့ပတ်သက်လို့ ဦးဝင်းတင်ဟာ ဆတ်ဆတ်ခါနာကြည်းပြီး ဦးနုကို စာနယ်ဇင်းသမဂ္ဂအနေနဲ့ ကန့်ကွက်ရှုတ်ချမှုကို သူတစ်ဦးတည်းသဘောနဲ့ ဆောင်ရွက်ခဲ့တဲ့အကြောင်း၊ ဒီလိုမကျေမနပ်ဖြစ်ခဲ့တာဟာ ဦးနုဟာ ဒေါ်အောင်ဆန်းစုကြည်ထက်စောပြီး ဝန်ကြီးချုပ်အဖြစ် လူထုက ထောက်ခံကြမှာကို အစိုးရိမ်လွန်ပြီး ဆောင်ရွက်ခဲ့တာဖြစ်တဲ့အကြောင်း၊ သူ့ရဲ့ရည်မှန်းချက်တွေ ထိခိုက်လာမှာမို့လို့ ဆောင်ရွက်ခဲ့တဲ့အကြောင်း သိရှိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းတင်နဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင် သူဟာ လွတ်လပ်ရေးရပြီးတဲ့နောက် ကွန်မြူနစ်ဝါဒသဘောတရားကို လေ့လာလိုက်စားယုံကြည်ခဲ့သူဖြစ်ပြီး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား မယုံကြည်သော်လည်း အလုပ်အကိုင်တည်မြဲရေးအတွက် ဝင်ရောက်ခဲ့ပြီး တင်းပြည့်ပါတီဝင်ဖြစ်ခဲ့သူဖြစ်ပါတယ်။ မန္တလေးဟံသာဝတီသတင်းစာတိုက် အယ်ဒီတာဖြစ်ခဲ့ပြီး ၁၉၇၈ ခုနှစ်မှာ သက်ဆိုင်ရာ ပါတီယူနစ်ရဲ့ သဘောတူညီချက်မရဘဲ စာပေဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့တဲ့အတွက် ပါတီစည်းကမ်းအရ အရေးယူခံရပြီး အလုပ်ပြုတ်ခဲ့သူဖြစ်ပါတယ်။ ယခင်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းနဲ့နှစ်ယောက်တည်း ရှစ်ကြိမ်စကားပြောဖူးတယ်လို့ သူ့အပေါင်းအဖော်တွေကို ကြွားဝါပြောဆိုလေ့ရှိသူ ဖြစ်ပါတယ်။ ဦးနေဝင်းဟာ နဝတကို နောက်ကွယ်က ကြိုးကိုင်ပြီး နိုင်ငံရေးအရ တစ်ချိန်ချိန်မှာ ပြန်ပေါ်လာလိမ့်မယ်လို့ သူ့အယူအဆကို ရှေ့တန်းတင်ပြောဆိုလေ့ရှိပြီး ဦးနေဝင်းအပေါ် ဆန့်ကျင်တိုက်ခိုက်ပြောဆိုရန် ဒေါ်အောင်ဆန်းစုကြည်ကို အကြံဉာဏ်ပေးပြောကြားခဲ့ပါတယ်။

၁၆–၁၂–၈၈ ရက်နေ့မှာ နိုင်ငံရေးပါတီအချို့ကို N.L.D ရုံးသို့ ဖိတ်ကြားပြီး၊ ဦးနေဝင်းအပေါ်နိုင်ငံရေးအရ လက်ဦးမှုရယူဆောင်ရွက်နိုင်ရန် အစီအစဉ်ဆွဲပြီး ဒေါ်အောင်ဆန်းစုကြည်က ပြောကြားနိုင်ရန် စီစဉ်ပေးခဲ့ပေမယ့် လက်တွေ့မှာတော့ ဦးဝင်းတင်ကိုယ်တိုင်က ပြောဆိုခဲ့တာတွေ့ရှိရပါတယ်။ ဒီနည်းအားဖြင့် ဦးဝင်းတင်ဟာ ဦးနေဝင်းနဲ့ ပတ်သက်လို့ မမှန်မကန်တဲ့ ထင်မြင်ယူဆချက်တွေနဲ့ အာဃာတထားပြီး ဒေါ်အောင်ဆန်းစုကြည်ကို သွေးထိုးမြှောက်ပင့်ပေးခဲ့တာကို တွေ့ရပါတယ်။ ဦးဝင်းတင်နဲ့ ရင်းနှီးတဲ့ပုဂ္ဂိုလ်များဟာဆိုရင် ဦးဝင်းတင်ဟာ တစ်ကိုယ်တော်ဝါဒသမားဖြစ်ကြောင်း၊ အမေရိကန်ကဗျာဆရာ ဒေးဗစ်ဟင်နရီသော်ရိုး (David Henry Thoreau 1817-1862) ရေးသားတဲ့စာတွေဖတ်ပြီး စိတ်ကူးယဉ်ဆန်တဲ့ နိုင်ငံရေးကို လုပ်နေတဲ့အကြောင်း၊ အာဏာကို တပ်မက်ပြီး ကောက်ကျစ်စွာ ရယူလိုတဲ့ ဉာဉ်ရှိကြောင်း ဝေဖန်ကြတယ်လို့ သိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အာဏာဖီဆန်ရေးနဲ့ တပ်မတော်ကို ထိပ်တိုက်



ရင်ဆိုင်ဆန့်ကျင်ရေး လုပ်ရပ်တွေလုပ်ရန် မြှောက်ပင့်ပေးခဲ့တဲ့သူဟာ ဦးဝင်းတင် ဖြစ်တယ်ဆိုတာ တွေ့ရှိရပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ အဲဒီလို စာပေအနုပညာရှင်အချို့ဟာ အာဏာရရေးလမ်းကြောင်းမှာ ပါဝင်လုပ်ဆောင်သွားကြတဲ့အတွက် ကျန်ခဲ့တဲ့စာပေအနုပညာရှင်အချို့က မကျေမနပ်ဖြစ်ကြတယ်လို့ သိရပါတယ်။ မူလက ရည်ရွယ်တုန်းက အရေးအခင်းမှာ စာပေပညာရှင်တွေ အနေနဲ့ တစ်တပ်တစ်အား ဝင်ထိန်းရုံမျှ လုပ်ကြရန် သဘောတူတိုင်ပင် ကြပြီးနောက်ပိုင်းမှာ အစိုးရပြုတ်ကျသည်အထိ တိုက်ခိုက်ပြီး နိုင်ငံရေးလုပ်သွားတဲ့အတွက် စာပေအနုပညာရှင်အဖွဲ့အစည်းကို ခုတုံးလုပ်သွားကြတယ်ဆိုပြီး မကျေမနပ်ဖြစ်ခဲ့ကြပါတယ်။ အချို့ကျတော့လည်း ဆက်လက်ပြီး အားပေးအားမြှောက်နဲ့ ပံ့ပိုးမှုလုပ်ပေးကြတာ တွေ့ရပါတယ်။ ဥပမာ ကွယ်လွန်သွားတဲ့ အဆာဟိရှင်ဘွန်းသတင်းထောက် စာရေးဆရာမောင်နေဝင်းလို ပုဂ္ဂိုလ်မျိုးပေါ့၊ မရှိတော့တဲ့သူတစ်ယောက်အကြောင်း ပြန်ဖော်ထုတ်ရတာတော့ မကောင်းပါဘူး၊ ဒါပေမဲ့ ဖြစ်ရပ်အမှန်ကိုတော့ ဖုံးကွယ်လို့မရတဲ့အတွက် မပြောချင်ပေမယ့် ပြောရပါဦးမယ်။ မောင်နေဝင်းဟာ ဦးဝင်းတင်နဲ့ အလွန်ရင်းနှီးသူ ဖြစ်ပါတယ်။ ဦးဝင်းတင်လိုပဲ လက်ဝဲသမားတစ်ယောက်ဖြစ်ပါတယ်။ ၁၉၅၄ ခုနှစ်တုန်းက ဗကပယူဂျီကျောင်းသားများကို နေအိမ်မှာ လက်ခံခဲ့ဖူးလို့ အရေးယူခံခဲ့ရဖူးပါတယ်။

တစ်ချိန်က ဆိုရှယ်လစ်သတင်းစာ အဖွဲ့အစည်း ဖြစ်မြောက်ရေးယာယီကော်မတီ ဆော်ဩသူလည်း ဖြစ်ပါတယ်။ ဗကပကလိုလားသူအချို့ပါဝင်တဲ့ အမျိုးသားစာပေညီညွတ်ရေးကော်မတီ အမှုဆောင်လည်းဖြစ်ခဲ့ဖူးပါတယ်။ နောက်ပိုင်းမှာ မြောက်ကိုရီးယား ဗဟိုသတင်းဌာန (KCNA) ရဲ့ သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ နောက်ဆုံးဆောင်ရွက်သွားတာကတော့ အဆာဟိရှင်ဘွန်း သတင်းထောက် ဖြစ်ပါတယ်။ စာရေးဆရာ မောင်နေဝင်းဟာ ၁၉၈၈ အရေးအခင်း မဖြစ်မီကာလအတွင်း သခင်ခင်အောင်၊ ဝိဓူရသခင်ချစ်မောင်၊ ဦးစိုးဝင်း (ဗိုလ်ဇေယျ၏ညီ)တို့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံအခြေအနေ သတင်းတွေကို စုဆောင်းကာ နိုင်ငံခြားသတင်းဌာနများသို့ ပေးပို့ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရေးအခင်းအစမှာ ဦးဝင်းတင်၊ စာရေးဆရာ မောင်သော်က စာရေးဆရာ လေသူရဲတစ်ဦးတို့နဲ့ မကြာခဏတွေ့ဆုံပြီး အရေးအခင်းကို ဦးဆောင်နိုင်ဖို့အတွက် အကြံဉာဏ်များကို စဉ်ဆက်မပြတ်ပေးခဲ့ပါတယ်။ ဦးဝင်းတင်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အတွင်းရေးမှူးဖြစ်လာတဲ့ အခါမှာတော့ နေ့စဉ် တယ်လီဖုန်းနဲ့သတင်းတွေ၊ အခြေအနေတွေကို မေးမြန်းရယူပြီး အကြံဉာဏ်များ ပေးခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်ရဲ့ သတင်းစာ ရှင်းလင်းပွဲများမှာလည်း မောင်နေဝင်းဟာ ကမကထလုပ်ပြီး နိုင်ငံခြားသတင်းထောက်များတက်အောင် လှုံ့ဆော်ပေးခဲ့ပါတယ်။ ဦးဝင်းတင်ဟာ ရာဇဝတ်ပြစ်မှုကျူးလွန်တဲ့အတွက် ပြစ်ဒဏ်ကျခံသွားရပြီးနောက် ၁၉၉၀ ပြည့်နှစ် မေလ ကုန်ပိုင်းမှာ သခင်တင်မြရဲ့ စီစဉ်ပေးမှုကြောင့် မောင်နေဝင်းနဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးချစ်ခိုင်တို့ဟာ မြန်မာ့အသံဝန်ထမ်းဟောင်း ဦးကျော်ဦးရဲ့အိမ်မှာ ချိန်းဆို၍ နှစ်ဦးတည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

မောင်နေဝင်းဟာ N.L.D လူကြီးပိုင်းမှာ ဦးဝင်းတင်နဲ့သာမကဘဲ မောင်ဝံသ(ခ)ဦးစိုးသိမ်း၊ ဒါရိုက်တာမောင်မိုးသူ၊ ဦးမြင့်ဆွေ အစရှိတဲ့ စာပေလောကက ပုဂ္ဂိုလ်တွေနဲ့လည်း ဆရာတပည့်တွေ ဖြစ်နေတာ တွေ့ရပါတယ်။ မောင်နေဝင်းရဲ့သား ကိုနေဦး ကိုယ်တိုင်ကလည်း N.L.D ရဲ့ အလုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။ အဲဒီလို အကြောင်းရင်းခံတွေကြောင့် မောင်နေဝင်းဟာ N.L.D ပါတီကို ပြင်ပကနေပြီး အကြံဉာဏ်ပေးမှုတွေ၊ အခါပေးမှုတွေ လုပ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဒါတင်မက ပြည်ပကိုပို့တဲ့ နိုင်ငံရေးသတင်းတွေဟာ ရေးသားတင်ပြပုံက အစ N.L.D ပါတီကို အားပေးရေးသားခဲ့တယ်ဆိုတာ သိရပါတယ်။ ဒါကလည်း စာပေအနုပညာလောကက ပုဂ္ဂိုလ်တွေ၊ ပါတီနိုင်ငံရေးမှာ ပါဝင်လှုပ်ရှားပုံတွေ ဆက်စပ်သိရှိနိုင်အောင် တင်ပြရခြင်း ဖြစ်ပါတယ်။ မောင်နေဝင်းဟာ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှာ ကွယ်လွန်ခဲ့ပါတယ်။ စာပေအနုပညာလောကက ပုဂ္ဂိုလ်တွေ ပါတီနိုင်ငံရေးမှာ ပါဝင်လှုပ်ရှားပုံတွေကို ဆက်စပ်သိရှိနိုင်အောင် တင်ပြရခြင်း ဖြစ်ပါတယ်။



ယခု တင်ပြခဲ့တာတွေကတော့ ကျောင်းသားဆူပူဆန္ဒပြမှုနဲ့ ဆက်စပ် ဖြစ်ပေါ်လာတဲ့ အခြေအနေပေါ်မှာ အစိုးရပြုတ်ကျပြီး အာဏာရရှိရေး အတွက် လှုပ်ရှားဆောင်ရွက်လာကြတဲ့ နိုင်ငံရေးသမား အုပ်စုများရဲ့ လှုပ်ရှားမှုများနဲ့ လူထုလူတန်းစားအဖွဲ့များရဲ့ လှုပ်ရှားမှုမှတ်တမ်းများကို အထင်အရှားရှိခဲ့ကြောင်း ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ဒီဖြစ်စဉ်တွေမှာ ဟန်ချက်ညီပါဝင် ဖျက်ဆီးခဲ့တဲ့ ဗကပယူဂျီ လုပ်ရပ်တွေကို အကျဉ်းချုပ်မျှ ယှဉ်တွဲပြီး ရှင်းလင်းတင်ပြပါမယ်။

၁၉၈၅ ဗကပ တတိယအကြိမ် ပါတီကွန်ဂရက်အပြီး ကျင်းပပြုလုပ်ခဲ့တဲ့ ဗဟိုကော်မတီအစည်းအဝေးမှာ ဗကပတို့ရဲ့ ကျဆင်းနေတဲ့ စစ်ရေး၊ နိုင်ငံရေးခြေအနေကို ယူဂျီလုပ်ငန်းနဲ့ မြှင့်တင်ရန် ကျယ်ကျယ်ပြန့်ပြန့် စွမ်းအားပြည့် ဆောင်ရွက်ရန် စီစဉ်ခဲ့ကြပါတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးရဲ့ နှစ် ၅၀ မြောက် ရွှေရတုသဘင်နှစ်ဖြစ်တဲ့ ၁၉၈၈ ခုနှစ် ထူးခြားတဲ့ အရေးအခင်းတစ်ခု ဖန်တီးရန် ရည်မှန်းချက် ချခဲ့ကြပါတယ်။ အဲဒီအစီအစဉ်တွေအရ ဗကပ (ဗဟို)မှ သခင်ဗသိန်းတင် အပါအဝင် ခေါင်းဆောင်များဟာ ပြည်တွင်းမှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည် အပါအဝင် နိုင်ငံရေးသမားဟောင်းများထံ စာရေးသားပြီး အဆက်အသွယ်ပြုခဲ့ကြပါတယ်။ ဗကပယူဂျီခေါင်းဆောင်များဖြစ်တဲ့ သက်ခိုင်၊ ကျော်မြတို့ အုပ်စုကလည်း ကျောင်းသားလောကကို အဓိကထားပြီး၊ စည်းရုံးမှုများ ပြုလုပ်ခဲ့ပါတယ်။ သခင်ဇင်ရဲ့ဇနီး ဒေါ်ကြည်ကြည်အပါအဝင် ဗကပ အဟောင်းများနှင့် ဆက်သွယ်လှုပ်ရှားခဲ့ကြတယ်။ အမှတ် ၇၈၇ အလုပ် အဖွဲ့လို့ ခေါ်တဲ့ယူဂျီအဖွဲ့အစည်းကို အဖွဲ့များ ဖွဲ့စည်းပြီး နယ်မြေအလိုက် လှုပ်ရှားခဲ့ကြပါတယ်။

၁၉၈၇ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့မှာ ၂၅ ကျပ်တန်၊ ၃၅ ကျပ်တန်၊ ၇၅ ကျပ်တန် ငွေစက္ကူတွေ တရားမဝင် ကြေညာတာနှင့်ပတ်သက်ပြီး ကျော်မြရဲ့ (၇၈၇) အဖွဲ့က လင်းယုန်တပ်ဖွဲ့အမည်ခံ ဆန့်ကျင်လှုံ့ဆော်စာတွေ ဖြန့်ဝေခဲ့သလို၊ ကျော်မြဦးစီးတဲ့ ယူဂျီအဖွဲ့ကလည်း ဆန့်ကျင်လှုံ့ဆော်ဝါဒဖြန့်ထားတဲ့ "မုန်တိုင်းစက်တင်ဘာ" ကဗျာစာအုပ်ကို ရေးသားဖြန့်ဝေခဲ့ပါတယ်။ သက်ခိုင်ကလည်း "ပြည်သူသို့ ပန်ကြားချက်

www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၂)”ကို ဗကသအမည်ခံ ထုတ်ဝေစေပြီး ကျောင်းသားနဲ့ပြည်သူလူထုအုံကြွလာဖို့ လှုံ့ဆော်ခဲ့ပါတယ်။ ဒါ့အပြင် မျိုးချစ်ဒီမိုကရေစီပါတီရဲ့ (၄၈၂၈) ဒေသပါတီကော်မတီ (ဗမာပြည် ကွန်မြူနစ်ပါတီ) အမည်ခံ လှုံ့ဆော်စာတွေကိုလည်း ဖြန့်ဝေခဲ့ပါတယ်။ ကျောင်းသားလောကအတွင်း ကျောင်းသားသမဂ္ဂစိတ်ဓာတ်ကို ရှေ့တန်းတင်ကာ ဆန့်ကျင်အုံကြွမှုများကို ပိုမိုကျယ်ပြန့်လာစေဖို့ လှုံ့ဆော်လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြပါတယ်။ ဒါ့အပြင် ၁၉၈၈ ခုနှစ် ဇန်နဝါရီလမှစ၍ ‘အရုဏ်ဦး’စာစောင်ကို ဖြန့်ဝေပြီး လှုံ့ဆော်မှုတွေ လုပ်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ် မတ်လဆန်းမှာ ပြုလုပ်ခဲ့တဲ့ ဗကပ ပေါလစ်ဗျူရို အစည်းအဝေးကလည်း ၁၉၈၈ ခုနှစ်ဟာ ၁၃၀၀ ပြည့် အရေးတော်ပုံရဲ့ နှစ် ၅၀ မြောက် အထိမ်းအမှတ်နှစ်ဖြစ်လို့ ဒီအထိမ်းအမှတ်ကို အခွင့်ကောင်းယူပြီး ဆူပူအုံကြွမှု အရေးအခင်းဖန်တီးဖို့၊ အရေးအခင်း အရှိန်မြှင့်လာရင် ဒေါ်ခင်ကြည်ကို အမျိုးသားခေါင်းဆောင်အဖြစ်ထားပြီး အစိုးရထူထောင်ရန် ဆုံးဖြတ်ခဲ့ပါတယ်။

ဖုန်းမော်သေဆုံးမှု ဖြစ်ပွားတဲ့အခါ ဗကပယူဂျီများဟာ စက်မှုတက္ကသိုလ်တင်မက ရန်ကုန်တက္ကသိုလ်နဲ့ အခြားကျောင်းသားများကိုပါ ပြန့်ပွားသွားစေဖို့အတွက် ကျောင်းများပိတ်ချိန်မှာ ဗကသပူးတွဲကြေညာချက်၊ မတ်လအရေးအခင်းပေါ် သုံးသပ်ချက်စတဲ့ လှုံ့ဆော်ဝါဒဖြန့်စာတွေကို ဖြန့်ဝေခဲ့ကြပါတယ်။ ကျော်မြနဲ့ သိန်းသန်းဦးတို့ကလည်း ဖုန်းမော်ကိစ္စနဲ့ ပတ်သက်ပြီး တိုင်းကောင်စီက နိုင်ငံတော်ကောင်စီထံတင်ပြတဲ့ မှတ်တမ်းဆိုပြီးလုပ်ကြံရေးသားထားတဲ့ လှုံ့ဆော်စာကို ဖြန့်ဝေလှုံ့ဆော်ခဲ့ပါတယ်။ ကျော်မြဟာ အရေးအခင်းတွေ ဆက်လက်ဖြစ်ပေါ်လာစေရေးအတွက် (၄၈၈)အလုပ်အဖွဲ့ကို သန့်ဇင်၊ သက်နောင်၊ အောင်နိုင်ဝင်း၊ အောင်ကျော်ဆန်း၊ တင်မောင်မြင့်တို့နဲ့ ၁၉၈၈ ခုနှစ် ဧပြီလမှာ ဖွဲ့စည်းလှုပ်ရှားစေခဲ့ပါတယ်။

၁၉၈၈ ဇွန်လ ကျောင်းသားများ ပြန်လည်ဖွင့်လှစ်ချိန်မှာ ဗကပယူဂျီများဟာ ကျောင်းသားထုအတွင်း ဒေါက်တာဇော်မင်းရေးသားတဲ့ သပိတ်မှောက်ပြန်ကြားလွှာကို ဖြန့်ဝေလှုံ့ဆော်ခဲ့ပါတယ်။ သပိတ်မှောက်မှုတွေ ဖြစ်ပေါ်လာတဲ့အခါ ပြည်သူလူထုပါဝင်လာစေဖို့ ဆက်လက်လှုံ့ဆော်ခဲ့ရာ ၈ ဇွန်လ ၂၁ ရက်နေ့တွင် မြေနီကုန်း အရေးအခင်းဖြစ်ပေါ်လာပြီး ဆူပူလှုပ်ရှားမှုများ လူထုအတွင်းသို့ ကူးစက်ခဲ့ပါတယ်။ မန္တလေးမှာလည်း သန့်ဇင်ရဲ့ လှုံ့ဆော်မှုကြောင့် ဆန့်ကျင်ဆန္ဒပြမှုတွေဖြစ်ခဲ့ပါတယ်။ ကျောင်းတွေပြန်ပိတ်လိုက်ရပြီးနောက် သက်ခိုင်ဟာ ဗကပယူဂျီများကို ပြောက်ကျား တရားပွဲများ ပြုလုပ်စေခြင်း၊ 7 July အထိမ်းအမှတ် ပြုလုပ်ဖို့ လှုံ့ဆော်ခြင်း အပါအဝင် လှုံ့ဆော်စာများ ဖြန့်ဝေခြင်း၊ တောင်ကြီးနဲ့ပြည်တို့မှာ ဖြစ်ပွားခဲ့သော ဘာသာရေးပဋိပက္ခကို အကြောင်းပြုပြီး ဆန့်ကျင်လှုံ့ဆော်စာ ရေးသားဖြန့်ဝေခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။

ဒါ့အပြင် သူ့ရဲ့ ယူဂျီအဖွဲ့ဝင် ညိုထွန်းနဲ့တင်အေးကြူတို့ကိုလည်း ၂၈–၇–၈၈ ရက်နေ့ ရွှေတိဂုံဘုရားပေါ်မှာ ပြုလုပ်တဲ့ ကျောင်းသားဆူပူမှုမှာ ကြိုးကိုင်ပါဝင်စေခဲ့ပါတယ်။ ၈–၈–၈၈ ရက်နေ့ ဆူပူမှုများ ဖြစ်ပေါ်လာစေဖို့ ကျောင်းသား၊ ဝန်ထမ်း၊ အလုပ်သမားစတဲ့ အလွှာအသီးသီးအတွင်း လှုံ့ဆော်မှုများ ပြုလုပ်ခြင်း၊ ဆူပူမှုများ ဖြစ်လာရင် ကြိုးကိုင်နိုင်အောင် ကြိုတင်ညှိနှိုင်းမှုများ ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ကျော်မြကလည်း ဗကပ (ဗဟို)က တပ်မတော်ဖြိုခွဲဖို့ ရည်ရွယ်ပို့ပေးတဲ့ “အသွေးအရောင်ပြောင်းသွားတဲ့ ဗမာ့တပ်မတော်”ခေါင်းစဉ်ပါ ဝါဒဖြန့်စာများ ဖြန့်ဝေခြင်း၊ ကျောင်းသားသမဂ္ဂ အမည်နဲ့ လှုံ့ဆော်စာများ ရေးသားဖြန့်ဝေခြင်း၊ (၄၈၈) အလုပ်အဖွဲ့ကနေ 7 July အထိမ်းအမှတ် “တပ်လှန့်သံ”စာစောင်နဲ့ ၈–၈–၈၈ ရက်နေ့ ဆူပူအုံကြွမှုဖြစ်လာစေရေး ကျောင်းသား၊ လူထု၊ သံဃာတော်များ၊ လက်နက်ကိုင်ဝန်ထမ်းများ ပါဝင်လာစေရေး လှုံ့ဆော်စာများ၊ ပိုစတာများကို လူထုအတွင်း ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါတယ်။

၈–၈–၈၈ ရက်နေ့ အရေးအခင်း စတင်ဖြစ်ပွားတာနဲ့ သက်ခိုင်ဦးစီးတဲ့ ဗကပယူဂျီတွေဟာ ကြိုတင်စီစဉ်ထားတဲ့အတိုင်း လူထုလှုပ်ရှားမှုကို ကြိုးကိုင်နိုင်ဖို့ လှုပ်ရှားခဲ့ကြပါတယ်။ တပ်မတော်ဆန့်ကျင်ရေး အနေနဲ့ ကြေးစားတပ်ကို ဆန့်ကျင်သပိတ်မှောက်ကြ၊ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ကြ၊ ပြည်သူသို့ပန်ကြားချက် စသည်တို့ပါဝင်တဲ့ ကြွေးကြော်သံ လှုံ့



www.burmeseclassic.com

www.burmeseclassic.com



ဆော်စာ၊ ပိုစတာတွေ ဖြန့်ဝေခြင်းနဲ့ လူထုအုံကြွမှုမြင့်မားလာစေရန် လူထု လူတန်းစားအလွှာအသီးသီးတွင် ပါဝင်လှုပ်ရှားခဲ့ကြပါတယ်။ ၂၄-၈-၈၈ ရက်နေ့ စစ်အုပ်ချုပ်ရေး ရုပ်သိမ်းလိုက်တဲ့အခါ အခြေခံဥပဒေ ရုပ်သိမ်းပေးရေး၊ ယာယီအစိုးရ၊ ကြားဖြတ်အစိုးရဖွဲ့စည်းရေး ကြွေးကြော်သံပိုစတာများနဲ့ ဆက်လက်ဆန္ဒပြရေး လှုံ့ဆော်ခဲ့ကြပါတယ်။ ဆူပူဆန္ဒပြမှုများ အရှိန်အဟုန်ကျမသွားစေဖို့အရွက် အထွေထွေသပိတ်ကော်မတီဖွဲ့စည်းနိုင်ရန် ရည်ရွယ်ပြီး အထွေထွေသပိတ်ကော်မတီ ဖွဲ့စည်းရေး၊ ကြားဖြတ်အစိုးရဖွဲ့စည်းရေးတောင်းဆိုချက်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အမည်ခံကာ ဖြန့်ဝေခဲ့ပါတယ်။ ဗကသဖွဲ့စည်းနိုင်ရေးအတွက်ကိုလည်း လှုံ့ဆော်ခဲ့ပြီး၊ ဗကသကနေတစ်ဆင့် အထွေထွေ သပိတ်ကော်မတီ ဖွဲ့စည်းရေးအတွက် ကြိုးပမ်းခဲ့ပါတယ်။ ၆-၉-၈၈ ရက်နေ့မှာ ဗကပယူဂျီများ စုပေါင်းပါဝင်တဲ့ အထွေထွေသပိတ်ကော်မတီမှာ ဗကပယူဂျီများ စည်းရုံးကြိုးကိုင်ထားတဲ့ သမဂ္ဂ အမျိုးမျိုးပူးပေါင်းလာခဲ့ကြပါတယ်။

ကျော်မြနဲ့ ဗကပယူဂျီအဖွဲ့ဝင်တွေကလည်း မန္တလေးမှာ ဗကသ (အထက်ဗမာပြည်ဌာနခွဲ) အမည်နဲ့ သဘောထားထုတ်ပြန်ကြေညာချက်၊ ပန်ကြားချက်၊ အကြံပြုချက်တွေ မန္တလေးခရိုင်ကျောင်းသားသမဂ္ဂအမည်နဲ့ "တပ်လှန့်သံ"စာစောင်တွေ နေ့စဉ်လိုလို ရေးသားဖြန့်ဝေခြင်း၊ သိန်းသန်းဦးက ရှေ့နေလိုင်း၊ တင်အေးကြူက ကျောင်းသားလိုင်းကို တာဝန်ယူ ကြိုးကိုင်ခြင်းများနဲ့ ဆူပူလှုပ်ရှားမှုများ ပိုမိုကြီးထွားလာအောင် လှုံ့ဆော် ကြွေးကြော်တောင်းဆိုကြသလို သမဂ္ဂများဖွဲ့စည်းခြင်းတွေ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ခဲ့ကြပါတယ်။

ဒါကြောင့် ၁၉-၈-၈၈ ရက်နေ့မှာ မန္တလေးမြို့နယ်လုံးဆိုင်ရာ သပိတ်တပ်ပေါင်းစုကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

အဲဒီနောက်ပိုင်း တပ်မတော်က နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်တွေ ပေးပြီး ပါတီစုံစနစ်အတွက် လမ်းဖွင့်ပေးလိုက်တဲ့အချိန်မှာတော့ ဗကပယူဂျီတွေဟာ နိုင်ငံရေးပါတီများကို ကိုယ်ပိုင်တည်ထောင်ခဲ့ပါတယ်။ ဒါတင်မကဘဲ အခြားသောနိုင်ငံရေးပါတီများထဲကိုလည်း ဝင်ရောက်မြုပ်နှံပြီး လှုပ်ရှားခဲ့ကြပါတယ်။ အရေးအခင်းတွေ ထပ်မံဖြစ်ပေါ်အောင် ပါတီအဖွဲ့



အစည်းများအတွင်း ဝင်ရောက်သွေးထိုးလှုံ့ဆော်တဲ့နည်းနဲ့ တည်ငြိမ်အေးချမ်းမှုမရအောင် နည်းအမျိုးမျိုးနဲ့ ဆောင်ရွက်ခဲ့ကြပါတယ်။

ဘာသာရေးနဲ့ ပတ်သက်လို့လည်း ဂိုဏ်းပေါင်းစုံသံဃာ့ညီညွတ်ရေး ပျက်ပြားအောင်၊ သာသနာတော်ညှိုးနွမ်းအောင်၊ ဗကပယူဂျီတွေ သံဃာတော်များအတွင်း ဝင်ရောက်သွေးထိုးလှုံ့ဆော်မှုတွေ၊ ဘာသာရေးကို ခုတုံးလုပ်ပြီး ပတ္တနိက္ကုဇ္ဇနကံဆောင်ပွဲတွေဖြစ်အောင် ဖန်တီးမှုတွေ လုပ်ခဲ့တဲ့ အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အမှားအယွင်းမရှိအောင် သတိကြီးစွာထားပြီး ညင်သာစွာကိုင်တွယ်ဖြေရှင်းပေးခဲ့ရပါတယ်။

လက်ဝဲအင်အားစုဖြစ်တဲ့ ဗကပများသာမက ဒီလို အခြေအနေ အခွင့်အရေး ပေါ်လာမှုအပေါ်မှာ လက်ယာအုပ်စုကလည်း ဆိုင်းချက်နဲ့ အညီ လှုပ်ရှားခဲ့ကြတာတွေကိုလည်း "သစ္စာဖောက်ပုဆိန်ရိုးများနှင့် ပြည်ပမှားရိုးကမ်း သူတို့၏အရုပ်တော်ပုံ"အဖြစ် ၉-၉-၈၉ ရက်နေ့ အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ လက်ယာအချောင်သမားတို့ရဲ့ အကျင့်အတိုင်း အရေးအခင်း ပေါ်လာတာနဲ့ ကိုယ်ကျိုးအတွက် နိုင်ငံရေးကို လုပ်စားလာကြတာ ပြည်တွင်းမှာရော ပြည်ပမှာပါ တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၈၈ ခုနှစ် နိုင်ငံတော်အတွင်း ဖြစ်ပျက်ပြောင်းလဲခဲ့ရတဲ့ နိုင်ငံရေးပြောင်းလဲမှုဟာ သွေးရိုးသားရိုး ပုံမှန်မဟုတ်ဘဲ ပယောဂ အမျိုးမျိုး စွက်ဖက်နှောင့်ယှက်ခဲ့ကြလို့ပဲ ဖြစ်ပါတယ်။

ဒီကနေ့ အချိန်အခါဟာ လွန်ခဲ့တဲ့ ၄၅ နှစ်ကျော်က အခြေအနေ အချိန်အခါနဲ့ မတူတော့ဘူးဆိုတာ သတိပြုသင့်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကျောင်းသားဘဝက နိုင်ငံရေးလှုပ်ရှားခဲ့တာ နယ်ချဲ့လက်အောက်မှာ ဖြစ်တယ်။ လွတ်လပ်တဲ့နိုင်ငံ မဟုတ်ဘူး။ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ လွတ်လပ်ရေးရအောင် နိုင်ငံရေးလုပ်ခဲ့ရတာဖြစ်တယ်။ ဒီနေ့ဒီအချိန်အခါနဲ့ မတူတော့ဘူး။ ဒါကို သတိမပြုဘဲ နိုင်ငံရေးသမားတွေက မြှောက်ပင့်ပေးတာကို နားယောင်ပြီ ဘဝင်မြင့်သွားရင် လမ်းမှားကို ရောက်သွားလိမ့်မယ်လို့ ပြောချင်ပါတယ်။ တပ်မတော်အနေနဲ့ ကျောင်းသားလူငယ်တွေကို တိုင်းပြည်အတွက် အနာဂတ် သားကောင်း၊ သမီးကောင်းတွေ၊ ခေါင်းဆောင်ကောင်းတွေအဖြစ် မြင်ချင်ပါတယ်။ လမ်းမှားကို မရောက်စေချင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် နယ်စပ်ဒေသရောက်သွားတဲ့ ကျောင်းသားလူငယ်တွေကို အိမ်နီးချင်းနိုင်ငံများနဲ့ ဆက်သွယ်ညှိနှိုင်းပြီး ပြန်လည်ခေါ်ယူခဲ့ပါတယ်။ ဒီနေ့အထိလည်း ကြိုဆိုရေးစခန်းတွေဖွင့်ပြီး လက်ကမ်းကြိုဆိုလျက် ရှိနေပါသေးတယ်။

ကျောင်းသူ/ကျောင်းသားများအနေနဲ့ ကျောင်းသားအရေးကိစ္စနဲ့ဆိုင်တဲ့ ဘာသာရပ်ဆိုင်ရာအသင်းတွေ၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အားကစားဆိုင်ရာ အသင်းအဖွဲ့တွေ ဖွဲ့စည်းခွင့်၊ လှုပ်ရှားခွင့်တွေ ပေးသွားမှာဖြစ်ပါတယ်။ ဒါပေမဲ့ ပါတီနိုင်ငံရေးနဲ့ ပတ်သက်တဲ့ လှုပ်ရှားမှုတွေကိုတော့ မည်သည့်နည်းနှင့်မှ လက်ခံမှာ မဟုတ်ပါဘူး၊ နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းသားများ၊ မိဘများ နစ်နာဆုံးရှုံးမှုမျိုး ထပ်မံမကြုံတွေ့ရအောင် အဘက်ဘက်မှ ကူညီပံ့ပိုးသွားမှာ ဖြစ်ပါတယ်။ ကျောင်းသားများ အပိုင်းကလည်း အနာဂတ် ခေါင်းဆောင်ကောင်းများဖြစ်ရေးအတွက် အသိတရားရှိရှိ၊ အဆင့်အတန်းရှိရှိနဲ့ ကိုယ့်သိက္ခာကိုယ်ထိန်းပြီး စည်းကမ်းတကျအေးချမ်းစွာ ပညာသင်ကြားသွားရန် လိုအပ်တယ်လို့ သတိပေးပြောကြားလိုပါတယ်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ပါတီစုံဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် အဟန့်အတားဖြစ်စေတဲ့ ဥပဒေများကို ပယ်ဖျက်ခြင်း၊ လိုအပ်သောဥပဒေများ ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စည်းကမ်းတကျ ဆောင်ရွက်ပေးနေသည့် ကာလတွင် အာဏာကို ဖြတ်လမ်းက ရယူလိုတဲ့ N.L.Dအပါအဝင် နိုင်ငံရေးပါတီအချို့က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်)ကို ပြည်တွင်းပြည်ပမှ လက်ဝဲလက်ယာ အဖျက်သမားများ ပူးပေါင်းပြီး မဟုတ်မမှန်သော ကောလာဟလများ ထုတ်လွှင့်ခြင်း၊ တပ်မတော်အပေါ် ပြည်သူ အကြည်ညိုပျက်စေရန် စွပ်စွဲပုတ်ခတ်ခြင်း၊ တပ်မတော်ပြိုကွဲအောင် တိုက်ခိုက်ခြင်း ပြုလုပ်ခဲ့ပါတယ်။

အဲဒီထိပ်တိုက်ရင်ဆိုင်မှုဟာ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်အာဇာနည်နေ့မှာ အထွတ်အထိပ်သို့ ရောက်လာတဲ့အတွက် နိုင်ငံတော်ငြိမ်ဝပ်



ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ၁၀၊ ပုဒ်မခွဲ(ခ)အရ မလွှဲမရှောင်သာဘဲ တားဆီးမှု ပြုလုပ်ခဲ့ရပါတယ်။

အဲဒီလို ဒေါ်အောင်ဆန်းစုကြည်အား တားဆီးမှုပြုလုပ်ခဲ့ခြင်းဟာ နိုင်ငံတော်အားထိပါးမည့် အန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းလည်း ဖြစ်ပါတယ်"ဟူ၍ ပြောကြားခဲ့သည်။

သို့သော် "ဦးခင်ညွန့်သို့ တုံ့ပြန်ချက်"စာအုပ်၌ပင် လက်ျာဝင်းက "နှောင်တမဲ့သံသရာ (သို့မဟုတ်) စစ်အာဏာအမိုက်တိုက်" ခေါင်းစဉ်ဖြင့်ဤသို့ ပြန်လည်ချေပထားသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက် အာဏာသိမ်းမှုနှင့် ပတ်သက်၍ သိရိုပျံ့ချီ ဒေါက်တာသာလှက "ကျွန်တော်မှတ်မိသမျှ"စာအုပ်၌ "တတိယအကြိမ် ၁၉၈၈ ခုနှစ် ဗိုလ်စောမောင်ကို အသုံးပြုပြီး အာဏာသိမ်းခိုင်းတာကတော့ အကြောင်းကြောင့်ပါပဲ။ "မင်းမဲ့တိုင်းပြည်အခြေအနေ'ဟာလည်း အာဏာပိုင်အဖွဲ့၏ လုပ်ကြံမှုပဲဆိုတာ ရှင်းနေတာပါ။ အတိုချုံးပြီးဆိုရလျှင် နိုင်ငံတော်အချုပ်အခြာအာဏာကို ဗိုလ်ချုပ်နေဝင်းသည် မိမိ၏လက်တွင်းသို့ ထည့်ချိန်တန်ပြီဟု အယူရှိမည်နှင့် အာဏာသိမ်းခြင်းဖြစ်မည်ဟု ယုံကြည်ရပါသည်"ဟူ၍ ရေးသားဖော်ပြထားသည်။

"၁၉၈၈ အရေးတော်ပုံကို နှိပ်ကွပ်ရန် အာဏာသိမ်းတာလား၊ အာဏာလွှဲတာလား ဆိုသည့် မေးခွန်းကို အာဏာသိမ်းခြင်း မဟုတ်ဟု ဦးခင်ညွန့်က ဖြေပါသည်။ သူပြောသည့်ဇာတ်လမ်းလေးမှာ လွမ်းစရာပင်ကောင်းသေးတော့။ ဦးနေဝင်းကလည်း သူ့ကို ဖမ်းချင်ဖမ်းဟုပြော၊ ဦးစောမောင်တို့၊ ဦးခင်ညွန့်တို့ကလည်း မဖမ်းရက်၊ ဖမ်း၍လည်းမဖြစ်၊ စစ်အာဏာရှင်စနစ်ကြီးကို ဆက်လက်သယ်ဆောင်ကြရဦးမည်လေ။ လူတစ်စု၏ အကျိုးစီးပွားကို ဖော်ဆောင်ကြရဦးမည်။ ဦးနေဝင်း အစီအမံဖြင့်အာဏာသိမ်း အမိန့်ကြေညာချက်များကို ဒေါက်တာမောင်မောင်က ရေးပေးသည်။ သို့ရာတွင် စစ်ဘက်မှ တရားဝင် ထုတ်ဖော်ဝန်ခံခြင်း မရှိခဲ့။ ဗိုလ်ချုပ်မှူးကြီး စောမောင်၏ အပြောကို သတိရမိပါသေးသည်။ သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



အရင်အစိုးရ (မဆလ)၏ဩဇာခံမဟုတ်ကြောင်းနှင့် မည်သို့မျှမပတ်သက်ကြောင်း ဦးစောမောင်က ပြောခဲ့ဖူးသည်။ ခုတော့ သူပြောသလို မဟုတ်။ နဝတဖွဲ့စည်းကြောင်း ကြေညာချက်ကိုပင်လျှင် မဆလသမ္မတဟောင်း ဒေါက်တာမောင်မောင်က ရေးပေးသည်ဟု ဦးခင်ညွန့်က ပြောကြားခဲ့လေပြီ။ လူသိရှင်ကြား ဝန်ခံခဲ့လေပြီ။

ဦးခင်ညွန့်က သူ အာဏာရှိစဉ်က သတင်းစာရှင်းလင်းပွဲများက လေသံအတိုင်း အရေးတော်ပုံကာလအတွင်း ခေါင်းဖြတ်မှုများကို လက်ညှိုးထိုးအပြစ်ဖို့နေတုန်းပဲဖြစ်သည်။ ထိုခေါင်းဖြတ်မှုများ ဘယ်သူတွေကြောင့် ဖြစ်ခဲ့ရသည်ကို ဦးခင်ညွန့် အသိဆုံးဖြစ်ပါလိမ့်မည်။ တစ်ချိန်က ထုတ်ဖော်ခွင့်မရသော အရေးတော်ပုံကာလ မှတ်တမ်းမှတ်ရာများ၊ ဓာတ်ပုံများ အများအပြားထွက်ပေါ်လာခဲ့ပြီးဖြစ်သည်။ ဂိုဒေါင်ဖောက်နေသည့်ပုံများမှာ အတော်ထင်ရှားပါသည်။ တစ်တိုင်းပြည်လုံး မင်းနဲ့စရိုက် လွှမ်းသွားအောင် အစီအစဉ်ရှိရှိ စနစ်တကျ ပုံဖော်ခဲ့ကြသူများက လူပြိန်ဟစ်နေချေသေး၏။ အရေးတော်ပုံကာလတွင် ကြက်များသမဂ္ဂပါဝင် ခဲ့သည်ဟု ဦးခင်ညွန့် ပြောပါသည်။ တကယ်လည်း မရှိ၊ ဘယ်သူမှလည်း မသိသည့် သမဂ္ဂကို သူသိနေသည်မှာ အတော်ထူးပါသည်။ အရေးတော်ပုံကြီးကို သေးသိမ်အောင် လိမ်ညာဝါဒဖြန့်နည်းများကို ခရုဆံကျွတ်အာဏာလက်လွှတ်ဘဝ ရောက်နေသည့်တိုင် မစွန့်လွှတ်နိုင်သေးပါ။

တစ်ဖန်...

"ထောက်လှမ်းရေးဆိုတာ ခိုင်းတာ လုပ်ရတာဗျ၊ မဟုတ်ဘူးလား၊ သူတို့က ထင်နေတာက ထောက်လှမ်းရေးကအကုန်လုံး လျှောက်ပြီးတော့မှ အကုန်လုံးအပေါ်မှာ စိုးမိုးလိမ့်မယ်လို့ ထင်တာ။ ဘယ်ဟုတ်မှာလဲဗျ၊ ဘယ်စိုးမိုးလို့ရမလဲ၊ စစ်တပ် အစဉ်အလာနဲ့ လာတာဗျ၊ ကျွန်တော်က အဲဒီအချိန်မှာ၊ ထောက်လှမ်းရေးအကြီးအကဲဆိုပေမယ့် ကျွန်တော်က နံပါတ်သရီးအဆင့်ပဲရှိတယ်။ ကျွန်တော့်ကို နဝတတာဝန်ပေးတဲ့အချိန်မှာပေါ့၊ စောစောပိုင်းကတော့ မဟုတ်ပါဘူး၊ ထောက်လှမ်းရေးညွှန်ကြားရေးမှူးဆိုတာ ဟိုးအနောက်မှာ ၈၈ မှာ ကျွန်တော်အတွင်းရေးမှူး(၁)ဖြစ်တော့မှ ကျွန်တော်က နံပါတ်သရီးအဆင့်ရှိတာ၊ နံပါတ် သရီးဆိုတာ နံပါတ်ဝမ်း၊ တူး ကို ကျော်သွားလို့ မရဘူးဗျ။



"ထောက်လှမ်းရေးဆိုပြီး ပစ်မှတ်ညွှန်းနေတာကိုးဗျ၊ ကျွန်တော်ကလည်း အဲဒါကို မတုံ့ပြန်ချင်ဘူးဗျ၊ ဘာကြောင့်လဲဆိုတော့ အရှုံးနဲ့အကောင်းစကားပြောရင် လူကောင်းပဲနစ်နာမှာပေါ့ဗျ၊ အရှုံးဘယ်နစ်နာမလဲဗျ မဟုတ်ဘူးလား၊ အခုအရှုံးချိုးပန်းလို လုပ်နေကြတာတွေဗျ၊ မဟုတ်ဘူးလား၊ အဓိက ဒီလိုဆိုးဝါးသွားတာ နိုင်ငံရေးအကျဉ်းသားတွေ ပေါ်လာတာ၊ ထောင်ချတာ၊ ထောင်ထဲမှာ သတ်တာ၊ ဖြတ်တာ၊ သေတာတွေ အားလုံးက ထောက်လှမ်းရေးလက်ချက်လို့"

ဦးခင်ညွန့်၏ အပြောများ ဖြစ်ပါသည်။ ထောက်လှမ်းရေးက ခိုင်းတာလုပ်ရသည်ဆိုသည်မှာ တစ်ပိုင်းပဲမှန်ပါသည်။ အဖွဲ့အစည်းအနေနှင့်မှန်သော်လည်း အဖွဲ့ခေါင်းဆောင်၏ အာဏာပိုင်မှု အဆင့်အတန်းကိုကြည့်ပြီး အကဲဖြတ်မှ အမှန်တရားနှင့် နီးစပ်ပေလိမ့်မည်။ စစ်အာဏာရှင်နိုင်ငံများ၏ သဘောသဘာဝအရ ထောက်လှမ်းရေးသည် အရေးပါပါသည်။ ထောက်လှမ်းရေးအကြီးအကဲများကို နံပါတ်တစ် စစ်အာဏာရှင်က တိုက်ရိုက်ချုပ်ကိုင်ထားလေ့ရှိပါသည်။ နိုင်ငံတကာတွင်မူ အစိုးရအဖွဲ့ထဲ၌ ထောက်လှမ်းရေးအကြီးအကဲမှာ ထိပ်တန်းခေါင်းဆောင်ဖြစ်လေ့မရှိပါ။ မြန်မာပြည်ကတော့ ခြွင်းချက်ဖြစ်ပါသည်။ မဆလခေတ်တွင် နံပါတ်ဝမ်း ဦးနေဝင်း၊ နံပါတ်တူး ဦးစန်းယု ဖြစ်ပါသည်။ ထူးဆန်းစွာပင် ဝမ်းနှင့်တူး အကြား ဝမ်းပွိုင့်ဖိုက် (၁.၅)ဟု ပေါ်လာခဲ့ဖူးပါသည်။ ၎င်းမှာ မဆလခေတ် စစ်ထောက်လှမ်းရေး အကြီးအကဲ ဗိုလ်မှူးချုပ်တင်ဦး (မျက်မှန်ကြီး)ဖြစ်သည်။ သူလည်း ဇာတ်သိမ်းမကောင်းခဲ့ပါ။ နံပါတ်ဝမ်းလည်း ဇာတ်သိမ်းမလှခဲ့ပါ။

ပြောရလျှင် စစ်အာဏာရှင်နေဝင်း၏ အမိန့်အရ ဦးခင်ညွန့်သည် နဝတအတွင်းရေးမှူး (၁) ဖြစ်လာခဲ့သည်။ ရာထူးကိုပင် ဗိုလ်မှူးကြီးမှ ဗိုလ်မှူးချုပ်သို့ ဦးနေဝင်းက ချက်ချင်းတိုးမြှင့်ခန့်ထားပေးခဲ့သည်။ ဦးခင်ညွန့် နံပါတ်သရီးဖြစ်လာသည်။ ခိုင်းတာလုပ်ရပါသည်ဟု ပြောမရတော့။ ပေါ်လစီချမှတ်ခွင့်ရှိသူတစ်ယောက်တွင် လုပ်ပိုင်ခွင့်တွေလည်း အများကြီးရှိပါသည်။ တိုင်းပြည်အဝန်းတွင်တော့ သူ၏ထောက်လှမ်းရေးတပ်မှူး၊ တပ်သားများက ပြည်သူလူထုကြီးကို ဟောက်စား၊ ချောက်စားလုပ်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ မြန်မာလူထု သန်း ၆၀ သာမက ကမ္ဘာကပင် သိပါသည်။ ဦးခင်ညွန့် အဓိကအရာကျသွားသည့်အကြောင်းရင်းမှာ ထောက်လှမ်းရေးမှ တပ်တွင်း စိုးမိုးမှုရယူရန် ကြိုးစားခြင်းကြောင့်ဟု ထင်မြင်မိပါသည်။ စိုးမိုး၍ မရကြောင်းကိုတော့ ဘဝက သင်ပေးလိုက်ပြီထင်ပါ၏။

ဖြစ်ပျက်ခဲ့သမျှ အားလုံးတို့သည် ဦးခင်ညွန့်နှင့် ထောက်လှမ်းရေး၏ တာဝန်ချည်းသက်သက်တော့ မဟုတ်ပါ။ အဓိကရင်းမြစ်တရားခံမှာ စစ်အာဏာရှစ်စနစ်သာ ဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်ကို အကောင်အထည်ဖော် ဖော်ဆောင်ရွက်သူများ ဖြစ်ပါသည်။ ထိုအထဲတွင် ဦးခင်ညွန့်လည်း ထိပ်တန်းမှ ပါဝင်ခဲ့သည်ကိုတော့ ငြင်းမရပါ။ တာဝန် ခံရပါလိမ့်မည်။ နံပါတ်ဝမ်းတွေ၊ တူးတွေကို လွှဲချနေ၍လည်း မထူးပါ။ ဦးခင်ညွန့်က သူ့လုပ်ရပ်များနှင့် ပတ်သက်၍ တာဝန်မယူသည့်အပြင် သူ့ကိုဝေဖန်ထောက်ပြ ရေးသား ပြောဆိုသူများကိုပင် အရူးတွေ၊ အရူးချီးပန်းတွေ လျှောက်လုပ်နေတာဟု ပြန်လည်ဝေဖန်ပုတ်ခတ်ခဲ့ပါသေးသည်။ စစ်အာဏာရှင်ဇာတ်ဆရာကောင်းလှ၏။ ဘဝကပြောင်းနေတာပင် ဇာတ်က ပြောင်း၍မရ။ ပြည်သူတွေကို စော်ကားဝံ့လှသည်။

နိုင်ငံရေးသမားတွေ၊ တက်ကြွလှုပ်ရှားသူတွေကို ဖမ်းဆီးစစ်ကြောနှိပ်စက်ထောင်ချသော အလုပ်ကို ထောက်လှမ်းရေးက သေချာပေါက်လုပ်ခဲ့သည်။ စစ်ကြောရေးတွင် နှိပ်စက်ခံရပြီး ကျဆုံးသွားသော နိုင်ငံရေးသမားတွေလည်း မနည်းပေ။ ၎င်းတို့ကို နံပါတ်ဝမ်းနှင့်တူးက ကွပ်မျက်ခိုင်းသည်တော့ မဟုတ်တန်ရာ။ တရားစီရင်ရေးနယ်ပယ်ထဲ အထိ ကျူးကျော်ဆောင်ရွက်ခဲ့ကြောင်း ဦးခင်ညွန့် ပြောခဲ့သည်ကို ကျွန်တော် တင်ပြခဲ့ပြီးပါပြီ။ နိုင်ငံရေးအကျဉ်းသား ဖြစ်သွား၍ ထောင်ထဲ ရောက်သည်အထိလည်း ထောက်လှမ်းရေးက လိုက်လံစွက်ဖက်ခဲ့ပါသည်။ ထောင်ထဲတွင်ပင် ရုံးခန်းဖွင့်၍သာ ကြီးကြပ်သည်။ ထောင်ပြောင်းကိစ္စ၊ အပြင်ဆေးရုံထုတ်သည့်ကိစ္စသူတို့ပဲ အကုန်ချုပ်ကိုင်ထား၏။ ထောင်အာဏာပိုင်များကလည်း ထောက်လှမ်းရေးဆိုလျှင် ဖိန့်ဖိန့်တုန်အောင် ကြောက်ပြီးသား။ သူတို့ကလည်း မဟုတ်တာချည်း လုပ်နေသူတွေကိုး။ မဟုတ်တာသေးသေးလုပ်သူက မဟုတ်တာကြီးကြီးလုပ်သူကို ကြောက်ရတာ ဆန်းတော့မဆန်းလှချေ။



ထောက်လှမ်းရေးအစီအမံဖြင့် ပူတာအိုက နိုင်/ကျဉ်းကို မြိတ်သို့ပို့သည်။ မြိတ်ကနိုင်/ကျဉ်းကို ပူတာအိုပို့သည်။ ရှမ်းက နိုင်/ကျဉ်းကို ရခိုင်ပို့သည်။ နိုင်/ကျဉ်းများသာမက နောက်ပိုင်းမှာ ထောင်ဝင်စာ လိုက်ရသူ မိသားစုဝင်များကိုပါ ဒုက္ခရောက်အောင် စနစ်တကျ စီမံခဲ့ကြသည်။ ထိုစဉ်က ဒေသဆိုင်ရာ အာဏာပိုင်များမှာလည်း ထောက်လှမ်းရေးများသာ ဖြစ်ကြ၏။ မဝတ ဥက္ကဋ္ဌကလည်း ထောက်လှမ်းရေးဆွယ်မှူး (တပ်ကြပ်ကြီး)လောက်ကို ကြောက်ရ၏။ ရဲမြို့နယ်မှူးကလည်း ထောက်လှမ်းရေးတပ်သားလောက်ကို အလေးပြုရ၏။ ဘုန်းမီးနေလ အတောက်ပဆုံးကာလများဟုပင်ဆိုနိုင်သည်။ သတင်းပေးတွေ အများကြီးမွေးထားသည်။ သတင်းပေးတွေကို မဟုတ်တာအကုန်လုပ်ခွင့်ပေးထားသည်။ ဥပဒေဆိုတာသူတို့ပါးစပ်ထဲမှာ၊ သူတို့၏ နှုတ်မိန့်ဖြင့် လူတစ်ယောက်၏ဘဝ ပျက်သွားကောင်း သွားနိုင်လေသည်။

နိုင်/ကျဉ်းတွေကို အပြင်ဆေးရုံထုတ် ကုသဖို့ ထောင်မှ ထောက်လှမ်းရေးကို တင်ပြရသည်။ နိုင်/ကျဉ်းက သေလုမျောပါး ဘယ်အခြေဆိုက်နေနေ၊ ထောင်အာဏာပိုင်နှင့် ထောင်ဆရာဝန်က အပြင်ဆေးရုံ ထုတ်၍ မည်မျှကုသပေးချင်နေနေ ထောက်လှမ်းရေးခွင့်မပြုလျှင် မထုတ်ရ။ ထိုသို့ညစ်ကပ်ထားသဖြင့် အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးသွားရသည့် နိုင်/ကျဉ်းတွေ တစ်ပုံတစ်ပင်ရှိ၏။ နိုင်/ကျဉ်းများအပေါ် ထောက်လှမ်းရေးက တရားမဝင် သေဒဏ်စီရင်ခဲ့သည်ဟု ဆိုလျှင် ဦးခင်ညွန့် ငြင်းနိုင်ပါမည်လော။ ဤသို့သော ကိစ္စရပ်များသည် နံပါတ်ဝမ်းတွေ၊ တူးတွေနှင့် တိုက်ရိုက်သက်ဆိုင်သည်ဟု ဆိုနိုင်ပါမည်လော။ ယုတ်စွအဆုံး ထောင်တွင်း နေရာချထားမှု အထိပင် ပါဝင်စွက်ဖက်သည်။ ဘယ်နိုင်/ကျဉ်းကို တိုက်ထဲထား၊ ဘယ်နိုင်/ကျဉ်းကို အဆောင်ပို့ စသည်ဖြင့် အသေးစိတ် စီမံကွပ်ကဲသည်။ ထောင်ဝင်စာတွေ့ရာတွင် ဖြောင်စောင့်ကြည့် နားထောင်သည်။ နိုင်ငံရေးစကား လုံးဝမပြောရန် ပိတ်ပင်တားမြစ်သည်။ ဤလုပ်ရပ်များကို ထောက်လှမ်းရေးများနှင့် ထောက်လှမ်းရေးအဆွယ်ပွားများ တကယ်မလုပ်ခဲ့လျှင်တော့ ထောက်လှမ်းရေးကို ပစ်မှတ်ညွှန်သူတွေ အလွန်ပင် ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်ဉာဏ်လင်း

တည်ဆဲဥပဒေကိစ္စနှင့်ပတ်သက်၍ ရှေ့မှာ ကျွန်တော် အထိုက်အလျောက်ရေးခဲ့ပြီး ဖြစ်သည်။ ပြည့်စုံအောင် ထပ်ရေးရပါဦးမည်။ တစ်ထိုင်တည်းပြောသော ဦးခင်ညွန့်၏စကားနှစ်ရပ်ကို လေ့လာကြည့်စေလိုပါသည်။ "ဟိုတစ်ချိန်တုန်းက တည်ဆဲဥပဒေကို ဖောက်ဖျက်ရင် ဖောက်ဖျက်တဲ့သူ ခံရတာပဲ၊ ကျွန်တော်လည်း ခံခဲ့ရတာပဲဗျ၊ ကျွန်တော့်ကို ထောင် (၄၄) နှစ်၊ ကျွန်တော် ဘာမှ Complain (မကျေနပ်မှု) လုပ်လို့ မရဘူးလေ။ ကျွန်တော့်ကို စီရင်ချက်ချတဲ့အချိန်မှာ ကောင်းပါပြီ၊ ဘာပြောစရာရှိလဲတဲ့ မရှိပါဘူးလို့။ သူ အမိန့်ချမှတ်တဲ့အတိုင်းပဲ ကျွန်တော်လိုက်နာရတာပဲဗျ၊ အဲဒီတုန်းက စီရင်ချက် ချမှတ်တာကို ကျွန်တော် အခုထိ မှားတယ်၊ မှန်တယ် ကျွန်တော် မသိဘူး"



"ကျွန်တော် တကယ်တော့ အဂတိမလိုက်စားခဲ့ဘူးဗျ။ သို့သော်ငြား လည်းပဲ ကျွန်တော့်ကို အဂတိလိုက်စားမှုဆိုပြီး အရေးယူတာပဲ။ ဒါပေမဲ့ Indirect (သွယ်ဝိုက်၍) ယူလိုက်တာပေါ့ဗျာ"

ဦးခင်ညွန့်က သူအဂတိ မလိုက်စားခဲ့ဟုဆိုသည်။ သို့သော် အဂတိလိုက်စားမှုဖြင့် သူ့ကို ထောင်ဒဏ် (၄၄) နှစ် ချမှတ်ခဲ့ခြင်းအပေါ် မှားလား၊ မှန်လည်း သူမပြောဘူးဟု ဆိုသည်။ ဘယ်လို လောဂျစ်မျိုးကို အသုံးပြု၍ အင်တာဗျူး ဖြေနေသည်မသိ။ တွေးရခက်ကြီးပင်။ သူ့တပည့်များ၊ လာဘ်စားသည်ကို အကြောင်းပြု၍ သူ့ကို Indirect အရေးယူလိုက်သည်ဆိုလျှင်လည်း သူသည် တိုင်းပြည်အုပ်ချုပ်ရေးမှာ နံပါတ် ၃ ဖြစ်သည်။ ထိပ်တန်းခေါင်းဆောင် တစ်ယောက်ဖြစ်သည်။ သူ့တပည့်ထောက်လှမ်းရေးတပ်မှူး၊ တပ်သားများလည်း ဒေသဆိုင်ရာများတွင် အုပ်ချုပ်ရေးအရှင်သခင်များ ဖြစ်ကြသည်။ ထို့အတွက် Indirect စရာရှိလျှင် အစိုးရတစ်ဖွဲ့လုံး၊ နအဖတစ်ဖွဲ့လုံး Indirect လိုက်ကြဖို့ပဲရှိပါတယ်။ ဦးခင်ညွန့်တစ်ယောက်တည်း ခံရသည်မှာ မတရားပါ။

နောက်မေးခွန်းတစ်ခုနှင့် ဦးခင်ညွန့်၏အဖြေကိုလည်း ကြည့်ပါဦး။ မေးခွန်းက "ဗိုလ်ချုပ်ကြီးကို (၄၄)နှစ်ချတော့ တရားဥပဒေစိုးမိုးမှု မရှိဘူးလို့ မထင်ဘူးလား။ ဦးခင်ညွန့်အဖြေက "ကျွန်တော်မထင်ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့တည်ဆဲဥပဒေနဲ့ ဥပဒေနဲ့ငြိအောင် ကျွန်တော်က လုပ်လိုက်တာကိုးဗျ၊ ဆိုတော့ ကျွန်တော်မထင်ပါဘူး၊ ကျွန်တော်က ဝမ်းမြောက်ဝမ်းသာပါပဲ၊ ဝမ်းသာတယ်ဗျာလို့ပြောပြီး ကျွန်တော်ထွက်လာတာပဲ"တဲ့။

တရားဥပဒေဆိုသည်ကို ဦးခင်ညွန့် မည်သို့နားလည်ထားသည် မသိပါ။ သူ၏စကားများပင် ပြန်လည်ထုတ်နုတ်တင်ပြရလျှင် အောက်ပါ အတိုင်းတွေ့ရမည်ဖြစ်ပါသည်။ သူ လာဘ်မစားခဲ့၊ သို့သော် လာဘ်စားမှုဖြင့် ထောင် (၄၄)နှစ်ကျ၊ ရှေ့နေငှားလျှင်လည်း မထူး၊ လျှောက်လွှဲထုချေခွင့်မရှိ၊ သို့သော် သူသည် တည်ဆဲဥပဒေကို ဖောက်ဖျက်သူသာ ဖြစ်သည်။ အပြစ်ပေးခံရသည့်အပေါ် မှားခြင်း၊ မှန်ခြင်းကို မပြော၊ တရားဥပဒေစိုးမိုးမှုလည်းရှိ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ ရှေ့နောက်ညီညွတ်မှုမရှိသည်ကို တွေ့ကြရမည်ဖြစ်ပါသည်၊ ကိုယ်မဟုတ်တာ မလုပ်ခဲ့ဟုလည်းပြောချင်၊ စစ်အာဏာရှင်စနစ်ကြီးကိုလည်း အကာအကွယ်ပေးချင်၊ မတရား အလုပ်ခံရသည်ဟုလည်း မပြောရဲ၊ ထို အတွေးများဖြင့် သူ့အပြောများ ချာချာလည်နေခြင်းဖြစ်ပါသည်။ နအဖ တည်ဆဲဥပဒေ၏ အနှစ်သာရမှာလည်း ဦးခင်ညွှန့်၏ စကားထဲမှာပင် တရားပြနေပါတော့၏”ဟူ၍ ရေးသားထားလေသည်။

မည်သို့ဆိုစေ နဝတအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွှန့်၏ အကြိမ် (၁၁၀)မြောက် သတင်းစာရှင်းလင်းပွဲ၌ ပြောဆိုချက်များသည် ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် ဖြစ်ရပ်မှန်များ မေးမှိန် သေးသိမ်စေရန်နှင့်သူကိုယ်တိုင် အဖျက်အမှောင့်လုပ်ရပ်များကို ထိန်ချန် ကာ ဟောပြောရှင်းလင်းခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဒီမိုကရေစီအရေးတော် ပုံကာလ ရက်စက်စွာ ဖြို့ခွင်းခဲ့မှုများ၊ ဖြစ်ပွားခဲ့သော အခြေအနေမှန်များ၊ အာဏာသိမ်းရန်အတွက် အဖျက်အမှောင့်လုပ်ငန်းများ စီစဉ်လုပ်ကိုင် ခဲ့မှုများကို မီဒီယာများကြောင့် ဘူးပေါ်သလို ပေါ်ခဲ့ရာ ဆင်သေကို ဆိတ် သားရေဖြင့် ဖုံးကွယ်ကာ လျှာအရိုးမရှိတိုင်း လိမ်ညာ ဝါဒဖြန့်ချခဲ့သော ဦးခင်ညွှန့် လုပ်ရပ်များကို ပြည်သူလူထုတစ်ရပ်လုံးက နားလည်သဘော ပေါက်နေကျနေပြီ ဖြစ်ပေသည်။

■

# အခန်း(၇)

# လူထုခေါင်းဆောင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ်သဘောထား

မြတ်ခိုင်၏ “ဦးခင်ညွှန့်နှင့် အင်တာဗျူး”စာအုပ် စာမျက်နှာ ၁၀၃ ၌-

‘ဒေါ်စုနဲ့ပတ်သက်လို့က ကျွန်တော့်စိတ်ထဲမှာ ညီမလေးလိုပဲ အမြဲတမ်းသဘောထားတယ်။ ဘယ်တော့မှ သူ့အပေါ် အငြိုးအတေးလိုမျိုး ရှိစရာလည်း အကြောင်းမဟုတ်ဘူးဗျာ။ မဟုတ်ဘူးလား။ နိုင်ငံရေးလုပ် တဲ့အခါမှာ အယူအဆချင်းက တစ်ယောက်နဲ့တစ်ယောက် တူချင်မှ တူမှာ ပေါ့ဗျ၊ သူလည်း သူ့အယူအဆနဲ့သူ လုပ်တယ်ဆိုတဲ့နေရာမှာ အဲဒီအချိန် အခါကတည်းကိုက ကျွန်တော်က ဒေါ်စုကို ညီမလေးလိုပဲ သဘောထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးလေး၊ ကျွန်တော်တို့တိုင်းပြည်မှာ ရှာမှရှားပဲ။ နောက်ထပ်လည်းပေါ်စရာအကြောင်း မရှိပါဘူး၊ သူ့သမီးဗျ၊ အဲဒါကိုတော့ အလေးထားတယ်”ဟူ၍ ဖြေကြား ထားသည်။

ဤသို့ ယခုမှ ဒေါ်အောင်ဆန်းစုကြည်ကို ညီမလေးလိုပဲ အမြဲတမ်း သဘောထားပါတယ်ဟု ပြောဆိုခဲ့သော ဗိုလ်ချုပ်ခင်ညွှန့်သည် ၁၉၉၃ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် အရာရှိ ကြီးများ အုပ်ချုပ်မှု မွမ်းမံသင်တန်းအမှတ်စဉ် ၃/၉၃ ၌ ပြောကြားခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ပြန်လည်ဖတ်ရှုပါက ဒေါ်အောင်ဆန်းစုကြည်အပေါ်ထားရှိသော သူ့သဘောထားအမှန်ကို သိရှိရပေမည်။ ထိုစဉ်က–

"...အမျိုးသမီးက ဘာလဲဆိုရင် မြန်မာနိုင်ငံကို ရောက်လာတာ သူ့သဘောနဲ့သူ ရောက်လာတာမဟုတ်ပါဘူး။ ခင်ဗျားတို့သိအောင် ဇူလိုင်လမှာ သူ့ဖခင်၊ ၁၉ ဇူလိုင်မှာ သူ့ဖခင်ဆုံးတဲ့နေ့တိုင်း နှစ်စဉ်မှာလာတယ်။ တစ်နှစ်တစ်ခါပဲလာတယ်။ ပြန်သွားတယ်"

"...ဆိုတော့ အမျိုးသမီး အဲဒီရန်ကုန်ဆေးရုံကြီးမှာ တရားဟောတဲ့အခါကျတော့ ပရိသတ်က အတော်များများ တက်လာတဲ့အခါကျတော့ အဲဒီမှာ အားတက်ပြီးတော့၊ ငါနိုင်ငံရေးလုပ်တာ အောင်မြင်ပြီဆိုပြီးတော့ တွက်ပြီးတော့ အရှိန်မြှင့်ပြီး လုပ်လာတာပါပဲဗျာ။ အဲဒီကစပြီး ကျွန်တော်တို့ကို ဆန့်ကျင်လာတာပဲ၊ ဆန့်ကျင်တယ်ဆိုတာ တပ်မတော်ကို ဆန့်ကျင်လာတာ"

"...အဲဒီမှာ အကုန်လုံးက နိုင်ငံရေးသမားတွေက ဖြတ်လမ်းကနေ အာဏာရရှိရေးဆိုပြီးတော့ ကြိုးပမ်းလှုပ်ရှားနေတဲ့အချိန်မှာ ဒီအမျိုးသမီးက ဆန့်ကျင်မှုတွေ တဖြည်းဖြည်း၊ သူ့နောက်က ကျောထောက်နောက်ခံတွေ အများကြီးရှိလာပြီး နိုင်ငံရေးလုပ်ဖို့ အောင်မြင်ပြီဆိုပြီး သူထင်လာတယ်။

ဒီအမျိုးသမီးအနေနဲ့ တဖြည်းဖြည်း တစ်ဆင့်၊ တစ်ဆင့်တက်ပြီး လှုပ်ရှားလာတဲ့အခါကျတော့ အမျိုးသမီးရဲ့အိမ်မှာ အဲဒီသောင်းကျန်းသူထဲ ရောက်နေတဲ့ ကောင်လေးတစ်ယောက် (တိုက်ပိတ်ခေါ် သန်းထွန်းစိုး) ကျွန်တော်တို့မိတယ်။

အဲဒီတော့ သဘောကတော့ ဒီအမျိုးသမီးသည် မြန်မာနိုင်ငံကို ရောက်လာတာ သူ့သဘောနဲ့သူ ရောက်လာတာမဟုတ်ဘူး။ ပြီးခဲ့တဲ့ အစိုးရကနေပြီးတော့မှ အမေနေမကောင်းလို့ စေတနာအပြည့်နဲ့ လေယာဉ်လက်မှတ် ဝယ်ပေးပြီးတော့မှ အမေကို ပြုစုဖို့ ခေါ်လာတာ။

ဒါကြောင့် ဒီအမျိုးသမီးအနေနဲ့ ကျွန်တော်တို့ကနိုင်ငံခေါင်းဆောင်ဆိုတာ ဘယ်လိုမှ လက်ခံနိုင်စရာအကြောင်း မရှိဘူး။ နောက်တစ်ခုကဗျာ ခင်ဗျားတို့စဉ်းစားကြည့်၊ နိုင်ငံ့ခေါင်းဆောင်ဆိုရင် ထားပါတော့ဗျာ။ အဲဒီမိန်းမဟာ ခေါင်းဆောင်ဖြစ်ပြီထားပါဦး။သူ Eligible(အရည်အချင်း





ဒေါ်အောင်ဆန်းစုကြည်အား ဤသို့ တွေ့ဆုံကာ လူထုအားလှည့်စားခဲ့ကြသည်

ပြည့်လို့၊ ဖြစ်လို့ပေါ့ဗျာ။ ခေါင်းဆောင်ဖြစ်ပြီထားနော်၊ ဟာ သူ့နောက်က ယောကျ်ားကြီးကဗျာ အင်္ဂလိပ်ကြီးဗျ၊ အင်္ဂလိပ်ကြီးက ခေါင်းပေါင်းကြီးဆောင်းလို့ မဟုတ်ဘူးလား၊ သူ့ကလေးတွေကလည်း ကပြားတွေဗျာ၊ အဲဒီကပြားလေးတွေကလည်း အခမ်းအနားနေ့မှာ ဥပမာ ဒီမှာ ကျွန်တော်တို့ အခမ်းအနားနေ့ကြီးတွေမှာ လွတ်လပ်ရေးနေ့လိုဟာမျိုး၊ နောက်ပြီးတော့ တပ်မတော်နေ့လိုဟာမျိုး၊ ပြည်ထောင်စုနေ့လိုဟာမျိုး ဒီလိုနေ့ အခမ်းအနားကြီးတွေမှာဗျာ အမျိုးသားဝတ်စုံ ဝတ်ရတယ် မဟုတ်လား၊ သူ့ယောကျ်ားကလည်း အမျိုးသားဝတ်စုံဝတ်ပြီး သူက တောင်ရှည်ပုဆိုးကြီးနဲ့ ခေါင်းပေါင်းကြီးနဲ့ ခင်ဗျားတင့်တယ်မလား၊ နိုင်ငံခြားသားကြီးက အင်္ဂလိပ်ကြီးက သားနှစ်ယောက်ကလည်း ခင်ဗျား အဲဒီမှာ ခေါင်းပေါင်းလေးတွေနဲ့ တောင်ရှည်ပုဆိုးလေးတွေနဲ့ ဖြစ်မလားဗျာ၊ တင့်တယ်မလား၊ ကျွန်တော်တို့ တကယ်နိုင်ငံတော်ရဲ့ State Dinner ကြီးတွေမှာ မဟုတ်ဘူးလား။ ကဲနောက်တစ်ခုဗျာ၊ ဒီအမျိုးသမီးက ကဲ–ဝန်ကြီးချုပ်ဖြစ်ပြီ ထားပါဦး၊ နောက် သို့မဟုတ် သမ္မတပေါ့ဗျာ၊ ထားပါဦး၊ ဖြစ်ပြီထား၊ အဲဒီတော့ နိုင်ငံတော်ရဲ့ လျှို့ဝှက်ချက်တွေ အကုန်ပေါက်ကြားတော့မှာပေါ့ဗျာ၊ ဘယ်လိုလုပ်ပြီးတော့ တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်ရဲ့ခေါင်းဆောင် ကျွန်တော်တို့ပေးမလဲ၊ ဒါကြောင့် ဒါက ကျွန်တော်တို့က ဘယ်လိုမှ တိုင်းပြည်ရဲ့ခေါင်းဆောင် ဆိုတာ ဒီအမျိုးသမီးကိုပေးလို့ မဖြစ်ဘူး၊ ဒါကြောင့် ကျွန်တော်တို့က ဒီအမျိုးသမီးနဲ့ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ကျွန်တော်တို့က တပ်မတော်ဘက်ကပဲ ရပ်တည်ပြီးတော့ လုပ်နေတာပဲ"

ဟူ၍ ပြောကြားခဲ့သည်။

သို့ကလို ပြောဆိုခဲ့သော ဗိုလ်ချုပ်ခင်ညွန့်၏စကားများမှာ စကားထဲမှ ဇာတိရုပ်ပြနေပေရာ၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ထားရှိသော သူ့စေတနာ၊ သူ့သဘောထားမှာပေါ်လွင်နေသောကြောင့် ယခုမှ မုန်လာဥ လုပ်ချင်၍ မရတော့ပေ။

ထိုစဉ် ဗိုလ်ချုပ်ခင်ညွန့်၏ အမိန့်ဖြင့် အစိုးရထုတ် သတင်းစာများ၌ ထိုးနှက်တိုက်ခိုက်သော ကာတွန်းများ၊ ဆောင်းပါးများ၊ ရုပ်မြင်သံကြားဇာတ်လမ်းများ၌ ရိုက်ချက်များ၊ ကုက္ကိုင်းလမ်းဆုံ တိုက်ခိုက်မှု၊ ၁၉၉၈ ဧရာဝတီတိုင်း ပုသိမ်သို့ စည်းရုံးရေးခရီးစဉ်အသွား ထန်းတပင်မြို့နယ် အညာစု (ပန်းတိုင်ရွာ)၌ အမျိုးမျိုးခြိမ်းခြောက်ခံရကာ အတင်းအဓမ္မ ဖမ်းဆီးခံရမှု၊ အထက် မြန်မာပြည် ခရီးစဉ်အတွင်း ရန်ကုန်ဘူတာကြီး၌ အဓမ္မ ဖမ်းဆီး၍ နေအိမ်အကျယ်ချုပ်ချထားခံရမှု၊ ၂၀၀၃ ခုနှစ် မေလ ၃၀တွင် ဒီပဲယင်းလုပ်ကြံမှု၊ နှစ်ရှည်လများ နေအိမ်အကျယ်ချုပ်ချထားမှု စသည်များသည် သမိုင်းတွင် မှတ်တမ်းတင်ပြီးဖြစ်၍ ဖျောက်ဖျက်၍ မရတော့ပေ။

ညီမလေးလိုပဲ အမြဲတမ်းသဘောထားပါသည်ဟု ယခုမှ ထုတ်ဖော်ပြောကြားနေသော်လည်း တစ်ချိန်က ဒေါ်အောင်ဆန်းစုကြည်၏ အမည်ကိုပင် နှုတ်မှဖွင့်ဟမပြောနိုင်ဘဲ 'ဒေါ်စုကြည်'၊ 'ဒီအမျိုးသမီး'၊ 'အဲဒီ မိန်းမ' စသော အသုံးအနှုန်းစသည့် အသုံးနှုန်းများသည် ၎င်း၏စိတ်ရင်း စေတနာကို ဖွင့်ဟနေပေသည်။ ယနေ့အများပြည်သူတို့ ပြင်ဆင်ရန် လိုလားနေသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃) ပုဒ်မ ၅၉(စ)၌ ဖော်ပြထားသော နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏အရည်အချင်းများ ခေါင်းစဉ်အောက်၌-





ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်

၅၉ (စ) ။ ။မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိဘ တစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင် သားသမီးတစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင် သားသမီးတစ်ဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း နိုင်ငံခြား အစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက် ရှိသေသူ သို့မဟုတ် နိုင်ငံခြား အစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ၊ ထိုသူများသည် နိုင်ငံခြား အစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားနိုင်ခွင့် ရှိသူများ မဖြစ်စေရ။

ဟူသော စာပိုဒ်များ ထည့်သွင်းထားရာ ဗိုလ်ချုပ်ခင်ညွန့်၏ တစ်ချိန်က ပြောကြားခဲ့သော အာဘော်အတိုင်း ဖြစ်နေသည်ကို တွေ့ရလေသည်။

ထို့ပြင် ဗိုလ်ချုပ်ခင်ညွန့်၏ အင်တာဗျူးစာအုပ်၌ပင် ရန်ကုန်ဗဟန်းမြို့နယ် မြန်မာနိုင်ငံရဲချုပ်ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနအနီး

www.burmeseclassic.com

www.burmeseclassic.com



ကုက္ကိုင်း၌ နေ့ခင်းကြောင်တောင် ဒေါ်အောင်ဆန်းစုကြည်နှင့် N.L.D ဒုဥက္ကဋ္ဌ သူရဦးတင်ဦးတို့ စီးလာသော ယာဉ်တန်းတိုက်ခိုက်ခံရမှုကို မည်သူမည်ဝါ၏ လက်ချက်ဟု ထုတ်ဖော်မပြောကြားဘဲ သူ့မျက်စိဖြင့် မမြင်ရသည့်အတွက် မသိဘူးဟူ၍ ဖြောင်လိမ်ခဲ့သည်။ အမျိုးသားထောက်လှမ်းရေးမှ ကျောထောက်နောက်ခံပြု၍ ဖွဲ့စည်းပေးထားသော စွမ်းအားရှင်အဖွဲ့ကဲ့သို့ အကြမ်းဖက်အဖွဲ့အစည်းများရှိသည်ကိုလည်း ဝန်မခံခဲ့ချေ။ ရမ်းသမ်းပြီး မှန်းခြေတော့မပြောဘူးလို့ဘဲ အပိတ်ပြောပြီး ငြင်းဆန်ခဲ့သည်။ ဘယ်လောက်ပဲမေးမေး ပြီးခဲ့တဲ့ကိစ္စတွေမှာ ဘယ်သူတွေ ဘာလုပ်ခဲ့ကြသလဲ ဆိုတာ ဘယ်တော့မှ မပြောဘူးဟု ဆိုခဲ့သည်။ ဤနေရာ၌ မိမိ၏ထောက်လှမ်းရေးအဖွဲ့မှ မလုပ်ပါဘူးဟု ပြတ်ပြတ်သားသား မပြောဆိုဘဲ၊ မည်သူမည်ဝါလုပ်သည်ကို မပြောဆိုနိုင်ဘူး ဆိုသည်ကိုပင် တွင်တွင်ပြောနေမှုကို ထောက်ရှု၍ နိုင်ငံတော်အကြမ်းဖက်မှုမှန်သမျှ၌ ၎င်းတို့၏ထောက်လှမ်းရေးအဖွဲ့များ တစ်နည်းမဟုတ်တစ်နည်း ပါဝင်ပတ်သက်တာဝန်ရှိသည်ကို သွယ်ဝိုက်ဖြောင့်ချက်ပေးရာ ရောက်နေပေသည်။

ဒီပဲယင်းအကြမ်းဖက် တိုက်ခိုက်မှုနှင့် ပတ်သက်၍လည်း ထိုစဉ်က စစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးနှင့် နအဖ အတွင်းရေးမှူး(၁) ဗိုလ်ချုပ် ခင်ညွန့်က လုံးဝမသိဟု ဖြောင်လိမ်ခဲ့ပြန်သည်။

သူ၏အင်တာဗျူး စာအုပ်၌– ဒီပဲယင်းကိစ္စ ဗိုလ်ချုပ်ကြီးတို့ ကြိုသိသလားဟူသော အမေးကို–

"ကျွန်တော်မသိဘူးဗျ၊ မသိဘူးဆိုတာက ဒီလောက်လည်း လုပ်လိမ့်မယ်လို့ မထင်ဘူး၊ ဒါပေမဲ့ ကျွန်တော့် တပည့်တွေကတော့ ရိပ်ဖမ်းသံဖမ်းတော့ ပြောတယ်။ ကျွန်တော်က မယုံဘူး။ ဟောကောင်တွေကွာ ငါ့ကို မဟုတ်တာတွေ လာမပြောနဲ့ကွာလို့၊ တိတိကျကျ သိရလို့တော့ မဟုတ်ဘူး၊ အရိပ်အကဲပေါ့လေ။ လုပ်လိမ့်မယ်ထင်တယ်။ ကျွန်တော်တို့ကို သံသယတွေရှိတယ်တဲ့။ ဟောကောင်တွေ ငါ့လာမပြောနဲ့ကွာလို့။ တို့က ဒီအချိန်မျိုးမှာ ဒါမျိုးလုပ်မှာ မဟုတ်ပါဘူးကွာလို့။ ကျွန်တော် အဲဒီအတိုင်း ဒီအကောင်တွေကို ဝေါက်လွှတ်တာ။ ကျွန်တော်က မယုံဘူးလေ။





လွှတ်မြောက်ပြီးနောက်တွေ့မြင်ရစဉ်


သူတို့က ရီပို့မတင်ဘူး၊ သူတို့က နှုတ်နဲ့လာလာ ပြောတယ်။ ဒါလည်း ရီပို့တင်လို့က မကောင်းဘူးလေ။ စာနဲ့ရေးလို့ မဖြစ်ဘူး။ နှုတ်နဲ့ပဲပြောတာ ကျွန်တော်က ဝေါက်ပစ်တာ။ ဟောကောင်တွေ ငါတို့က ရဲဘော်ရဲဘက်တွေကွလို့၊ ဒါမျိုး ဘယ်တော့မှ မဖြစ်ဘူးကွလို့။ ဒါမျိုး ငါ့မတင်နဲ့လို့။ ငါ မကြိုက်ဘူးလို့။ ဘာဖြစ်လို့လဲဆိုတော့ တို့ စိတ်ဝမ်းကွဲအောင် ဖန်တီးတာမျိုးဖြစ်နိုင်တယ်ကွလို့"ဟူ၍ ဖြေကြားခဲ့သည်။

အမှန်စင်စစ် နိုင်ငံရေးသမားများ၏ လှုပ်ရှားမှုကိုတောင် ကြိုတင်ထောက်လှမ်းသိရှိပြီး လက်မြန် ခြေမြန် ဖမ်းဆီးထောင်ချနိုင်သည့် ဗိုလ်ချုပ် ခင်ညွန့်တို့ ထောက်လှမ်းရေးအုပ်စုက လက်နက်ပေါင်းစုံ (ဓား၊ လှံ၊ ပေါက်ဆိန်၊ ဝါးချွန်၊ တုတ်) ကိုင်ဆောင်ထားသော လူတစ်စု (လူ ၅၀၀၀) က ပြောင်ပြောင်တင်းတင်းလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်မှုကို တကယ်ပင် မသိတာ မဟုတ်ဘဲ တစ်ဖက်လှည့်ဖြင့် စေခိုင်းပြီးကာမှ မသိဟန်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ လူထုကို လှည့်စားရန် ရည်ရွယ်၍ ထောက်လှမ်းရေးအဖွဲ့ဝင်တစ်ဦးကိုပင် ဒဏ်ရာရရှိသွားအောင် ရိုက်နှက်ခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com





ဦးခင်ညွန့်နှင့် သား ဇော်နိုင်ဦး

လှည့်ကွက်သည် အလွန်ပါးနပ် ကောက်ကျစ်သည့် ဗိုလ်ချုပ်ခင်ညွန့်၏ မဆန်းလှသော အကြံအစည်များသာ ဖြစ်ဖို့များသည်။

ယခုအခါ ဗိုလ်ချုပ်ခင်ညွန့်က မိမိနှင့် မိမိမိသားစုလုံခြုံရေးကိုသာ ကာကွယ်ပေးပါက ဒီပဲယင်းအကြမ်းဖက်မှုကို အလုံးစုံ ဖွင့်ဟမည်ဟူ၍ ပြောနေပြန်ရာ မပြေးသော်လည်း ကန်ရာရှိဆိုသကဲ့သို့ သွယ်ဝိုက် ဝန်ခံရာ ရောက်နေပေသည်။

❐

## အခန်း(၇)

## ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်ခဲ့ခြင်း

ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးကို စစ်တပ်မှ လက်နက်အားကိုးဖြင့် အဓမ္မဖြိုခွင်းပြီးနောက် အာဏာသိမ်းပိုက်ခဲ့သော နဝတ အစိုးရသည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပြဋ္ဌာန်းသည့်ဥပဒေ အမှတ် (၁/၈၈)ကို ကြေညာခဲ့သည်။ ထိုနှစ် စက်တင်ဘာလ၂၇ ရက်နေ့ မှာပင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအမှတ် (၄/၈၈)ကို ထုတ်ပြန်ခဲ့သည်။ ယင်းနောက် ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အခန်း(၄)ခန်းပါဝင်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဥပဒေကို ပြဋ္ဌာန်းကြေညာချက်ကို ထုတ်ပြန်ရာ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ မှတ်ပုံတင်ခွင့် ရရှိသော ပါတီအဖွဲ့အစည်းပေါင်း ၂၃၆ ပါတီ ရှိခဲ့သည်။ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် (၄၂)ကြိမ်မြောက် အာဇာနည်နေ့တွင် လူထုအစီအစဉ်ဖြင့် ချီတက်ရေးကို အကြောင်းပြု၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ဥက္ကဋ္ဌ သူရဦးတင်ဦးတို့အား နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) ဖြင့် အရေးယူခဲ့သည်။

ထို့နောက် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ရွေးကောက်ပွဲတွင် လုံးဝဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုသော နိုင်ငံရေးပါတီ

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်း (၃၁) ဖွဲ့အား ဖျက်သိမ်းသည့် အမိန့်အမှတ် (၁/၉၀)ကိုလည်းကောင်း၊ ရွေးကောက်ပွဲတွင် အနည်းဆုံးမဲဆန္ဒနယ် သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသော နိုင်ငံရေးပါတီ အဖွဲ့အစည်း (၆)ဖွဲ့အား ဖျက်သိမ်းသည့် အမိန့်အမှတ် (၂/၉၀)ကို ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် မဲဆန္ဒနယ်ပေါင်း ၄၉၂ နေရာရှိသော်လည်း မဲဆန္ဒနယ် (၇)နေရာသည် လုံခြုံရေး အခြေအနေအရ ကျင်းပနိုင်ခြင်း မရှိသောကြောင့် မဲဆန္ဒနယ် (၄၈၅)နေရာကိုသာ ကျင်းပနိုင်ခဲ့သည်ဟု ဆိုသည်။

ဤသို့ဖြင့် နှစ် ၃၀ ကြာအတွင်း စစ်အစိုးရလက်ထက်၌ ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့ရာ မဲပေးပိုင်ခွင့်ရှိသူ လူဦးရေ သန်း ၂၀ အနက် ၁၅ သန်းကျော်က လာရောက်မဲပေးခဲ့ကြသည်။ ပါတီစုံရွေးကောက်ပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ပါတီပေါင်း (၉၃)ပါတီနှင့် တစ်သီးပုဂ္ဂလ (၈၇)ဦးတို့အပါအဝင် စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၂၉၆ ဦးဝင်ရောက်ယှဉ်ပြိုင်အရွေးခံရာ၊ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် ၄၇၉ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် (၆) ဦး အရွေးခံရသည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် မဲဆန္ဒနယ် ၃၉၂ နေရာတွင် အနိုင်ရရှိသောကြောင့် ရွေးကောက်ခံရမှု ရာခိုင်နှုန်းမှာ (၈၇ ဒသမ ၉ )ရာခိုင်နှုန်းရှိရာ၊ လူထုထောက်ခံမှု အပြတ်အသတ် အနိုင်ရရှိသော ပါတီအဖွဲ့အစည်းဖြစ်သည်။ ရွေးကောက်ပွဲ၌ တောင်ပြိုကမ်းပြိုင်အနိုင်ရရှိသော်လည်း ထိုစဉ်က အဖွဲ့ချုပ် ဥက္ကဋ္ဌ သူရဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် တို့သည် ပါဝင်ယှဉ်ပြိုင်ခွင့်မရဘဲ ထိန်းသိမ်းခံနေရသည်။

ရွေးကောက်ပွဲမတိုင်မီ ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ခဲ့သည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း (၂၃၆)ဖွဲ့ရှိသော်လည်း မိမိဆန္ဒအလျောက် ဖျက်သိမ်းခဲ့သည့် ပါတီအဖွဲ့အစည်း(၁၀၂)ဖွဲ့၊ ရွေးကောက်ပွဲကော်မရှင်မှ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်သည်ဟုဆိုကာ ဖျက်သိမ်းခံခဲ့ရသည့် ပါတီအဖွဲ့အစည်း (၃)ဖွဲ့၊ အနည်းဆုံး မဲဆန္ဒနယ် (၃)



နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်သဖြင့် ဖျက်သိမ်းခံရသည့် ပါတီအဖွဲ့အစည်း (၆)ဖွဲ့၊ ရွေးကောက်ပွဲလည်းမဝင်၊ ကိုယ်တိုင်လည်း မဖျက်သိမ်းသဖြင့် နဝတ၏ ၁/၉၀ ဖြင့် ဖျက်သိမ်းခံရသည့် ပါတီအဖွဲ့အစည်း ၁၄၂ ဖွဲ့၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီးမှ ဖျက်သိမ်းခံရသည့် ပါတီအဖွဲ့အစည်း (၈၃)ဖွဲ့ရှိရာ တရားဝင်ဆက်လက်ရပ်တည်ခွင့် ရရှိသည့် နိုင်ငံရေးပါတီ (၁၀)ဖွဲ့သာ ကျန်ရှိတော့သည်။ ယင်းတို့မှာ–

(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂) ရှမ်းတိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
(၃) လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(၄) မြို (ခေါ်) ခမီ အမျိုးသားညီသားညီညွတ်ရေးအဖွဲ့ (မ၊ ခ၊ မ၊ ည၊ ဖ)
(၅) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)
(၆) ပြည်ထောင်စုပအို့ဝ် အမျိုးသားအဖွဲ့ချုပ်
(၇) ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ
(၈) ပြည်ထောင်စု ကရင်အမျိုးသားအဖွဲ့ချုပ်
(၉) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
(၁၀) 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့ ဖြစ်ကြသည်။

အဆိုပါ နိုင်ငံရေးပါတီအဖွဲ့အစည်း (၁၀)ဖွဲ့တွင် လွှတ်တော်ကိုယ်စားလှယ်အနည်းဆုံး တစ်ဦးနှင့်အထက် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် အဖွဲ့ (၇)ဖွဲ့ရှိပြီး၊ ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (၃)ဖွဲ့သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မျှ ရွေးချယ်တင်မြှောက်ခြင်း မခံရသည့်အဖွဲ့များ ဖြစ်သည်။

၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၂ နေရာတွင် အပြတ်အသတ် အနိုင်ရရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများ၏ ကျင့်ထုံးအတိုင်း အစိုးရတစ်ရပ်ကို ခိုင်မာစွာ ဖွဲ့စည်းနိုင်လောက်သည့် လွှတ်တော်ကိုယ်စားလှယ်အင်

www.burmeseclassic.com

www.burmeseclassic.com



အား ထက်ဝက်ကျော်လွှန်ရုံမျှမက ၈၀ ရာခိုင်နှုန်းကျော် အနိုင်ရရှိသော်လည်း ရွေးကောက်ပွဲပြီး၍ ယနေ့တိုင်အောင် စစ်အစိုးရသည် ယုတ်မာစွာ အာဏာလွှဲပြောင်းခြင်း မပြုခဲ့ချေ။ ရွေးကောက်ပွဲတွင် အပြတ် အသတ် အနိုင်ရရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်အတွက် လောလောဆယ်အကျိုးစီးပွားနှင့် ရေရှည်အနာဂတ်ကာလ အကျိုး စီးပွားကို အခြေခံ၍ တစ်မျိုးသားလုံး ပြန်လည်သင့်မြတ်ရေး စိတ်ဓာတ်ဖြင့် ပွင့်လင်းသော ရိုးသားသော၊ စေတနာအပြည့်ပါသော နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ အကြိမ်ကြိမ် အဆိုပြု တောင်းဆိုခဲ့သော်လည်း တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်း မရှိခဲ့ပေ။

ပါတီစုံ အထွေထွေ ရွေးကောက်ပွဲမတိုင်မီ နဝတအဖွဲ့ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး စောမောင်ကိုယ်တိုင် နိုင်ငံခြားသတင်းဌာနတစ်ခုနှင့် အင်တာဗျူး၌ ရွေးကောက်ပွဲတွင် အနိုင်ရသည့်ပါတီအဖွဲ့အစည်းကို အာဏာအပ်မည်။ တပ်မတော်စစ်သည်များနှင့် နိုင်ငံရေးသည် မည်သို့ မသက်ဆိုင်ဟု ပြောကြားခဲ့သည်။ ထို့ပြင် နဝတအစည်းအဝေးများ၌ "ငါတို့က စစ်သား၊ စစ်သားဆိုတာ စကားတည်ရမယ်၊ အာဏာလွှဲပေးပြီး စစ်တန်းလျားပြန်ရမယ်"ဟု တဖွဖွပြောဆိုခဲ့သည်။

ထို့ပြင် ၁၉၈၉ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သော (၄၄) နှစ်မြောက် တပ်မတော်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်က အောက်ပါအတိုင်း ပြောကြားခဲ့သည်။–

"တို့တပ်မတော်ရဲ့ ဒုတိယမြောက် အရေးကြီးတဲ့ တာဝန်ကတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးနှင့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ တရားမျှတစွာ ကျင်းပပေးရေးတာဝန်ပဲ ဖြစ်ပါတယ်။

ရွေးကောက်ပွဲပြီးရင် လိုအပ်တာတွေ ဆောင်ရွက်ပြီးတဲ့နောက် ပြည်သူ့ဆန္ဒနဲ့အညီ ရွေးချယ်လိုက်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေက ဥပဒေနဲ့အညီ ရွေးချယ်တင်မြှောက်တဲ့အစိုးရသစ် ပေါ်ပေါက်လာမှာ ဖြစ်တယ်။ အဲဒီအစိုးရသစ်အနေနဲ့ နိုင်ငံတော်ကို ဆက်လက်ဦးဆောင်သွားရာမှာ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် အစွမ်းဆောင်နိုင်ဆုံး ရွေးချယ်တင်မြှောက်တဲ့ အစိုးရသစ် ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။



အဲဒီအစိုးရသစ်အနေနဲ့ နိုင်ငံတော်တာဝန်ကို ဆက်လက် ဦးဆောင်သွားရာမှာ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် အစွမ်းဆောင်နိုင်ဆုံး ဖော်ဆောင်သွားလိမ့်မယ်လို့ မျှော်မှန်းထားတယ်။ တို့တပ်မတော်သားတွေ အဖို့ကတော့ စစ်တန်းလျားကို ပြန်သွားပြီး တို့ရဲ့မူလ အဓိကတာဝန်ကြီး ဖြစ်တဲ့အခုပြောကြားရာမှာ ပါဝင်တဲ့တာဝန်ကြီးတွေကို ဦးလည်မသုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမှာပဲ ဖြစ်တယ်။ တပ်မတော်အနေနဲ့ ကတော့ ရွေးကောက်ပွဲအတွက်ပဲ ကတိပေးထားတယ်။

နိုင်ငံတော်မှာ ဘယ်အစိုးရပဲတက်တက် ဘယ်ပါတီပဲအာဏာရရ တို့တပ်မတော်ကတော့ တပ်မတော်သားတွေပီပီ နိုင်ငံတော်အကျိုးစီးပွား အတွက် သစ္စာရှိရှိ၊ တာဝန်သိသိ ထမ်းဆောင်သွားကြမှာပဲ ဖြစ်တယ်။ တို့ဟာ နေ့စဉ်နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် စဉ်ဆက်မပြတ် သစ္စာ အဓိဋ္ဌာန် (၄) ချက်ကို ရွတ်ဆိုပြီး သစ္စာကို ဦးထိပ်ပန်ဆင်ထားကြသူတွေ ဖြစ်တယ်။ တို့ဟာ ဗလောင်းဗလဲ မပြောတတ်ဘူး။ ကလိန်ကကျစ်လည်း မလုပ်တတ်ဘူး။ ပြည်သူလူထုကိုလည်း မလှည့်စားဘူး။ တို့ရင်ထဲမှာ ရှိတဲ့အတိုင်း ရိုးရိုးပဲဖွင့်ဟ ပြောတတ်တယ်"

ထို့အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ်ခင်ညွန့်ကလည်း ၁၉၉၀ ပြည့်နှစ် ဧက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသော ၁၀၄ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ၌–

"အခုလို လွှတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို မူလသတ်မှတ်ထားတဲ့အတိုင်း အောင်အောင်မြင်မြင် ကျင်းပခဲ့တာဟာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အနေနဲ့ အာဏာလွှဲပေးချင်လို့ပဲ လုပ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ အာဏာလွှဲပေးဖို့ ဆန္ဒမရှိဘူး၊ ရည်ရွယ်ချက်မရှိဘူးဆိုရင် အဲဒီရွေးကောက်ပွဲဟာ လုပ်ပေးစရာ အကြောင်းမရှိပါဘူး၊ ရှင်းနေပါတယ်"ဟူ၍ ပြောကြားခဲ့သည်။

သို့သော် ၁၉၉၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲတွင် မဲအပြတ်အသတ် အနိုင်ရရှိသော N.L.D ပါတီကို ဗိုလ်ချုပ်မှူးကြီးစောမောင်ကိုယ်တိုင်က အာဏာလွှဲပေးမည်ဟုပြောလာသောအခါ ဗိုလ်ချုပ်ကြီးသန်းရွှေ

www.burmeseclassic.com



ဗိုလ်ချုပ်ခင်ညွန့်တို့ကဲ့သို့ အာဏာငမ်းငမ်းတက် စစ်အာဏာရှင်အုပ်စုက ဗိုလ်ချုပ်မှူးကြီးစောမောင်အား စိတ်ကယောက်ကယက်ဖြစ်စေသော ဆေးဝါး များသောက်၍ စိတ်ဖောက်သွားပြီဟူ၍ ဝါဒဖြန့်ကာ နဝတဥက္ကဋ္ဌနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရာထူးမှ ဖြုတ်ချ အာဏာသိမ်းယူ ခဲ့လေသည်။

အမေရိကန်ပြည်ထောင်စုသို့ နိုင်ငံရေးခိုလှုံနေသောယခင်ထောက်လှမ်းရေးတပ်မှ ဗိုလ်မှူးဟောင်းအောင်လင်းထွတ်ကမူ–

"အချို့သတင်းရပ်ကွက်တွေရဲ့ အပြောအရဆိုရင် ရွေးကောက်ပွဲအပြီး၌ အနိုင်ရ N.L.D ပါတီအား အာဏာလွှဲမပေးချင်သော ဗိုလ်သန်းရွှေ၊ ဗိုလ်ခင်ညွန့်တို့အပါအဝင် နဝတအဖွဲ့ဝင် (၇) ဦးကို ထုတ်ပစ်ရန် ဗိုလ်ချုပ်မှူးကြီးက ကြေညာ ချက်ရေးခိုင်းထားပြီးပြီ ဆိုပါတယ်။ အဲဒီကြေညာချက်ကို ထုတ်ပြန်ပေးဖို့ တာဝန်ခံထားသူက သစ္စာဖောက်ပြီး သတင်းပေးလိုက်တဲ့အတွက် ဗိုလ်ခင်ညွန့်၊ ဗိုလ်သန်းရွှေတို့က လက်ဦးမှုရယူခဲ့ကြတယ်လို့ လူထုကြားမှာ တစ်ချိန်က ကျယ်ကျယ်လောင်လောင် သတင်းထွက်ခဲ့ဖူးပါတယ်။

ဗိုလ်ချုပ်မှူးကြီးစောမောင်ကို ဖယ်ထုတ်ဖို့အတွက် သဘောထားတင်းမာသော အုပ်စုဝင်အားလုံးက လက်ဝါးရိုက်ပြီးသား ရှိနေပုံကိုလည်း ဗိုလ်မှူးအောင်လင်းထွတ်က–

"အဲဒီအပိုင်းမှာတော့ ဗိုလ်ချုပ်ခင်ညွန့်လည်းပါတယ် ခင်ဗျ။ တစ်ဖက်မှာလည်း ဗိုလ်ချုပ်မှူးကြီးစောမောင်အနေနဲ့ စိတ်ဖောက်ပြန်သွားတာလည်း မှန်သင့်သလောက်မှန်ပါတယ်။ ဒါပေမဲ့ ဒီလောက်ကြီးတော့ ရက်ရက်စက်စက် မလုပ်သင့်ဘူး၊ ဗိုလ်ချုပ်မှူးကြီးကို မဖြုတ်ခင်မှာ သူ့ကို အရင်ဆုံး ဗိုလ်ချုပ်မှူးကြီးစောမောင် မသိအောင် အရင်ဗြိတိန်သံအမတ်ကြီး လုပ်သွားတဲ့ ဗိုလ်မှူးချုပ်ကျော်ဝင်း၊ အဲဒီတုန်းက ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးပါ။ သူက ရန်ကုန်မှာရှိတဲ့ ဗိုလ်ချုပ်တွေကို ဗိုလ်ချုပ်မှူးကြီးရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး Briefing လုပ်ပေးရတယ်။ တကယ့်အစည်းအဝေးကြီးမှာ မဟုတ်ဘူး၊ ကျိတ်ဝိုင်းပေါ့ဗျာ။



"အဲဒီတုန်းက ဗိုလ်ချုပ်မှူးကြီးစောမောင် စိတ်ကယောက်ကယက်ဖြစ်တဲ့ဆေး အတိုးခံလိုက်ရတယ်ဆိုတဲ့ အသံတွေ ညံစီသွားခဲ့ဖူးတယ်။ တကယ်ပဲ ဆေးမိသွားသလား၊ အာဏာလွှဲရေး၊ မလွှဲရေးဖိအားကပဲ ပြင်းထန်ခဲ့သလား ဆိုတာကတော့ ဗိုလ်ခင်ညွန့်နဲ့ ဗိုလ်သန်းရွှေတို့လို ကာယကံရှင်တွေပဲ သိကြမှာပါ။"

မည်သို့ပင်ဖြစ်စေ ဗိုလ်မှူးအောင်လင်းထွတ် ထွက်ဆိုချက်များအရ ရွေးကောက်ပွဲ ရလဒ်ကို ပယ်ဖျက်ရန်အတွက် ဗိုလ်ချုပ်မှူးကြီးစောမောင်ထံမှ အာဏာကိုလုယူရန် ပြင်ဆင်ခဲ့မှုမှာ အသေအချာပင်ဖြစ်သည်။ ပထမဦးစွာ ၁၉၉၂ စစ်သမိုင်းပြတိုက်ဖွင့်ပွဲတွင် ဗိုလ်ချုပ်ကြီးနေဝင်း တက်ရောက်မည့်သတင်းကို ဗိုလ်ချုပ်ခင်ညွန့်က ထိန်ချန်ထား၍ ဗိုလ်ချုပ်မှူးကြီးစောမောင်ကို အသိမပေးခဲ့ချေ။ ဗိုလ်ချုပ်ကြီးနေဝင်း တက်ရောက်လာတော့မှ ဗိုလ်ချုပ်မှူးကြီးသည် အရပ်ဝတ်အရပ်စားဖြင့် အပြေးအလွှား ရောက်ရှိလာခဲ့သည်။ ဤသို့ဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းအား မလေးစားဟန် စိတ်ကယောက်ကယက်ဖြစ်နေဟန် သီးခြားခွဲထုတ်ပြသလိုက်သည်။ ဒုတိယအဆင့်၌ ဆေး ဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ကျော်ဝင်းကတစ်ဆင့် ဗိုလ်ချုပ်မှူးကြီး စောမောင်၏ကျန်းမာရေးမကောင်းကြောင်း တပ်မတော်ထိပ်ပိုင်းခေါင်း ဆောင်များကို ထင်မြင်ချက်တည်ဆောက်ရှင်းလင်းပြခိုင်းသည်။ ဗိုလ်ချုပ် မှူးကြီးစောမောင် ရူးသွားပြီဟု မြင်သာအောင် သွယ်ဝိုက်ရှင်းပြခိုင်းသည့် သဘောပင် ဖြစ်သည်။ ကျိတ်ဝိုင်းဆွေးနွေးတဲ့သဘောကသူတို့ယုံကြည်သည့် စစ်ရေးချုပ်၊ စစ်ထောက်ချုပ်တို့ အစရှိသည့်သူများကို အာဏာသိမ်းတော့မည့်အကြောင်း အရိပ်အမြွက်အသိပေးသည့်သဘောလည်း ဖြစ်သည်။

"မှန်ပါတယ်ခင်ဗျ၊ အရိပ်အမြွက်ပေးတဲ့သဘောပါ။ ဗိုလ်ချုပ်ခင်ညွန့်က ဗိုလ်ချုပ်ကြီးသန်းရွှေကို တင်ပြပြီးတော့မှ စီစဉ်တယ်လို့ ကျွန်တော်တို့ သိရပါတယ်။ သူတို့စီစဉ်ကြတဲ့အပိုင်းမှာ တိုင်းမှူးတွေ အပါအဝင် တပ်မတော်ရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေကို အာဏာလွှဲမပေးရေး၊ ဗိုလ်ချုပ်မှူးကြီးစောမောင်ထံက အာဏာကို သိမ်းယူရေးအတွက် ပြင်ဆင်ခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ဗိုလ်ချုပ်ခင်ညွန့်အပိုင်း ဘယ်လောက်အထိ လုပ်ပေးသလဲဆိုတော့ နောက်ဆုံး ဗိုလ်ချုပ်မှူးကြီးစောမောင်ကို မဖြုတ်မီလေးမှာ ထောက်လှမ်းရေးအရာရှိတွေ၊ တပ်မတော်(လေ) တပ်လေယာဉ်လေးတွေ၊ P.C-6 လေးတွေနဲ့တိုင်းတစ်တိုင်း တစ်ယောက်၊ စာအိတ်တစ်အိတ်စီနဲ့ သွားရတယ်ဗျ၊ သွားပေးတဲ့ အဲဒီစာအိတ်လေးကို တိုင်းမှူးက ယူဆောင်လာတဲ့ ထောက်လှမ်းရေးအရာရှိရှေ့မှာ ဖွင့်ရတယ်။ ပြီးတော့ ဖတ်ရတယ်။ ပြီးတော့ တိုင်းမှူးရဲ့ သဘောထားပေါ့၊ သဘောတူလား၊ မတူလား မေးခိုင်းတယ်ဗျ" ဟူ၍ ဗိုလ်မှူးဟောင်းအောင်လင်းထွက်က ပြောဆိုခဲ့သည်။

ဤကိစ္စနှင့်ပတ်သက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းကြည်(ငြိမ်း) ကလည်း သူ၏ "နှစ် ၅၀ ကျော် ကိုယ်တွေ့များ" စာတွဲ (၁၉၈၈–၁၉၉၂) စာအုပ် စာမျက်နှာ ၃၆၃ ၌ အောက်ပါအတိုင်း ရေးသားထားလေသည်။

"ကျွန်တော် မန္တလေးတိုင်း စစ်ဌာနချုပ်၌ ရှိနေချိန်များတွင် ဗိုလ်ချုပ်မှူးကြီး စောမောင်မှ တယ်လီဖုန်းဖြင့် မကြာခဏ စကားပြောသည်။ စကားတစ်ခါပြောလျှင် အချိန် နာရီဝက်ခန့် ကြာသည်။ တယ်လီဖုန်း အဆက်အသွယ်က ခပ်ညံ့ညံ့၊ သူ့အသံက ခပ်တိုးတိုး။ အတော်ဂရုစိုက် နားထောင်ရသည်။ ပြောသည့်အကြောင်းအရာကလည်း စုံသည်။ ဘာသာရေးကိစ္စများကို အတော်အလေးအနက်ထား ပြောသည်က များသည်။ သူပြောတဲ့အခါတိုင်းမှာပင် ကျွန်တော့်လုပ်ဆောင်ချက်များကို ကျေနပ်ကြောင်း ရဲရဲဝံ့ဝံ့ ဆက်လက်လုပ်ဆောင်သွားဖို့ မှာကြားခြင်းများသာ ဖြစ်သည်။

ကျွန်တော့်ရက်စွဲတော့ မမှတ်မိတော့။ ကျွန်တော့်နာမည် (By name)ဖြင့် အရေးကြီး ကြေးနန်းတစ်စောင် ရောက်နေကြောင်း၊ လျှင်မြန်မှု အဆင့်အတန်းက 'အမြန်ဆုံး'ဟု ပါရှိကြောင်း၊ ယခုချက်ချင်း လာပို့မည်ဖြစ်ကြောင်း၊ ကျွန်တော့်ဂျီဝမ်းက သတင်းပို့သည်။ သူရောက်လာတော့ ကျွန်တော်ကြေးနန်းစာကို ဖတ်ကြည့်သည်။ ကြေးနန်းစာတွင် အောက်ပါအတိုင်း ရေးထားသည်။ **"တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ဆက်လက်တာဝန် ထမ်းဆောင်စေလိုခြင်း ရှိ/ မရှိ ချက်ချင်း အကြောင်းပြန်"** ဟုပါရှိသည်။ ဒီကိစ္စမျိုးက ဘာမှစဉ်းစားစရာမလို။ အထက်လူကြီး၊ အထူး



သဖြင့် စစ်ဦးစီးချုပ်တစ်ယောက် ဆက်လက်တာဝန်ထမ်းဆောင်ခြင်းကိစ္စ မိမိနှင့် ဘာမှ မဆိုင်။ တပ်မတော်သား တစ်ယောက်အနေဖြင့် ဘာမှ ဝင်စွက်ဖက်စရာ မရှိ။ ထို့ကြောင့် ချက်ချင်းပင် **"တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်တာဝန် ထမ်းဆောင်စေလိုသော ဆန္ဒရှိ (ရှိ)** ပါကြောင်း ပြန်လည်တင်ပြပါသည်"လို့ ကြေးနန်းရေးလက်မှတ်ရေးထိုးပြီး ဂျီဝမ်းကြီးနှင့် တစ်ပါတည်း ပြန်ပေးလိုက်သည်။ ဘာကြောင့် ကြေးနန်းစာ ပို့သည်။ စစ်ရုံးတွင် ဘာတွေဖြစ်နေသည်ဆိုတာကိုလည်း ကျွန်တော်မသိ၊ ကိုယ့်အလုပ်ကိုသာ ဇောက်ချလုပ်နေမိခဲ့သည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး စောမောင်သည် တိုင်းမှူး (၁၀) ဦးနှင့် ကချင်၊ ချင်း၊ တနင်္သာရီ၊ မကွေးနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ (၅) ဦးတို့ကဲ့သို့ အောက်ပါအားပေးမှုများပါသော လမ်းညွှန်ချက်ကို ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် နေ့စွဲဖြင့် ပေးပို့ခဲ့ပြန်သည်။

(၁) နိုင်ငံတော်၏အခြေအနေများကြောင့် တပ်မတော်အနေဖြင့် အာဏာကို တာဝန်ယူ ထိန်းသိမ်းခဲ့သည့်နေ့မှစ၍ ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ကြီး (၄)ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်သည်။

(၂) ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် (၁/၉၀)တွင် "ပြည်သူ့ဆန္ဒနှင့်အညီ ခိုင်မာသော ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ပေါ်ပေါက်လာမည့် အစိုးရတစ်ရပ် မဖွဲ့စည်းမီ ကြားကာလတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (တပ်မတော်)အနေဖြင့် တို့တာဝန်အရေး ၃ ပါး၊ မူလတာဝန်ကြီး ၄ ရပ်အနက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးတာဝန်မှအပ ဖြစ်သော လုပ်ငန်းတာဝန်ကြီး ၃ ရပ်နှင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား လူမျိုးအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လုပ်ငန်းတာဝန်များကို အလေးဂရုပြု ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) ယင်းသို့ ကြေညာထားချက်များနှင့်အညီ လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင် အကောင်အထည်ဖော်ရန် တပ်မတော်အနေဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

(၄) တပ်မတော်သည် မည်သည့်အခါတွင်မျှ အမျိုးသားရေးကို သစ္စာဖောက်မည်မဟုတ်ကြောင်း၊ ပြည်သူလူထုနှင့် တပ်မတော်တစ်ရပ်လုံးအသိပင်ဖြစ်ပါသည်။ တိုင်းမှူး/တပ်မှူးများအပါအဝင် တာဝန်ရှိသူ အဆင့်ဆင့်အနေဖြင့် တပ်မတော်မှ ချမှတ်ထားသော လုပ်ငန်းတာဝန်အရပ်ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်မှာလည်း မျက်မြင်ပင်ဖြစ်သည်။

(၅) ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် စေတနာအလျောက် လုပ်ကိုင်ရင်း မှားယွင်းမှုများ ရှိနိုင်သည်သာဖြစ်ရာ ယင်းသို့ မှားယွင်းလုပ်ကိုင်မှုများသည် ကိုယ်ကျိုးအတွက် ဆောင်ရွက်မှုကြောင့်မဟုတ်ဟု တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အနေဖြင့် ယုံကြည်သည်။

(၆) ထိုသို့ ယုံကြည်သည့်အလျောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အနေဖြင့် အောက်ပါအချက်များကို ထပ်မံမှာကြားလိုက်သည်။

(က) ဘာမှ စိုးရိမ်ကြောင့်ကြ အားငယ်နေစရာ မလို၊

(ခ) လုပ်စရာရှိသည်များကို ရဲရဲဝံ့ဝံ့လုပ်၊

(ဂ) သတိပေးပြောဆိုနေရခြင်းများသည် ကိုယ်ကျိုးမဖက် တိုင်းပြည်အတွက် လုပ်ကိုင်နေသော တပ်မှူးများကို ရည်ညွှန်းပြောဆိုနေခြင်းမဟုတ်၊

(၇) သို့ပါ၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ တိုင်းမှူး/တပ်မှူးများအပါအဝင် တာဝန်ရှိသူများအနေဖြင့် လုပ်သင့်သည်များကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားလုပ်ဆောင်ပြီး၊ တပ်မတော်မှ ချမှတ်ထားသော လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အကြောင်းကြားပါသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လမ်းညွှန်ချက်ရပြီး သိပ်မကြာ၊ ဗိုလ်ချုပ်ကြီးသန်းရွှေထံမှ ကြေးနန်းတစ်စောင် ရရှိပြန်သည်။ ထိုအချိန်က ဗိုလ်ချုပ်ကြီးသန်းရွှေက ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) တာဝန်ထမ်းဆောင်နေသည်။ ကြေးနန်းက ခါတိုင်းလို ကြိုးမဲ့ကြေးနန်းစက်ဖြင့် မပို့။ လူကိုယ်တိုင် အထူးလေယာဉ်ဖြင့် တကူးတက လာပို့ခြင်းဖြစ်သည်။ ကျွန်တော် ကျွန်တော်၏ရုံးခန်းအတွင်းမှာ ရှိနေစဉ်အတွင်း ကျွန်တော့်ဂျီဝမ်းက တပ်မတော်လေတပ်မှ PC-6 အထူးလေယာဉ်၊ မန္တလေး၊ ချမ်းမြသာစည် လေယာဉ်ကွင်းသို့ ရောက်ရှိလာကြောင်း၊ ထောက်လှမ်းရေး အရာရှိ ၂ ဦးပါလာကြောင်း၊ သူတို့နှင့်အတူ တိုင်းမှူးအတွက် ကြေးနန်း တစ်စောင်ပါလာသည်ဟုပြောကြောင်း၊ သူတို့ကို သွားကြိုနေကြောင်း၊ မကြာမီရောက်ရှိလာမှာဖြစ်ကြောင်း တင်ပြလာသည်။ "ဘာလဲ မသိဘူး၊ သူတို့လာရင် ခေါ်လိုက်ပါ"လို့ ပြောလိုက်ရသည်။

အချိန် သိပ်မကြာလိုက်၊ ကျွန်တော့်ဂျီဝမ်းကြီး၊ ရန်ကုန်မှလာသော အရာရှိ နှစ်ဦးနှင့်အတူ ကျွန်တော့်ရုံးခန်းတွင်း ဝင်လာသည်။ ရန်ကုန်မှ လာသော အရာရှိနှစ်ဦးက ဗိုလ်ကြီးဝင်းမောင်မောင်နှင့် နောက်ဗိုလ်ကြီး မောင်မောင်ဌေးဖြစ်မည်ထင်သည်။ အားလုံးထောက်လှမ်းရေးတပ်ဖွဲ့က။ ဗိုလ်ကြီးဝင်းမောင်မောင်က ရောက်ရောက်ခြင်း စာအိတ်တစ်အိတ်ထုတ်ပေးသည်။ စာကို ချက်ချင်းဖောက်ဖတ်ဖို့၊ ဖတ်ပြီးရင် ဖတ်ရှုပြီးကြောင်း အခြား စာရွက်တစ်ရွက်မှာ လက်မှတ်ထိုးပေးဖို့၊ နောက် စာကို ချက်ချင်း သူတို့ရှေ့မှာတင် ဖျက်ဆီးပစ်ဖို့ပြောသည်။ သူတို့ပြောတဲ့အတိုင်း ဖတ်ကြည့်သည်။ နောက် သူတို့ရှေ့မှာပင် မီးရှို့ဖျက်ဆီးပစ်လိုက်သည်။ ဖတ်ရှုပြီးကြောင်းလည်း လက်မှတ်ထိုးပေးလိုက်ရသည်။ အားလုံးပြီးတော့ သူတို့နှစ်ဦးစလုံး ပြန်ထွက်သွားကြသည်။ လားရှိုးသို့ ဆက်လက်ထွက်ခွာသွားမည့်အကြောင်းလည်း ပြောသွားသည်။ နေ့လယ်စာ စားသွားဖို့ပင် အချိန်ရကြပုံမပေါ် အတော်အရေးကြီးသည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးသန်းရွှေ၏ စာထဲတွင် "ဘာပဲလုပ်လုပ် သူ့ထံတင်ပြဖို့၊ သူ့ဆီက အမိန့်မရဘဲ ဘာမှမလုပ်ဖို့၊ သူ့စာကို ဖတ်ပြီးပြီးခြင်း ဖျက်ဆီးပစ်ဖို့"ဟု ဖော်ပြထားသည်။ သူ့စာရဲ့အဓိပ္ပာယ်ကို ကျွန်တော်နားလည်သည်။ သဘောလည်းပေါက်သည်။ ဘယ်သူခိုင်းခိုင်းမလုပ်ဖို့၊ အကယ်၍ သူမသိတဲ့ကိစ္စ ခိုင်းလာရင် သူ့အရင်ပြောဖို့ ဖြစ်သည်။ ဗိုလ်ချုပ်မှူးကြီးစောမောင် မသိအောင် လုပ်တဲ့ကိစ္စဖြစ်လိမ့်မည်ဟု ကျွန်တော် ခန့်မှန်းမိသည်။ သို့သော် ထောက်လှမ်းရေးအရာရှိ နှစ်ဦးကို ယုံယုံကြည်ကြည်နှင့် စေလွှတ်ခြင်းဖြစ်၍ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ခင်ညွန့်တော့ သိမည်။ ဗိုလ်ချုပ်ခင်ညွန့်နှင့်အတူ လုပ်ခြင်းဖြစ်ပါလိမ့်မည်ဟုလည်း ကျွန်တော်စဉ်းစားမိသည်။

နောက် သိပ်မကြာ စစ်ရုံးတွင် လှုပ်လှုပ်ရွရွဖြစ်နေကြောင်း၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦးကို ကရင်ပြည်နယ် ရေ့တန်းသို့ပို့ကြောင်း၊ ဗိုလ်ချုပ်ကြီးသန်းရွှေသည် ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် မတွေ့ရအောင် ရှောင်နေကြောင်း၊ ဗိုလ်ချုပ်မှူးကြီးစောမောင် ကျန်းမာရေးမကောင်းကြောင်း အမျိုးစုံ ကြားရသည်။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် တကယ့်စစ်သား (Real Soldier)ဟု သဘောထားသည်။ ကိုယ်လုပ်ချင်တာသာ စိတ်ဝင်စားသည်။ သူတို့ဖြစ်နေတဲ့ကိစ္စ ကျွန်တော်စိတ်မဝင်စား။ ကိုယ်လုပ်ရမယ့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကိုသာ ဇောက်ချလုပ်နေခဲ့သည်။ သူတို့ ကိစ္စတွေ ခေါင်းထဲမှာပင် မရှိ။

သို့သော် ၁၉၉၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှာတော့ ကျွန်တော် ဂျီဝမ်းကြီး လာသတင်းပို့သည်။ တိုင်းမှူးတွေအားလုံး ဧပြီလ ၂၃ ရက်နေ့ နံနက် ရန်ကုန်အရောက်လာဖို့ စစ်ရုံးက ပြောကြောင်း၊ ဒုတိယတိုင်းမှူးကို စနစ်တကျ တာဝန်လွှဲခဲ့ဖို့နဲ့၊ ဘာနဲ့လာမလဲ၊ ဘယ်အချိန်ရောက်မှာလဲလို့ လည်း အသေအချာမေးကြောင်းပြောပြသည်။ "အေး...ရထားနဲ့ပဲ ဒီနေ့ထွက် မယ်၊ ရောက်မယ့်အချိန်ရောက်တော့ မောင်ရင်ပဲပြောလိုက်လေတော့"လို့ ပြောလိုက်ရသည်။

ကျွန်တော့်ရထားက ခါတိုင်း ကျွန်တော်ပါရင် အတော်အချိန်မှန်သော်လည်း ဒီတစ်ခေါက်မှာတော့ ထူးလို့လားမသိ။ အချိန် ၂ နာရီလောက်နောက်ကျသည်။ ကျွန်တော်စစ်ရုံးရောက်သွားတော့ ဓာတ်လှေကားထိပ်မှာ အသင့်စောင့်နေသူက ဗိုလ်ကြီးလှအောင်သိန်း [ဗိုလ်ချုပ်လှအောင်သိန်း(ငြိမ်း)]၊ ဗိုလ်ချုပ်ကြီးသန်းရွှေ၏ အနီးကပ်အရာရှိ၊ သူက တပ်မ (၈၈) မကွေးမှာတုန်းကတော့ ကျွန်တော့်တပည့်။ တွေ့တွေ့ချင်း "တိုင်းမှူးဘာလို့နောက်ကျနေတာလဲ၊ အားလုံးက မျှော်နေကြတယ်၊ အားလုံးစောင့်နေကြပါတယ်"လို့ ထူးထူးခြားခြား ယခင်ကနဲ့မတူမေးသည်။ သူ့ကို အကျိုးအကြောင်းပြောရင်း ဓာတ်လှေကားထဲ ဝင်လိုက်ရာ သူပါဝင်လိုက်လာသည်။ ကျွန်တော်ကတော့ ကျွန်တော့်တပည့်မို့ ကျွန်တော်နဲ့ စကားပြောရအောင် လိုက်လာသည်ဟုသာ ရိုးရိုးသားသားတွေးလိုက်မိသည်။ အစောင့်အကြပ် သဘောမျိုး တစ်ဖက်လှည့်လုပ် သလားတော့ မပြောတတ်။

ကျွန်တော်ရောက်ရောက်ခြင်း အစည်းအဝေးလုပ်သည်။ ဗိုလ်ချုပ်ကြီး သန်းရွှေက ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ပတ်သက်၍ အခြေအနေအသေးစိတ်ရှင်းပြသည်။ အလုပ်လုပ်လို့ မဖြစ်အောင် ကျန်းမာရေးအခြေအနေဆိုးရွားနေကြောင်း၊ ဆက်လက်၍ တာဝန်ထမ်းဆောင်နိုင်တော့မည် မဟုတ်ကြောင်း၊ အချိန်ကြာကြာ ဆေးကုသမှု ခံယူဖို့ လိုမည်ထင်ကြောင်း၊ ဗိုလ်ချုပ်မှူးကြီးစောမောင်၏ မှုမမှန်သော ပြောဆိုပြုမူမှုများကို ပြည့်ပြည့်စုံစုံ ရှင်းပြသည်။ ဗိုလ်ချုပ်ကြီးသန်းရွှေက စိတ်ဓာတ်စစ်ဆင်ရေးသမားပီပီ အပြောအဆို အတင်အပြ အလွန်ကောင်းသည်။ သူဖြစ်ချင်တာကို သူက တိုက်ရိုက်မပြော၊ အားလုံးကပြောလာအောင် လိမ္မာပါးနပ်စွာပြောသွားသည်။ သူရှင်းပြပြီးနောက် ကျွန်တော်တို့တိုင်းမှူး၊ တပ်မမှူးအားလုံးက တစ်ယောက်တစ်မျိုး ထ၍ဆွေးနွေးကြသည်။ သို့သော် နောက်ဆုံးမှာတော့ ဗိုလ်ချုပ်မှူးကြီးစောမောင် ဆေးရုံတက်ရောက်ကုသဖို့၊ ဆေးရုံတက်နေစဉ် ဗိုလ်ချုပ်ကြီးသန်းရွှေက ခေတ္တနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ဖို့ သဘောတူ ဆုံးဖြတ်ကြသည်။ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် ကြေညာမည့် စာသားကိုလည်း ဆွေးနွေးကြသည်။ စာသားရဲ့သဘောကတော့ "ဗိုလ်ချုပ်မှူးကြီး စောမောင် မကျန်းမာသောကြောင့် ဆေးကုသမှုခံယူရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆေးကုသမှု ခံယူနေစဉ်အတွင်း ဗိုလ်ချုပ်ကြီးသန်းရွှေမှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ယာယီထမ်းဆောင်မည်ဖြစ်ကြောင်း" ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အစည်းအဝေးက အထူးသတင်းမဟုတ်ဘဲ ည ၈ နာရီသတင်းတွင်မှ တိုင်းပြည်သို့ အသိပေးကြေညာချက် ထုတ်ပြန်ရန် ဆုံးဖြတ်ခဲ့ကြသည်။ နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ကျန်းမာရေးသည် အနားမယူလျှင် မဖြစ်တော့သည့်အခြေအနေအထိ ယိုယွင်းလာသဖြင့် ဗိုလ်ချုပ်မှူးကြီးစောမောင်အား အနားယူစေရန် ဆုံးဖြတ်ကြောင်း၊ နဝတ ကြေညာချက်အမှတ် ၈/၉၂ ဖြင့် ၁၉၉၂ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကြေညာချက်တွင် ဗိုလ်ချုပ်ကြီးသန်းရွှေ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည်။ ကျွန်တော်တို့အားလုံးကတော့ ရိပ်သာသို့မပြန်၊ ဘယ်မှမသွား အခြေအနေစောင့်ကြည့်နေကြသည်။ သတင်းထုတ်ပြန်ပြီးနောက် တိုင်းမှူးများက မိမိတို့သက်ဆိုင်ရာတိုင်းအသီးသီး၏အခြေအနေ ထူးခြားမှုများကို စောင့်ကြည့်နေကြရာ ဘာမှ ထူးခြားမှု မရှိ။ ဆေးရုံတက်ရောက်ကုသနေစဉ်အတွင်း သာမန်တာဝန်လွှဲပြောင်းလက်ခံခြင်း သဘောမျိုးသာဖြစ်၍ ပြဿနာလည်း ပေါ်စရာမလို။

ကျွန်တော်တို့အားလုံး ဗိုလ်ချုပ်ကြီးသန်းရွှေအပါဝင် စစ်ဦးစီး ဗိုလ်မှူးကြီး၏ရုံးခန်းအတွင်း ရှိနေစဉ် ဗိုလ်ချုပ်မှူးကြီး စောမောင်၏ ဇနီး ဒေါ်အေးအေးရီ စစ်ရုံးပေါ်သို့ တက်လာသည်။ အခန်းတွင်း ဝင်လာပြီး သူ လုံးဝမကျေနပ်ကြောင်း၊ မတရားလုပ်တာ ခံရခြင်းဖြစ်ကြောင်း၊ အမျိုးမျိုးဆူပွက်ပြီး ပြန်ဆင်းသွားသည်။ ဗိုလ်ချုပ်ကြီးနေဝင်းကိုလည်း သွားပြောမည်ဟုလည်းပြောဆိုသွားသည်။ ဗိုလ်ချုပ်ကြီးနေဝင်းဆီ ရောက်သွားသည်ဟုတော့ သိရသည်။ ဘာတွေပြောသည်ကိုတော့ ကျွန်တော်မသိ" ဟူ၍ ရေးသားထားလေသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ထောက်လှမ်းရေး ဗိုလ်မှူးဟောင်းအောင်လင်းထွတ်က သူ၏အင်တာဗျူး၌–

"အဲဒီအချိန်မှာ ဗိုလ်ချုပ်မှူးကြီး စောမောင်ရဲ့မိသားစုဟာ စစ်ရုံး (War Office) ဝင်းထဲမှာရှိတဲ့ တပ်မတော်ဧည့်ဂေဟာမှာပဲ နေပါတယ်ခင်ဗျ၊ ရှစ်လေးလုံးပြီးကတည်းက အဲဒီမှာ ပြောင်းနေကြတာခင်ဗျ၊ ဗိုလ်ချုပ်မှူးကြီး စောမောင် ရုံးတက်ရင် ရုံးနဲ့ အိမ်နဲ့ နီးနီးလေးပေါ့ဗျ။ ဂိတ်ထဲဝင်လာရုံပဲလေ။ အဲဒီနေ့က သတင်းလည်း ကြေညာပြီးရော ဗိုလ်ချုပ်မှူးကြီးစောမောင် တက်စရာရုံးမရှိတော့ဘူး၊ ဗိုလ်ချုပ်မှူးကြီးစောမောင်ကို ဖြုတ်တဲ့နေ့မှာ ဗိုလ်ချုပ်မှူးကြီးစောမောင်ရဲ့ဇနီး ဒေါ်အေးအေးရီဟာ စစ်ရုံးပေါ် တက်လာပြီး ဗိုလ်ချုပ်ကြီး သန်းရွှေရဲ့အခန်းကို သွားပြီး လက်ညှိုးငေါက်ငေါက်ထိုးလို့ ဆူပူခဲ့တယ်လို့ ဆိုပါတယ်။ အထူးသဖြင့် ဒေါ်အေးအေးရီပြောတဲ့အထဲမှာ "ရှင်တို့တစ်ယောက်နဲ့တစ်ယောက် အတူတွဲလုပ်လာပြီးမှ ဒီလောက် သစ္စာမဲ့ရသလား" ဆိုတာလည်း ပါသလို "ရှင်တို့ ဒီလိုအာဏာယူချင်တယ်ဆိုရင်လည်း သူ့ကိုပြောရင်ပြောလို့ရတာပဲ၊ ပြောပြီးမှ လုပ်လည်း ဘာမှ လက်မခံနိုင်စရာအကြောင်းမှ မရှိတာ" ဆိုတာတွေကို ပြောခဲ့သတဲ့။

အဲဒီနောက်ပိုင်း ဗိုလ်ချုပ်မှူးကြီးစောမောင်ဟာ စစ်ရုံးဝင်းထဲကနေ အပြင်ထွက်ခွင့် မရှိတော့ပါဘူး။ သူ့အစောင့်တွေကိုလည်း ဗိုလ်သန်းရွှေလူတွေနဲ့ လဲလှယ်လိုက်ပါပြီ။ နောက်မှ ဗိုလ်ချုပ်မှူးကြီး စောမောင်ကို အစောင့်အရှောက်တွေနဲ့ သူ့ကိုယ်ပိုင်အိမ် (အမှတ် ၇၉/ဈ၊ ရွှေဝတ်မှုံရပ်ကွက်၊ ရွှေတောင်ကြား (၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့)ကို ပို့ပြီး အကျယ်ချုပ်ချထားလိုက်ပါတော့တယ်။ သံဝေဂရစရာပါပဲ၊ အဲဒီလိုနဲ့ ဗိုလ်ချုပ်မှူးကြီး စောမောင်ဟာ ကြက်ကလေး၊ ငှက်ကလေးဖမ်းသလို အဖမ်းခံလိုက်ရပါတော့တယ်" ဟူ၍ ပြောဆိုခဲ့သည်။

ထို့နောက် တစ်ဆက်တည်းမှာပင် နဝတ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် လက်မှတ်ရေးထိုး၍ အောက်ပါကြေညာချက်များ အမိန့်ကြော်ငြာစာတို့ကို ဆက်တိုက် ထုတ်ပြန်ကြေညာခဲ့လေသည်။

(၁) ကြေညာချက်အမှတ် ၉/၉၂

ဗိုလ်ချုပ်မှူးကြီးစောမောင်၏ နဝတဥက္ကဋ္ဌတာဝန်ကို ဗိုလ်ချုပ်ကြီးသန်းရွှေက ဆက်လက်တာဝန်ယူခြင်း၊

(၂) ကြေညာချက်အမှတ် ၁၀/၉၂

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေသည် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ကိုပါ ထမ်းဆောင်ခြင်း၊

(၃) ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးသန်းရွှေအား ၁၉၉၂ ခုနှစ်၊ ဧပြီ ၂၃ ရက်နေ့မှစ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်ထားလိုက်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com





ထို့နောက် ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ဇနီး ဒေါ်အေးအေးရီတို့ ရုံးပေါ်မှ ရန်တွေ့ပြန်ဆင်းသွားပြီးနောက် ဗိုလ်ချုပ်မှူးကြီးစောမောင် ဒေါ်သူပုန်ထ၍ သေနတ်ကိုင်ပြီး ရုံးပေါ်သို့တက်လျှင် မည်ကဲ့သို့ ဖြေရှင်းကြမည်နည်းဟု အားလုံးက တွေး၍ ပူပန်နေကြသည်။ ထိုစဉ်ကအဖြစ်အပျက် ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည် (ငြိမ်း)က "နှစ် ၅၀ ကျော် ကိုယ်တွေ့များ" စာအုပ် စာမျက်နှာ ၃၆၉ ၌ ဤသို့ရေးသားထားလေသည်။

"ဗိုလ်ချုပ်ကြီးစောမောင်၏ဇနီး ဒေါ်အေးအေးရီ ရုံးပေါ်မှပြန်ဆင်းသွားပြီးနောက် ဗိုလ်ချုပ်မှူးကြီးစောမောင် သေနတ်ကိုင်ပြီး ရုံးပေါ်တက်လာရင် ဘယ်လိုလုပ်ကြမလဲလို့ တစ်ယောက်တစ်ပေါက် ပြောကြသည်။ အားလုံးကတွေးပြီး ပူနေကြသည်။ ဗိုလ်ချုပ်ခင်ညွန့်က ဘာမှမပူပါနဲ့။ ဗိုလ်ချုပ်မှူးကြီးစောမောင်ရဲ့ သေနတ်ထဲမှာ ယမ်းနှုတ်ထားသော ယမ်းမပါသောကျည်ဆန်များ ထည့်ပေးထားပါတယ်။ ပစ်ရင်လည်း ထွက်မှာမဟုတ်ပါဘူးလို့ ဝင်ပြောမှ စိတ်အေးကြရသည်။ ဩော် အတော်ကြိုတင်စီစဉ်ပြီးသားပါလား၊ အတော်ကို အကွက်စေ့ကြပါလားလို့ တွေးခဲ့မိသည်"

အမှန်စင်စစ် ၁၉၉၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အပြတ်အသတ်အနိုင်ရရှိမှုကို စစ်အာဏာရှင် ဖခင်ကြီး ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် အံ့အားသင့်သွားခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် N.L.Dသည် လူထုထောက်ခံမှု မည်မျှအထိ ရရှိလိမ့်မည်ဟု မထင်မှတ်ခဲ့ချေ။ သို့ကလို လူထုထောက်ခံမှုရှိပြီး ဒေါ်အောင်ဆန်းစုကြည်ကို လူထုခေါင်းဆောင်အဖြစ် ထင်ပေါ်လာမည်ကို ကြွမြီးတို မိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်အား လူထုခေါင်းဆောင်အဖြစ် စတင်အသိအမှတ်ပြုခဲ့သည့်အဖွဲ့မှာ မန္တလေးအခြေစိုက် 'အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု'ဖြစ်သည်။ ယင်းအဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်အား လူထုခေါင်းဆောင်အဖြစ် အသိအမှတ်ပြုပြီး မကြာမီမှာပင် ပါတီ၏ခေါင်းဆောင်များသာမက အဖွဲ့ဝင်အချို့ကိုပါ စစ်ထောက်လှမ်းရေးအဖွဲ့က ပိုက်စိတ်တိုက် ရှာဖွေဖမ်းဆီးတော့သည်။ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တပ်မဟာမိတ်အဖွဲ့လည်း ဖြစ်သည်။



ဗိုလ်ချုပ်မှူးကြီးစောမောင်ထံမှ အာဏာလုမယူမီကပင် N.L.D ကို အာဏာမအပ်ရေးကို ဗိုလ်ချုပ်ခင်ညွန့်၏ ဦးဆောင်မှုဖြင့် ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များသည် ကြိုတင်စီမံကိန်းချ၍ နည်းမျိုးစုံဖြင့် N.L.D ပါတီကို ဖြိုခွင်းတော့သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကိုလည်း သေးသိမ်မှေးမှိန်စေရန် လုပ်ဆောင်လာခဲ့သည်ကို တွေ့ရသည်။။

ရွေးကောက်ပွဲပြီး၍ ရက်ပေါင်း ၆၀ ကြာလာသည့်တိုင်အောင် နဝတ စစ်အစိုးရသည် အာဏာလွှဲပြောင်းမပေးခဲ့သောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး (ယခုဥက္ကဋ္ဌ) ဒေါ်အောင်ဆန်းစုကြည်က–


"ရွေးကောက်ပွဲပြီး၍ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးဖို့လည်း လိုပါတယ်။ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်တာဟာ ထမင်းစားဖိတ်၊ ထမင်းပွဲပြင်၊ စားပွဲမှာထိုင်ခိုင်းပြီးမှ မစားရဘူးဆိုပြီး ထမင်းဟင်းတွေပြန်ပြီး သိမ်းသွားသလိုပါပဲ။ ဧည့်သည်တွေကို စော်ကားတဲ့လုပ်ရပ်ပါ။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ပေးတာဟာပြည်သူတစ်ရပ်လုံး လိမ်လည်လှည့်ဖြားစော်ကားရာရောက်ပါတယ်။

အာဏာပိုင်တွေဟာ မိမိတို့သဘောမကျတဲ့ ရွေးကောက်ပွဲရလဒ်ဆိုရင် လျစ်လျူရှုလိုက်၊ လိုချင်တဲ့ရလဒ်ဖြစ်လာနိုးနိုးနဲ့ ရွေးကောက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com





ဝဲမှယာ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် ဦးကြည်မောင် တို့အားနေအိမ်ရှိ လူထုတရားပွဲ၌ တွေ့ရစဉ်

အသစ်တွေ ကျင်းပလိုက်နဲ့ လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့အနာဂတ်နဲ့ ကစားရာရောက်ပါလိမ့်မယ်။ တိုင်းပြည်ရဲ့ အနာဂတ်ဆိုတာဟာ ကစားရမယ့် အရာမဟုတ်ပါဘူး။ တလေးတစားနဲ့ စောင့်ရှောက်သွားရမယ့်အရာသာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ဘဲ နောက်ရွေးကောက်ပွဲအသစ် ကျင်းပရေးကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က လုံးဝလက်ခံမှာ မဟုတ်ဘူးလို့ ဆုံးဖြတ်ထားတာ ဖြစ်ပါတယ်"ဟူ၍ ပြောကြားခဲ့သည်။

ထို့နောက် ရွေးကောက်ပွဲကျင်းပပြီး ရက်ပေါင်း ၆၀ အကြာ ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၂၈ ရက်နှင့် ၂၉ ရက်များတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ဂန္ဓီခန်းမဆောင်၌ အဖွဲ့ချုပ်လွှတ်တော် ကိုယ်စားလှယ်များ စုဝေးရောက်ရှိလာပြီး "ဂန္ဓီခန်းမ ကြေညာစာတမ်း"ကို ထုတ်ပြန်ခဲ့လေသည်။

အဆိုပါစာတမ်း၌ "ယခုအခါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သော်လည်း အထွေထွေ



ရွေးကောက်ပွဲကြီးဖြစ်လျှင် ပြည်သူ့လွှတ်တော်ကို မရှေးမနှောင်းကာလ၌ အမြန်ဆုံးဖွဲ့စည်းပေးရမည်မှာ ဓမ္မတာပင်ဖြစ်လေသည်။ ပြည်သူလူထုကလည်း ဤအတိုင်း မျှော်လင့်နေကြပေသည်။ သို့သော် ရွေးကောက်ပွဲကြီးပြီး၍ ရက်ပေါင်း (၆၀)ကြာလာသည့်တိုင်အောင် ပြည်သူ့လွှတ်တော်ကို မဖွဲ့စည်းရသေးပေ။

ရွေးကောက်ပွဲတွင် လုံးလုံးလျားလျား အများစုအနိုင်ရရှိထားသော အဖွဲ့ချုပ်သည် နိုင်ငံတော်လောလောဆယ်အကျိုးစီးပွားနှင့် ရေရှည်အနာဂတ်ကာလအကျိုးစီးပွားများကို အခြေခံထား၍၊ တစ်မျိုးသားလုံး ပြန်လည်သင့်မြတ်ရေး စိတ်ဓာတ်ဖြင့် ပွင့်လင်းသော၊ ရိုးသားသော၊ စေတနာအပြည့်ပါသော နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်သွားရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အဆိုပြုချက်များကိုလည်း နဝတက တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်း မရှိသေးပေ။

ရဟန်း၊ ရှင်၊ လူ ပြည်သူများ၊ လယ်သမားများ၊ အလုပ်သမားများ၊ ကျောင်းသားလူငယ်များ၊ ဝန်ထမ်းများအပါအဝင် ဖြစ်သောတိုင်းရင်းသားပြည်သူလူထုကြီးသည် နိုင်ငံတော်တွင် ဒီမိုကရေစီအခွင့်အရေးများ ကန့်သတ်ခံထားမှုကြောင့် လက်ရှိမျက်မှောက်ပြုနေရသော စားဝတ်နေရေးကျပ်တည်းမှု၊ စိုးရိမ်ထိတ်လန့်နေရမှုနှင့်သောကဗျာပါဒဘေးမှ ကင်းလွတ်ရေးတို့အတွက် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို အမြန်ဆုံးကူးပြောင်း ရောက်ရှိရန် ဆန္ဒပြင်းပြလျက်ရှိနေပေသည်။

ယနေ့ပြည်သူတို့ ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသော အကျပ်အတည်းများသည် ပြည်သူတို့က ယုံကြည်ကိုးစားစွာ ရွေးချယ်တင်မြှောက်လိုက်မည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသော ပြည်သူ့လွှတ်တော်ကသာ ဦးဆောင်၍ ပြည်သူ့ဆန္ဒနှင့်အညီ ဖြေရှင်းအပ်ပေသည်။

သို့ဖြစ်ရာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအခန်း (၂) ပုဒ်မ (၃) ၌ ပြဋ္ဌာန်းထားသော "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



နှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်"ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးရန် အရေးတကြီး လိုအပ်နေပေသည်။

သို့ဖြစ်ရကား ပြည်သူ့လွှတ်တော်ကို အမြန်ဆုံး မဖြစ်မနေ မွေးဖွားသန့်စင်ပေးရပေတော့မည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအခန်း (၁)၊ ပုဒ်မ ၂ (က)တွင် "လွှတ်တော်ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်"ဟု ပြဋ္ဌာန်းထားချက်အရ ယခုပေါ်ပေါက်လာမည့် ပြည်သူ့လွှတ်တော်သည် တိုင်းပြုပြည်ပြုလွှတ်တော်မဟုတ်ကြောင်းလည်း ကျွန်ုပ်တို့အလေးအနက် ခံယူထားပေသည်။

ဥပဒေနှင့်အညီဖြစ်အပ်သော အာဏာ (သို့တည်းမဟုတ်) ဥပဒေနှင့်အညီဖြစ်အပ်သော အာဏာလွှဲပြောင်းရေးကိစ္စတို့နှင့် ပတ်သက်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှအသင့်ရေးဆွဲထားရှိပြီးဖြစ်ကြောင်း သိရှိရ၍ ကျွန်ုပ်တို့က ကြိုဆိုပေသည်။

အဆိုပါ ၁၉၉၀ ပြည့်နှစ် ယာယီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း)ကို အဖွဲ့ချုပ်အနေဖြင့် အခြားအဖွဲ့အစည်းအသီးသီးနှင့် ညှိနှိုင်းဆွေးနွေးမည့် အစီအစဉ်ကိုလည်း ကျွန်ုပ်တို့ကထောက်ခံပေသည်။

ဤယာယီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအားဖြင့် ဥပဒေနှင့်အညီအာဏာလွှဲပြောင်းရေးကို ဖြစ်မြောက်အပ်ပေသည်ဟု ကျွန်ုပ်တို့က တညီတညွတ်တည်း ယူဆကြပေသည်။

ထို့နောက် ဒီမိုကရေစီ ပြည်ထောင်စုသစ်အတွက် ရည်သန်သောဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို ကျွန်ုပ်တို့ပါဝင်သော ပြည်သူ့လွှတ်တော်ကသာလျှင် ရေးဆွဲပြဋ္ဌာန်း အတည်ပြုရန် တာဝန်ရှိပေသည်။ ကျွန်ုပ်တို့ကလည်း ထိုတာဝန်ကို ထမ်းဆောင်သောအခါ၌ ကျယ်ပြန့်စွာ ညှိနှိုင်းဆောင်ရွက်သွားကြမည် ဖြစ်ပေသည်။

သို့သော် ပြည်သူ့လွှတ်တော်၏ အာဏာအပ်နှင်းမှုမရှိဘဲ၊ ပြည်သူ့လွှတ်တော်၏ အာဏာမရှိဘဲ ပြည်သူ့လွှတ်တော်၏အဆောင်အယောင်အရှိန်အဝါမရှိဘဲ၊ ပြည်သူ့လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းခြင်းမရှိဘဲ၊ ပြည်သူ့လွှတ်တော်မှအပ အခြားမည်သည့်နေရာ၊ မည်သည့်အချိန်၌မဆို



ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲခွင့်လည်းမရှိ၊ ပြဋ္ဌာန်းအတည်ပြုခွင့်လည်းမရှိ၊ ယင်းသို့ ရေးဆွဲကြမည်ဆိုလျှင် လွှတ်တော်အာဏာစက်မရှိသဖြင့် ဥပဒေအာဏာစက်လည်း ရှိလိမ့်မည် မဟုတ်ပေ။ ဤလမ်းကြောင်းအတိုင်း ဆောင်ရွက်မှုသည် သိက္ခာပင်ရှိလိမ့်မည် မဟုတ်ဟု ကျွန်ုပ်တို့ယူဆသည်။

ထို့ကြောင့် ပြည်သူလူထုလိုလား တောင့်တနေသော ဒီမိုကရေစီစနစ်၏ အနှစ်သာရအများအရလည်းကောင်း၊ နိုင်ငံတကာ ကျင့်ထုံးကျင့်နည်းများနှင့် လျော်ညီစွာလည်းကောင်း၊ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးရန် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြကုန်သော ကျွန်ုပ်တို့အား ဤနေ့ဤရက်မှစ၍ တညီတညွတ်တည်း တောင်းဆိုလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပေသည်"ဟူ၍ ရေးသားဖော်ပြထားပေသည်။

သို့သော် "ဂန္ဒီခန်းမ ကြေညာစာတမ်း"မထုတ်ပြန်မီ တစ်ရက်အလို ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် နဝတအစိုးရ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့် လက်မှတ်ရေးထိုး၍ ကြေညာချက်အမှတ် ၁/၉၀ ကို ချက်ချင်းထုတ်ပြန်၍ "လူထုက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များသာဖြစ်သည်။ နိုင်ငံတော်အာဏာရယူရေးအတွက် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲ၍ အစိုးရဖွဲ့စည်းခြင်းကို မည်သည့်နည်းနှင့်မျှ လက်ခံနိုင်မည်မဟုတ်သည့်အပြင် ထိုသို့ဆောင်ရွက်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်းနှင့် ပြည်သူ့ဆန္ဒနှင့်အညီ ခိုင်မာသော ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ပေါ်ပေါက်လာမည့် အစိုးရတစ်ရပ် မဖွဲ့စည်းမီ ကြားကာလတွင် နဝတအနေဖြင့် ဒို့တာဝန်အရေးသုံးပါး၊ နဝတကြေညာချက် ၁/၈၈ တွင်ပါရှိသော တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပြည်သူများ၏စားဝတ်နေရေးချောင်လည်စေရေးနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး

www.burmeseclassic.com

www.burmeseclassic.com



စသည့် လုပ်ငန်းတာဝန်ကြီး (၄)ရပ်အနက် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးတာဝန်မှအပဖြစ်သော လုပ်ငန်းတာဝန်ကြီး (၃) ရပ်နှင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လုပ်ငန်းတာဝန်များကို အလေးဂရု ပြု ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း'' ထုတ်ပြန်ခဲ့သည်။

ဤသို့ဖြင့် ဗိုလ်ချုပ်ကြီးသန်းရွှေ၊ ဗိုလ်ချုပ်ခင်ညွန့်တို့ ဦးဆောင်သော သဘောတင်းမာသော စစ်အာဏာရှင် အုပ်စုက ရွေးကောက်ပွဲပြီးလျှင် စစ်တန်းလျားပြန်မည်ဟု ကတိပြုပြောဆိုခဲ့သော်လည်း ရွေးကောက်ပွဲပြီးသည့်အခါ အနိုင်ရပါတီ၏ ရွေးကောက်ပွဲရလဒ်ကို လျစ်လျူရှု၍၊ အာဏာလွှဲပြောင်းပေးခြင်း လုံးဝမပြုလုပ်ခဲ့ရုံသာမက မြန်မာ့နိုင်ငံရေးတွင် ယနေ့တိုင်ခြေရှုပ်လျက်ရှိသည်။ ထို့နောက် အဖွဲ့ချုပ် ယာယီဥက္ကဋ္ဌနှင့် ဗဟန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးကြည်မောင်အား ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၆ ရက်နေ့ ဥပဒေမဲ့ ဖမ်းဆီး၍ ထောင်ဒဏ်ချမှတ်ခဲ့သည်။ မြို့နယ်ဒေသအသီးသီးရှိ လွှတ်တော် ကိုယ်စားလှယ်များကိုလည်း ပုဒ်မအမျိုးမျိုးတပ်၍ ဖမ်းဆီး၍ ပြစ်ဒဏ်များချမှတ်ကာ ထောင်အသီးသီး၌ ထိန်းသိမ်းထားခဲ့လေသည်။ တစ်ဖန်ထောက်လှမ်းရေးမှူး ဗိုလ်ချုပ်ခင်ညွန့်၏အမိန့်ကြောင့် ပြည်နယ်/ တိုင်း၊ မြို့နယ်၊ ရပ်ကျေးများရှိအဖွဲ့ချုပ်ရုံးများသို့ ဝင်စီး၍ စာရွက်စာတမ်းများကို ထောက်လှမ်းရေးတပ်ဖွဲ့များက မွှေနှောက်ရှာဖွေ၍ ဖျက်ဆီးမှုများပြုလုပ်ခဲ့ကြသည်။ တရားဝင်ရပ်တည်နေသော ပါတီတစ်ခုအား မင်းမဲ့စရိုက်ဆန်ဆန် ပြုမှုမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ရှုတ်ချခြင်း ခံခဲ့ရသည်။

သို့သော် အရှက်တရားကင်းမဲ့စွာဖြင့် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးနှင့် နဝတအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်သည် ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များအား အကြိမ် ၁၁၀ မြောက် အထူးသတင်းစာရှင်းလင်းပွဲ၌ ဤသို့ပြောကြားခဲ့သေးသည်။

''ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပြီးတဲ့နောက် နိုင်ငံရေးပါတီအချို့က အာဏာလွှဲပြောင်းပေးဖို့ တစ်ဆင့်တိုးလှုပ်ရှား



တောင်းဆိုလာတဲ့အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်)ရဲ့ နိုင်ငံရေးဦးတည်ချက်ဖြစ်တဲ့ ကြေညာချက် အမှတ်(၁/၉၀) ကို ၂၇-၇-၉၀ ရက်မှာ တိုင်းသိပြည်သိ ထုတ်ပြန်ခဲ့ပြီး အဲဒီကြေညာချက်ကို နိုင်ငံရေးပါတီများက တိတိကျကျ လိုက်နာကြရန် တိုက်တွန်းကြပ်မတ်ခဲ့ရပါတယ်။

ကြေညာချက် အမှတ် ၁/၉၀ မှာ နဝတအဖွဲ့ရဲ့ ရပ်တည်ချက်နဲ့ ဆောင်ရွက်ချက်များပါရှိပြီး နိုင်ငံတော်အာဏာရယူရေးအတွက် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ၍ အစိုးရဖွဲ့စည်းခြင်းကို မည်သည့်နည်းနှင့်မျှ လက်ခံမည်မဟုတ်သည့်အပြင်၊ ထိုသို့ဆောင်ရွက်ပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်းကိုပါ ဖော်ပြထားပါတယ်။ ကြေညာချက် ၁/၉၀ ဟာ နိုင်ငံတော်၏နိုင်ငံရေး အပြောင်းအလဲကာလမှာ မလိုလားအပ်တဲ့ အမည်းကွက်များ သမိုင်းကြောင်းမှာ စွန်းထင်းမကျန်ခဲ့စေရန် နိုင်ငံရေးပါတီများအတွက် ရှောင်ရန်၊ ဆောင်ရန်အချက်များ လမ်းညွှန်ပေးတဲ့ ကြေညာချက်ဖြစ်တဲ့အပြင် ယနေ့နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရဲ့ ရပ်တည်ချက်လည်း ဖြစ်ပါတယ်။

မိမိအနေနဲ့လည်း ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၁၃ ရက်နေ့မှာ ကျင်းပပြီးတဲ့ အကြိမ် (၁၀၀)မြောက် သတင်းစာရှင်းလင်းပွဲမှာ တိတိလင်းလင်း ရှင်းလင်းပြောဆိုခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်ဟာ မိမိသဘောနဲ့ ပြည်သူ့လွှတ်တော်တစ်ရပ် ခေါ်ယူလို့မရတဲ့အပြင် ဥပဒေပြုမှုအာဏာ၊ စီမံခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှုအာဏာဆိုတဲ့ အချုပ်အခြာအာဏာသုံးရပ်ကိုလည်း အလိုအလျောက် ရယူနိုင်ခြင်းမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်အပေါ် အခြေပြု၍သာ အချုပ်အခြာအာဏာ ရယူနိုင်တယ်ဆိုတာ အထူးရှင်းလင်းရန် လိုမှာမဟုတ်ပါဘူးလို့ ပြောလိုပါတယ်။

ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များဟာ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် ခိုင်မာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲကြရန် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များဖြစ်ကြောင်းကိုလည်း ကြေညာချက်အမှတ် (၁/၉၀)မှာ အတိအလင်းဖော်ပြထားပြီးဖြစ်တဲ့အတွက် ဒီကြေညာချက်အတိုင်း လိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်အနေနဲ့ အာဏာကို မမက်မောဘူးဆိုတာ တာဝန်ရှိသူ အသီးသီးက အကြိမ်ကြိမ်ပြောခဲ့ပြီးဖြစ်ပါတယ်။ အာဏာကိုကြာရှည်စွာ ရယူထားဖို့ ရည်ရွယ်ချက်မရှိတာအမှန်ပါဘဲ။ ဒါနဲ့ပတ်သက်လို့ အချိန်ကာလည်း အချိန်ဘယ်လောက်ကြာမလဲ၊ Time Frameဘယ်လိုသတ်မှတ်မလဲစသည်ဖြင့် စူးစမ်းပြောသလိုနဲ့ ကျွန်တော်တို့ကို နည်းမျိုးစုံနဲ့ မထိတထိ ကလိနေကြတာ တွေ့နေရပါတယ်။ အချိန်ကာလနဲ့ ပတ်သက်လို့ အတိအကျ မပြောနိုင်တာကတော့ အမှန်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ရွေးကောက်ပွဲကော် မရှင်ရဲ့ အပြီးသတ် အစီရင်ခံစာတင်သွင်းနိုင်ရေးဟာ နိုင်ငံပါတီများ ကိုယ်စားလှယ်အဖြစ် အရွေးခံထားရသူများရဲ့ ဆောင်ရွက်မှုပေါ်မှာ မူတည်ပါတယ်။ တပ်မတော်အနေနဲ့ကတော့ ဥပဒေနဲ့မညီတဲ့ကိစ္စကို မျက်စိမှိတ်ပြီး လက်ခံမှာမဟုတ်ပါဘူး ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ မဖြစ်ဖြစ်အောင် ဆောင်ရွက်ရမှာသာ ဖြစ်ပါတယ်''ဟူ၍ ပြောကြားသွားသည်။

❒

## အခန်း(၉)

## မဂ္ဂဇင်း အယ်ဒီတာနှင့် တွေ့ဆုံမေးမြန်းခန်း

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ အခြေစိုက် LEADERS မဂ္ဂဇင်းအယ်ဒီတာ နှင့် နဝတ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တို့ တွေ့ဆုံမေးမြန်းခဲ့မှုကို ၁၉၉၈ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လထုတ် LEADERS မဂ္ဂဇင်းတွင် ဖော်ပြထားသည့် တွေ့ဆုံမေးမြန်းခန်းမှာ အောက်ပါအတိုင်းဖြစ်သည်။

### Leaders မဂ္ဂဇင်း စာတည်းမှတ်ချက်

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ဗြိတိန်နိုင်ငံထံမှ လွတ်လပ်ရေး ရရှိခဲ့ပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် နိုင်ငံရေး မတည်ငြိမ်မှု တစ်ချိန်လုံးလိုလို ဖြစ်ပေါ်နေခဲ့သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် နိုင်ငံရေးမတည်ငြိမ်မှု ဖြစ်ပေါ်ခဲ့ရခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်းအပိုဒ်တစ်ခုကြောင့် ဖြစ်ကြောင်း ပြောဆိုသည်။ အဆိုပါ စည်းမျဉ်းအရ နိုင်ငံတော်ရှိ များပြားလှစွာသော တိုင်းရင်းသားလူမျိုးစုများအနက် လူမျိုးတစ်မျိုးမျိုး သို့မဟုတ် လူမျိုးများအားလုံးတို့သည် ပြည်ထောင်စုမှ ခွဲထွက်ခွင့်ရှိပေသည်။ ယင်းစည်းမျဉ်းထားရှိရခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com





ဦးခင်ညွန့်နှင့် ဇနီး ဒေါက်တာခင်ဝင်းရွှေ

စစ်ဘက်နှင့် ကွန်မြူနစ်များအနေဖြင့် အာဏာဖြင့် လွှမ်းမိုးနိုင်ရေးအတွက် တစ်လှည့်စီ အကွက်ဆင်နိုင်ခြင်း မပြုလုပ်နိုင်စေရန် ဖြစ်သည်။ သို့ရာတွင် နောက်ဆုံးတွင် မိမိတို့အစိုးရအဖွဲ့ လက်ထက်၌ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များသည် တစ်ဖွဲ့ပြီးတစ်ဖွဲ့ လက်နက်ချကာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြကြောင်း၊ ယင်းအဖွဲ့များနှင့် ပူးပေါင်းရန် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့သာလျှင် ကျန်ရှိတော့ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ပြောကြားသည်။

ဤလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်အချို့သည် ယခုအခါ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ရေးဆွဲနေသည့် အမျိုးသားညီလာခံ၌ပင်



ပါဝင်တက်ရောက်လျက် ရှိကြပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ရရှိရန်မှာ မကြာတော့ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ပြောကြားခဲ့သည်။

(မေး)ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားအုပ်စုများ၏ အမျိုးသားပြန်လည်သင့်မြတ်မှုရရှိရေးအတွက် ဆက်လက်ကြိုးပမ်းလျက်ရှိစဉ်တွင် မည်သည့်ပြည်တွင်းအစီအစဉ်များ ချမှတ်လုပ်ဆောင်လျက် ရှိပါသလဲ၊ ယနေ့ကာလအထိ ယင်းအစီအစဉ်များ၏ အောင်မြင်မှုရရှိမှုများ သိလိုပါသည်။

(ဖြေ) မိမိတို့၏ အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် အစီအစဉ်များကို နားလည်ရန်မှာ မိမိတို့နိုင်ငံ၏ အတိတ်ကာလ သမိုင်းကြောင်းကို သိရှိနားလည်ရန် လိုအပ်ပါသည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများ၏ မကျေမနပ်ဖြစ်မှုနှင့် ဆူပူသောင်းကျန်းမှုကို အလွန်ကာလရှည်ကြာစွာ တွေ့ကြုံခဲ့ရသည့်သမိုင်းကြောင်းရှိပါသည်။ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ပြည်ထောင်စုတစ်ခုဖြစ်ပါသည်။ ဤတိုင်းရင်းသား လူမျိုးစုများအနက် အကြီးဆုံးသော လူမျိုးစုမှာ ဗမာလူမျိုးစု ဖြစ်ပါသည်။ ဗမာလူမျိုးသည် နိုင်ငံလူဦးရေ စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံတော်၏ မြေပြန့်ဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် နေထိုင်ကြပါသည်။ ကျန်လူမျိုးစုများမှာမူ ဝေးလံသီခေါင်သော တောင်ပေါ်ဒေသများတွင် နေထိုင်ကြပါသည်။

မိမိတို့နိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိချိန်အထိ ဗြိတိန်နိုင်ငံက ကွဲပြားခြားနားသော အုပ်ချုပ်ရေးစနစ်များဖြင့် နှစ်ပေါင်း ၁၀၀ ခန့် အုပ်ချုပ်ခဲ့ပါသည်။ သို့ရာတွင် ဗြိတိန်နိုင်ငံသည် မိမိတို့နိုင်ငံကို လွတ်လပ်ရေးမပေးမီ ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်ရှိရန် လိုအပ်ကြောင်း ပြောဆိုခဲ့ပါသည်။ သို့ဖြင့် ၁၉၄၇ ခုနှစ်တွင် မိမိနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲခဲ့ကြပါသည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အထူးအပိုဒ်တစ်ပိုဒ် ပါရှိပြီး လွတ်လပ်ရေးရရှိပြီးနောက် ၁၀ နှစ်

www.burmeseclassic.com

www.burmeseclassic.com



အကြာတွင် တိုင်းရင်းသားလူမျိုးများအနေဖြင့် ဆန္ဒရှိပါက ပြည်ထောင်စုမှ ခွဲထွက်လိုက ခွဲထွက်နိုင်သည်ဟု ဖော်ပြထားပါသည်။

မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိအပြီး မကြာမတင်မှာပင် တိုင်းရင်းသားလူမျိုးစု အမျိုးမျိုး၏ ခေါင်းဆောင်များက အစိုးရအပေါ် ဆန့်ကျင်သည့်သဘောထားအမြင်များ ဖော်ပြလာကြသည်မှာ မဆန်းတော့ပါ။ အကျိုးရလဒ်တစ်ခုအနေဖြင့် မြန်မာနိုင်ငံသည် လက်နက်ကိုင် ပုန်ကန်ထကြွမှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ တိုင်းရင်းသားလူမျိုးစု အမျိုးမျိုးတို့သည် သဘောတရားရေးအရ၊ စီးပွားရေးအရ၊ လူမျိုးရေးအရနှင့် ဘာသာရေးအရပင် မကျေနပ်အကြောင်းပြချက်အမျိုးမျိုးဖြင့် လက်နက်စွဲကိုင် ပုန်ကန်လာကြပြီး ကွန်မြူနစ်များသည်လည်း တောခိုခဲ့ကြပါသည်။

၁၉၅၈ ခုနှစ်တွင် အာဏာရ နိုင်ငံရေးပါတီအတွင်း အကွဲအပြဲတစ်ရပ် ရှိလာပါသည်။ ထိုအချိန်တွင် မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိလာခဲ့သည်မှာလည်း ၁၀ နှစ်ပြည့်မြောက်လာပြီဖြစ်ရာ တိုင်းရင်းသားလူမျိုးစုအချို့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အဆိုပါအပိုဒ်ပါ ဖော်ပြချက်ကို အခွင့်အရေးယူရန် ဆုံးဖြတ်ခဲ့ပြီး ပြည်ထောင်စုမှခွဲထွက်ရန် ကြိုးပမ်းခဲ့ပါသည်။ အစိုးရအဖွဲ့သည် နိုင်ငံရေးပါတီများမှ နိုင်ငံတော်အာဏာကို စစ်ဘက်က ထိန်းသိမ်းပေးရန် လွှဲပြောင်းပေးအပ်လိုက်ပြီးနောက်ပိုင်းမှာပင် ပြည်ထောင်စုမှခွဲထွက်ရန် ကြိုးပမ်းကြသော တိုင်းရင်းသားလူမျိုးစုများ၏ မကျေနပ်မှုမှာ ကြီးထွားနေဆဲ ဖြစ်ပါသည်။ သို့ဖြင့် ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်တာဝန်များကို ရယူလိုက်ပြီး တော်လှန်ရေးကောင်စီကို ဖွဲ့စည်းခဲ့ပါသည်။ တော်လှန်ရေးကောင်စီသည် ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့ပါသည်။

၁၉၇၄ ခုနှစ်တွင် အစိုးရအဖွဲ့သစ်တစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ယင်းအစိုးရအဖွဲ့ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ဦးဆောင်ခဲ့ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံတော်ကို ဆိုရှယ်လစ်စီးပွားရေးစနစ် ချမှတ်ကျင့်သုံးခဲ့ပါသည်။ စီးပွားရေးအခက်အခဲများ၏ အကျိုးရလဒ်တစ်ခု အဖြစ် ဆိုရှယ်လစ်စီးပွားရေးစနစ် မအောင်မြင်သည့်အခါ ပြည်သူလူထုက အစိုးရအဖွဲ့ အပြောင်းအလဲဖြစ်ပေါ်ရန် ဆန္ဒရှိကြောင်း ဖော်ပြလာကြပါသည်။ ဤတွင် ကွန်မြူနစ်များသည် ပြည်သူလူထု၏ မကျေနပ်မှုပေါ်မှ အခွင့်အရေးယူခဲ့ကြပြီး အဓိကရုဏ်းများနှင့် မငြိမ်မသက်မှုများ ဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်ခဲ့ရာမှ နိုင်ငံတော်တွင် မင်းမဲ့စရိုက် ဖြစ်ပေါ်ခဲ့ရပါသည်။ ၁၉၈၈ ခုနှစ် ဆူပူမှုအတွင်း အပြစ်ကင်းစင်သော ပြည်သူလူထုအတွင်း လူအချို့ ခေါင်းဖြတ်သတ်ခံခဲ့ကြရပြီး လုယက်မှုအများအပြားလည်း ပေါ်ပေါက်ခဲ့ပါသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် စစ်ဘက်က အစိုးရအဖွဲ့ကို တာဝန်ယူခဲ့ရပါသည်။



ပထမဦးစွာ မိမိတို့၏ အထူးလုပ်ငန်းတာဝန်မှာ နိုင်ငံတော်အတွင်း ငြိမ်ဝပ်ပိပြားမှုနှင့် အေးချမ်းသာယာမှုပြန်လည်ရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရခြင်းဖြစ်ပြီး အစိုးရအဖွဲ့စနစ်တစ်ရပ် ဖွဲ့စည်းရခြင်းဖြစ်ပါသည်။ အရေးအခင်းကာလအတွင်း အစိုးရအဖွဲ့မှာ လုံးလုံးလျားလျား ပြိုကွဲသွားခဲ့ရပြီး မိမိတို့သည် အစိုးရအဖွဲ့လုပ်ငန်းများ ပြန်လည်ချောမွေ့ သွက်လက်လာစေရန် လုပ်ဆောင်ခဲ့ရပါသည်။ မိမိတို့၏ဒုတိယမြောက် အထူးလုပ်ငန်းတာဝန်မှာမူ စည်းလုံးညီညွတ်မှု ပြန်လည်ရရှိရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားလူမျိုးများအတွင်း ပြန်လည်စည်းလုံးညီညွတ်ရေး ဖြစ်ပါသည်။ မိမိတို့၏ စစ်ကောင်စီမှ အဖွဲ့ဝင်များသည် လက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်တောတွင်းသို့ သွားရောက်ခဲ့ကြပြီး လက်နက်ကိုင်အဖွဲ့များ တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာရေးနှင့် မိမိတို့၏ နိုင်ငံတော်တည်ဆောက်ရေး အထူးလုပ်ငန်းများ တွင် ပါဝင်ကူညီရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

ယခင်အစိုးရအဖွဲ့များ လက်ထက်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ရာတွင် တွေ့ကြုံရသော အဓိကအခက်အခဲတစ်ရပ်မှာ လက်နက်ကိုင်အဖွဲ့များ လက်နက်ချရန် မိမိတို့၏တောင်းဆိုမှုကို ၎င်းတို့လက်မခံနိုင်ခြင်း ဖြစ်သည်။ သို့ဖြင့် ယခုအခါ မိမိတို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြုလုပ်ရာတွင် လက်နက်ကိုင်အဖွဲ့များ လက်နက်ချရန် မိမိတို့မတောင်းဆိုတော့ပါ။ ယင်းသို့ တောင်းဆိုမည့်အစား အစိုးရအဖွဲ့က ၎င်းတို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



နားလည်မှု ရရှိရန်နှင့် ၎င်းတို့၏ ယုံကြည်မှုရရှိရန်ကိုသာ ကြိုးပမ်းခဲ့ပါသည်။

မိမိတို့နှင့် လက်နက်ကိုင်အဖွဲ့များအကြား တဖြည်းဖြည်းချင်းဆွေးနွေးမှုများ ပြုလုပ်လာခဲ့ကြပြီးနောက် နောက်ဆုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲချိန်၌ ၎င်းတို့လက်နက်များ စွန့်လွှတ်လာမည်ဟု သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပါသည်။ ဤသို့ဖြင့် လက်နက်ကိုင်အဖွဲ့များသည် တစ်ဖွဲ့ပြီးတစ်ဖွဲ့ လက်နက်များစွန့်လွှတ်ကာ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြရာ ယခုအချိန်ထိ လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီး ဖြစ်ပါသည်။ ယခုအခါ ဤလက်နက်ကိုင်အဖွဲ့ဟောင်းများသည် ၎င်းတို့ဒေသများ၏ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လျက် ရှိနေကြပါပြီ။ မိမိတို့ကလည်း ၎င်းတို့၏ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကူအညီများနှင့် ရန်ပုံငွေများထောက်ပံ့ပေးလျက်ရှိပါသည်။ လက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်အချို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် အမျိုးသားညီလာခံတွင်ပင် ပါဝင်လှုပ်ရှားလျက် ရှိကြပသည်။

ယခု လောလောဆယ်အနေအထားတွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့သာလျှင် ဥပဒေဘောင်အတွင်း ဝင်ရောက်ရန် ကျန်ရှိပါတော့သည်။ ယင်းအဖွဲ့ ဥပဒေဘောင်တွင် ဝင်လာမည်ဆိုပါက နိုင်ငံတော်တစ်ဝန်းလုံးတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု လုံးလုံးလျားလျား ရရှိလာပါသည်။ နောက်ဆုံးကျန်ရှိနေသော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့သည် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာမည်ဆိုပါက ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မည်သည့်လက်နက်ကိုင် ပုန်ကန်မှုမျှ ရှိတော့မည် မဟုတ်ပါ။

❒

# အခန်း(၁၀)
## မိသားစုဝင်များ

ဦးခင်ညွန့်သည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ခနောင်အရှေ့ကျေးရွာနေ ဦးတင်ညွန့် (ရွှေမော်ဝန်း လူမှုယဉ်ကျေးမှုကူညီရေးအဖွဲ့ ရာသက်ပန် (နာယက)နှင့် ဒေါ်ခင်ညွန့်တို့၏သမီး ဖြစ်သူ ဒေါက်တာခင်ဝင်းရွှေနှင့် ၁၉၅၉ ခုနှစ်တွင် လက်ထပ်ထိမ်းမြား၍ သားဇော်နိုင်ဦး (ဒုဗိုလ်မှူးကြီးဟောင်း)၊ ဒေါက်တာရဲနိုင်ဝင်း (ပုဂံဆိုင်ဘာတက်) နှင့် သမီး သင်းမြတ်မြတ်ဝင်းတို့ ထွန်းကားခဲ့သည်။ ကိုဇော်နိုင်ဦး၏ ဇနီးမှာ ဒေါက်တာခင်သန္တာမြင့်ဖြစ်ပြီး၊ ဒေါက်တာရဲနိုင်ဝင်း၏ ဇနီးမှာ စင်ကာပူသူ မရီလှဲ့ဝင်းဖြစ်သည်။ သမီး သင်းမြတ်မြတ်ဝင်းခင်ပွန်းမှာ ကိုတင်ထွဋ်ဖြစ်သည်။

ဦးခင်ညွန့်၏ သမက် ကိုတင်ထွဋ်မှာ ယခင် မဆလ အစိုးရခေတ် ဒုဝန်ကြီး ဦးပေါ်ခမ်းသန်း၏သား ဖြစ်သည်။ ယခုအခါ နိုင်ငံခြားငွေလက်ဝယ်ထားရှိမှု၊ သွင်းကုန်ထုတ်ကုန် အက်ဥပဒေ၊ လိုင်စင်မဲ့ကား သုံးစွဲမှုစသော ပုဒ်မများကြောင့် ထောင်ဒဏ် နှစ် ၂၂၀ ကျခံနေရသည်မှာ မလွှတ်မြောက်သေးပေ။ ဒေါက်တာခင်ဝင်းရွှေ၏ အမြွှာအစ်မတော်စပ်သော ဒေါ်ဝင်းမေ၏သား ကျော်ကျော်မိုးကိုလည်း ဒေါက်တာရဲနိုင်ဝင်း၏ အမှုတွဲအဖြစ် ထောင်ဒဏ်တစ်သက်တစ်ကျွန်းနှင့် ၃၅ နှစ် ချမှတ်ထားသည်။

www.burmeseclassic.com


www.burmeseclassic.com





ဖနီးဖြစ်သူ ဒေါက်တာခင်ဝင်းရွှေ၏ မွေးချင်းများမှာ (ဦးကျော်စိုး)–ဒေါ်အေးစော၊ (ဒေါက်တာသန်းငြိမ်း)–ဒေါ်ခင်အေး၊ ဦးမောင်မောင်အုန်း–ဒေါ်ဝင်းမေ၊ ဦးခင်ညွန့် (ဗိုလ်ချုပ်ကြီးဟောင်း)– ဒေါက်တာခင်





တရုတ်ပြည်ခရီးစဉ်အတွင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းရွှေ၊ ဦးကြည်သန်း–ဒေါ်သန်းသန်းအေး၊ ဒေါ်မြင့်ရီ၊ ဦးတင်မောင်ဝင်း–ဒေါ်ခင်လေး၊ ဦးမျိုးသန့်–ဒေါ်စန်းစန်းမြင့်၊ ဒေါ်စန်းစန်းဝင်း၊ ဦးခင်မောင်အေး–ဒေါ်ခင်မမတို့ဖြစ်သည်။

ဦးခင်ညွန့်၏ ယောက်ဖတော်စပ်သူ ဒေါက်တာသန်းငြိမ်းသည် ယခင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦးဖြစ်ပြီး နောင်တွင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (N.D.F) ကို တည်ထောင်ခဲ့သူဖြစ်သည်။

ဒေါက်တာသန်းငြိမ်းကို ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် ခနောင်အရှေ့ကျေးရွာတွင် အဖဦးတင်ညွန့် နှင့် အမိ ဒေါ်ခင်ညွန့်တို့မှ ၁၉၃၈ ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး၊ ၁၉၅၄ တွင် ရန်ကုန်မြို့မ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကာ၊ ၁၉၆၃ ခုနှစ်၌ ရန်ကုန်ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ တက္ကသိုလ်တက်နေစဉ် အတွင်း ရန်ကုန်ဆေးတက္ကသိုလ်ကျောင်းသားသမဂ္ဂတွင် ပါဝင်၍ ကျောင်းသားလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။

ဒေါက်တာသန်းငြိမ်းသည် ၁၉၈၈ ခုနှစ်တွင် ရှစ်လေးလုံး အရေးတော်ပုံကြီးတွင် ဦးဆောင်ပါဝင်လှုပ်ရှားမှုကြောင့် ပင်စင်အပေးခံခဲ့ရပြီး၊ အမျိုးသားဒီမိုကရေစီဖွဲ့ချုပ် ကျောက်တန်းမြို့နယ်သို့ ဝင်ရောက်ခဲ့ကာ မြို့နယ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ မေ ၂၇ တွင် ကျင်းပသော ပါတီစုံရွေးကောက်ပွဲတွင် ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

၁၉၉၆ တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ပေးခံပြီး ၁၉၉၇ တွင် ဆေးခန်းဖွင့်သည်ကို အကြောင်းပြု၍ တရားစွဲဆိုခံရကာ ဆမလက်မှတ် သိမ်းဆည်းခြင်းခံခဲ့ရပြီး အောက်တိုဘာလတွင် မရမ်းကုန်းမြို့နယ် လူငယ်ဖွဲ့စည်းရေးကိစ္စဆောင်ရွက်မှုဖြင့် ဒေါက်တာ ဒေါ်မေဝင်းမြင့် (လက်ရှိ မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် N.L.D ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)နှင့်အတူ ဖမ်းဆီးခံခဲ့ရကာ ထောင်ဒဏ် (၇)နှစ် ချမှတ်ခံခဲ့ရသည်။ အကျဉ်းထောင်အသီးသီးတွင် ပြောင်းရွှေ့နေထိုင်ခဲ့ရပြီး လွှတ်ရက်စေ့သော်





ဗိုလ်ချုပ်ခင်ညွန့်၏ ယောက်ဖ ဒေါက်တာသန်းငြိမ်း

လည်း ပုဒ်မ ၁၀(က)ဖြင့် ထပ်မံ၍ တစ်နှစ်စီတိုးကာ သုံးကြိမ်တိုင်တိုင် ဆက်လက်ချုပ်နှောင်ခံခဲ့ရပြီး ၂၀၀၈ စက်တင်ဘာတွင် ပြန်လည်လွှတ်မြောက်ခဲ့သည်။ ပြန်လည်လွှတ်မြောက်ပြီးနောက် အဖွဲ့ချုပ် ရန်ကုန်တိုင်း ဒုတိယဥက္ကဋ္ဌ တာဝန်ကို ဆက်လက်ထမ်းရွက်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီအထောက်အကူပြုအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွှေဂုံတိုင်ကြေညာစာတမ်း ပြုစုသည့်အဖွဲ့တွင်လည်း ပါဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





ဦးခင်ညွန့်၏သားငယ်
ရဲနိုင်ဝင်း

၂၀၁၀ တွင် N.L.D ၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရပြီး ၂၀၁၀ မတ်လတွင် N.L.D ပါတီ ထပ်မံ မှတ်ပုံတင်ရန်နှင့် ရွေးကောက်ပွဲဝင်သင့်ကြောင်းကို ဦးဆောင် ဆွေးနွေးခဲ့သူဖြစ်ပြီး N.L.D ပါတီ မှတ်ပုံတင်ခြင်း မပြုတော့သဖြင့် ပါတီ၏ တရားဝင်သက်တမ်း ကုန်သည့် ၂၀၁၀ ပြည့်နှစ် မေလ ၆ ရက် နေ့ အထိ N.L.D ပါတီ၌ ရှိနေခဲ့ကာ ရွေးကောက်ပွဲလမ်းကြောင်းမှတစ်ဆင့် ဒီမိုကရေစီ စနစ်သို့ သွားရောက်ရန်ဟုဆိုကာ အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ (N.D.F)ကို ၂၀၁၀ ဖွန်လတွင် တည်ထောင်ခဲ့သူတစ်ဦး အဖြစ် ပါဝင်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ မှတ်ပုံတင်ကျပြီးနောက် ဗဟိုအလုပ်အမှုဆောင် ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ တွင် ကျန်းမာရေးအခြေအနေအရ ပါတီဥက္ကဋ္ဌအဖြစ်မှ ပါတီခေါင်းဆောင်အဖြစ်သို့ ပြောင်းလဲကာ ကွယ်လွန်ချိန် ၂၀၁၄ ခုနှစ် မေလ ၂၁ ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

□

## အခန်း(၁၁)

## ဇာတ်တူသား စားခဲ့ခြင်း

ဗိုလ်ချုပ်ခင်ညွန့်သည် ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် ပေါင်း၍ သူနှင့် အတူတကွ လုပ်ကိုင်ခဲ့သော နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်ကို အကွက်စေ့စေ့ ကုလားဖန်ထိုး ဖြုတ်ချပြီးနောက် ခပ်ရင့်ရင့် ခပ် စွာစွာ စစ်တိုင်းမှူးများဖြစ်ကြသော အနောက်မြောက်တိုင်း စစ်ဌာနချုပ် (ယခုအလယ်ပိုင်းတိုင်း စစ်ဌာနချုပ်) တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဘ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးသောင်တို့ကို ဝန်ကြီးများအဖြစ် ရာထူးပေး၍ အပေါ်သို့ ကန်တင်လိုက်ပြီး တပ်နှင့်အဆက်အသွယ် ဖြတ်တောက်ပစ်လိုက်သည်။

၁၉၉၂ ခု မတ်လ ၅ ရက်နေ့တွင် စစ်ရေးချုပ် ဗိုလ်ချုပ်မြင့်အောင်ကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြသင်းကို သမဝါယမ ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဗိုလ်ချုပ်ထွန်းကြည်ကို ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဗိုလ်ချုပ်ကျော်ဘကို ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ ဗိုလ်ချုပ်အေးသောင်ကို အလုပ်သမားဝန်ကြီးဌာနသို့လည်းကောင်း အသီးသီးပြောင်းလဲ ခန့်အပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





ဒုတိယဗိုလ်ချုပ်ကြီး
အောင်ရဲကျော်

စစ်တိုင်းမှူးတာဝန်များကနေ ရုပ်သိမ်း၍ တပ်နှင့် အဆက်ဖြတ် ခံခဲ့ရသော်လည်း ဗိုလ်ချုပ်အဆင့် စစ်ဘက်ဆိုင်ရာ ရာထူးများကို ဆက် လက်ထားရှိပြီး ထိုစဉ်က မြိုးမြိုးမြက်မြက်လေး စားရသည့် ဝန်ကြီးဌာန များကိုပေးကာ နှစ်သိမ့်လိုက်သည့်အတွက် ခပ်စွာစွာတိုင်းမှူးတစ်စု အငိုက် မိသွားခဲ့လေသည်။ စက်တင်ဘာလ ၂၄ ရက်နေ့မှာပင် ကာကွယ်ရေးဦးစီး ချုပ်(လေ)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်းနှင့် ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်တို့ကိုလည်း ဒုတိယဝန်ကြီးချုပ် အဖြစ် ပြောင်းရွှေ့ခန့်အပ်ထားလိုက်ပြီး လေတပ်၊ ရေတပ်တို့နှင့် အဆက် အသွယ်ဖြတ်တောက်လိုက်သည်။

လစ်လပ်သွားသော ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ် ရေးဦးစီးချုပ် (ရေ)နှင့် စစ်တိုင်းမှူးများနေရာတွင်ဗိုလ်ချုပ်ကြီးသန်းရွှေ ယုံကြည်စိတ်ချသူများဖြင့် အစားထိုးခန့်အပ်ခဲ့သည်။ တပ်မမှူးနေရာများတွင် စစ်ရုံးချုပ်၏ အရေးကြီးသည့် နေရာများ၌လည်း သူ့တပည့်ရင်းများကို ချက်ချင်း တာဝန်ပေးခန့်အပ်ခဲ့သည်။ တပ်နှင့် အဆက်ဖြတ်ခံရပြီး အထက် ကို အတင်ခံလိုက်ရသည့် ဗိုလ်ချုပ်များကို နှစ်သိမ့်ရန် ကြိုးပမ်းသည့်အနေ ဖြင့် ၁၉၉၃ မတ်လ ၂၇ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီး အဆင့်ရာထူးများ





ဒုတိယဗိုလ်ချုပ်ကြီးအေးသောင်



ဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်

တိုးပေး၍ ဗိုလ်ချုပ်ကြီးသန်းရွှေသည် သူကိုယ်တိုင်လည်း ထိုနေ့မှာပင် ဗိုလ်ချုပ်မှူးကြီးရာထူးကို တိုးမြှင့်ရယူလိုက်သည်။ ထိုနေ့ တစ်ရက်ထဲမှာပင် နဝတအတွင်းရေးမှူး (၁) နှင့် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ် ချုပ်ခင်ညွန့်ကို ဒုတိယဗိုလ်ချုပ်ကြီးရာထူး အဆင့်တိုးမြှင့်ပေးလိုက်ရာဗိုလ် ချုပ်ခင်ညွန့်လည်း ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်သွားလေသည်။ တဆက် တည်း ထိုနေ့မှာပင် တစ်နှစ်နီးပါးခန့် လစ်လပ်ထားခဲ့သော ဒုတိယ တပ် မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ကိုလည်းအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်အေးကို ခန့်အပ်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် ဒုတိယကာကွယ်ရေး ဦးစီးချုပ် ရာထူးကို ဗိုလ်ချုပ်မောင်အေးအား မပေးချင်သော်လည်း ဗိုလ်ချုပ်မောင် အေးနှင့် စစ်တက္ကသိုလ်အပတ်စဉ် တစ်ခုတည်း တက်ခဲ့သော ဒုတိယ ဗိုလ် ချုပ်ကြီး ထွန်းကြည်တို့အုပ်စု၏ ကျေနပ်ထောက်ခံမှု ရရှိစေရန် ပေးအပ် ခဲ့ခြင်းဖြစ်သည်။ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်ကလည်း သူတို့အား တပ်နှင့် အဆက်ဖြတ်ခံလိုက်ရသော်လည်း သူတို့နှင့် စစ်တက္ကသိုလ် တစ် ခုတည်း၊ အပတ်စဉ်တစ်ခုတည်းဆင်းခဲ့သည့် ဗိုလ်ချုပ်မောင်အေးသည် တစ်နေ့တွင် တပ်မတော်အကြီးအကဲဖြစ်လာခဲ့ပါက သူတို့အတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com



အာမခံချက်နှင့် အခွင့်အရေးများ ပိုမိုရရှိလိမ့်မည်ဟု မျှော်လင့်မိခဲ့သည်။ သို့သော် များမကြာမီအတွင်းမှာပင် ဗိုလ်ချုပ်ကြီးမောင်အေးသည်ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ကျော်၍ ဘာမှမလုပ်ရဲသည့်အပြင် ဗိုလ်သန်းရွှေအကြိုက်ကိုသာ လိုက်နာလုပ်ဆောင်ပေးနေရသဖြင့် ယူကျုံးမရ ဒေါသဖြစ်ခဲ့ရလေသည်။

ထိုစဉ်က တပ်နှင့်အဆက်ဖြတ်ခံလိုက်ရသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်က သူ၏ **"နှစ် (၅၀)ကျော် ကိုယ်တွေ့များ"** စာအုပ် စာမျက်နှာ ၃၇၀ ၌

"... သိပ်မကြာပါဘူး။ ရက်လည်း မမှတ်မိတော့ပါဘူး၊ ဗိုလ်ချုပ်မြင့်အောင် (ဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်၊ ကွယ်လွန်) ကျွန်တော့်မန္တလေးရောက်လာခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးသန်းရွှေက လွှတ်လိုက်တာပါ။ ကျွန်တော့်ကို ကုန်သွယ်ရေးဝန်ကြီး တာဝန်ပေးလိုကြောင်း၊ သဘောထားပြန်ကြားဖို့ မှာလိုက်ကြောင်း ပြောပါတယ်။ ကျွန်တော်က ဗိုလ်ချုပ်မြင့်အောင်ကို "ကျွန်တော်စစ်သားပါ၊ စစ်သားဆိုတာ ခိုင်းတာလုပ်၊ စေရာသွား၊ ပေးတဲ့အမိန့်အတိုင်း လိုက်နာရမည့်သူ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က နှစ်ပေါင်း ၄၀ လောက် တပ်ထဲမှနေလာသူဖြစ်တော့ တပ်ကို ချစ်တယ်၊ တပ်ထဲမှာပဲနေချင်တယ်၊ အပြင်မသွားချင်ဘူး၊ ကုန်သွယ်ရေးဝန်ကြီးလည်း မလုပ်ချင်ဘူး ပြန်သတင်းပို့လိုက်ပါ"လို့ ပြောလိုက်မိသည်။ ဗိုလ်ချုပ်မြင့်အောင်လည်း ပြန်သွားပြီး ကျွန်တော်ပြောတဲ့အတိုင်း သတင်းပို့လိုက်သလား၊ မသိဘူး တော်တော်နဲ့ ဘာမှ ပြန်မလာတော့ဘူး။

ဒါပေမဲ့ ၃၊ ၄ လလောက်ကြာတော့ ကိုမြင့်အောင် နောက်တစ်ခေါက် ရောက်လာပြန်တယ်။ သူနဲ့ကျွန်တော်က ညီလို၊ အစ်ကိုလို ခင်တယ်။ တစ်ဦးနဲ့တစ်ဦးက အတော်ချစ်တယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဘာထပ်ပြောလိုက်သလဲတော့ မသိဘူး၊ ကိုမြင့်အောင်က "လူကြီးတွေပြောတဲ့အတိုင်း လုပ်စေချင်တယ်။ လူကြီးစိတ်ကွက်သွားရင် မကောင်းဘူး၊ ပြောတဲ့အတိုင်း သဘောတူလိုက်ပါ"လို့ အကြံပေးတယ်။ "ကျွန်တော်လည်း အတော်စဉ်းစားထားပြီးပါပြီ။ လူကြီးတွေ စိတ်အနှောင့်အယှက်ဖြစ်





ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အောင် မလုပ်ချင်ပါဘူး၊ သူ့အစီအစဉ်ကိုက ကျွန်တော့်ကို တပ်ထဲမှာ မထားချင်လို့ နေမှာပါ၊ ဗိုလ်ချုပ်ပြန်သွားရင် ပြောလိုက်ပါ၊ စစ်သားပီပီ ခိုင်းတာလုပ်ပါမယ်လို့"

ကျွန်တော့်အထင်တော့ ကျွန်တော့်ကို ဗိုလ်ချုပ်မှူးကြီးစောမောင်ရဲ့ တပည့်ရင်းလို့ ယူဆပုံရပါတယ်။ တကယ်တော့ ကျွန်တော်က ဗိုလ်ချုပ်မှူးကြီးစောမောင်ရဲ့ ဂျီဝမ်းအဖြစ် အချိန်ကာလ ၆ လတောင် မပြည့်ပါဘူး။ အနီးကပ်နေခဲ့ရတာက အဲဒီအချိန်တိုတိုလေးပါ။ ဗိုလ်ချုပ်ကြီးသန်းရွှေနဲ့ နေရတာက တပ်မ (၈၈)မှာ ဒုတိယတပ်မမှူးနဲ့ တပ်မမှူး၊ အချိန် ၂ နှစ်ပါ။ တိုင်းမှူးနဲ့ ဂျီဝမ်းက အဆင့်သိပ်ကွာတော့ ရုံးချိန်လောက်ပဲတွေ့ရပြီး၊ ဒုတိယတပ်မမှူးနဲ့ တပ်မမှူးကတော့ တစ်ချိန်လုံး စားအတူ၊ သွားအတူ၊ တပူးတွဲတွဲအနီးကပ် ရင်းနှီးမှု ပိုရှိပါတယ်။

တကယ်တော့ ကျွန်တော်ကတော့ ခေါင်းဆောင်မရွေးပါဘူး၊ ကိုယ့်ကျောပေါ်တက်ခွတဲ့လူ၊ ကိုယ့်သခင်၊ ကိုယ့်ရျော်ကီလိုပဲ စစ်သားပီပီ ယူဆပါတယ်။ ဗိုလ်ချုပ်မှူးကြီး စောမောင်လက်အောက်မှာလည်း ကိုယ့်တာဝန် ကျေပွန်အောင် ကြိုးကြိုးစားစား လုပ်ခဲ့ပါတယ်။ ဗိုလ်ချုပ်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com



သန်းရွှေအောက် ရောက်လို့ လျော့သွားတယ် မရှိပါဘူး၊ ဒါကိုတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကောင်းကောင်းသိပါတယ်"ဟူ၍ ရေးသားထားလေသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တိုးတိုးတိတ်တိတ် တိုင်ပင်၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၁/၉၇ကို ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ)ကို ဖျက်သိမ်းပစ်လိုက်သည်။ ကြေညာချက်၌ နိုင်ငံတော်တွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်လာရန်နှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရန် ရည်မှန်း၍ ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖျက်သိမ်းလိုက်ကြောင်း ဖော်ပြထားသည်။

ထိုနေ့မှာပင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (State Peace and Development Council) ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်။

| | | |
|---|---|---|
| ၁။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ | - | ဥက္ကဋ္ဌ |
| ၂။ ဗိုလ်ချုပ်ကြီးမောင်အေး | - | ဒုတိယဥက္ကဋ္ဌ |
| ၃။ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် | - | အတွင်းရေးမှူး(၁) |
| ၄။ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး | - | အတွင်းရေးမှူး (၂) |
| ၅။ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့် | - | အတွင်းရေးမှူး(၃) |
| ၆။ ဗိုလ်မှူးချုပ်ညွန့်သိန်း | - | အဖွဲ့ဝင် |
| ၇။ ဗိုလ်မှူးချုပ် ကျော်သန်း (ကာကွယ်ရေးဦးစီးချုပ် (လေ) | - | ,, |
| ၈။ ဗိုလ်ချုပ်အောင်ထွေး (တိုင်းမှူး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်) | - | ,, |
| ၉။ ဗိုလ်ချုပ်ရဲမြင့် (တိုင်းမှူး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်) | - | ,, |
| ၁၀။ ဗိုလ်ချုပ်ခင်မောင်သန်း (တိုင်းမှူး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်) | - | ,, |
| ၁၁။ ဗိုလ်ချုပ်ကျော်ဝင်း (တိုင်းမှူး၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်) | - | ,, |
| ၁၂။ ဗိုလ်ချုပ် သိန်းစိန် (တိုင်းမှူး၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်) | - | ,, |
| ၁၃။ ဗိုလ်ချုပ်သူရ၊ သီဟသူရစစ်မောင် (တိုင်းမှူး၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်) | - | ,, |
| ၁၄။ ဗိုလ်မှူးချုပ်သူရရွှေမန်း (တိုင်းမှူး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်) | - | ,, |
| ၁၅။ ဗိုလ်မှူးချုပ်မြင့်အောင် (တိုင်းမှူး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်) | - | ,, |
| ၁၆။ ဗိုလ်မှူးချုပ်မောင်ဘို (တိုင်းမှူး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်) | - | ,, |
| ၁၇။ ဗိုလ်မှူးချုပ် သီဟသူရတင်အောင်မြင့်ဦး (တိုင်းမှူး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်) | - | ,, |
| ၁၈။ ဗိုလ်မှူးချုပ်စိုးဝင်း (တိုင်းမှူး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်) | - | ,, |
| ၁၉။ ဗိုလ်မှူးချုပ်တင်အေး (တိုင်းမှူး၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တို့ ဖြစ်ကြသည်။ | - | ,, |



တစ်ဆက်တည်း ထိုနေ့မှာပင် နဝတစစ်ကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး (၁၃) ဦးနှင့် ဗိုလ်ချုပ် (၁) ဦးတို့ကို အစုလိုက်၊ အပြုံလိုက် ဖြုတ်ထုတ်၍ ရှင်လင်းခဲ့ရာ ဗိုလ်ချုပ်ကြီးမောင်အေးသည် တစ်စုံတရာဝင်ရောက်ကာကွယ်ပေးခြင်း မရှိခဲ့သည့်အပေါ် ဒုတိယဗိုလ်ချုပ်ထွန်းကြည်နှင့်အဖွဲ့က ရင်ထုမနာဖြစ်ခဲ့ရသည်။

သို့သော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တို့သည် နဝတအဖွဲ့ကို ဖျက်သိမ်းခဲ့စဉ်က ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝဖြင့် လုပ်ဆောင်ခဲ့ခြင်း မရှိဘဲ ဖြုတ်ထုတ်ခံလိုက်ရသော ဒုတိယဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကြီးများ အုပ်စုကို နအဖအဖွဲ့၏ အကြံပေးအဖွဲ့အနေဖြင့် ခန့်အပ်ကာ ခေတ္တခဏချွေးသိပ်ထားခဲ့သည်ကို တွေ့ရသည်။ ဤသို့ နဝတစစ်ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး (၁၃) ဦးနှင့် ဗိုလ်ချုပ်တင်ဦးတို့ကို ဖယ်ရှားခဲ့ပြီးနောက် နောက်ကွယ်၌ တပ်တွင်းမငြိမ်မသက်ဖြစ်မှုများနှင့် တပ်တွင်းပုန်ကန်မှုများပေါ်ပေါက်လာမည်မလာဆိုသည့် စိုးရိမ်စိတ်ကြောင့် ယင်းတို့ကို အကြံပေးအဖွဲ့အဖြစ် ဟန်ပြတာဝန်ပေး၍ စောင့်ကြည့်နေခဲ့သည်။ အကြံပေးအဖွဲ့ ဖွဲ့စည်းခဲ့ပုံကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြေညာချက်အမှတ် (၃/၉၇)ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်မှတ်ရေးထိုး၍ အောက်ပါအတိုင်း ထုတ်ပြန်ကြေညာခဲ့သည်။ ကြေညာချက်အပြည့်အစုံမှာ–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အကြံပေးအဖွဲ့ (Advisory Group)ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်။

၁။ ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်
၂။ ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်
၃။ ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင်
၄။ ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ
၅။ ဒုတိယဗိုလ်ချုပ်ကြီး မြသင်း
၆။ ဒုတိယဗိုလ်ချုပ်ကြီး မြင့်အောင်
၇။ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ
၈။ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်
၉။ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်
၁၀။ ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်
၁၁။ ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်
၁၂။ ဒုတိယဗိုလ်ချုပ်ကြီး ကျော်မင်း
၁၃။ ဒုတိယဗိုလ်ချုပ်ကြီး မောင်လှ
၁၄။ ဗိုလ်ချုပ် စိုးမြင့်





ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ

ယင်းသို့ ဒုတိယဗိုလ်ချုပ်ကြီးများကို အစုလိုက်အပြုံလိုက် ဖယ်ရှားလိုက်သော်လည်း တပ်အတွင်း၌ တစ်စုံတရာရိုက်ခတ်မှုမရှိသည့်အတွက် (၇)လနီးပါးအကြာ၊ ၁၉၉၈ ခုနှစ် ဇွန်လ ၅ ရက် သောကြာနေ့တွင် အကြံပေးအဖွဲ့ဝင်အားကို လုံးဝဖျက်သိမ်းလိုက်ကြောင်း နအဖအဖွဲ့က ကြေညာခဲ့သည်။ အသစ်ပြန်လည်ဖွဲ့စည်းလိုက်သည့် နအဖ စစ်ကောင်စီအဖွဲ့ဝင်(၁၉)ဦးထဲ၌ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော နဝတစစ်ကောင်စီအဖွဲ့ဝင်များအနက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်မောင်အေး၊ ဗိုလ်ချုပ်ခင်ညွန့်နှင့် ဗိုလ်ချုပ်တင်ဦး(၄)ဦးတို့သာ ဆက်လက်ပါဝင်ပြီး ကျန်အဖွဲ့ဝင်များမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စိတ်ကြိုက်ခေါင်းခေါက် ရွေးချယ်ထားသူများသာ ဖြစ်ကြသည်။

ထိုအချိန်မှစ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာများအားလုံးသည် တစ်စတစ်စဖြင့် စစ်အာဏာရှင် လက်သစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်ထဲသို့ ရောက်ရှိသွားသည်ကို ထိုစဉ်က အင်မတန်ပါးနပ်တတ်သိပါသည်ဆိုသော ဗိုလ်ချုပ်ခင်ညွန့်သည် ရိပ်စားမိပုံ မပေါ်ခဲ့ချေ။

ဗိုလ်ချုပ်ခင်ညွန့်သည် ဇာတ်တူသား စားခဲ့ရုံမျှမက မိမိအား ကြည့်ရှုစောင့်ရှောက် မြေထောင်မြှောက်ပေးခဲ့သော ဦးနေဝင်းကို အဒီလမ်းနေအိမ်မှ ဖယ်ရှားခိုင်းခြင်း၊ ဦးနေဝင်း၏ အနီးကပ်လုံခြုံရေးတပ်ဖွဲ့မှ အရာရှိ အရာခံ အကြပ်တပ်သားအားလုံးကို သက်ဆိုင်ရာတပ်ဖွဲ့များသို့ ပြန်ပို့ခိုင်းခြင်း၊ G.S.Mမိုဘိုင်းတယ်လီဖုန်းတင်သွင်းရောင်းချခွင့် လိုင်စင်ကို ဘစ်

www.burmeseclassic.com

www.burmeseclassic.com



ဦးတည်း မှုပိုင်အဖြစ် ဒေါ်ခင်စန္ဒာဝင်းအား ပေးထားမှုကို ပြန်လည်ပိတ်ပင်ခြင်း၊ ဦးနေဝင်း၏သားမက် ဦးအေးဇော်ဝင်းနှင့် မြေးသုံးယောက်ဖြစ်သည့် အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့ကို နိုင်ငံတော်အာဏာသိမ်းရန် ကြံစည်မှု၊ နိုင်ငံတော်လုပ်ကြံမှုနှင့် ၂၀၀၂ ခုနှစ်၊ မတ်လ ၇ရက်နေ့တွင် ဖမ်းဆီးအရေးယူမှု၊ ဦးနေဝင်းအား နေအိမ်အကျယ်ချုပ် ချထားမှုစသည့်ကိစ္စရပ်များကို မိမိ၏အာဏာနှင့် ရာထူးထိခိုက်မည် စိုးရိမ်၍ တစ်လုံးတစ်ပါဒမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ပြန်မပြောရဲသည့်အပြင် ၎င်းလုပ်သမျှကို ခေါင်းညိတ် လုပ်ကိုင်ပေးခဲ့ရသည်။

နောက်ဆုံး ဦးနေဝင်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မေခ (ယခင်အေဒီလမ်း) နေအိမ်၌ ကွယ်လွန်သွားသောအခါ အုတ်ဂူသွင်းရန် မဆိုထားဘိ စစ်သင်္ချိုင်း၌ပင် သင်္ဂြိုဟ်ခွင့် မရရှိဘဲ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအမိန့်ဖြင့် ချက်ချင်း ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ခိုင်းသည်ကိုပင် မတားမြစ်နိုင်ခဲ့ချေ။

ဦးခင်ညွန့်နှင့် အင်တာဗျူးစာအုပ်၌–

"...ဘာပဲပြောပြော သူဆုံးတော့ နာရေးတောင်...။ တပ်မတော်ရဲ့ ခေါင်းဆောင်ကြီးတွေအားလုံးကို တပ်မတော်ရဲ့ စစ်သင်္ချိုင်းမှာ နေရာပေးထားတယ်။ အဲဒီမှာတောင် နေရာမရရှာဘူး။ ကျွန်တော်လည်း ညံ့တာပေါ့ဗျာ။ ကျွန်တော်လည်း ညံ့တဲ့အထဲပါသွားတာပေါ့။ ကိုယ့်ရဲ့ဖခင်လိုဖြစ်တဲ့ပုဂ္ဂိုလ်၊ ကိုယ့်ဆရာသမားကြီးလို အဲဒီလို နေရာမပေးနိုင်တာကျွန်တော်ညံ့တာပေါ့ဗျာ။ ကိုယ့်ကိုယ်ကိုယ် ငါတော်တော်ညံ့သွားပြီ ထင်တယ်လို့။

သူ့နောက်ဆုံးခရီးကတော့ ဘာပဲပြောပြောအခမ်းအနားတောင် တင့်တောင့်တင့်တယ်လေး မဖြစ်သင့်ဘူးလား၊ တပ်မတော်ရဲ့ ခေါင်းဆောင်ကြီးတွေ အစဉ်အလာအရတော့ ဒီလိုပဲဖြစ်ခဲ့တာပဲ။ ဒီလိုပဲလုပ်ခဲ့တာပဲ။ အစဉ်အလာအရဖြစ်သင့်ပါတယ်။ အခြားတပ်က ပင်စင်ပေးတဲ့ အကြီးအကဲတွေတောင်မှ နေရာလေးရသေးတာပဲ။ သူက မရလိုက်ဘူဆိုတော့ မိသားစုကတော့ feelဖြစ်မှာပေါ့လေ။ ဒါပေမဲ့ မစန္ဒာတို့က နေတတ်တယ်"ဟူ၍ ဖော်ပြထားသည်။

❐

# အခန်း(၁၂)
# ရက်စက်မှုအပေါင်း သရုပ်ဆောင်ခဲ့သူ

ထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်း ခင်ညွန့်သည် ၎င်းတာဝန်ထမ်းဆောင်ခဲ့သော ၁၉၈၄ မှ ၂၀၀၄ အထိ နှစ် ၂၀ ကာလအတွင်း ဆောင်ရွက်ချက်များကို လေ့လာကြည့်ပါက စစ်အာဏာရှင်စနစ် တည်တံ့ရေးအတွက် ရဟန်း၊ ရှင်၊ လူ၊ ကျောင်းသားလူထု တစ်ရပ်လုံးကို ဖမ်းဆီးထောင်ချ၊ နှိပ်စက်ညှဉ်းပန်း၊ ဗိုလ်ကျပြီး ထင်ရာစိုင်း လုပ်ကိုင်ခဲ့မှုအားလုံးကို ယခုအခါ ဖုံးကွယ်ချင် ဖျောက်ဖျက်ချင်၍ မရတော့ပေ။

ဗိုလ်ချုပ်ခင်ညွန့်လက်ထက် ထောက်လှမ်းရေး စစ်ကြောရေးစခန်းများ၊ အကျဉ်းထောင်များ၊ ရဲဘက်အလုပ်ကြမ်းစခန်းများတွင် နှိပ်စက်ညှဉ်းပန်းခံရမှုကြောင့် ၁၉၈၈ မှ ၂၀၀၄ အထိ ဒီမိုကရေစီရေးလှုပ်ရှားသူ၊ နိုင်ငံရေးအကျဉ်းသား သေဆုံးသူပေါင်းမှာ ၃၀၀ နီးပါးရှိသော်လည်း၊ ၁၂၇ ဦး ကိုသာ မှတ်တမ်းတင်နိုင်ခဲ့သည်။

ထောက်လှမ်းရေးအာဏာပိုင်များသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ နှိပ်စက်ညှဉ်းပန်းမှုများကို အစီအစဉ်ရှိရှိဖြင့် စဉ်ဆက်မပြတ် လုပ်ကိုင်ခဲ့ကြသည်။ ထိုသို့ နှိပ်စက်ညှဉ်းပန်းမှုများကြောင့် စစ်ကြောရေးစခန်းတွင်း၌ သေဆုံးခဲ့ရသလို၊ အကျဉ်းထောင်၊ ရဲဘက်အလုပ်ကြမ်းစခန်းများ၌လည်း အသက်ဆုံးရှုံးခဲ့ရသည်။ မသေမပျောက်ကျန်ရှိသူများလည်း ထောင်ပြင်ရောက်ပြီး မကြာမီမှာပင်စစ်ကြောရေးစခန်းများမှ ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များကြောင့်ပင် ကွယ်လွန်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com





စစ်ကြောရေးစခန်းနှင့် အကျဉ်းထောင်အတွင်း သေဆုံးသွားခဲ့ရသော နိုင်ငံရေးအကျဉ်းသားများကို များသောအားဖြင့် သေဆုံးသူ ရုပ်အလောင်းကို မိသားစုများ မတွေ့ရမီမှာပင် ခွဲစိတ်အတုပြုလုပ်ပြီး မီးရှို့သဂြိုဟ်ပစ်လိုက်ကြသည်။ ထို့ပြင် ကျန်ရစ်သူ မိသားစုကိုလည်း ရေငုံနှုတ်ပိတ်နေရန်နှင့် ပြင်ပသို့ မပြောရန် ငွေကြေးဖြင့် လာဘ်ထိုး၍လည်းကောင်း၊ ခြိမ်းခြောက်၍လည်းကောင်း ပြုလုပ်လေ့ရှိသည်။ ဈာပနတွင် ထောက်လှမ်းရေးအာဏာပိုင်များ၏ ညွှန်ကြားချက်အတိုင်းသား ပြုလုပ်ခဲ့ရပြီး၊ ဈာပနပို့ဆောင်သူများသည် ထောက်လှမ်းရေးများ၏ စောင့်ကြည့်မှုနှင့် စာရင်းမှတ်ယူမှုများကို ခံခဲ့ရ သည်။

ထောက်လှမ်းရေးအာဏာပိုင်တို့သည် နိုင်ငံရေးအကျဉ်းသားများကို ညဘက်လူခြေတိတ်ချိန်၌ ခိုးချောင်ခိုးဝှက် ဖမ်းလေ့ရှိပြီး၊ ဖမ်းသောအခါ မည်သည့်အခါမှ ဖမ်းဝရမ်းမပါဘဲ ဥပဒေမဲ့ဖမ်းဆီး၍ ခေါင်းစွပ်စွပ်၊ လက်ထိပ်နောက်ပြန်ခတ်ကာ၊ ကားထဲတွင် မှောက်အိပ်ခေါ်ဆောင်သွားတတ်သည်။ စစ်ကြောရေးစခန်းတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ချိန်မှအပ နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းမေးမြန်းတော့သည်။





ထောက်လှမ်းရေးစစ်ကြောရေးစခန်း၌ နှိပ်စက်ညှဉ်းပန်းမှုများသည် အရက်စက်အကြမ်းကြုတ်ဆုံးဖြစ်သည်။ ဖမ်းဆီးခံရသူတိုင်း စစ်ကြောရေးကာလ၌ မအိပ်စက်ရခြင်း၊ အစားအသောက်နှင့် ရေဖြတ်တောက်ခြင်းခံရခြင်းအပြင် အိမ်သာသွားခွင့် ပိတ်ပင်ခံရခြင်းတို့ကိုလည်း ခံရလေသည်။ စစ်ကြောမေးမြန်းသည့် ထောက်လှမ်းရေးများ၏ ကျေနပ်လောက်သည့် အဖြေမရသည့်အခါ နိုင်ငံရေးအကျဉ်းသားများကိုသာမက မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများကိုပါ ဖမ်းဆီးမည်၊ နှိပ်စက်မည်၊ မုဒိမ်းကျင့်မည်၊ သတ်ဖြတ်ပစ်မည်ဟု ခြိမ်းခြောက်ခြင်း ခံကြရသည်။

ထောက်လှမ်းရေး စစ်ကြောရေးစခန်းများ၌ နှိပ်စက်မှုအမျိုးပေါင်းမှာလည်း စုံလင်လှသည်။ အများဆုံးပြုလုပ်သည့် နှိပ်စက်မှုမှာ လူမဆန်စွာ ရိုက်နှက်ခြင်းဖြစ်သည်။ သတိမေ့မြောနေချိန်တွင် အတင်းအဓမ္မ သတိပြန်ရအောင်လုပ်၍ ထပ်မံညှဉ်းပန်းလေသည်။ အခြားနှိပ်စက်မှုများမှာ ဓာရိ

www.burmeseclassic.com

www.burmeseclassic.com






ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ (ယခု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်)

ပေါင်းများစွာ ရပ်နိုင်းခြင်း၊ ကြိုးဖြင့် ဇောက်ထိုးဆွဲထားခြင်း၊ ညို့သကြီးပေါ်၌ သံမြင်းလုံးဖြင့် အသားအရေများ ညိုမည်းယောင်ကိုင်းသည်အထိ လှိမ့်ခြင်း၊ အချိန်ကြာမြင့်စွာ 'လေယာဉ်ပျံစီးနိုင်းခြင်း'၊ 'မော်တော်ဆိုင်ကယ်' စီးနိုင်းခြင်း၊ 'ဆီမီးခွက်အက ကနိုင်းခြင်း'၊ 'မိကျောင်းသွားသွားနိုင်းခြင်း'၊ 'ကြိုးလုံးကြီးများ၊ ချိန်ကြိုးများဖြင့် ချည်နှောင်ခြင်း၊' 'ခန္ဓာကိုယ် (သို့မဟုတ်) ဦးခေါင်းပေါ်သို့ နာရီကြာမြင့်စွာ ရေတစ်စက်စက်ချခြင်း၊ 'စီးကရက်မီးဖြင့်ထိုးခြင်း'၊ 'ဖရောင်းစက်ချခြင်း'၊ 'လျှပ်စစ်ကျင်စက်ဖြင့် ထိုးခြင်း'တို့ ဖြစ်သည်။

တစ်ယောက်တည်း ပိတ်လှောင်ထားခြင်းကိုသုံး၍ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို ပြုလုပ်ကြသည်။ နိုင်ငံရေးအကျဉ်းသားတစ်ဦး ဖမ်းဆီးခံရသောအခါ သူ့ကို မည်သည့်နေရာတွင်ထားသည်ကို





ဗိုလ်ချုပ်ကျော်ဝင်း (ဒုတိယ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး)

မိသားစုဝင်များ သိခွင့်မရပေ။ ထိုကာလသည် အစိုးမရချေ။ ရက်သတ္တပတ်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာပင် ကြာတတ်သည်။ တစ်ယောက်တည်း ပိတ်လှောင်ထားခြင်းသည် တစ်ဦးတစ်ယောက်မှ မသိအောင် ညှဉ်းပန်းနှိပ်စက်တော့မည့် ရှေ့ပြေးနိမိတ်လက္ခဏာပင်ဖြစ်သည်။ တစ်ယောက်တည်း ပိတ်လှောင်ထားခြင်းကြောင့် ခန့်မှန်းမရနိုင်သော စိတ်ဒုက္ခများလည်း ဖြစ်ရလေ့ရှိသည်။ နာရီပေါင်းများစွာ ခေါင်းစွပ်ထားခြင်း၊ ဥပဒေကြောင်းအရ ချေပခွင့်မပေးခြင်း၊ အထီးကျန် တိုက်ပိတ်ထားခြင်း၊ အလွန်အမင်း အကြောက်လွန်အောင် ပြုလုပ်ခြင်း၊ မှားယွင်းစွာ ထုတ်ပြန် ကြေညာခြင်းတို့သည်လည်း စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ ဖြစ်သည်။

စစ်ကြောရေးကာလတွင် မုဒိမ်းကျင့်မည်ဟု ခြိမ်းခြောက်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com





ဝဲမှယာ – ဗိုလ်ချုပ်ကြီးမောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊
ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်

အနောင့်အယှက်ပေးခြင်း၊ လိင်တံကို လျှပ်စစ်ဖြင့်တို့ခြင်း၊တုတ်ဖြင့်ရိုက်ခြင်း၊ ခွေးဖြင့် ရှူးတိုက်ခြင်းတို့ကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်း ပြုလုပ်လေ့ရှိသည်။

နိုင်ငံရေးအကျဉ်းသားတစ်ဦးအား ထောက်လှမ်းရေးအာဏာပိုင်များကစစ်ကြောမေးမြန်း၍ ကျေနပ်သောအခါ စစ်ကြောရေးစခန်းမှ အကျဉ်းထောင်သို့ ပို့လိုက်ကြသည်။ အကျဉ်းထောင်တွင်း၌လည်း အထွေထွေ ရက်စက်ကြမ်းကြုတ်မှုကိုလည်း ခံကြရပြန်သည်။ အကျဉ်းထောင်တွင်း၌ ကျွမ်းကျင်မှုမရှိသော ကျန်းမာရေးကုသမှုများနှင့်လည်း ရင်ဆိုင်ကြရသည်။

မြန်မာနိုင်ငံရှိ အကျဉ်းထောင်များ၏ အခြေအနေသည် ကမ္ဘာပေါ်တွင် အဆိုးဝါးဆုံးစာရင်း၌ ပါရှိသည်။ အကျဉ်းထောင်တိုင်းသည် သန့်ရှင်းမှုမရှိသည့်အပြင် သတ်မှတ်ထားသော ဦးရေထက် များစွာ ပိုလျှံအောင် ထားသဖြင့် ကျပ်သိပ်စွာ နေထိုင်အိပ်စက်ရသည်။ ပိုးဟပ်၊ ခြင်၊ ဖြုတ်၊ ကြမ်းပိုးများ ကိုက်ခံရမှုကြောင့် မကြာမီ ဝဲဆွဲတော့သည်။ အဆောင်များ၊ တိုက်ခန်းများတွင် အင်းဆက်ပိုးမွှားကောင်များအပြင် ကြွက်များလည်း အမြောက်အမြားရှိသည်။ ထောင်ကျအကျဉ်းသားတိုင်း ပါးလွှာသော ချည်ထည်ဝတ်စုံကိုသာ ဝတ်ဆင်ရ၍ အေးစက်သော အုတ်သမံတလင်းပြင်ပေါ်



တွင် အိပ်စက်ကြရမှုကြောင့် အဆုပ်ရောဂါ လေးဘက်နာရောဂါများ ရရှိကြသည်။ တိုက်ခန်း တွင်းတွင် ဂန်ဖလားခေါ် အင်တုံကိုသာ အိမ်သာအဖြစ် အသုံးပြုရပြီး လောက်ကောင်များ၊ အနံ့ဆိုးများနှင့် တစ်နေ့လုံးနေရကာ တစ်ရက်မှ တစ်ကြိမ်သာ စွန့်ပစ်ခွင့်ရသည်။

နိုင်ငံရေးအကျဉ်းသားများသည် ကူးစက်ရောဂါရှိသော အခြားသာမန်ရာဇဝတ်အကျဉ်းသားများနှင့်လည်း တစ်ခန်းထဲအတူနေရသည်များလည်း ရှိသည်။ တစ်နေ့တစ်ကြိမ်သာ ရေချိုးခွင့်၊ တစ်ခါတစ်ရံ တစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ်သာ ရေချိုးခွင့် ရသည်။ ရေချိုးရာ၌လည်း ထမင်းစားပန်းကန်ပြားနှင့် ၇ ခွက်၊ ၈ ခွက်သာ ချိုးခွင့်ရပြီး၊ လုံလောက်သော ဆပ်ပြာ မရချေ။ ဝတ်စုံများ ညစ်ပတ်ပေရေနေသော်လည်း တစ်ပတ်မှတစ်ခါသာ လျှော်ဖွတ်ခွင့်ရသည်။ အမျိုးသမီးနိုင်ငံရေး အကျဉ်းသူများအတွက် တစ်လ တစ်ခါ ဓမ္မတာလာချိန်တွင် အခက်အခဲများနှင့် ကြုံတွေ့ရသည် ဟုဆိုသည်။

ထောင်မှကျွေးသော အစားအစာများသည်အရည်အသွေးညံ့ဖျင်း၍ မသန့်ရှင်းသည့်အပြင် လုံလောက်အောင် ဝလင်အောင် မစားရပေ။ နိုင်ငံရေးအကျဉ်းသားများသည် ပျော့လွန်းသောထမင်း သို့မဟုတ် မာလွန်းသော ထမင်း၊ ရေလုံပြုတ်ဟင်းနှင့် အညံ့ဖျင်းဆုံး ငါးပိရည်အနည်းငယ်သာ ရရှိသည်။ တစ်ပတ်လျှင် တစ်နပ်စာသာ အသား (သို့မဟုတ်)၊ ငါး (သို့မဟုတ်)၊ ဘဲဥ ရရှိသည်။ အစားအစာများသည် တစ်ခါတစ်ရံ ထမင်းများတွင် ခဲများ၊ သဲများ၊ အမှိုက်စများ ရောနှောနေတတ်သည်။

နိုင်ငံရေးအကျဉ်းသားများသည် သန့်ရှင်းလုံလောက်သော အစားအစာရရှိရန် မိသားစု၏ ထောင်ဝင်စာကိုသာ အားကိုးတည်မှီ၍ နေကြရသည်။ ထို့ကြောင့် အကျဉ်းသားတိုင်း ထောင်ဝင်စာ တွေ့ခွင့်ရရှိရေးသည် အမှန်တကယ် လိုအပ်သောအရေးကိစ္စဖြစ်သည်။ ဆေးဝါးများရရှိရန်လည်း မိသားစုထောင် ဝင်စာကိုသာ အဓိက အားကိုးပြုကြရသည်။

နေထိုင်မကောင်း၊ ရောဂါရရှိပါက နိုင်ငံရေးအကျဉ်းသားများသည် အကျဉ်းထောင်ဆေးရုံသို့မဟုတ် ပြင်ပဆေးရုံတွင် တက်ရောက်ကုသခွ

www.burmeseclassic.com

www.burmeseclassic.com



ခံနိုင်ရန်အတွက် ထောက်လှမ်းရေး၏ခွင့်ပြုမိန့် မပေးပါက ထောင်အာဏာပိုင်များက လက်ပိုက်ကြည့်နေမည်သာ ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသား သေဆုံးရမှု၌ ထောင်အာဏာပိုင်များ၏ ညှဉ်းပန်းမှုများကြောင့်သာမဟုတ်၊ ရာဇဝတ်အကျဉ်းသားများ၏ နှိပ်စက်ညှဉ်းပန်းမှုကြောင့်လည်း သေဆုံးခဲ့ရသည်။

နိုင်ငံရေးလှုပ်ရှားတက်ကြွသူ နိုင်ငံရေးသမားများကို တရားရုံး၌ တရားသူကြီးသည် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်မရှိဘဲ ထောက်လှမ်းရေး အာဏာပိုင်တို့၏ ညွှန်ကြားချက်အတိုင်း ထောင်ချစီရင်လေ့ရှိသည်။

ဖမ်းဆီးခံရပြီးနောက် ပျောက်ဆုံးသွားသော နိုင်ငံရေးအကျဉ်းသားများ၏ ဖြစ်ရပ်သည် သက်သေပြရန် လွန်စွာခက်ခဲသောကိစ္စဖြစ်သည်။ ပျောက်ဆုံးသွားသူ အများစုမှာ ညှဉ်းပန်းနှိပ်စက်ခံရ၍ သေဆုံးသွားသူများ ဖြစ်သည်။ ပျောက်ဆုံးသွားသူများ၏ မိသားစုအတွင်း၌လည်း ကောလာဟလနှင့် ဝေဝါးဝါးသတင်းများ ကြားသိရသောကြောင့် မျှော်လင့်ရလိမ့်နိုးနိုး ဖြစ်စေသည်။

နိုင်ငံရေးအကျဉ်းသားများ ထောင်မှလွတ်လာပြီးသောအခါ အခက်အခဲပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အဓိကအခက်အခဲမှာ ထောင်တွင်းမှ ခံစားရရှိသော ရောဂါဘယအတွက် ပြည့်စုံလုံလောက်သော ဆေးဝါးကုသမှု ခံယူရန် ငွေကြေးမတတ်နိုင်ခြင်းပင်ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများသည် ထောင်ကျနေစဉ် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုနှင့်လည်း ရင်ဆိုင်ကြရသည်။ များသောအားဖြင့် နိုင်ငံရေးအကျဉ်းသားများသည် အိမ်ထောင်ဦးစီးများဖြစ်ကြသည်။ ယင်းတို့ သေဆုံးသွားသောအခါ ကျန်ရစ်သူမိသားစုသည် စီးပွားရေးအကြပ်အတည်းပေါင်းစုံ ကြုံတွေ့ရပြီး စိတ်ဖိစီးမှုများလည်း ခံစားကြရသည်။ သားသမီးပညာရေး ရပ်တန့်သွားခဲ့ရသည်။

နိုင်ငံရေးအကျဉ်းသားများ သေဆုံးသည့်အခါ ထောက်လှမ်းရေးအာဏာပိုင်များ၏ ရိုင်းစိုင်းယုတ်မာမှုများကြောင့် သေဆုံးသူ၏ မိသားစုဝင်များသည် အခက်အခဲပေါင်း များစွာ တွေ့ကြုံကြရသည်။ သေဆုံးရခြင်းနှင့် ပတ်သက်၍ မည်သည့်အရေးယူမှုမှ မရှိအောင် လုပ်သည့် သေဆုံးချိန်ခွဲစိတ်မှတ်တမ်းအကာများသည် ဖြစ်ရပ်မှန်များကို ထိန်ဝှက်ဖျောက်ဖျက်ခြင်း



ဖြစ်သည်။ သေဆုံးမှုအပေါ် မိသားစုက ဖော်ထုတ်ရန် ကြိုးပမ်းလျှင်လည်း ကန့်သတ်ချုပ်ချယ် ခံရပြီး အာဏာပိုင်များ၏ အရေးယူမှုပင် ခံကြရသည်။

ဗိုလ်ချုပ်ခင်ညွှန့် လက်ထက် ထောက်လှမ်းရေး စစ်ကြောရေးစခန်းတွင် သေဆုံးသွားခဲ့ရသူများ၊ အကျဉ်းထောင်အတွင်း သေဆုံးသူများ၊ ရဲဘက်စခန်းများ၌ သေဆုံးသူမား၊ ထောင်မှလွတ်ပြီး မကြာမီ သေဆုံးခဲ့ရသူများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

**စစ်ကြောရေးစခန်းတွင် သေဆုံးရသူများစာရင်း**

| စဉ် | အမည် | အဖမ်းခံရသည့်နေ့ | သေဆုံးသည့်နေ့ | အဖွဲ့အစည်း | သေဆုံးသည့်နေရာ |
|---|---|---|---|---|---|
| ၁ | ဦးမောင်ကို (ခ) ဦးမင်းသစ် (၅၂)နှစ် | ၂၃၊ ၁၀၊ ၁၉၉၀ | ၉၊ ၁၁၊ ၉၀ | N.L.D | စစ်ကြောရေးစခန်း |
| ၂ | ဦးမောင်ကို (ခ) ဦးမောင်လေး(၆၄) နှစ် | ၁၀၊ ၁၂၊ ၉၀ | ၁၁၊ ၁၂၊ ၉၀ | N.L.D | စစ်ကြောရေးစခန်း |
| ၃ | ကိုစိုးငွေ (၁၉)နှစ် | ၁၂၊ ၄၊ ၉၁ | ၁၆၊ ၄၊ ၉၁ | N.L.D | စစ်ကြောရေးစခန်း |
| ၄ | မိုဟာမက်အိလီယက်စ် (၆၈)နှစ် | ၁၃၊ ၆၊ ၉၂ | ၁၉၊ ၆၊ ၉၂ | N.L.D | စစ်ကြောရေးစခန်း |
| ၅ | ဦးအောင်မင်း (၅၃)နှစ် | ၆၊ ၉၊ ၉၈ | ၂၁၊ ၁၀၊ ၉၈ | N.L.D | စစ်ကြောရေးစခန်း |

(အထက်ပါအချက်အလက်များကို **AAPP** မှ ရရှိပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



## အကျဉ်းထောင်အတွင်း သေဆုံးသည့်သူများစာရင်း

| အမည် | အသက် | ပုဒ်မ | အဖမ်းခံရသည့်နေ့ | သေဆုံးသည့်နေ့ | ကျနှစ် | ထောင် | ပါဝင်ခဲ့သောအဖွဲ့အစည်း | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|---|---|
| ကိုအိုက်ကို | ၃၁ | ၅(ည)၊ ၁၇(၁) | အောက်တိုဘာ၊ ၁၉၉၀ | ၁၃၊ ၁၀၊ ၁၉၉၃ | ၈ နှစ် | သရက် | ကျောင်းသား | လှိုင်၊ ရန်ကုန် |
| ဦးအာစရ | ၃၅ | ၅(ည) ၁၇ (၁) | ဇန်နဝါရီ၊ ၁၉၉၁ | ၁၅၊ ၃၊ ၁၉၉၆ | ၁၀ နှစ် | သရက် | သံဃာ | လမ်းမတော်၊ ရန်ကုန် |
| ကိုအောင်ကျော်မိုး | ၃၈ | ၅(ည)၊ ၁၇ (၁) | ၂၀၊ ၇၊ ၁၉၈၉ | ၁၃၊ ၅၊ ၁၉၉၈ | ၂၀ နှစ် | သာယာဝတီ | ဗမာပြည်ကွန်မြူနစ်ပါတီ | ကမာရွတ်၊ ရန်ကုန် |
| ဦးအောင်မေသု | ၆၁ | ၅(ည)၊ ၁၀ (က) | ဩဂုတ်၊ ၁၉၈၉ | ၁၇၊ ၉၊ ၂၀၀၂ | ၂၀ နှစ် | ရန်ကုန်ဆေးရုံကြီး | အန်အယ်လ်ဒီ | မင်းလှ၊ ပဲခူး |
| ကိုအောင်နိုင် | – | – | – | ၁၉၉၈ | ၇ နှစ် | ကလေး | ကျောင်းသား | ရန်ကုန် |
| ကိုအေးလွင် | ၃၈ | ၁၂၂ (၁)၊ ၃၀၂ (၂)၊ ၁၄၉ | အောက်တိုဘာ၊ ၁၉၈၈ | ဒီဇင်ဘာ၊ ၁၉၉၂ | တစ်သက်တကျွန်း | အင်းစိန် | ဒီဗြိမ်း | ရွှေပေါက်ကံ၊ ရန်ကုန် |
| မအေးမူ | ၂၃ | ၁၇ (၁) | ၁၆၊ ၉၊ ၁၉၉၇ | မေ၊ ၁၉၉၈ | ၅ နှစ် | ထားဝယ် | မြိတ်၊ ထားဝယ်၊ ညီညွတ်ရေးတပ်ဦး | သရက်ချောင်း၊ တနင်္သာရီ |
| ကိုအောင်ဇော်လတ် | ၃– | ၅ (ည)၊ ၁၇ (၁) | ဇူလိုင်၊ ၁၉၉၆ | ၁၅၊ ၁၂၊ ၂၀၀၅ | ၂၅ နှစ် | အင်းစိန် | ကျောင်းသား | ပဲခူးမြို့၊ ပဲခူးတိုင်း |
| မောင်သော်က (ခ) ဦးဘသော် | ၆၅ | ၅(က)၊ ၅(ခ) | ၅၊ ၁၀၊ ၁၉၈၉ | ၁၁၊ ၆၊ ၁၉၉၀ | ၂၀ နှစ် | ရန်ကုန်ဆေးရုံကြီး | အန်အယ်လ်ဒီ | ကျောက်တံတား ရန်ကုန် |
| ဦးဘို | – | – | ၁၉၉၉ | ၁၉၉၆ | – | အင်းစိန် | အရပ်သား | – |
| ဘိုသံတုံး | ၇၀ | ၁၂၂ (၁) | ၁၉၈၃ | မတ်၊ ၁၉၉၇ | သေဒဏ် | အင်းစိန် | ကေအန်ယူ | ညောင်လေးပင်၊ ရန်ကုန် |



| အမည် | အသက် | ပုဒ်မ | အဖမ်းခံရသည့်နေ့ | သေဆုံးသည့်နေ့ | ကျနှစ် | ထောင် | ပါဝင်ခဲ့သောအဖွဲ့အစည်း | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|---|---|
| ဘိုသာခူး | – | ၁၂၂ (၁) | ၁၉၈၂ | ၁၉၉၈ | သေဒဏ် | အင်းစိန် | ကေအန်ယူ | – |
| ဦးချစ်မောင် | ၅၀ | | ၁၉၈၉ | ၁၉၊ ၁၂၊ ၁၉၉၀ | – | မြင်းခြံ | အန်အယ်လ်ဒီ | ဖားဆောင်း၊ ကယား |
| ဦးချိုကြီး | ၃၈ | ၁၇ (၁) | ဇူလိုင်၊ ၁၉၉၀ | ၁၉၉၃ | – | မန္တလေး | အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု | မန္တလေး |
| ကိုခေါင်းရှေ | ၂၀ | ၁၇ (၁) | ၁၉၉၁ | ၁၉၉၂ | ၃ နှစ် | မြိတ် | ကေအန်ယူ | မြိတ်၊ တနင်္သာရီတိုင်း |
| ကိုဟာနစ် | ၂၁ | ၁၇ (၁) | ဒီဇင်ဘာ၊ ၁၉၈၈ | ဒီဇင်ဘာ၊ ၁၉၈၈ | သေဒဏ် | အင်းစိန် | ကျောင်းသား | – |
| ဦးလှခင် | ၄၃ | – | ဩဂုတ်၊ ၁၉၈၈ | ၃၁၊ ၅၊ ၁၉၉၉ | အချုပ် | အင်းစိန် | အန်အယ်လ်ဒီ | ရွှေပြည်သာ၊ ရန်ကုန် |
| ဦးလှရွှေ | – | ၁၇ (၁) | ၁၉၉၁ | ၁၉၉၆ | ၁၀ နှစ် | မြင်းခြံ | – | ဘိုကလေး၊ ဧရာဝတီ |
| ဦးလှသန်း | ၄၉ | ၁၂၂ (၁) | ၂၃၊ ၁၀၊ ၁၉၉၀ | ၂၊ ၈၊ ၁၉၉၆ | ၂၅ နှစ် | ရန်ကုန်ဆေးရုံကြီး | အန်အယ်လ်ဒီအမ်ပီ | ကြည့်မြင်တိုင်၊ ရန်ကုန် |
| ဆီရီး | ၂၃ | ၁၇ (၁) | ၁၉၈၉ | ၁၈၊ ၁၀၊ ၁၉၉၀ | ၇ နှစ် | အင်းစိန် | ကေအိုင်အေ | ကချင်ပြည်နယ် |
| ကိုငွေအောင် | ၃၇ | ၅ (ည) | – | ၁၉၉၅ | ၇ နှစ် | အင်းစိန် | ရှေ့နေ | – |
| ဦးခင်မောင်အေး | ၅၇ | ၅ (ည) | မေ၊ ၁၉၉၆ | ၂၀၀၂ | ၇ နှစ် | မန္တလေး | – | မန္တလေး |
| ကိုခင်မောင်လွင် | ၃၈ | ၁၂၄ (က) | ၅၊၁၁၊၁၉၉၈ | ၁၁၊ ၁၊ ၂၀၀၆ | ၁၀ နှစ် | ပုတာအို | – | ဒေါပုံ၊ ရန်ကုန် |
| ဦးခင်မောင်မြင့် | ၄၂ | ၁၇ (၁) | ၂၈၊ ၁၀၊ ၁၉၉၇ | ၂၃၊ ၆၊ ၂၀၀၄ | ၈ နှစ် | ကလေး | အန်အယ်လ်ဒီ | လသာ၊ ရန်ကုန် |
| ဦးခင်မောင်မြင့် | – | ၁၇(၁)၊ ၁၂၂ (၁) | ၁၉၉၁ | ၂၀၀၁ | တသက်တကျွန်း | မြင်းခြံ | ကေအန်ယူ | ဘိုကလေး၊ ဧရာဝတီ |

www.burmeseclassic.com

www.burmeseclassic.com



| အမည် | အသက် | ပုဒ်မ | အဖမ်းခံရသည့်နေ့ | သေဆုံးသည့်နေ့ | ကျနှစ် | ထောင် | ပါဝင်ခဲ့သောအဖွဲ့အစည်း | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|---|---|
| ဦးခင်မောင်မြင့် | ၆၃ | ၁၇ (၁) | ၆၊ ၁၁၊ ၁၉၈၉ | ၁၆၊ ၂၊ ၁၉၉၃ | ၂၀ နှစ် | အင်းစိန် | ပြည်သူ့တိုးတက်ရေးပါတီ | ဒေးဒရဲ၊ ဧရာဝတီ |
| ဦးခင်မောင်(ခ) ဗိုလ်စက်ရောင် | ၆၈ | ၁၇၊ ၁၊ ၂ | ၂၊ ၁၁၊ ၁၉၈၉ | ၇၊ ၃၊ ၁၉၉၀ | ၂၀ နှစ် | အင်းစိန် | ဗမာပြည်ကွန်မြူနစ်ပါတီ | ဗဟန်း၊ ရန်ကုန် |
| ဦးခင်စိန် | ၅၃ | ၁၇ (၁) | ဖေဖော်ဝါရီ၊ ၁၉၉၁ | ၁၆၊ ၁၊ ၁၉၉၅ | ၈ နှစ် | ရန်ကုန်ဆေးရုံကြီး | ပြည်သူ့တိုးတက်ရေးပါတီ | ပြည်၊ ပဲခူး |
| ကိုလေး | ၅၀ | ၅(ည) | မတ်၊ ၁၉၉၀ | ၁၉၉၂ | ၇ နှစ် | မန္တလေး | အန်အယ်လ်ဒီ | ဇန်းဖော်၊ ကချင် |
| ကိုဦး | ၆၄ | ၃၆၃၊ ၅၀၅ (ခ) | ဧပြီ၊ ၂၀၀၀ | ၂၃၊ ၃၊ ၂၀၀၆ | ၉ နှစ် | သရက် | အန်အယ်ဒီ | သရက်၊ မကွေးတိုင်း |
| ကျားကြီး | - | - | ၁၉၈၉ | ၁၉၉၂ | ၁၀ နှစ် | မြင်းခြံ | - | - |
| ဦးကျော်ခင် | ၅၈ | ၅၀၅ (ခ) | ၂၀၊ ၁၀၊ ၁၉၉၇ | ၂၄၊ ၇၊ ၁၉၉၉ | ၂ နှစ် | ဝါးခယ်မ | အန်အယ်လ်ဒီ | ဝါးခယ်မ၊ ဧရာဝတီ |
| ကိုကျော်မျိုးသန့် | ၂၇ | ၅ (ည) | ဇူလိုင်၊ ၁၉၈၉ | ၂၀၊ ၅၊ ၁၉၉၀ | ၁၈ လ | မအူပင် | လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | ဘိုကလေး၊ ဧရာဝတီ |
| ကိုကျော်စိုး | ၂၂ | ၁၇(၁) | ဖေဖော်ဝါရီ၊ ၁၉၈၈ | ဖေဖော်ဝါရီ၊ ၁၉၈၉ | - | အင်းစိန် | ကျောင်းသား | အင်းစိန်၊ ရန်ကုန် |
| ဦးကြည် | - | ၁၇(၂၀) | ၁၉၉၂ | ၁၉၉၄ | ၆ နှစ် | သာယာဝတီ | - | သာယာဝတီ၊ ရန်ကုန် |
| ဦးကြည်ဆောင် | ၆၀ | ၅(ည) | ၂၀၊ ၁၂၊ ၁၉၉၅ | မေ၊ ၁၉၉၆ | အချုပ် | မြောင်းမြ | အန်အယ်လ်ဒီ | မြောင်းမြ၊ ဧရာဝတီ |
| ကိုတင်မောင်လေး | - | ၅(ည) | - | ၂၀၊ ၆၊ ၂၀၀၀ | ၇ နှစ် | မန္တလေး | - | မတ္တရာ၊ မန္တလေး |



| အမည် | အသက် | ပုဒ်မ | အဖမ်းခံရသည့်နေ့ | သေဆုံးသည့်နေ့ | ကျနှစ် | ထောင် | ပါဝင်ခဲ့သောအဖွဲ့အစည်း | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|---|---|
| လခေါင် | - | - | - | ၂၀၀၁ | - | မန္တလေး | - | - |
| လီယိုနီကိုးလ် | ၆၅ | ၁၇ (၂၀) | ဧပြီ၊ ၁၉၉၆ | ၂၂၊ ၆၊ ၂၉၉၆ | ၃ နှစ် | အင်းစိန် | သံတမန် | နော်ဝေး၊ ဒိန်းမတ်၊ ဖင်လန် |
| မန်းဒါဝိတ် | ၅၈ | ၁၇ (၁) | ၁၉၈၉ | ၁၂၊ ၇၊ ၁၉၉၂ | ၈ နှစ် | အင်းစိန် | အောဘီကေအို | ဝါးခယ်မ၊ ဧရာဝတီ |
| မိုင်းအိုက်ပန်း | ၄၀ | ၁၇ (၁) | ၂၊ ၁၀၊ ၂၀၀၀ | ၃၁၊ ၇၊ ၂၀၀၂ | ၇ နှစ် | မော်လမြိုင် | ပီအက်စ်အယ်လ်အက်ဖ် | နမ့်ဆမ်၊ ရှမ်းပြည်နယ် |
| ဦးမောင်ကို | ၅၈ | ၅(ည)၊ ၁၇ (၁) | ၁၉၉၆ | ၁၅၊ ၁၀၊ ၂၀၀၂ | ၁၄ နှစ် | အင်းစိန်ဆေးရုံ | စီပီအက်ဖ် | ကျောက်ပန်းတောင်း၊ မန္တလေး |
| ကိုမောင်မောင်အေး | ၂၄ | ၅(ည)၊ | ၄၊ ၈၊ ၁၉၈၉ | ၅၊ ၇၊ ၁၉၉၁ | ၅ နှစ် | သာယာဝတီ | အန်အယ်လ်ဒီ | ကမာရွတ်၊ ရန်ကုန် |
| ဦးမောင်မောင်အေး | ၅၉ | ၅၀၅ (ခ) | စက်တင်ဘာ၊ ၁၉၉၉ | ၂၁၊ ၆၊ ၂၀၀၂ | ၄ နှစ် | ပုသိမ် | အန်အယ်လ်ဒီ | လပွတ္တာ၊ ဧရာဝတီ |
| ဦးမင်းသူ | ၅၀ | ၅(ည) | ၂၈၊ ၄၊ ၁၉၉၈ | ၁၃၊ ၆၊ ၂၀၀၄ | ၇ နှစ် | အင်းစိန်ဆေးရုံ | အန်အယ်လ်ဒီ | ရန်ကုန် |
| ဦးမင်းထွန်းဝေ | ၄၂ | - | ၂၆၊ ၅၊ ၂၀၀၅ | ၂၉၊ ၅၊ ၂၀၀၅ | ၅ ရက် | မော်လမြိုင် | အန်အယ်လ်ဒီ | ကျိုက်မရောမြို့နယ် |
| ဦးမြရွှေ | ၅၄ | ၅(ည) | ဒီဇင်ဘာ၊ ၁၉၉၆ | ၂၇၊ ၄၊ ၁၉၉၉ | ၇ နှစ် | သာယာဝတီ | အန်အယ်လ်ဒီ | အန်အယ်လ်ဒီ |
| ဦးမြတ်သူ | ၄၈ | ၃၃၃ | ဖေဖော်ဝါရီ၊ ၁၉၉၇ | မေ၊ ၁၉၉၇ | ၂ လ | တောင်ငူ | အန်အယ်လ်ဒီ | တောင်ငူ၊ ပဲခူး |
| ဦးမြင့်မောင် | ၆၅ | ၅(ည) | ၂၄၊ ၈၊ ၁၉၉၁ | နိုဝင်ဘာ၊ ၁၉၉၅ | ၅ နှစ် | ပဲခူး | အန်အယ်လ်ဒီ | ကျောက်တံခါး၊ ရန်ကုန် |

www.burmeseclassic.com

www.burmeseclassic.com



| အမည် | အသက် | ပုဒ်မ | အဖမ်းခံရသည့်နေ့ | ထောင်ချသည့်နေ့ | ကျနှစ် | ထောင် | ပါဝင်ခဲ့သောအဖွဲ့အစည်း | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|---|---|
| ကိုမြင့်ဆွေ | ၃၂ | ၁၂၂ (၁) | ၂၄၊ ၁၀၊ ၁၉၈၈ | ၈၊ ၆၊ ၁၉၉၆ | ၂၀ နှစ် | သရက် | – | ၁လ၊ ရန်ကုန် |
| ကိုမျိုးဝင်း | – | ၁၇(၁)၊ ၁၇ (၂) | – | ၁၉၉၀ | – | ပဲခူး | – | ဒေါပုံ၊ ရန်ကုန် |
| နိုင်အောင်လွန်း | ၄၅ | ၁၂၂ (က)၊ ၃၈၆ (၁) | ဇူလိုင်၊ ၂၀၀၃ | ၂၈၊ ၉၊ ၂၀၀၅ | တသက်တကျွန်း | ရန်ကုန်ဆေးရုံကြီး | မွန်ပြည်သစ်ပါတီ | မွန်ပြည်နယ် |
| မနော်သင်းစု | ၂၇ | ၁၇ (၁) | ၁၆၊ ၉၊ ၁၉၉၇ | ၁၀၊ ၂၊ ၁၉၉၈ | ၅ နှစ် | ထားဝယ် | မြိတ်၊ ထားဝယ် ညီညွတ်ရေးတပ်ဦး | သရက်ချောင်း၊ တနင်္သာရီတိုင်း |
| ဦးညိုဝင်း | ၅၉ | ၁၀ (ခ) | ၁၈၊ ၆၊ ၁၉၈၉ | ၈၊ ၃၊ ၁၉၉၁ | – | အင်းစိန်ဆေးရုံ | ပြည်သူ့တိုးတက်ရေးပါတီ | ရွှေကျင်၊ ကရင် |
| ကိုညွှန့်ဇော် | ၃၅ | ၅(ည)၊ ၁၇ (၁) | ဩဂုတ်၊ ၁၉၉၁ | ၁၊ ၁၊ ၂၀၀၀ | ၇+၇ နှစ် | သာယာဝတီ | အေဘီအက်စ်ဒီအက်ဖ် | ဟင်္သာတ၊ ဧရာဝတီ |
| ဦးသာထွန်း | ၈၂ | ၅ (ည) | ၇၊ ၃၊ ၁၉၉၀ | ၁၄၊ ၈၊ ၁၉၉၀ | သုံးလ | စစ်တွေ | ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | မြောက်ဦး၊ ရခိုင်ပြည်နယ် |
| ဦးစိုင်းဖသန်း | ၆၄ | – | ၁၁၊ ၉၊ ၂၀၀၂ | ၁၁၊ ၁၀၊ ၂၀၀၂ | အချုပ် | ကျိုင်းတုံ | အန်အယ်လ်ဒီ | ရှမ်းပြည်နယ် |
| စောဒူးစော (ခ) စောသန်း | ၅၀ | ၁၇(၁) (၂) | မတ်၊ ၁၉၉၇ | ၁၀၊ ၁၀၊၂၀၀၃ | ၂၀ နှစ် | ရန်ကုန်ဆေးရုံကြီး | ကေအန်ယူ | ကရင်ပြည်နယ် |
| စောအယ်သ | – | ၁၇ (၁) | အောက်တိုဘာ၊ ၁၉၉၁ | မေ၊ ၁၉၉၈ | ၁၀ နှစ် | မြင်းခြံ | – | ဘိုကလေး၊ ဧရာဝတီ |
| စောဟာရေး | ၅၆ | ၁၇ (၁) | ၂၀၀၀ | ၂၀၀၁ | ၁၀ နှစ် | မြောင်းမြ | – | လပွတ္တာ၊ ဧရာဝတီ |
| စောလှချစ် | ၅၇ | ၁၇ (၁) | ၃၁၊ ၃၊ ၁၉၉၂ | ၁၃၊ ၃၊ ၁၉၉၇ | ၈ နှစ် | အင်းစိန် | – | ဘိုကလေး၊ ဧရာဝတီ |



| အမည် | အသက် | ပုဒ်မ | အဖမ်းခံရသည့်နေ့ | ထောင်ချသည့်နေ့ | ကျနှစ် | ထောင် | ပါဝင်ခဲ့သောအဖွဲ့အစည်း | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|---|---|
| စောကျော်လွင် | ၅၀ | ၁၇ (၁) | ၁၀၊ ၁၉၉၁ | ဩဂုတ်၊ ၁၉၉၂ | ၁၀ နှစ် | မြင်းခြံ | – | ငပုတော၊ ဧရာဝတီ |
| စောဆာဒိုစော | ၅၃ | ၁၂၂ (က) | ၁၉၈၂ | ၁၂၊ ၁၂၊ ၂၀၀၃ | သေဒဏ် | အင်းစိန် | ကေအန်ယူ | လက်ပံတန်း၊ ဧရာဝတီ |
| စောတင်မြင့် | ၄၈ | ၁၂၂ (က) | ၁၉၈၂ | ၁၊ ၈၊ ၂၀၀၁ | သေဒဏ် | သရက် | ကေအန်ယူ | လက်ပံတန်း၊ ဧရာဝတီ |
| ဦးစောဝင်း (ခ) ဦးကျော်ဇောလင်း | ၆၁ | ၅ (ည)၊ ၆ (၁) | ၂၃၊ ၄၊ ၁၉၉၁ | ၇၊ ၈၊ ၁၉၉၈ | ၁၁ နှစ် | သာယာဝတီဆေးရုံ | အန်အယ်လ်ဒီ(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) | ထီလင်း၊ မကွေး |
| စောရင်သစ် | ၃၅ | ၁၂၂ (က) | အောက်တိုဘာ၊ ၁၉၉၁ | ဇန်နဝါရီ၊၁၉၉၆ | ၂၀ နှစ် | မြင်းခြံ | – | ဘိုကလေး၊ ဧရာဝတီ |
| ဦးစိန်လှ | ၇၅ | ၁၇ (၁) | နိုဝင်ဘာ၊ ၁၉၉၀ | ၁၉၉၂ | ၁၀ နှစ် | အင်းစိန် | ဗမာပြည်ကွန်မြူနစ်ပါတီ | ရန်ကင်း၊ ရန်ကုန် |
| ဦးစိန်ဝင်း | ၅၄ | ၁၀ (က) | အောက်တိုဘာ၊ ၁၉၈၈ | ၈၊ ၁၊ ၁၉၉၁ | – | အင်းစိန်ဆေးရုံ | – | သုံးခွ၊ ရန်ကုန် |
| ဦးရှိန်တင် | ၆၈ | ၅(ည)၊ ၁၇ (၁) | ဖေဖော်ဝါရီ၊ ၁၉၉၄ | ၂၈၊ ၁၊ ၂၀၀၄ | ၇+၃ နှစ် | တောင်ငူဆေးရုံ | ပြည်သူ့တိုးတက်ရေးပါတီ | သင်္ဃန်းကျွန်း၊ ရန်ကုန် |
| ကိုစည်သူ (ခ) ကိုရဲနိုင် | ၃၅ | ၁၀ (က)၊ ၅ (ည) | ဇွန်၊ ၁၉၉၁ | ၁၂၊ ၇၊ ၂၀၀၁ | ၁၀ နှစ် | သာယာဝတီ | ကျောင်းသား | စမ်းချောင်း၊ ရန်ကုန် |
| ဦးစိုးဝင်း | ၇၄ | ၁၇ (၁)(၂) | ဇူလိုင်၊ ၁၉၉၀ | ၃၊ ၅၊ ၁၉၉၂ | ၂၀ နှစ် | အင်းစိန် | ပြည်သူ့ရဲဘော်ပါတီ | မရမ်းကုန်း၊ ရန်ကုန် |
| ဦးသာထွန်း | ၈၂ | ၅(ည) | မေ၊ ၁၉၉၀ | ၁၉၊၈၊၁၉၉၀ | ၃ နှစ် | အင်းစိန် | အေအန်အယ်လ်ဒီ | ရန်ကုန် |
| ကိုသန်းထွေး (ခ) ဘဘ | ၂၅ | ၁၇ (၁) | ၁၉၈၉ | ၁၉၉၀ | အချုပ် | ထားဝယ်ဆေးရုံ | ဗကသ(ထားဝယ်) | ထားဝယ်၊ တနင်္သာရီတိုင်း |

www.burmeseclassic.com

| အမည် | အသက် | ပုဒ်မ | အဖမ်းခံရသည့်နေ့ | သေဆုံးသည့်နေ့ | ကျနှစ် | ထောင် | ပါဝင်ခဲ့သောအဖွဲ့အစည်း | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|---|---|
| ကိုသန်းဝင်း | – | – | – | – | – | အင်းစိန် | အန်အယ်လ်ဒီ | မအူပင်၊ ဧရာဝတီ |
| ဦးသိန်းတင် | ၅၆ | ၁၀ (က) | ၁၈၊ ၃၊ ၁၉၉၆ | ဖေဖော်ဝါရီ ၁၉၉၈ | – | အင်းစိန် | အန်အယ်လ်ဒီ | တောင်ဥက္ကလာ၊ ရန်ကုန် |
| ဦးတင်အောင် | ၅၀ | ၅(ည) | – | ၁၉၉၈ | – | ပုသိမ် | အန်အယ်လ်ဒီ | ဝါးခယ်မ၊ ဧရာဝတီ |
| ဦးတင်လှိုင်(ခ) ဦးတင်ဟောင် | – | ၅(ည) | ဒီဇင်ဘာ ၁၉၉၁ | ၁၉၉၄ | – | အင်းစိန် | အန်အယ်လ်ဒီ | မြောက်ဥက္ကလာ၊ ရန်ကုန် |
| ဦးတင်မောင်ဝင်း | ၅၀ | – | ၂၃၊ ၁၀၊ ၁၉၉၀ | ၁၈၊ ၁၊ ၁၉၉၀ | ၂၅ နှစ် | အင်းစိန် | အန်အယ်လ်ဒီ | ခရမ်း၊ ရန်ကုန် |
| ဦးတင်ရွှေ (မုံရွာ) | ၆၇ | ၅(ည)၊ (က)(ခ) | နိုဝင်ဘာ၊ ၁၉၉၀ | ၈၊ ၆၊ ၁၉၉၇ | ၁၈ နှစ် | အင်းစိန် | အန်အယ်လ်ဒီ | မုံရွာ၊ စစ်ကိုင်း |
| ဦးထွန်းအောင်ကျော် | ၅၂ | – | – | – | – | – | အန်အယ်လ်ဒီ | မန္တလေး |
| ဦးထွန်းခိုင် | ၅၈ | ၅(ည) | နှစ်၊ ၁၉၉၂ | ၁၉၊ ၂၊ ၁၉၉၆ | ၁၀ နှစ် | အင်းစိန် | – | လှိုင်၊ ရန်ကုန် |
| ကိုဝင်းဘို | ၃၉ | ၅(ည) | ၁၉၉၇ | ၂၆၊ ၈၊ ၂၀၀၀ | ၁၂ နှစ် | မော်လမြိုင် | – | မော်လမြိုင်ကျွန်း၊ ဧရာဝတီ |
| ကိုဇော်မျိုးထက် (ခ) ကိုဇော်ဇော် | ၂၈ | ၁၂၂ (၁)၊ ၃၈၆ (၁) | ၁၆၊ ၇၊ ၂၀၀၃ | ၁၉၊ ၁၀၊ ၂၀၀၄ | ၂ နှစ် | ရန်ကုန်ဆေးရုံကြီး | – | မင်းလှ၊ မန္တလေး |
| ဦးဇောတိက | ၆၀ | ၅(ည) | ၂၂၊ ၁၀၊ ၁၉၉၀ | ဒီဇင်ဘာလ၊ ၁၉၉၂ | ၃ နှစ် | အင်းစိန် | ဦးဇင်း | ပုဇွန်တောင်၊ ရန်ကုန် |
| ဖူးပိုက် | – | ၁၇ (၁) | – | ၁၉၉၆ | ၁၀ နှစ် | မြင်းခြံ | – | ဘိုကလေး၊ ဧရာဝတီ |



## ရဲဘက်စခန်းတွင် သေဆုံးသူများစာရင်း

| နာမည် | အသက် | အဖမ်းခံရသည့်နေ့ | သေဆုံးသည့်နေ့ | အဖွဲ့အစည်း | သေဆုံးသည့်နေရာ | လိပ်စာ |
|---|---|---|---|---|---|---|
| ဦးကိုလေး | ၅၀ | မတ်၊ ၁၉၉၀ | ၁၉၉၂ | အန်အယ်လ်ဒီ | ရဲဘက်စခန်း | မန္တလေး |
| ဦးမောင်မောင်စန်း | ၅၉ | ၂၁၊ ၂၊ ၁၉၉၈ | ၁၉၉၈ | အန်အယ်လ်ဒီ | ရဲဘက်စခန်း | – |
| ဦးမင်းသူ | – | – | ဧပြီ၊ ၁၉၉၇ | အန်အယ်လ်ဒီ | ပေါ်တာ | တောင်ငူ၊ ပဲခူး |
| ဦးစောထွန်းနွယ် | ၇၅ | ၂၁၊ ၂၊ ၁၉၉၈ | ၂၈၊ ဖေဖော်ဝါရီ၊ ၁၉၉၈ | အန်အယ်လ်ဒီ | ပေါ်တာ | တောင်ငူ၊ ပဲခူး |

www.burmeseclassic.com

www.burmeseclassic.com



## အကျဉ်းကျခံနေရစဉ်တွင် ပျောက်ဆုံးသူများစာရင်း

| အမည် | အသက် | အဖမ်းခံရသည့်နေ့ | ပျောက်ဆုံးသည့်နေ့ | အဖွဲ့အစည်း | ထောင် | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|
| ကိုခင်မောင်ချို | ၃၉ | နိုဝင်ဘာ၊ ၁၉၉၂ | ၂၅၊ ၃၊ ၂၀၀၂ | အမ်ဒီယူအက်ဖ် | မြိတ် | ကထိးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း |
| ကိုရွှေဘော် | ၃၅ | နိုဝင်ဘာ၊ ၁၉၉၂ | ၂၅၊ ၃၊ ၂၀၀၂ | အမ်ဒီယူအက်ဖ် | မြိတ် | ကင်းရှည်ရပ်၊ ထားဝယ်၊ တနင်္သာရီတိုင်း |
| ကိုတင်စန်း | ၃၀ | နိုဝင်ဘာ၊ ၁၉၉၂ | ၂၅၊ ၃၊ ၂၀၀၂ | အမ်ဒီယူအက်ဖ် | မြိတ် | ချောင်းနွပြင်ရွာ၊ ထားဝယ်၊ တနင်္သာရီတိုင်း |
| ကိုနိုင်ဦး (ခ) ကိုအောင်နိုင် | ၃၁ | နိုဝင်ဘာ၊ ၁၉၉၂ | ၂၅၊ ၃၊ ၂၀၀၂ | အမ်ဒီယူအက်ဖ် | မြိတ် | တောင်ပြန့်ရွာ၊ သရက်ချောင်း၊ တနင်္သာရီတိုင်း |
| ကိုကျော်နိုင် (ခ) ကိုကျော်လွင် | ၃၂ | နိုဝင်ဘာ၊ ၁၉၉၂ | ၂၅၊ ၃၊ ၂၀၀၂ | အမ်ဒီယူအက်ဖ် | မြိတ် | ပိန္နဲတောရပ်၊ ထားဝယ်၊ တနင်္သာရီတိုင်း |
| ကိုသန်းဇော် | ၃၁ | နိုဝင်ဘာ၊ ၁၉၉၂ | ၂၅၊ ၃၊ ၂၀၀၂ | အမ်ဒီယူအက်ဖ် | မြိတ် | ဂုံညင်းဆိပ်ရွာ၊ သရက်ချောင်း၊ တနင်္သာရီတိုင်း |
| ကိုအုန်းလွင် | ၄၁ | နိုဝင်ဘာ၊ ၁၉၉၂ | ၂၅၊ ၃၊ ၂၀၀၂ | အမ်ဒီယူအက်ဖ် | မြိတ် | ဝင်းကဘော်ရွာ၊ တနင်္သာရီတိုင်း |



| အမည် | အသက် | အဖမ်းခံရသည့်နေ့ | ပျောက်ဆုံးသည့်နေ့ | အဖွဲ့အစည်း | ထောင် | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|
| မချိုလွင် (ခ) မလွင် | ၃၀ | ဖေဖော်ဝါရီ၊ ၂၀၀၂ | ဇူလိုင်၊ ၂၀၀၂ | အန်အယ်လ်ဒီ | ကော့သောင်း | ဓိးတက်ရွာ၊ သရက်ချောင်၊ တနင်္သာရီတိုင်း |
| ကိုကျော်အေး | ၂၁ | ဖေဖော်ဝါရီ၊ ၂၀၀၂ | ဇူလိုင်၊ ၂၀၀၂ | အန်အယ်လ်ဒီ | ကော့သောင်း | သကျက်တောရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း |
| ကိုကျော်နိုင်စိုး | ၂၆ | ၂၀၀၂ | ၁၇၊ ၉၊ ၂၀၀၂ | အမ်ဒီယူအက်ဖ် | ကော့သောင်း | ကျွဲခြံရွာ၊ ထားဝယ်၊ တနင်္သာရီတိုင်း |
| ကိုတင်ထွန်း | - | ၂၀၀၂ | ၁၇၊ ၉၊ ၂၀၀၂ | အေဘီအက်စ်ဒီအက်ဖ် | သော့သောင်း | ထားဝယ်၊ တနင်္သာရီတိုင်း |
| မောင်ရွှေ (ခ) ဗိုက်ပူ | - | ၂၀၀၂ | ၁၇၊ ၉၊ ၂၀၀၂ | အမ်ယီယူအက်ဖ် | ကော့သောင်း | ထားဝယ်၊ တနင်္သာရီတိုင်း |
| ကိုကျော်မြင့် | - | ၂၀၀၂ | ၁၇၊ ၉၊ ၂၀၀ | အမ်ဒီယူအက်ဖ် | ကော့သောင်း | ထားဝယ်၊ တနင်္သာရီတိုင်း |
| ကိုသင်းဖေ | ၃၀ | ၅၊ ၉၊ ၂၀၀၂ | ၅၊ ၉၊ ၂၀၀၂ | – | ထောက်လှမ်းရေး ၁၉ | ဝင်းကဘော်ရွာ၊ တနင်္သာရီတိုင်း |
| ကိုဘစိန် | ၂၇ | ၅၊ ၉၊ ၂၀၀၂ | ၅၊ ၉၊ ၂၀၀၂ | – | ထောက်လှမ်းရေး ၁၉ | ဇော်ဖျားရွာ၊ မြိတ်၊ တနင်္သာရီတိုင်း |

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ။

ယခုအခါ ဗိုလ်ချုပ်ခင်ညွန့်သည် သူ့လက်ထက်၌ ဖမ်းဆီး နှိပ်စက် ထောင်ကျခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားများသည် အစိုးရ၏ တည်ဆဲဥပဒေ ဖောက်ဖျက်၍ အရေးယူခံရသည်ဟု လျှာအရိုးမရှိ လျှောက်ပြောနေသော်လည်း အမှန်စင်စစ် နိုင်ငံတော်၏အာဏာကို ပြည်သူ့လက်ထဲမှ မတရားသိမ်းပိုက် အုပ်ချုပ်ထားသည့် စစ်အစိုးရက ချမှတ်ထားသည့် ဥပဒေများသည် မှန်ကန်မှုမရှိနိုင်ပေ။ စစ်အာဏာရှင်တို့ လုံခြုံရေးနှင့် အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် လုပ်ရပ်များကိုသာ ကာကွယ်ဟန့်တားရန် ချမှတ်ထားသည့် အမိန့်များ၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များ၊ ညွှန်ကြားချက်များသာဖြစ်ပြီး လူထုကို နှိပ်ကွပ်မည့် ယန္တရားများပင် ဖြစ်ပါသည်။

နိုင်ငံရေးသမားများ၊ လှုပ်ရှားတက်ကြွသူများက လွတ်လပ်စွာ စုဝေးကာ၊ စီတန်းလမ်းလျှောက် ဆန္ဒပြ၊ တရားဟော၊ ပါတီတည်ထောင်လှုပ်ရှားမှု မှန်သမျှကို သိမ်းကြုံးဖမ်းဆီးအရေးယူခဲ့မှုသည် မည်သည့် ဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သနည်း။ ဆောင်ရွက်မှုအားလုံးသည် တရားဥပဒေ၊ တရား မျှတမှု စံနှုန်းများဖြင့်လည်း ကိုက်ညီမှုမရှိခဲ့သည်ကို လူတိုင်း သိရှိကြသည်။ စစ်မိန့်ပေးလျှင် မည်သူမဆို ခေါင်းငုံ့ခံ၍ နေထိုင်ရမည်ဆိုသည့် စစ်ကျွန် ပြုရေး အတွေးအခေါ်ဘက်မှ အခမဲ့ ရှေ့နေလိုက်ပေးနေသော ဗိုလ်ချုပ်ခင်ညွန့်သည် လက်ရှိအစိုးရ အကြိုက်ပြောကာ မိမိအပေါ် ယုံကြည်လာစေရန် အတွက် ကြိုးပမ်းနေမှုများသာ ဖြစ်ကြောင်း ပေါ်လွင်နေပေသည်။

ဗိုလ်ချုပ်ခင်ညွန့်၏ အင်တာဗျူး၌ စစ်အာဏာရှင် လက်ထက်တုန်းက ဘယ်သူက ဘာပြောခဲ့ကြသလဲ၊ အခုမှ လာပြောတဲ့သူတွေအားလုံးဟာ အရှုံးတွေပဲ၊ အရှုံးချိုးပန်းလျှောက်ပြောနေတာပါ၊ အရှုံးနဲ့အကောင်း ဖက်ဖြစ်စရာမလိုဘူး"ဟူ၍ ပြောခဲ့သော ဗိုလ်ချုပ်ခင်ညွန့်၏ အန်ထွက်လာသော ရင်တွင်းစကားများသည် အားမတန် မာန်လျှော့မချိသွားဖြဲ ကြုံးဝါးနေမှုများသာဖြစ်နေပါသည်။

ထို့ပြင် "အခု ဒီမိုကရေစီခေတ်အခါမှာ အပြစ်တွေ ဖော်တယ်ဆိုရင်လည်း ကျွန်တော်က တာဝန်ပေးလို့လုပ်ခဲ့တာလေဗျာ၊ ကျွန်တော့်




သဘော နဲ့ ကျွန်တော်လုပ်ခဲ့တာ တစ်ခုမှရှိပါဘူး၊ တာဝန်အရ လုပ်ခဲ့တာ၊ ထောက်လှမ်းရေးဆိုတာ ခေါင်းစစ်ရတယ်၊ ထောင်ချရတယ်လေဗျာ။ မျက်မှန်ကြီး (ဗိုလ်မှူးချုပ်တင်ဦး)တုန်းကလည်း ဒီလိုပါပဲ၊ ကျွန်တော်တို့ကတော့ ဟိုသင်းပေါ့ဗျာ၊ ရှေ့ကနေ အကုန်လုံး လုပ်ပေးရတယ်၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ ခိုင်းတာတော့ အကုန်လုပ်ရတယ်ပေါ့လေ။ အမှန်ဆိုရင်တော့ မြန်မာဘုရင်လက်ထက်တုန်းက ဆိုရင်ပေါ့ ပါးကွက်အာဏာသားပေါ့ဗျာ (ရယ်လျက်)" ပြောဆိုချက်များသည် စကားထဲမှ ဇာတိပြလျက်ရှိသည်မို့ အကျယ်မပြောလိုတော့ပေ။

သို့သော် ဗိုလ်ချုပ်ခင်ညွန့်သည် မိမိလုပ်ခဲ့သမျှကို ယနေ့တိုင် နောင်တရဖို့ဝေးစွ မိမိအပြစ်ကို သူတစ်ပါးအပေါ် လွှဲချကာ မိမိ၏အပြစ်ကို မြင်နိုင်ခဲ့သူပီပီ မိမိအပြစ်ကို စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ငှက်တို့မမြင်အောင် မိမိကိုယ်ကို သစ်ရွက်သစ်ခက်တို့ဖြင့် ဖုံးကွယ်ထားသလို ဖုံးကွယ်ထားနေသော်လည်း မကောင်းသတင်း အပုတ်နံ့သည် မသေခင်ကပင် ခွေးလေးပျားတောအနံ့ ဖြစ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com







## မြန်မာနိုင်ငံရှိ စစ်ကြောရေးစခန်းများစာရင်း

| နာမည် | တည်နေရာ | ထိန်းချုပ်ရာဒေသ |
|---|---|---|
| ရေကြည်အိုင် | ဗဟိုစစ်ထောက်လှမ်းရေး(ရန်ကုန်) | မြန်မာတစ်နိုင်ငံလုံး |
| အမ်အိုင်(၁) | မန္တလေး | မန္တလေးတိုင်း |
| အမ်အိုင်(၂) | တောင်ကြီး | တောင်ကြီး |
| အမ်အိုင်(၃) | ပဲခူး | ပဲခူးတိုင်း |
| အမ်အိုင်(၄) | ဧရာဝတီ | ဧရာဝတီတိုင်း |
| အမ်အိုင်(၅) | မော်လမြိုင် | မွန်ပြည်နယ် |
| အမ်အိုင်(၆) | မရမ်းကုန်း | ရန်ကုန် |
| အမ်အိုင်(၇) | ဒဂုံ | ဒဂုံမြို့နယ် |
| အမ်အိုင်(၈) | မြစ်ကြီးနား | မြစ်ကြီးနား |
| အမ်အိုင်(၉) | လားရှိုး | လားရှိုး |
| အမ်အိုင်(၁၀) | စစ်တွေ | စစ်တွေ၊ ရခိုင်ပြည်နယ် |
| အမ်အိုင် (၁၁) | ပြင် | ပန်းဆေတောင်း၊ ပဲခူးတိုင်း |
| အမ်အိုင် (၁၂) | မြန်မာ့သေနတ်ကိုင် တပ်ရင်း(၄) | သက်န်းကျွန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗဟန်း |
| အမ်အိုင် (၁၃) | – | – |
| အမ်အိုင် (၁၄) | ဗိုလ်တထောင် | ကျောက်တံတား၊ ပန်းဘဲတန်း |
| အမ်အိုင် (၁၅) | မိတ္ထီလာ | မိတ္ထီလာ |
| အမ်အိုင် (၁၆) | မန္တလေး | မန္တလေး |
| အမ်အိုင် (၁၇) | ကလေး | ကလေး |
| အမ်အိုင် (၁၈) | ဘူးသီးတောင် | ဘူးသီးတောင် |
| အမ်အိုင် (၁၉) | မြိတ် | တနင်္သာရီတိုင်း |
| အမ်အိုင် (၂၀) | မုံရွာ | စစ်ကိုင်းတိုင်း |
| အမ်အိုင် (၂၁) | ဇန်းမော် | ဇန်းမော် |
| အမ်အိုင် (၂၂) | ကျိုင်းတုံ | ကျိုင်းတုံ၊ ရှမ်းပြည်နယ် |
| အမ်အိုင် (၂၃) | ကွန်ဟိန်း | ကွန်ဟိန်း၊ ရှမ်းပြည်နယ် |
| အမ်အိုင် (၂၄) | တာချီလိတ် | တာချီလိတ် |
| အမ်အိုင် (၂၅) | ဘားအံ | ဘားအံ၊ မြဝတီ၊ ကော့ကရိတ် |
| အမ်အိုင် (၂၆) | ဒဂုံမြို့သစ် | ဒဂုံမြို့သစ်၊ ရန်ကုန် |
| အမ်အိုင် (၂၇) | လွိုင်ကော် | ကယားပြည်နယ် |
| အမ်အိုင် (၂၈) | မော်လိုက် | မော်လိုက်၊ စစ်ကိုင်းတိုင်း |
| အမ်အိုင် (၂၉) | လောင်ကိုင် | လောက်ကိုင်၊ ရှမ်းပြည်နယ် |
| အမ်အိုင် (၃၀) | – | – |
| အမ်အိုင် (၃၁) | ယုဇနဉယျာဉ်မြို့တော် | ရန်ကုန် |

❒

www.burmeseclassic.com

www.burmeseclassic.com

## ကိုးကားသော စာနယ်ဇင်းများ


၁။ အဝေးရောက်သံတမန်တစ်ဦး၊ ပြည်သူ့တပ်မတော် သန့်ရှင်းရေးနှင့် အာဏာအလွဲသုံးစားသူများ၏ အတွင်းရေးအဖြစ်မှန်များ၊ Overseas Burma Foundation အမေရိကန်၊ နယူးယောက် ပ-ကြိမ်၊ ၁၉၉၈၊ ဧပြီ။

၂။ သမိုင်းသုတေသန ဦးစီးဌာန၊ ခေတ်ရေစီးထဲက ပုဂ္ဂိုလ်များ သမိုင်းသုတေသန ဦးစီးဌာန၊ ပ-ကြိမ် ၂၀၁၁။

၃။ ဗိုလ်ထွန်းကြည် (မုံရွာ)၊ နှစ် (၅၀) ကျော် ကိုယ်တွေ့များ စတုဋ္ဌတွဲ (၁၉၈၈-၁၉၉၂) ရန်ကုန်၊ မုံရွေးစာပေ၊ ပကြိမ်၊ ၂၀၁၄။

၄။ လက်ျာဝင်းနှင့်အခြား၊ ဗိုလ်ချုပ်ကြီးဟောင်း ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဟောင်းခင်ညွှန့်သို့တုံ့ပြန်ချက်၊ ရန်ကုန် နွယ်နီစာအုပ်တိုက်၊ ပကြိမ်၊ ၂၀၁၄၊ ဇွန်လ။

၅။ ထွန်းဇော်ဌေး၊ ဗိုလ်မှူးအောင်လင်းထွတ် အမှန်ပြောခဲ့သလား ရန်ကုန်၊ နွယ်နီစာအုပ်တိုက်၊ ပ-ကြိမ်၊ ၂၀၁၄၊ အောက်တိုဘာလ။

၆။ သန်းဝင်းလှိုင်၊ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများကို စစ်တမ်းထုတ်ကြည့်ခြင်း၊ ရန်ကုန်၊ ရန်အောင်စာပေ၊ ပကြိမ် ၂၀၁၃။


www.burmeseclassic.com

www.burmeseclassic.com




၇။ သန်းဝင်းလှိုင်၊ ဦးသန်းရွှေ သို့မဟုတ် နေပြည်တော် မင်းသားကြီး ရန်ကုန်၊ လွင်ဦးစာပေ ပ-ကြိမ် ၂၀၁၄ မေလ။

၈။ အခြေခံ ဥပဒေရေးရာ စာစောင် အမှတ် ၂၁၊ ၂၀၀၅၊ ဧပြီ။ ထိုင်းဘန်ကောက် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ။

၉။ မြတ်ခိုင် ဗိုလ်ချုပ်ကြီးဟောင်း ထောက်လှမ်းရေး ညွန်ကြားရေးမှူးဟောင်း နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်နှင့် အင်တာဗျူး၊ ရန်ကုန်၊ ပ-ကြိမ်၊ ၂၀၁၃၊ နိုဝင်ဘာ။

၁၀။ မြဝင်း တပ်မတော်ခေါင်းဆောင်များသမိုင်းအကျဉ်း (၁၉၄၁ မှ ၁၉၉၀) ရန်ကုန်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပ-ကြိမ်၊ ၁၉၉၁။

၁၁။ နဝတအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့် ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များအား အကြိမ် ၁၁၀ မြောက် အထူးသတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းချက်များ ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း၊ ပ-ကြိမ်၊ ၁၉၉၁၊ ဇူလိုင်လ။

၁၂။ ရဲမြလွင် (မြန်မာပြည်)၊ ဂျပန်လူငယ်သတင်းထောက်တစ်ဦးနှင့် မြန်မာပြည်၏ မှောင်လွှမ်းသောနေ့ရက်များ၊ ရန်ကုန် The Bookhouse၊ ပ-ကြိမ် ၂၀၁၄။

၁၃။ ဗိုလ်မှူးကြီးစန်းပွင့်၊ ရှေးမြန်မာမင်းများ လက်ထက် ထောက်လှမ်းရေး၊ ပ-ကြိမ်၊ ၂၀၀၄၊ ဇူလိုင်။

၁၄။ ရှစ်စက္ကန့်ငြိမ်၊ စွန့်လွှတ်သူတို့၏ ရာဇဝင်၊ နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)၊ ထိုင်းနိုင်ငံ မဲဆောက် ၂၀၀၆။

၁၅။ ဒေါက်တာသာလှ၊ ကျွန်တော်မှတ်မိသမျှ၊ ရန်ကုန်၊ တံခွန်တိုင်စာပေ ပ-ကြိမ်၊ ၂၀၁၃။


❐



## သန်းဝင်းလှိုင်

အမည်ရင်း ဦးသန်းဝင်း ဖြစ်သည်။ ၁၉၅၈ ခု၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၌ အမိ ဒေါ်တင်အေး (ကွယ်လွန်)၊ အဖ ဦးစိန်ထွန်း (ဗေဒင်လက္ခဏာဆရာ) (ကွယ်လွန်)တို့မှ ဖွားမြင်သည့် တစ်ဦးတည်းသော သားဖြစ်သည်။

ငယ်စဉ်က စာပေနှင့် ပန်းချီဝါသနာထုံ၍ ကျောင်းနံရံကပ်စာစောင်တို့တွင် ဆောင်းပါးများ ရေးသားကာ ပန်းချီ သရုပ်ဖော်ပုံများ ရေးဆွဲခဲ့သည်။ ကျောင်းပန်းချီပြိုင်ပွဲ၌ ဆုအကြိမ်ကြိမ် ရရှိခဲ့သည်။ ကျောင်းနေစဉ်ကပင် ကျောင်းစာကြည့်တိုက်မှူးအဖြစ် အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၀ တန်းအောင်မြင်ပြီးနောက် ၁၉၈၀ ပြည့်နှစ်တွင် တပ်မတော် (လေတပ်)သို့ ဝင်ရောက်၍ စစ်မှုထမ်းရွက်ခဲ့သည်။ ၁၉၇၇ ခုနှစ်၊

www.burmeseclassic.com



နိုဝင်ဘာလထုတ် သင့်ဘဝမဂ္ဂဇင်းပါ အနာဂတ်အာကာသ လွန်းပျံ ယာဉ် သိပ္ပံဆောင်းပါးဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၈၂ တွင် တပ်မတော် (လေတပ်)မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ထုတ်ဝေခဲ့သော ကျောက်မျက်ရတနာလက်စွဲ စာအုပ်သည် ပထမဆုံး လုံးချင်း စာအုပ်ဖြစ်ပြီး ဆက်လက်၍ နေမဝင်သေးသည့် ဘုရင်များ (ပ၊ ဒု တွဲ)၊ လူတိုင်းအတွက် သုတဗေဒင်၊ ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ၊ ၂၀ ရာစု မြန်မာ့သမိုင်းကို ပြောပြနေသော နေ့ရက်များ၊ အနှစ်ချုပ် မြန်မာ့သမိုင်းအဘိဓာန် (ပ၊ ဒုတွဲ)၊ ၂၀ ရာစု အကျော်ကြားဆုံး အာရှ ခေါင်းဆောင်များ၊ အသုံးချရူပဒ္ဒဗ္ဗဗေဒပညာ၊ အကျော်ဖေယျ စာဆိုတော်များ၊ မြန်မာသမိုင်းတွင် မေ့ပျောက်၍မရသော အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဥသြအော်မြည် ကုန်းဘောင်တည်၊ နယ်ချဲ့ဆန့်ကျင်ရေး ငြိမ်းချမ်းရေးဖခင်ကြီး မျိုးချစ်စာဆိုတော်ကြီး သခင် ကိုယ်တော်မှိုင်း၊ နီပေါနန်းကျဘုရင်၊ ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မ၊ ဂျပန်ဧကရာဇ်ဘုရင်၊ ထိုင်းဘုရင်မင်းမြတ်၊ နိုင်ငံ့ဥသျှောင် မင်းဧကရာဇ် များ၊ နိုင်ငံတော်လုပ်ကြံမှုတရားခံ ဂဠုန်ဦးစော၏ နောက်ဆုံးနေ့များ၊ သူတို့မြင်သော ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါက်တာဘမော်၏ နိုင်ငံရေးဆောင်ရွက်ချက်များ၊ ၁၉ ရာစု မြန်မာ့သမိုင်းကို ပြောပြနေသော နေ့ရက်များ၊ အထင်ကရ မြန်မာ့နိုင်ငံရေး ခေါင်းဆောင်များ၊ မြန်မာ့ သမိုင်းတစ်ကွေ့မှ နိုင်ငံခြားသားများ၊ အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါ။ လူငယ့်ဂုဏ်ရည် မြင့်တက်စေဖို့၊ ဗိုလ်ချုပ်အောင်ဆန်း ဘွဲ့ကဗျာနှင့် သီချင်းများ၊ တော်လှန်ရေးကောင်စီ ဘာကြောင့် အာဏာသိမ်းပိုက်ခဲ့သလဲ၊ အာဏာရှင်ဗိုလ်နေဝင်း၏ ဇာတ်သိမ်းခန်း၊ လူငယ်နှင့် ခေါင်းဆောင်မှု၊ သခင်ဋီကာသစ်၊ သင်ဈေးရောင်းတတ်သလား၊ ဗိုလ်ချုပ်အောင်ဆန်း၏ လူငယ်ဘဝ စသည်တို့ ရေးသားထုတ်ဝေခဲ့သည်။ သို့သော် ဝန်ကြီးချုပ် ဦးနုဘဝနှင့် စာပေမှတ်တမ်း၊ တို့ဖခင် ဗိုလ်ချုပ်အောင်ဆန်း ဘာမှာခဲ့သလဲ၊ ရှန်းထွက်ခဲ့ရသော ဗမာပြည်၊ အနက်ဖော်ရခက်သော နေ့စဉ်သုံး မြန်မာဝေါဟာရအဘိဓာန်၊ ဗိုလ်ချုပ်အောင်ဆန်း၏ဘဝနှင့် ဓာတ်ပုံမှတ်တမ်း၊ မြန်မာ့သမိုင်းဝင် စာချုပ်စာတမ်းများ၊ လူငယ်နီတိ၊ နှစ် ၃၀၀ နိုင်ငံရေးအဘိဓာန်၊ သခင်သန်းထွန်း



၏ အတိတ် ပစ္စုပ္ပန် အနာဂတ်ပုံရိပ်၊ ရှေးခေတ်မြန်မာ စစ်ပညာ အဘိဓာန်၊ အာဏာရှင်ခေတ် မြန်မာစစ်ဗိုလ်ချုပ်များ၊ ဗိုလ်အောင်ကျော်ဘဝနှင့်သူ့လုပ်ဆောင်ချက်၊ အာဏာရှင်နှင့် ပေါင်းစားနေသော ခရိုနီကြီးများ၊ ဗိုလ်ချုပ်ဥန်မော် သို့မဟုတ် ကချင်တော်လှန်ရေးအတွက် မွေးဖွားလာခဲ့သူ၊ ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ဖွဲ့စည်းခဲ့သော ရဲဘော်သုံးကျိပ်၊ ဓာတ်ပုံထဲမှ ဗိုလ်ချုပ်ဘဝ စသည် စာအုပ်များသည် ယနေ့တိုင် မထုတ်ဝေရသေးပေ။

ယခင်က သုတစွယ်စုံ မဂ္ဂဇင်းတွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ၁၉၈၆ မှ ၁၉၉၆ ခုနှစ်အထိ(၁၀)နှစ် တိုင်တိုင် ရေးသားခဲ့သည်။ ထို့ပြင် မြန်မာ့ဈေးကွက် စီးပွားရေးဂျာနယ် နှင့် မြရိပ်ညို ဂျာနယ်တို့တွင် ပထမဆုံး တာဝန်ခံထုတ်ဝေခဲ့ပြီး ယင်းဂျာနယ် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက် ခဲ့သည်။ သန်းဝင်းလှိုင် ကလောင်အမည်အပြင် သိပ္ပံချစ်သူ၊ ရွှေပြည်အောင်၊ စိန်လှိုင်တင်၊ နေရဲစွမ်း၊ ပြည်ဟိန်းအောင်၊ သန်းရွှေနိုင် စသည့် ကလောင်ကွဲများဖြင့် ပိတောက်ပွင့်သစ်၊ မြန်မာသစ်၊ နွယ်နီ၊ စံပယ်ဖြူ၊ ချယ်ရီ၊ မုခ၊ နှလုံးအိမ်၊ ပေဖူးလွှာ မဂ္ဂဇင်းများ၌ ရေးသားခဲ့သည်။ ယခုအခါ မိုးမခ၊ ခေတ်ပြိုင်၊ သစ္စာ၊ မိုးကြိုး၊ ချိုးလင်းပြာ၊ အလင်းအိမ်၊ Envoy ဂျာနယ်၊ စံတော်ချိန်သတင်းစာ စသည့် အင်တာနက် စာမျက်နှာများ၌ သမိုင်းဆိုင်ရာ ဆောင်းပါးများနှင့် စာပေဆိုင်ရာ ဆောင်းပါးများ ရေးသားလျက် ရှိသည်။

၂၀၀၀ ပြည့်နှစ်၊ မေလတွင် နအဖစစ်အစိုးရက ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ စာအုပ်ကို အကြောင်းပြု၍ ပုဒ်မ ၁၇/၂၀ ဖြင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့ရာ အင်းစိန်၊ သာယာဝတီထောင်များ ၌ ရက်ပေါင်း ၂၃၈၇ ရက် (၆ နှစ်နှင့် ၈ လ) တိတိ ကျခံပြီးနောက် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ တွင် သာယာဝတီထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သည်။ လွတ်မြောက်ခဲ့ပြီးနောက် သမိုင်းဆိုင်ရာစာအုပ် စုစုပေါင်း (၁၅) အုပ် ပိတ်ပင်တားမြစ်ခြင်းခံရပြီး နအဖစစ်အစိုးရ က ၎င်းအား ပြန်လည်ဖမ်းဆီးရန် စီစဉ်နေသည်ကို ကြိုတင်သိရှိခဲ့သဖြင့် ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ ခေတ္တ တိမ်းရှောင်လာခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ဒီမိုကရေစီ မိခင်ကြီး ဒေါ်အောင်ဆန်း

www.burmeseclassic.com



စုကြည်စာအုပ်ကို ရေးသားထုတ်ဝေ၍ စာပေမြတ်နိုးသူများ အားလုံးကို မေတ္တာဖြင့် ဖြန့်ဝေပေးခဲ့သည်။ ယင်းနောက် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးအတွေးအမြင်များ၊ အကျော်ဇေယျမြန်မာအမျိုးသမီးများ၊ မေ့ပျောက်၍မရသော အာဇာနည်နေ့၊ ဒေါ်အောင်ဆန်းစုကြည်၏ လက်ရွေးစင်မိန့်ခွန်းပေါင်းချုပ်၊ ဥူးဣသရိယ (သို့မဟုတ်) အမှောင်ခွင်း၍ အလင်းဆောင်နေသူ စသည့် စာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။ ယခုအခါ တတိယနိုင်ငံ၌ အခြေချနေထိုင်ရန် ပြင်ဆင်လျက်ရှိပြီး **SAW** အထက်တန်းကျောင်း၌ ၇၊ ၈၊ ၉၊ ၁၀ တန်း ကျောင်းသားများကို မြန်မာဘာသာနှင့် သမိုင်းဘာသာရပ်များကို ၂၀၁၀ မှ ၂၀၁၃ ဇူလိုင်လအထိ ပို့ချခဲ့သည်။ ယခုအခါ သမိုင်းဆိုင်ရာနှင့် စာပေယဉ်ကျေးမှုဆိုင်ရာစာပေများ ပြုစုလျက်ရှိသည်။

ဆက်သွယ်ရန်လိပ်စာ

Ph: 0930191766,09420058990
Email: jamesparr007@gmail.com




ဖြန့်ချိရေး – လွင်ဦးစာပေ(လှည်းတန်း) ၀၉ ၇၃၀၆၀၀၇၆ / ၀၉ ၃၁၀၂၉၆၂၃

www.burmeseclassic.com

www.burmeseclassic.com

